မြန်မာနိုင်ငံတော်လွန်ရေးအစိုးရ
ဗုဒ္ဓသာသနာအဖွဲ့

ဖြန့်ချိသည့် စာအုပ်အမှတ်စဉ်-၈

အထွေထွေတည်းဖြတ်အုပ်ချုပ်သူ ပါမောက္ခဦးမောင်

ရှင်အဂ္ဂသမာဓိ

စပ်ဆိုတော်မူသော

ဓနပိဘံုခန်းပျို့

တည်းဖြတ်သူ-ဦးမောင်မောင်ကြီး (မဟာဝိဇ္ဇာ)

မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ်

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

ရန်ကုန်မြို့။

၁၃၇၃-ခုနှစ် ဇွန်လ ၁၉၇၁-ခုနှစ်

၁၀၁၆၉

မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့

ဖြန့်ချီသည့် စာအုပ်အမှတ်စဉ်–၈

အထွေထွေတည်းဖြတ်အုပ်ချုပ်သူ ပါမောက္ခ ဦးမောင်

ရှင်အဂ္ဂသမာဓိ

စပ်ဆိုတော်မူသော

နေပိတုံခန်းပျိုး

တည်းဖြတ်သူ-ဦးမောင်မောင်ကြီး (မဟာဝိဇ္ဇာ)

မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ်

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

ရန်ကုန်မြို့။

၁၃၃၃-ခုနှစ် ဇွန်လ ၁၉၇၁-ခုနှစ်

စတင်ရိုက်နှိပ်ခြင်း (၁၉၅၇) အုပ်ရေ ၂၀၀၀။

ပထမအကြိမ်ပြန်လည်ရိုက်နှိပ်ခြင်း (၁၉၆၆) အုပ်ရေ ၂၀၀၀။

ဒုတိယအကြိမ်ပြန်လည်ရိုက်နှိပ်ခြင်း (၁၉၇၁) အုပ်ရေ ၅၀၀၀။

ရန်ကုန်မြို့၊ ကမ္ဘာအေး စာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ အတွင်းရေးမှူး (အုပ်ချုပ်ရေး အရာရှိချုပ်) ဦးလှမောင် **M.A., M.S., B.L.** (မှတ်ပုံတင်အမှတ် ၀၈၇၉/၀၅၂၂) က ပုံနှိပ်ထုတ်ဝေသည်။

မာတိကာ

အကြောင်းအရာ စာမျက်နှာအမှတ်

က။ ကျမ်းဦးစကား .... [အ]

ခ။ နိဒါန်း .... [ဥ]

နေမိဘုံခန်းပျို

၁။ ဗိရဏီဘုံခန်း ၁

၂။ သောဏဒိန်ဘုံခန်း ၂၁

၃။ ဖလိကဝိမာနဘုံခန်း ၅၅

၄။ ပတ္တမြားဘုံခန်း ၇၇

၅။ ဝေဠုရိယဝိမာနခန်း ၉၃

၆။ ကဉ္စနဝိမာနခန်း ၁၀၆

၇။ အာကာသဋ္ဌဝိမာနခန်း ၁၂၄

၁၀။ စတုမဟာရာဇ်ဘုံခန်း ၁၃၉

၁၁။ စိတ္တကူဋ္ဌဒွါရခန်း ၁၅၅

၁၂။ သုဓမ္မာသဘာဝယခန်း ၁၆၀

၁၃။ မိဓိလနဂရပဝေသနခန်း ၁၈၅

၁၄။ မဟာဘိနိက္ခမနခန်း ၁၉၃

၁၅။ ဇာတ်တော်ပေါင်းခန်း ၂၁၀

၁၆ ။ နိဂုံး ၂၁၉

အနန္တဂုဏ်ရှင်တို့အားရှိခိုးပါ၏။

ကျမ်းဦးစကား

မြန်မာ့ယဉ်ကျေးမှု၏ အသက်သွေးခဲပမာ ဖြစ်ပေသော ပဋ္ဌိ ကဗျာ လက်ဝ စာအုပ် စာတမ်း များစွာတို့မှာ လွန်ခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကုန်ထုပ်စက္ကူဘဝသို့ ခန္ဓာပြောင်းကြရရှာသဖြင့် မြန်မာစာ လေ့လာသူတို့အဘို့ သွားရမည့် ခရီးလမ်းတာတွင် ရှိမြောင် တောင်ကမ်း ဖီလာသန်းနေဘိအလား များစွာ အဆင်မပြေ ရှိခဲ့လေသည်။ ယင်းသို့ ဖြစ်စဉ် စစ်ကြီးအတွင်းမှ ကြွင်းကျန်ရစ်သမျှ စာအုပ်တို့အနက် တက္ကသိုလ်သင်တန်း အသီးသီးနှင့် ဆိုလျော်သော စာအုပ်များ အလုံအလောက် ရနိုင် မရနိုင်ကို ပုံနှိပ်တိုက်များ ရွှေတိဂုံဘုရားစေ့ဆိုင်များနှင့် လမ်းဘေးဆိုင်များတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာ ဌာနက ထောက်လှမ်းမေးမြန်းခဲ့ရသည်။ သင့်လျော်သော စာအုပ်များ အလုံအလောက် မရနိုင်သောအခါ မျိုးချစ်စိတ် ထက်သန်သော ပုံနှိပ်တိုက်များထံ စာပေအကျိုးကို သယ်ပိုးရွက်ဆောင်သောအားဖြင့် ရိုက်နှိပ်ပေးကြပါရန် မေတ္တာရပ်ခံရပြန်သည်။ ၎င်းတိုက်များက တတ်အားသမျှ ကူညီကြသဖြင့်လည်း များစွာကျေးဇူးတင်ပါသည်။ စာအုပ်အချို့ကို

မြန်မာစာဌာနက စေတနာဝန်ထမ်းတည်းဖြတ်၍ အချို့ကိုမူ ပုံနှိပ်တိုက်အချို့က တည်းဖြတ်ခဲ့လေသည်။

သို့နှင့်လည်း ပျို့ ကဗျာ လက်ံာ စာအုပ်စာတမ်းတို့မှာ စိတ်ကျေနပ်ဘွယ် ကောင်းလောက်အောင် အမျိုးစုံစုံနှင့် အုပ်ရေပေါင်း မြောက်မြားစွာ ထုတ်ပေါ်လာခြင်း မရှိလှသေးချေ။ ပုံနှိပ်တိုက်များထံ နောက်ထပ် မေတ္တာရပ်ခံရမည်မှာလည်း "သဒ္ဓါလွန်း ဆုမ်းတော်တော်ရပ်" ဟု ဆိုစဘွယ် ဖြစ်ချို့မှဲ့မည်။ ထို့ကြောင့် သာသနာနှင့် စာပေကို ကြိုးမြင့်အောင် ချီးပင့်သောအားဖြင့် ဆုတောင်းခန်း၊ ပါရမီတော်ခန်း၊ ကိုးခန်း၊ ဘူရိဒတ် ဇာတ်ပေါင်းခန်း၊ ဘုံခန်း၊ ငရဲခန်းပျို့တို့ကို အကုန်အကျခံကာ ရိုက်နှိပ်ဖြန့်ဖြူးပါရန် မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့အား တောင်းပန်သည့်အတိုင်း ယခုကဲ့သို့ စေတနာထက်သန်စွာနှင့် လိုက်လျောသည့် အတွက် ကျေးဇူးဥပကာရ အထူးတင်လှပါသည်။

ပျို့ အမျိုးအစားကို အကြမ်းအားဖြင့် ပိုင်းခြားမှတ်သားလျှင် သုံးမျိုးရပေသည်။ ပဌမအမျိုးမှာ ဘုရားဟောတရားတော်ကို တိုက်ရိုက်မှီး၍ စီကုံးသော ပျို့မျိုးပင် ဖြစ်သည်။ အထက်တွင် ပေါ်ပြခဲ့ပြီးသော ပျို့ခြောက်စောင်ကား ဤပဌမအမျိုးတွင် ပါဝင်သည်။ ဒုတိယအမျိုးမှာ မဇ္ဈိမဟာရီပျို့၊ လောကနီတိပျို့တို့ကဲ့သို့ ဘုရားဟောပင် မဟုတ်လင့်ကစား ထင်ပေါ်ကျော်ကြားသော ဓရုံးပညာရှိသုခမိန်များ

ရေးသားခဲ့သည့် ကျမ်းကို မှီး၍ စပ်ဆိုသော ပျှိမျိုးကို ဆိုလိုသည်။ တတိယအမျိုးမှာ ဂမ္ဘီသာရပျှိ၊ သြဝါဒထူးပျှိ တို့ကဲ့သို့ စာဆိုပညာရှိတဦး၏ ထွားထွား ရင့်သန်သော ပင်ကိုယ်ဥာဏ်မှ ပေါက်ဖွားလာသည့် ပျှိမျိုးပင် ဖြစ်သည်။ အားလုံးခြုံ၍ ကြည့်ရှုဆင်ခြင်ပါမူလည်း ပျှိသုံးမျိုးလုံးပင် မြန်မာ့ယဉ်ကျေးမှု အစုစုကို ကျေးဇူးပြုနေကြပေသည်ဟု ယုံမှားကင်းစွာ ဆိုအပ်လှသည်။

ဤ"နေမိဘုံခန်းပျှိ"မှာ မီးရှူးတန်ဆောင်ပမာ ဥာဏ်ရည်ပြောင်လှစွာသော ရှင်အဂ္ဂသမာဓိ၏ အထွတ်အဖူးလက်ရာထူး ဖြစ်ပေရကား "ဘုံခန်း မစမ်းနှင့်" ဟုပင် ပညာရှင်တကာတို့ တအံ့တသြငေးမောချီးမွမ်းကြရကုန်သည်။ နတ်ပြည်တွင် နေမိမင်း တွေ့မြင်ရသည့် ရိုးရဲအလျံ၊ မတန်ပြိုးပြက်၊ စိုးစက်ကျိုးကျင်း၊ မိုးလုံးလင်းမျှ၊ ထိန်ဝင်းရွန်းပကြကုန်သော နတ်ဘုံ နတ်နန်း နတ်ကြဋ္ဌန်းတို့၏ အလွန်အကဲ သာယောင့်သာယာ ရှိလှပုံ အလုံးစုံကို စာရှုသူတို့ စွဲငြိလောက်အောင် နုနုယဉ်ယဉ်၊ တီတီတာတာ နားဝင်သာလှသည့်စကား၊ သိမ်မွေ့ဆန်းသစ်၊ ကြော့မော့ကျစ်လစ်လှသည့် စိတ်ကူး အထူးထူးတို့ဖြင့် စီးကုံးခြယ်သ ထားပြန်သော ကြောင့် "ဘုံခန်းလည်း မြောက်လွန်းသည်" ဟု၍ အချိုက မှတ်ချက်ချပေသေး၏၊ ယင်းသို့ ဖြစ်ရာ ဤ"ဘုံခန်း"တွင် အဘယ်အရာကို အဘယ်မျှ မြောက်ပုံနှင့် အဘယ်ကြောင့်

မြောက်၍ အဘယ်လောက် ခရီးရောက်ပုံ စသည်တို့ကို စာရှု သူတို့ ကိုယ်တိုင် တွေ့ကြုံခံစားကြရန်ပင် ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

မောင်ဧမောင်

အထွေထွေ တည်းဖြတ် အုပ်ချုပ်သူ
မြန်မာစာပါမောက္ခ၊ မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

ရက်စွဲ ၆-ဂ-၅၆

နိဒါန်း

နေမိဘုံခန်းကို တခါကမျှ မုအစောင်စောင်နှင့် ညှိနှိုင်း တိုက်ဆိုင် တည်းဖြတ်ခြင်း မရှိခဲ့သေးချေ၊ ရန်ကုန်မြို့ ၃၃ လမ်း ဟံသာဝတီသတင်းစာတိုက်မှ ၁၂၅၆-ခု၊ တော်သလင်း လတွင် ပုံနှိပ်ပြီးစီးသည့် ပုံနှိပ်မှုကို အစောဆုံး တွေ့ရသည်။ ထိုပုံနှိပ်မှုသည် ပေမှုမှ ပုံနှိပ်မှုသို့ တိုက်ရိုက်ကူးပြောင်း ပုံနှိပ် ထားသော မှုမျှသာ ဖြစ်သည်။ နိဒါန်း၊ အညွှန်း၊ မာတိကာ စသည်တို့ တခုမျှ မပါချေ။ အကယ်၍ ထိုမှုထက် ပို၍ စော သော ပုံနှိပ်မှု ရှိစေကာမူ ပုံနှိပ်မှု စံနစ်မှာ ဤနည်းနှင်နှင်ပင် ဖြစ်ပေမည် ဟု ထင်သည်။

ထိုခေတ်က ဟံသာဝတီ သတင်းစာတိုက် ပိုင်ရှင်မှာ မစ္စတာရစ်ပလေ ဖြစ်သည်။ မစ္စတာရစ်ပလေသည် မန္တလေး နန်းတော်ကြီးတွင် ခစားကြီးပြင်းခဲ့သူ ဖြစ်သည်။ နန်းတွင်း ဌ် ကြီးပြင်း ခစားခဲ့သူ ဖြစ်သဖြင့် လူမျိုးခြားပင် ဖြစ်လင့် ကစား မြန်မာဘုရင်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာပေ တို့ကို ကြည်ညိုမြတ်နိုးသူ ဖြစ်သည်။ အရှင်သီပေါမင်းတရား အာဏ်လိပ်တို့ လက်သို့ ပါတော်မူသွားသောအခါ ရန်ကုန်မြို့သို့ ဆင်းလာ၍ ပုံနှိပ်တိုက်ထောင်သည်။ ပိဋကတ်တော် သုံးပုံ နှင့် တကွ မြန်မာကျမ်းကြီး ကျမ်းခိုင် ပျို ကဗျာ လက်ာ

စသော မြန်မာစာဟောင်း စာညွှန်များကို အရှည်တည်တံ့စေခြင်းငှါ ပေမူရရှိသမျှ တို့ကို ပုံနှိပ်မူသို့ ပြောင်းထားသင့်သည် ဟု စေတနာထားသော ပုဂ္ဂိုလ်ဖြစ်သည်။ စေတနာထားသည့် အတိုင်းလည်း မြန်မာစာဟောင်း ပေဟောင်းတို့ကို အစုလိုက် အပြုံလိုက်ပင် ပုံနှိပ်ထားခဲ့သူ ဖြစ်သည်။ အင်္ဂလိပ်ခေတ် အင်္ဂလိပ်စာပေ ထွန်းကားနေစဉ်က ထို ဟံသာဝတီတိုက်သာလျှင် မြန်မာကျမ်းစာ ပုံနှိပ်မှု အမြောက်အများ တည်ရှိခဲ့သော မြန်မာစာ ဘဏ်တိုက်ကြီး ဖြစ်ခဲ့သည်။ ဤကဲ့သို့ ပေမူများမှ ပုံနှိပ်မူသို့ စောင်ရေများများ အမျိုးအစား များများ ထွက်ပေါ်လာအောင် ကြိုးစားနေသောကြောင့် အချိန်နှင့် လုပ်ငန်းကို လုနေဆဲအခါ ဖြစ်ရာ တည်းဖြတ်တိုက်ဆိုင်ခြင်း တာဝန်ကို ချန်ထားရခြင်းမှာ လည်း အပြစ်ဆိုဘွယ်ရာ မဟုတ်တော့ချေ။ ပုံနှိပ်မူများများ ထားရစ်ခဲ့သော စေတနာနှင့် လုပ်ငန်းကိုပင် ကျေးဇူးတင်စရာ ဖြစ်သည်။ ချီးကျူးစရာ ဖြစ်သည်။ ထို့ကြောင့် မစွတာရစ်ပလေ၏ စေတနာနှင့် လုပ်ငန်းကို ဤနိဒါန်းဖြင့် မှတ်တမ်းတင်ပါကြောင်းကို ဖော်ပြပါသည်။

ဟံသာဝတီတိုက်ဟောင်းမှ ပျို ကဗျာ လင်္ကာ စသော စာအုပ်အမျိုးမျိုးတို့လည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် မြန်မာလူမျိုးတို့နှင့်အတူ ဒုက္ခခံစားကြရရှာသည်။ စာအုပ်အမြောက်အများပင် အန္တရာယ်အမျိုးမျိုးကြောင့် ပျောက်

ပျက် တိမ်ကောသွားတော့သည်။ စစ်လွန်ခေတ်သို့ ရောက်သောအခါ မြန်မာ ပျို့ ကဗျာ စာဟောင်းစာတမ်းများ လုံးပါး ပါးလေပြီ။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဦးဧမောင်၏ စွမ်းရည် ဇွဲ လုံ့လတို့ကြောင့်သာ ကျန်တန် ကြွင်းတန် ပေါ်တန် ထွက်တန်သလောက်သာ ပေါ်ပေါက်လာပေသေးသည်။ မြန်မာစာဟောင်း စာညွှန့် အသက်ဆက်၍ တည်တံ့နေပေသေးသည်။ သို့ရာတွင် မြန်မာ နိုင်ငံတော် လွတ်လပ်ရေး ရပြီးသောအခါ စာပေလိုက်စား ဆည်းပူးကြသူတို့၏ ဦးရေမှာ တနှစ်ထက် တနှစ် တိုးတက်များပြားလာပေသည်။ မြန်မာစာကိုလည်း စိတ်ရောကိုယ်ပါ လိုလို ချင်ချင် လိုက်စား လာကြသည်။ ထိုကြောင့် တက္ကသိုလ်တွင် သင်ကြားပို့ချရမည့် စာအုပ်ဦးရေနှင့် အမျိုး အစားတို့ လုံလောက် ပြည့်စုံရေးအတွက် ပါမောက္ခ ဦးဧမောင်သည် စာပုံနှိပ်တိုက်ရှင် အသီးသီး၊ စာအုပ်ဆိုင်ရှင် အဦးဦး၊ နိုင်ငံတော် အစိုးရသို့ အတန်တန်၊ မေတ္တာရပ်ခံကာ ကြံဆောင်ကြိုးပမ်းနေရှာဆဲ ဖြစ်သည်။ ဤသို့ အခက်အခဲ ကို တွေ့နေစဉ် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ဘာသာနှင့် စာပေကို ကူညီလိုသော စေတနာဖြင့် ပျို့အသီး သီးကို ထပ်မံ ပုံနှိပ်ပေးရန် တာဝန်ယူသောကြောင့် ထိုအဖွဲ့ကို နှစ်ထောင်းအားရ ချီးကျူးပါသည်။ ကျေးဇူးတင်ပါ ကြောင်းကိုလည်း ဖော်ပြပါသည်။ အဖွဲ့၏စေတနာကိုလည်း ဤနိဒါန်းဖြင့် မှတ်တမ်းတင်ပါသည်။

ဗုဒ္ဓသာသနာအဖွဲ့က ပျို့အသီးသီးကို စေတနာသက်သက်ဖြင့် ပုံနှိပ်ပေးရန် တာဝန်ယူသောကြောင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဦးမောင်ကလည်း ဌာနရှိ ဆရာဆရာမ အသီးသီးအား တည်းဖြတ် တိုက်ဆိုင် ညှိနှိုင်းခြင်း တာဝန်ကို ကူညီညာ ထမ်းရွက်ရန် လွှဲအပ်ပါသည်။

ကျန်တော့အဘို့မူ နေမိဘုံခန်းကို တည်းဖြတ်ရန် တာဝန်ကျလာပါသည်။ ရှေးသူဟောင်းတို့ ဆိုထုံးဌ် "ပါရမီလည်း မသီနှင့်၊ ဘုံခန်းလည်း မစမ်းနှင့်" ဟု ဆိုရိုး ရှိသောကြောင့် ဘုံခန်းကို တည်းဖြတ်ရန်ကိုပင်မဝံ့တဝံ့ရှိလှပါသည်။ သို့သော် ကျရောက်လာသော တာဝန်ကို အကျပ်ကိုင်ဆုံး ထမ်းရွက်ရန်သာ ရှိတော့သည်။ ကျန်တော့အား မြန်မာစာအခြေခံမှစ၍ အမြင့်ကျယ်အောင် မြေတောင်မြောက်ပေးပေသော ပါမောက္ခ ဦးဇမောင်နှင့် ကျန်တော့အား ဝိဇ္ဇာဂုဏ်ထူးတန်းနှင့် မဟာဝိဇ္ဇာတန်းတို့တွင် နေမိဘုံခန်းကို သင်ကြားပြသ ပို့ချပေးသော အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဒေါက်တာလင်း (**Dr. Lin**) တို့၏ နည်းနာသြဝါဒများကို အမှတ်ထား၍ ကျန်တော့အရည်အချင်း မှီသလောက် ကြိုးစားတည်းဖြတ်လိုက်ပါသည်။ ထိုပဂ္ဂိုလ်ကြီး နှစ်ဦး၏ နည်းစံနစ်အတိုင်း တည်းဖြတ်သည် ဟု ဖော်ပြပါသော် လည်း ကျန်တော် အမှတ်မှား၍ တိမ်းပါးချွတ်ချော်ချက်များ ပါရှိသွားပါလျှင် ကျန်တော်၏ အရည်အချင်း ညံ့မှု

ကြောင့်သာ ဖြစ်သည် ဟု သိစေလိုပါသည်။ ထိုပုဂ္ဂိုလ်ကြီး နှစ်ဦး၏ ကျေးဇူးကိုလည်း ဤနိဒါန်းဖြင့် ဖော်ပြ၍ ပူဇော် ကန်တော့ခြင်း ပြုပါသည်။

တိုက်ဆိုင်သောမူများ

နေမိဘုံခန်းကို ညှိနှိုင်းတိုက်ဆိုင် တည်းဖြတ်ရန်အတွက် မူ သုံးစောင် ရပါသည်။

၁။ ။ကင်းဝန်မင်းကြီး ပေမူ-ပေထုပ် အမှတ်-၅၄၊ ဖော-မှ ဝူ-အထိ ၆-အင်္ဂါနှင့် ၁၀-ချပ် ရှိပါသည်။

၂။ ။ဟံသာဝတီတိုက်နှိပ် ပုံနှိပ်မူ၊ ၁၂၅၆-ခု တော်သလင်းလတွင် ပုံနှိပ်ပြီးစီးသည်။

၃။ ။မန္တလေး ပိဋကတ်တော် ပြန်ပွားရေးတိုက်၊ ခုနှစ် သက္ကရာဇ်မပါ၊ ပုံနှိပ်မူ။

ထိုမူ သုံးစောင် အနက် ပုံနှိပ်မူ နှစ်မူမှာ အတူတူပင် ဖြစ်သည်။ ကင်းဝန်မင်းကြီး ပေမူတွင်သာ မူကဲ့အမျိုးမျိုးကို တွေ့ရပါသည်။ ကင်းဝန်မင်းကြီး ပေမူသည် လက်ရေး လက်သား ရှင်းလင်းပြတ်သား၍ သတ်ပုံသတ်ညွှန်းတွင် ပုံနှိပ်မူ များထက် ပို၍ သန့်ပါသည်။ အနက်အဓိပ္ပါယ် အဖြောင့် ကောက်နိုင်လောက်သော မူကဲ့အများပင် ပါရှိသည်။ ထို့ကြောင့် ယခုတည်းဖြတ်ထားသော စာကိုယ်စာသားတွင် ရှင်အဂ္ဂသမာဓိ၏ အာဘော်နှင့် ကိုက်ညီမည် ဟု ထင်သော

မူကွဲများကိုသာ ထည့်သွင်းပါသည်။ ပညာရှင်များ ဉာဏ်ကွန့်ချင်လျှင်ရင်း၊ မူကွဲကို တနည်းတလမ်းကြံဆလိုလျှင်ရင်း၊ ယုတ်စွအဆုံး သတ်ပုံပေပ်ထုံးများ နှိုင်းယှဉ်နိုင်အောင်ရင်း စာမျက်နှာ အောက်ခြေတိုင်းတွင် မူကွဲများကို ပြထားပါသည်။ သင်္ကေတအားဖြင့် ကင်းဝန်မင်းကြီးမူကို (က)၊ ဟံသာဝတီမူကို (ဟ) ဟု နှစ်မျိုးနှစ်စား ပြပါသည်။ မူကွဲကို တွေ့လျှင် ကောင်းနိုးရာရာ မူကွဲကို စာကိုယ်တွင် ထည့်၍ ကျန်မူကို စာမျက်နှာ အောက်ခြေတွင် ပြလိုက်ပါသည်။

စာမူများကို တိုက်ဆိုင်ရာ၌ ကင်းဝန်မင်းကြီး ပေမူကို ကျွန်တော့်အား ငှါးရမ်းသော နိုင်ငံတော်စာကြည့်တိုက်မှူး ဦးသန်းမောင်အားလုံး၊ ရှင်အဂ္ဂသမာဓိ အတ္ထုပ္ပတ္တိစာတမ်းကို ကြည့်ရှုခွင့်ပြုသော ဒေါ်နှင်းနှင့် ဘကြီးဘသော်အားလုံး၊ ပေမူများကို ကူညီ၍ ဖတ်ပေးသော မန္တပဏ္ဍိတ် ဦးတင်အောင်အားလုံး အထူးကျေးဇူးတင်ပါကြောင်းကို ဖော်ပြပါသည်။

ရှင်အဂ္ဂသမာဓိ အတ္ထုပ္ပတ္တိ

ဒုတိယမင်းခေါင် အဝမြို့ကို စိုးစံ နန်းတက်တော်မူသော သက္ကရာဇ် ၈၄၁-ခု ၁ နှစ်၌ပင် ဒီပဲယင်းမြို့တောင်လက် ၂ ကန်ဖျားရွာတွင် ငယ်မည် မောင်နိုး၊ ရဟန်းမည် ရှင်အဂ္ဂသမာဓိကို ဖွားမြင်သည်။

---

(၁) ဦးကုလားရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်တော်၊ သုသောဓိတရာဇဝင်တော်ကြီးများတွင် ဒုတိယမင်းခေါင်၏ နန်းတက်သက္ကရာဇ်ကို ၈၄၂-ခုနှစ် ဟုပြသည်။

သို့ရာတွင် ဒုတိယမင်းခေါင်လက်ထက်၌ သက်တော်ထင်ရှားထွန်းကား ကျော်စောခဲ့သော ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်တွင် 'ဘုရားသာသနာ နှစ်ထောင်နှစ်ဆဲ့သုံးနှစ် စေ့သောအခါ သီရိသုဓမ္မရာဇာဓိပတိ တရားမင်းကြီး ရွှေနန်းတော်တက်၏' ဟု ဆိုသည်။ သာသနာနှစ် ၂၀၂၃-နှစ်မှ ဒွေးအဌဧကဧကာ

ကိန်းနုတ်လျှင်—{ ၂၀၂၃ / ၁၁၈၂ }—၈၄၁ သာဖြစ်ကြောင်း ထင်ရှားသည်။

၈၄၁

ဤထမ္ဘကျမ်းတွင်လည်း (၈၄၁) ခုနှစ် ဒုတိယမင်းခေါင် နန်းတက်ကြောင်းနှင့် တွက်ကိန်းကို ဥဒါဟရဏ်ပြု၍ ဆိုသည်။

ရာဇဝင်ချုပ်လက်ဝင်လည်း မင်းစံနှစ်များကို အစီအစဉ်အတိုင်း ပြရာ ၇၂၆-ခု တပေါင်းလမှစ၍ ရေတွက်လျှင် ဒုတိယမင်းခေါင် နန်းတက်သည်မှာ (၈၄၁) ခုနှစ်သာ တွက်၍ ရသည်။

ရှင်မဟာသီလဝံသဖွဲ့ဆိုသော တံတားဦးတည် မော်ကွန်းတွင်လည်း 'မင်းရိုးတန်ဆောင်၊ ထွန်းပြီးနောင်မှ'....ဒွေး-ဇယ-အဌ်တွင် အလှူဒါနများကို ပြုသည်ဟု စပ်ရာ နန်းတက်သက္ကရာဇ်မှာ ၈၄၂-ခု အရင်သာဖြစ်ရပေမည်။

(၂) ပိဋကတ်သမိုင်း၊ ပိဋကတ်သုံးပုံစာတန်းများတွင် တပယင်းမြို့မအရွှေ ခရီးငါးရာတွင်းကွာ၊ ကန်ဖျားရွာဇာတိဟု ရှိသည်။

ရှင်အဂ္ဂသမာဓိ၏ ခမည်းတော်ကား နတ်မောက်မြို့စားရှိုး ဖြစ်သည်။ အဆက်အနွယ်အားဖြင့် ပုဂံအနွယ် ဖြစ်သည် [1]။ ဘိုးဘေးတို့လည်း မူးမတ်တို့၏ အဆောင်အယောင် အဇီး အနင်းတို့ဖြင့် စံစားကျော်စောခဲ့ကြသော မူးကောင်း မတ်ကောင်းများ ဖြစ်သည်။ခမည်းတော် နတ်မောက်မြို့စားကြီး သည် တောင်တွင်းကြီးတိုက်ပွဲတွင် လက်ရုံးရည်အစွမ်းဖြင့် ရန်မီးကို သတ်လိုက်သောကြောင့် ဘယကျော်သူဘွဲ့ကို ချီးမြှောက်ခြင်း ခံရသည်။ သံလွင်စည်၊ ရတနာစလွယ်၊ ထီး၊ ရွှေက၊ အိုးပျစ် စသော အဆောင်အယောင်များကို တိုးတက် အသနားတော်မြတ် ခံရသည်။ ရွှေနန်းကြွေ့ရှင် လက်ထက်တော်တွင် တိုက်ပွဲတိုင်း၌ ပွဲကောင်းလမ်းကောင်း ရသူဖြစ်သောကြောင့် လက်ရုံးရည်တွင် အလွန်ကျော်စော သူ ဖြစ်သည် [2]။

ရှင်အဂ္ဂသမာဓိ၏ ငယ်စဉ်က အတ္ထုပ္ပတ္တိကို မသိရသော်လည်း ဇာတိဒီပဲယင်းမြို့မှ ကြီးပြင်းလာသောအခါ အဝရွှေပြည်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရဟန် တူသည်။ အဝနေပြည်တော်၌ ကြီးပြင်းရကြောင်းကို နေမိဘုံခန်းတွင် အနုစိတ် ဖွဲ့နွဲ့ထားသော ထီးဘွဲ့ နန်းဘွဲ့ အဆောင်ဘွဲ့များက သက်သေခံသည်။ ထီးမူနန်းရာ စကား အသုံးအနှုန်းများက

---

(၁) ဦးကုလားမဟာရာဇဝင်တော်ကြီး ဒုတိယဟွဲ့ စာမျက်နှာ ၁၂၇-ဆရာပုံးမှတ်ချက်။

(၂) နေမိဘုံခန်းပျို့ နိဂုံး။

ထောက်ခံသည်၊ မြို့စားရိုးမှနေ၍ ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းမှာလည်း ရှင်မဟာရဋ္ဌသာရ ကဲ့သို့သော မင်းသွေး မင်းနွယ်မျိုးပင် မှူးထမ်း ရာထမ်းကိုစွန့်၍ လောကုတ္တရာ ကောင်းကျိုးကို ရှုသော ဒေတ် ဖြစ်နေ၍ အထူးအထေ့ တွေးတောစရာ လိုမည်မထင်။ စာပေလေ့လာသင်ကြားမှုနှင့် စပ်လျဉ်း၍လည်း မည်သည့်ဆရာတော်၊ မည်သည့် ကျောင်းတွင် သင်ကြား လေ့လာကြောင်းကို အထူးပြုတို့စာတမ်းများတွင် မတွေ့ရသော်လည်း သက္ကရာဇ် ၉၀၀-ပြည့်နှစ် ကျော်သောအခါ တပည့်စာသင်သားများကို စာပေမပို့ချရကြောင်း၊ နေမိဘုံခန်းနိုဂုံးတွင် "ဒီပဲယင်းတွင်၊ သီတင်းသုံးသုံး၊ နှလုံးဆည်တား၊ တပည့်သားကို၊ နားပါး မှတ်တင်၊ စာပေသင်လျက်" စာပေပို့ချနေကြောင်းများကို ထောက်ရှု၍ ပိဋကတ် ကျမ်းဂန်များကို အကျမ်းတကျင် နိုင်နင်းကြောင်းမှာ ထင်ရှားသည်။ ဆရာတော်ဘုရား၏ စာများတွင် လောကီဗဟုဿုတ အဖြာဖြာကို တွေ့ရသောကြောင့် ရှင်အဂ္ဂသမာဓိသည် သက္ကဋ္ဌကျမ်း၊ လောကီကျမ်းများတွင်လည်း နှံ့စပ်လိမ္မာကြောင်းလည်း ထင်ရှားသည်။

အထူးသဖြင့် ရှင်အဂ္ဂသမာဓိသည် ကဗျာ အလင်္ကာတွင် ဝါသနာ ကြီးသူ ဖြစ်သည်။ နေမိဝရဲခန်း နိဂုံးတွင် "ရွှေးကလည်းပါ၊ ဝါသနာကြောင့်၊ လင်္ကာစီဖြစ်၊ နေမိဇာစ်ကို" ဟု ဆရာတော်ဘုရား ကိုယ်တိုင်ပင် မိမိဝါသနာကို ထုတ်ဖော်မိန့်ခဲ့ဆိုသည်။ ငယ်စဉ်အခါကမူ ရဟန်းပျို

ရှင်အဂ္ဂသမာဓိက ကဗျာလင်္ကာများကို စပ်ဆိုသီကုံး၍ ခမည်းတော် ဘယကျော်သူအား ဖတ်ပြလေ့ရှိသည်။ ခမည်းတော်ကသည်း သားရဟန်းပျိုး၏ ကဗျာတို့ကို နားထောင်ရင်း ရွှန်းရွှန်းစားစား ရွှင်ရွှင်ပျပျ ရှိရှာ၏၊ သား၏ ဥာဏ်ရည်စွမ်းရည်ကို နှစ်နှစ်ခြိုက်ခြိုက် ဂုဏ်ယူ အားရလေသည်။ သားက ခမည်းတော် ရွှင်ပျော်ရန် ရေးသား၊ ခမည်းတော်က သား၏ ကဗျာ့အရသာကိုနာခံနှင့် သားအဘနှစ်ယောက်မှာ အလွန်အကျွမ်းတဝင် မြတ်နိုးချစ်ခင် ရှာကြသည်။ ချစ်ခမည်းနှင့် ချစ်သားတို့မှာ အတို့အပြန် ရင်းနှီးခင်မင်ခဲ့ကြသည်။ သက္ကရာဇ် ၉၈၄-နှစ်တွင် ရှင်အဂ္ဂသမာဓိသည် နေမိဘုံခန်းကို ဖွဲ့ဆိုပြီးစီးသောအခါ ငယ်ငယ်က အဖြစ်သနစ်များကို ပြန်ပြောင်း တွေးတောမိ၍ ခမည်းတော်ကြီးအား တလွမ်းလွမ်း တတတ အောက်မေ့ ဝမ်းနည်းရှာသည် "မွေးဘခင်တည့်၊ တွေ့မြင်မျက်စိ၊ ယခုရှိ၍၊ နေမိဘုံခန်း၊ ကျမ်းထွေဆန်းကို၊ ရွှန်းရွှန်းထွေပြား၊ ပကြားပရ၊ ဆိုတောင့်တ၏၊ ငယ်ကဖြစ်ရွှေ၊ ရှေးကျွမ်းငွေ့ကို၊ အောက်မေ့ဆဲဆဲ၊ ဝမ်းတို့ကွဲစွ၊"....ဟု ညည်းရှာသည်။ ဤမျှပင် ရှင်အဂ္ဂသမာဓိသည် ခမည်းတော်ကို အလွန်ချစ်ခင်သော သားကောင်းသားမြတ် ဖြစ်ပေသည်။

သက္ကရာဇ် ၈၈၆-ခုနှစ်တွင် မိုးညွှင်းစလုံသည် စစ်ကိုင်းသို့ စစ်ချီလာသည်။ စစ်ကိုင်းက သည် အနောက်ဘက်တလွှား

မြို့ရွာများကို တိုက်ခိုက်သိမ်းယူပြီးလျှင် သရက်တိုင်အောင် ချီသည်။ ပြည်ဘုရင် သတိုးမင်းစောလည်း လက်ဆောင် လက်နက်အများနှင့် အဝရွှေနန်းကို တိုက်၍ ကျွန်ုပ်ကို နန်း တင်ပါလျှင် အချစ်တော်တွင် အမှုအခင်းရှိသမျှကို ညီညာ ၍ အမှုကို ထမ်းဆောင်ပါမည်ဟု မိုးညှင်းစလုံနေရာ သရက်သို့ စေ၏၊ မင်းနှစ်ပါး အညီအညွတ်ရှိသောအခါ ပြည် သတိုးမင်းစောက ရေကြောင်း၊ မိုးညှင်းစလုံက ကြည်း ကြောင်း စစ်နှစ်ကြောင်းညှပ်၍ အဝသို့ ချီတက်သည်။ မိုးညှင်းစလုံက အရင်ရောက်၍ အဝမြို့ကို ဝန်းရံသည်။ ငါး ရက်ရှိလျှင် မိုးညှင်းစလုံသား သိုဟန်ဘွားသည် ဆင်စီး၍ တောင်ဘီလူးတပ်တို့ကို တိုက်လှာသည်။ ရှင်အဂ္ဂသမာဓိ၏ ခမည်းတော် ဘယကျော်သူ[၁] လည်း ရဲမြတ်လှ ဟူသော ဆင်ကို စီး၍ တိုက်သည်။ သိုဟန်ဘွားစီးသောဆင် မျက်နှာ သုန်၍ ပြေးလေ၏။ ဘယကျော်သူလည်း လိုက်ထပ်၍ တိုက်သည်ကို စလုံတူ-စမော်ခန်း ကူ၍ တိုက်သည်။ ဘယ ကျော်သူ စီးသောဆင် မျက်နှာသုန်ချေ၏။ ယင်းသို့စဉ်တွင် သူကလွှတ်လိုက်သော သေနတ်သင့်၍ ဘယကျော်သူ ဆင်ဦး တွင်ပင် ဆုံးချေ၏။ ဘယကျော်သူ ကျလျှင် အဝခံတပ်

---

(၁) ဦးကုလား ရာဇဝင်ကြီး—ဒုတိယတွဲ - စာမျက်နှာ ၁၂၇-'ဘယကျော်သူ ကား ရှင်အဂ္ဂသမာဓိ၏ခမည်းတော် နတ်မောက်စားတည်း။
သုသောဝိတမဟာရာဇဝင်ကြီး—ဒုတိယတွဲစာမျက်နှာ ၈၆-'ဘယကျော် သူကား ရှင်အဂ္ဂသမာဓိ၏ ခမည်းတော် နတ်မောက်မြို့ဝားတည်း။

ပျက်တော့၏။ ရွှေနန်းကြော့ရှင်လည်း ညကို မြို့တွင်းမှ ထွက်ပြေး၍ ဗာရွှေဆင်ခေါင်းသို့ ဆုတ်နေရ၏။ နံနက်လင်းသော် ရေကြောင်းမှ သတိုးမင်းစော ဆိုက်ရောက်လာ၏။ မိုးညှင်းစလုံလည်း သို့ပန်းဘမ်းရသမျှကို လွှတ်၍ ပြည်ဘုရင် သတိုးမင်းစောကို နှုန်းတင်လေ၏။ သုံးရက်ရှိလျှင် ဆင်ကောင်း မြင်းကောင်းများကို သိမ်းယူ၍ စစ်ကိုင်းဘက်သို့ ကူးပြီးလျှင် မိုးညှင်းသို့ ပြန်၏။ ရှင်အဂ္ဂသမာဓိကိုလည်း ပင့်ဆောင်သွား၍ မြေတူးမြို့တွင် ကိုးကွယ်ထားသည်။ ပြည်ဘုရင် သတိုးစောလည်း မိုးညှင်းစလုံ ပြန်လေလျှင် အင်တွင်ရှိသော လူကြီးတို့ကို သိမ်းယူ၍ စုန်တော်မူ၏။ ထိုအထဲတွင် ရှင်မဟာရဋ္ဌသာရလည်း ပါသွားလေသည်။

ရှင်အဂ္ဂသမာဓိသည် မြေတူးမြို့၌ သီတင်းသုံးနေတော်မူစဉ် ယွန်းပြည်မှ မလာကီ လောကုတ္တရာ နှစ်ဖြာ စွယ်စုံဖြစ်သော ဆရာတော်သူမြတ်နှင့် ဖူးတွေ့ရသည်။ ယွန်းဆရာတော်လည်း ရှင်အဂ္ဂသမာဓိ၏ ပညာအရည်အချင်းကို နှစ်သက်မြတ်နိုးတော်မူသည်။ ထို့ကြောင့် သုဝဏ္ဏသျှော်တ်ကို လက်ဝဲဆိုပါရန် ရှင်အဂ္ဂသမာဓိအား တောင်းပန်သည်။

ရှင်အဂ္ဂသမာဓိလည်း တပည့်တပန်းများအား ကျမ်းရိုး

---

(၁) ကဗျတ္ထစန္ဒိကာကျမ်း – ပထမတဲ့ စာမျက်နှာ ၂၉၁- 'ရှင်အဂ္ဂသမာဓိကို မိုးညှင်းဇလုံသားအဘတို့ ပင့်ဆောင်၍ ရောဝတီမြစ် မြောက်ဘက် တပယင်းမြို့တွင် ကိုးကွယ်သည်' ဟု ဆိုသည်။

ကျမ်းဂန်များကို နားပါးဝင်အောင် စာပေပို့ချခြင်း အားလပ်သည့် အချိန်၌ သုဝဏ္ဏသာမဇာတ်ကို သုံးခန်းခဲ့၍ လက်ဝသီကျူးလေသည်။ ယှဉ်းဆရာတော်အားလည်း တပည့်တော်သည် သက်တော် ဝါတော် ငယ်ရွယ်ရုံမျှမက စာအဖွဲ့အဆို များများ မကျွမ်းကျင်ပါဘဲလျက် ဆရာတော်ဘုရား၏ တောင်းပန်ချက်အတိုင်း ပို့ပျူးသာယာစွာ လက်ဝသီကျူး ပါသည်' ဟု နှိမ့်ချလျှောက်ထား ဆက်ကပ်လေသည်'။

သုဝဏ္ဏသို့ဇာတ်တော် လက်ဝအခန်းများကို စီကုံးပြီးစီး သောအချိန်ကား မိုးညှင်းစလုံသားအဘသည် အဝနေပြည် တော်သို့ (ဒုတိယအကြိမ် သက္ကရာဇ် ဂဂဂ-ခုနှစ်) ချီတက် တိုက်ခိုက်ကြ၍ ရွှေနန်းကြော့ရှင် နရပတိ တိုက်ပွဲတွင် ကျဆုံးသောကြောင့် သားသိုဟန်ဘွားကို အဝရွှေနန်းတွင် တာင်ကာ နိုင်ငံအလုံးအတွက် စီရင်ခင်း စီရင်ဘွယ်များကို စီရင်ပြီးနောက် မြေတူးမြို့သို့ ပြန်ရောက်လာသော အချိန်အခါ ဖြစ်သည်။ သက္ကရာဇ်ကား ဂဂဇ-ခု သီတင်းကျွတ်လဆန်း ၃-ရက် သောကြာနေ့ နံနက်အရှဏ်ဟက်ချိန်ဖြစ်သည်။ ထိုနေ့တွင် မိုးညှင်းစလုံကြီးသည် ဇနပိုဒ်တိုင်းကားမှ အမတ်ဗိုလ်ပါအများနှင့် နန်းတော်ရွှေ ရင်ပြင်တွင် လက်ဝဲ့ကျမ်း သတ်ပုံကို ရွှုစားတော်မူသော အချိန်အခါ ဖြစ်လေသည်၂။

---

(၁)–(၂) သုဝဏ္ဏသို့သစ္စာဖန်း နိဂုံးကိုမြို့သည်။

[ကော်] နိဒါန်း

မိုးညှင်းစလုံလည်း သုဝဏ္ဏသျံ လက်ာအခန်းခန်းကို ကြားနာရသောအခါ ရှင်အဂ္ဂသမာဓိအား ရှေးကထက် များစွာပိုမိုကြည်ညိုလာလေသည်။ မင်း မိဖုရား နှစ်ပါးစလုံး ဆရာတော် ဆိုဆုံးမသမျှကို လိုက်နာကြသည်။ ကျမ်းဂန်စာပေအခေါင်အထွတ် တတ်မြောက်သော ပုဂ္ဂိုလ်အဖြစ် ရည်မှတ်လျက် မင်းဆရာ ဟု ကြည်ညိုညွတ်တွားကြသည်။ ဘုရားတဆူတမျှ မှတ်ထင်တော် မူကြလေသည်[၁]။ 'ပိဋကတ္တယဝိနယရေ' ဟူသော ဘွဲ့ကိုလည်း ချီးမြှင့်ဆက်ကပ်သည်[၂]။ ဆရာတော်အားလည်း ယွန်းဆရာတော် တောင်းပန်သောအခါက သုဝဏ္ဏသျံ အခန်းခန်းကို လက်ာသီကုံးသော်လည်း တကာရင်းတကာမရင်း အတွက်မူ ဘယ်လိုစာပေမျိုးမှ ဖွဲ့မပေးလေ ဟု စိတ်ဆိုးလေဟန်၊ မချေငံလေဟန်ဖြင့် ကွယ်ရာထောင့်ရာမှ နှုတ်ပြစ်တင်ကြသည်။ ဆရာတော်လည်း ရှင်အဂ္ဂသမာဓိ ဟူသော ဘွဲ့နှင့် လျော်ညီစွာ ကတိတည်သော ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် နေမိဇာတ်ကို လက်ာစီကုံးလေသည်[၃]။ သို့သော်....

သက္ကရာဇ် ၈၉၄-ခုနှစ်တွင် မိုးညှင်းစလုံသည် အဝသို့စုန်၍ သားသိုဟန်ဘွားကို အတူတကွ ခေါ်ယူကာ ပြည်မြို့သို့

---

(၁) နေမိဝရဲခန်း နိဂုံးကိုမှီးသည်။
(၂) ပိဋကတ်သုးပုံစာတမ်း-စာမျက်နှာ ၃၁၉—ကြောင်းရေ ၅။
(၃) နေမိဝရဲခန်း ပုဒ်ရေ ၁၄၇-ကိုမှီးသည်။

အရောက် တိုက်ပွဲဆင်သည်။ ပြည်မြို့မှအပြန် အဝတွင် သား သိုဟန်ဘွားကို ထားခဲ့၍ မိုးညှင်းသို့ အတက် မြေတူးမြို့ အလွန်တွင် အတွင်းရှမ်း အပြင်ရှမ်းတို့ အချင်းများရာတွင် မိမိကျွန်အမတ်တို့ လုပ်ကြံ၍ အနိစ္စရောက်သည်။

နေမိုင်ရဲခန်းကား သက္ကရာဇ် ၉၀၀-ပြည့်နှစ် မှ အဆုံးသတ် ပြီးစီးသည်။ မိုးညှင်းစလုံ မင်းတရားကြီးကား ဆရာတော်၏ စေတနာအတုံကိုမျှ မခံယူလိုက်ရရှာချေ။ သားသိုဟန်ဘွား မူ ခမည်းတော်မရှိသည့်နောက် စိတ်ထင်တိုင်း ပြုကျင့်ရ တော့သဖြင့် ရွှေပြည် အင်းဝ ပုဂံ စသော မြန်မာ့လက်နက် နိုင်ငံများကို ဖျက်ဆီးလေသည်။

ခမည်းတော် လက်ထက်တွင် ဘုရားတဆူ ဂူတလုံးအသွင် သီတင်းသုံး ချီးမြှောက်ခြင်းကို ဓံရသော ရှင်အဂ္ဂသမာဓိပင် အလွန်စိတ်ပျက်ရှာသည်။ ကာလဆိုး ခေတ်ဆိုးနှင့် ကြုံရ လေခြင်း၊ ငါ ရေးသားဖွဲ့ဆိုသော စာမျှပင် မကျော်ရလေ ခြင်း၊ ငါတုံသော်မှလည်း မြတ်စွာဘုရား နှုတ်တော်မှ ဟော ရွတ်ခဲ့သော ပိဋကတ်ကျမ်းဂန်တို့ကို နာခံမှတ်သား နှုတ် တက် သင်ကြားကြသော တပည့်သားတို့ကိုမှ စာပေအမြဲ အစွဲ မပို့ချရလေခြင်း၊ ဗုမသိ ဘမသိ အမြင်မှား အယူမှား နေသော ကံတူးပြည်တွင် ပတ္တမြားကိုမျှ ဆန်ခြင်သော ခွက် ပလားလောက်သာ အဘိုးထားသကဲ့သို့ အကောင်းအဆိုး

မခဲ့ခြားတတ်သော ခေတ်နှင့် ကြုံရလေခြင်း၊ ကာလဆိုး သည် အကျဉ်းအကြပ် ချည်နှောင်ရစ်ပတ်ထားသော ကြိုး သာ ဖြစ်ပါမူ ထက်လှစွာသောခဲးဖြင့် တလှဲးလှဲး စဉ်ကျ သွားအောင် ဖြတ်ပစ်ချင်သူများလေကြောင်းကို နတ်သိကြား များမှပင် မသိမမြင်သောကြောင့် အကုသိုလ်ကံအမျိုးမျိုး နှင့် တွေ့ရလေခြင်း ဟု အားငယ်စိတ်ပျက်ရရှာသည်[1] ။

ရှင်အဂ္ဂသမာဓိသည် ပြည်ထဲရေးအလျောက် စိတ်နှလုံး ဖောက်ပြန်သော်လည်း လောကဓံတရားကို သမာဓိတရား နှင့် ဖြေ၍ ဒီပဲယင်းသို့ ပြောင်းလွှဲပြီးလျှင် တပည့်စာသင် သားတို့အား စာပေပို့ချနေသော်လည်း စာပေပို့ချနေရင်း ပင် ဝါသနာအလျောက် နေမိဘုံခန်းကို ရေးသည်။ သက္ကရာဇ် ၉၀၄-ခုနှစ် တပေါင်းလတွင် ပြီးဆုံးသည်။ သက္ကရာဇ် ၉၀၄-ခုနှစ် ကဆုန်လတွင် သိုဟန်ဘွားကို မင်းကြီးရန်နောင် သုတ်သင်လိုက်လေသည်။

ရှင်အဂ္ဂသမာဓိကား အဝမြို့တွင် စည်သူကျော်ထင် နန်း တက်ပြီး၍ တနှစ်ကြာသောအခါ သက္ကရာဇ် ၉၁၄-ခု သက် တော် ၇၃-နှစ်တွင် ပျံလွန်တော်မူသည်။

---

(၁) နေမိဝရဲခန်း ပုဒ်ရေ ၁၄၈-ကိုမှီးသည်။

ပြုစုခဲ့သော စာစောင်များမှာ—

(၁) သုဝဏ္ဏသို့ သူဌေးခန်း }
(၂) သုဝဏ္ဏသို့ မြွေးမှုန်ခန်း } သဏ္ဌာရာဇ်-ဂဂဇ
(၃) သုဝဏ္ဏသို့ သစ္စာခန်း }
(၄) နေမိဒိဂ္ဂမခန်း ဂဇ၇
(၅) နေမိငရဲခန်း ၉၀၀
(၆) နေမိဘုံခန်း ၉၀၄-တို့ဖြစ်သည်။

မှတ်ချက်။ ။ ၁။ ရှင်အဂ္ဂသမာဓိ ပျံလွန်တော်မူသော သဏ္ဌာရာဇ် နှင့်စပ်လျဉ်း၍ ဝါဒအမျိုးမျိုး ကွဲပြားရခြင်းမှာ ဒုတိယ မင်းခေါင် နန်းတက်သဏ္ဌာရာဇ်နှင့် ရှင်အဂ္ဂသမာဓိ၏ သက်တော် ကွဲပြား မှုတ်သားကြခြင်းကြောင့် ဖြစ်သည်။ မြန်မာစာညွှန်ပေါင်းနှင့် ကဗျာသာရတ္ထသင်္ဂြိဟ်တို့တွင် ပျံလွန်တော်မူသော ခုနှစ် လုံးဝမပါချေ။ ပိဋကတ်တော်အုပ်မင်း၏ မူဌ္ဌ သက်တော် ၇၈၊ သက်တော် ၇၃-ပျံလွန်တော်မူသည်ဟု အဆိုနှစ်ရပ် ကွဲလျက်ရှိသည်။-

တပဲယင်းမြို့တောင်လက် ကန်ဖျားရွာဇာတိ နန်းကံကျွေးဝန်၊ ယောဓာသမန်း တောင်းပန်၍ တောင်ငူမြို့သာသနာပြု၊ ညောင်စည် ရွှေကျောင်းဆရာတော် စီရင်သည့် အာစရိယဝံသစာတန်းဟောင်းတွင် သဏ္ဌာရာဇ် ၉၁၃-ခု အဝမြို့တွင် စည်သူကျော်ထင်မင်း နန်းတက်၍ နန်းစံတနှစ် သဏ္ဌာရာဇ် ၉၁၄-ခု၊ အသက် ၇၃-နှစ်တွင် ရှင်အဂ္ဂသမာဓိ ဘဝပြောင်းသည်' ဟု မိန့်ဆိုသည်။

အထက်၌ ဒုတိယမင်းခေါင် နန်းတက်သည့် ခုနှစ်ကိုကား ရှင်းလင်းပြခဲ့သည့်အတိုင်း (၈၄၁) ခုနှစ်တွင်

ရှင်အဂ္ဂသမာဓိကို မေးဘွားသည်ဟု ယူလျှင် သက်တော်
၇၃၊ သက္ကရာဇ် ၉၁၄-ခုနှစ်တွင် ပျံလွန်တော်မူသည်
ဟူသောအဆိုမှာ ယုတ္တိများစွာတန်သည်။

၂။ နိက္ခမခန်းကို သက္ကရာဇ် ဂ၉၇-ခုနှစ်ပြီးသည်၊ ၉၀၇-
ခုနှစ်ပြီးသည်ဟူသော ဝါဒနှစ်ရပ်မှာလည်း ပေမူအကူး
အရေးမှားသောကြောင့် ဝါဒနှစ်မျိုးကဲ့ဟန်တူပါသည်။

ရှင်အဂ္ဂသမာဓိ အတ္ထုပ္ပတ္တိစာတမ်း-ပေမူအမှတ် ၁၂၃-
ပုရပိုက်မူမှဆင့်ကူးမူတွင် 'ဘဝ်ရေး၊ က-အစ၊ ငေ-အဆုံး
၄ ခါ ရှိသော နေမိမဂ္ဂဇိုးခန်း-တတိယတွဲ-နိဂုံးနှိုက်။ ။
သာသနာတော်၊ ထွန်းပေါ်နှစ်ထောင်၊ **မြားမြောင်
ရှစ်ဆယ်၊ကိုးနှစ်ဝယ်ထက်**၊ပြက်ပြက်ထွန်းညီး၊တန်ဆောင်
မီးသို့၊ အုံခြိုးစေရစ်၊ သက္ကရာဇ်မှ၊ ရေတွက်ဆသော်၊
ကိုးရာခုနစ်၊ ရတုသစ်တွင်၊ အနှစ်ပြည့်မို့၊ ပွဲဆိုလက်ာ၊
ဤစာပန်းကုံး၊ မွေးမဆုံးသည်၊ ၊ဂမုံးကြိုင်ပို့ နော်ဇာ
တည်း။' ဟု ရေးသားထားသည်။

ပုံနှိပ်မူ နိဂုံးတွင်မူ 'သာသနာတော်၊ ထွန်းပေါ်နှစ်
ထောင်၊ မြားမြောင်ရှစ်ဆယ်၊ကိုးနှစ်ဝယ်ထက်၊ပြက်ပြက်
ထွန်းညီး၊ တန်ဆောင်မီးသို့၊ အုံခြိုးစေရစ်၊ သက္ကရာဇ်မှ၊
ရေတွက်ဆသော်၊**ရှစ်ရာ့ကိုးဆယ်၊စွန်းဝယ်ခုနစ်**၊ရတုသစ်
တွင်၊ အနှစ်ပြည့်မို့၊ ဘွဲ့ဆိုလက်ာ၊ဤစာပန်းကုံး၊မွေးမဆုံး
သည်၊ ၊ဂမုံးကြိုင်ပို့ နော်ဇာတည်း။' ဟု ပုံနှိပ်ထား
သည်။

အထက်ပါ နှစ်မူတွင် မြန်မာစာပေသမိုင်းက ပေမူကို
ယူသည်။ မြန်မာစာညွှန်ပေါင်းက ပုံနှိပ်မူကို ယူသည်။
သို့ရာတွင် မူနှစ်ခုစလုံး၌ သာသနာနှစ် ၂၀၇၉-ဟု ညီညွတ်

နေသည်။ သာသဲနာနှစ်ကို ကောင်ဖွဲ့ရန် ဒွေးအဋ္ဌ
ကေကောကိန်းနှုတ်လျှင်....
၂၀၇၉
၁၁၀၂
သက္ကရာဇ် ၉၀၇-ကိုသာ အတည်ပြုယူထိုက်သည်။ ပေမူဠ်
သက္ကရာဇ်ကို ၉၀၇-ဟုပြသည်။ပုံနှိပ်မူဠ် ဂ၉၇-ဟုပြသည်။
ပယ်ခြင်းပယ်လျှင် သက္ကရာဇ်ဂ၉၇-ခုကိုသာ ပယ်ထိုက်
သည်။

သို့သော် ရှင်အဂ္ဂသမာဓိကိုယ်တိုင်ကပင် နေမိဘုံခန်း
ပုဒ်ရေ ၁၅၀-တွင် 'နိကွမဖြင့်၊ ဆန္ဒကောင်းလျက်၊
တောသာထွက်သား၊ မင်းဆက်ပေါ်ယယ်၊ **နိဒါန်း**သွယ်မှ၊
အလယ်ကမ္ဘဉာန်း၊ ငရဲခန်းလည်း၊ ကျယ်ဝန်းခပ်သိမ်း၊
သံဝေကြိမ်းလျက်၊ မငြိမ်းစရာ၊ **အဆုံးမှာမူ....ရှင်ပ
ချစ်ရမ်း၊ ဘုံခန်းကျမ်းကို**....ဟု အတိအလင်း မိန့်ဆို
ထား၍သာ နိကွမမှာ နိဒါန်းအစရေးသားခဲ့သောကျမ်း
ဟု ဆုံးဖြတ်အတည်ပြုနိုင်တော့သည်။ နေမိဇာတ်
သုံးခန်းအနက် အဦးဆုံးရေးသော ကျမ်းဖြစ်သော
ကြောင့် ဂ၉၇-ခုနှစ်သာ မှန်ရမည်။ ဤသို့ သက္ကရာဇ်ကို
တခုရွေး၍ အတည်ပြုလျှင် သာသနာသက္ကရာဇ်ကို ပြင်ရ
ပေမည်။ ကျွန်တော့်အထင်တွင် ကျောင်းစာရေးသည်
သာသနာနှစ် 'နှစ်ထောင်၊ **မြားမြောင်ခုနစ်ဆယ်၊
ကုန်နှစ်ဝယ်**ထက် ....ကို နောက်ပုဒ်းတွင် ရှစ်ရာ့ကုန်ဆယ်
ကို စိတ်ထဲတွင်လှမ်း၍စောနေသောကြောင့်၊'မြားမြောင်
ရှစ်ဆယ်'....ဟု အကူးအရေးမှားဟန်တူသည်။

သာသနာ ၂၀၇၉ ဟုဆိုလျှင်....
၁၁၀၂ နှုတ်ပါက
ဂ၉၇-ဟု သက္ကရာဇ်အမှန်
ထွက်လာပေမည်။

ပျို့ဝေါဟာရသမိုင်း

ပျို့ ဟူသော ဝေါဟာရကို ပညာရှိအများပင် အမျိုးမျိုး တွေးတောကြံစည်ခဲ့ကြသည်။ သို့ရာတွင် ပျို့ကို ကဗျာအဖြစ် မည်သို့သောကဗျာဖြစ်သည်ကို ကြံစည်သည်ထက် ပျို့ ဟူသော စကား၏ အနက်အဓိပ္ပါယ်ကိုသာ ကြံစည်သူများခဲ့သည်။

ဥပမာပုံဆောင်ပြရလျှင် 'ရဲတင်း' ဟူသော မြန်မာ ဝေါဟာရ တခုရှိသည်။ ရဲတင်းကဗျာလည်း တမျိုးရှိသည်။ ရဲတင်းကဗျာသည် မည်သို့သော ကဗျာဖြစ်သည်ကို ကြံစည်ရာ၌ ရဲတင်း၏ အနက်အဓိပ္ပါယ်ကိုသာ ကြံစည်လျှင် ရဲတင်းသည် ရဲရင့်သော အကြောင်းကို စပ်သောကဗျာလော၊ ရဲတင်းလက်နက်၊ ရဲတင်းပေါက်ဆိုန် အကြောင်းကိုစပ်သော ကဗျာလော ဟု ဝါဒအထွေထွေ ပေါ်ပေါက်လာမည်သာ မုချဖြစ်သည်။ ရဲတင်းဟူသော ကဗျာနှင့် အခြားရည်တူ ကဗျာချင်း နှိုင်းယှဉ်ကြည့်မှသာလျှင် အမှန်အကန်ကို အဖြေရနိုင်ပေမည်။

ထို့အတူ ပျို့ ဟူသော ကဗျာကို မည်သည့်အမျိုးအစား မည်သို့သော ကဗျာဖြစ်သည်ကို သိလိုလျှင် ပျို့ဟုတွင်နေသောကဗျာ အချင်းချင်းကို နှိုင်းယှဉ်ကြည့်ရပေမည်။

ရှေးဦးစွာ သတိထား၍ ကြည့်ရမည်မှာ ယခု ကျွန်တော်တို့က 'ပျို' ဟု ခေါ်ဝေါ်နေသော ကဗျာတို့ကို စာဆိုများကိုယ်တိုင်က ပျို ဟု အမည်မှည့်ခဲ့ပါသလော ဟု ကြည့်ရမည်။

အထင်အရှား တွေ့ရသော ကဗျာများအနက် အဝေခတ်တွင် ဖဲ့ဆိုသီကုံးခဲ့သော ကဗျာကောင်းအချို့ကို ကျွန်တော်တို့ ခေတ်၌ ပျို ဟု တွင်နေသည်။ ထိုကဗျာတို့ကို လေ့လာရာဖွေ စူးစမ်းကြည့်ပါလျှင် စာဆိုကိုယ်တိုင်က မိမိရေးသော ကဗျာကို မည်သို့ အမည်မှည့်ခဲ့သည်ကို ထင်းထင်းရှင်းရှင်း တွေ့ရပေမည်။

၁-အဝေခတ်က စပ်ခဲ့သော—

၁။ ဆုတောင်းခန်းတွင်....'ငြိမ်းဆေးကျိစာ'၊ 'ကျမ်းဆန်းစာစောင်'....ဟု တွေ့ရမည်။

၂။ ပါရမီခန်းတွင်.....'စာစောင်နိဒါန်း၊ကျိမော်ကွန်းကို'....ဟု ဝန်ခံခဲ့သည်။

၃။ ဇာတ်ပေါင်းခန်း.....'စာစောင်ဘဲ့ပြု၊ ကျိကောင်းမှုကြောင့်....'
'မည်သူဆိုညွှန်း၊ မတိုက်တွန်း၊
လိုလွှန်းကျမ်းလက်ဝ....'

၄။ ကိုးခန်း ..... ‘ဇာတ်ပေါင်းပြီးချုပ်၊ စာကိုး အုပ်ဖြင့်’
‘ကိုးခန်းကျမ်းပြု၊ ဤကောင်း မှုကြောင့်’
‘ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်’
‘ရှေးတန်ဆာ၊ ရတနာဟု’

၅။ သံဝရ ..... ‘ဤစာဆုံးမ ကုပ်သတည်း’
‘ဤစာကမ္မည်း တပ်သတည်း’
‘ဤ စာ ချစ် ကြောင် စပ် သ တည်း’

၆။ နိဂ္ဂမခန်းတွင် ..... ‘နိဂ္ဂမခန်း၊ ကျမ်းတစောင် ပက်....’
‘နိဂ္ဂမခန်း၊ မည်သာမှုန်း၍၊ ဆန်းအလင်္ကာ....’
‘ဘွဲ့ဆိုလင်္ကာ၊ ဤစာပန်းကုံး’

၇။ ငရဲခန်း ..... ‘သံမြက်ထွေငေါ၊ လင်္ကာ ဖော်လည်း....’
‘နိဗ္ဗာန် ခရီး၊ ဤ ကျမ်း ပြီး လျှင်....’

၈။ ဘုံခန်း ..... 'နေမိဘုံခန်း၊ ကျမ်းထွဋ်ဆန်း ကို'
'ယမုအခါ၊ ဤစာပေါ်သစ်'
'နေမိဘုံခန်း၊ လက်ာထွန်းက'

၉။ သစ္စာခန်း ..... 'တုမဲ့သာခေါင်၊ ဤစာစောင်....'
'သာယာပျံပျူး၊ လက်ာကျူးသည်'

၁၀။ သံဝေဂခန်း..... 'သံဝေဂခန်း၊စာနိဒါန်းကို....'

၁၁။ ရွှေဟင်္သာ ..... 'ရွှေဟင်္သာဇာစ်၊ ဖြစ်သည့် အမည်၊ ဤစာသည်ကား'
'စာစောင်နဝရတ်၊ ပြန်ခတ် မျက်ကောင်း၊ဤနားတောင်း ကို'

၁၂။ ပြာဋိဟာခန်း..... 'ပြာဋိဟာခန်း၊ ဤကျမ်းဆန်း'
'ယမိုက်ပြာဋိဟာ၊ပြရာပြခန်း၊ ဤမော်ကွန်းကို၊ ကျယ်ဝန်း ကဗျာ၊ လက်ာဖွဲ့ပြု....'
'ယမိုက်ပြခန်း၊ အရောင်ထွန်း သား၊ ဥဒါန်းလက်ာ၊ နားတန် ဆာ....'

၁၃။ ဂမ္ဘီသာရ ..... 'ဂမ္ဘီသာရ၊ နာမသာချမ်း၊ ဆုံးမကျမ်းဝယ်'
'လက်ာချိုမြ၊ မိန့်ခဲ့ဟသား'

၁၄။ လောကသာရ.....'လောကသာရ၊ ကျမ်းအစဉ်၊ ဆုံးမစကား၊ မျိုးလေးပါးတို့၊ မှတ်သား စိမ့်ငှါ၊ **ပျိုလက်ာ** ဖြင့်....'

၁၅။ ဂါထာခြောက်ဆယ်....'မြန်မာ့ဘာသာ၊ **ပျိုလက်ာ** ဖြင့်၊ ဆိုပါစတုံ....'

အထက်၌ ဖော်ပြထားသော ကဗျာပေါင်း ၁၅-ခု အနက် 'လောကသာရ'နှင့် 'ဂါထာခြောက်ဆယ်'နှစ်ခုဉ်သာ စာဆို ကိုယ်တိုင်က 'ပျိုလက်ာ' ဟု မှည့်ခေါ်ကြောင်း အထင် အရှား တွေ့ရသည်။ ကျန်ကဗျာများကိုမူ စာဆိုတို့သည် 'ကျမ်း'ဟူ၍ရင်း၊ 'လက်ာ'ဟူ၍ရင်း၊ 'စာစောင်'ဟူ၍ရင်း၊ 'မော်ကွန်း'ဟူ၍ရင်း၊ 'နိဒါန်း'ဟူ၍ရင်း၊ 'နားတန်ဆာ'ဟူ၍ ရင်း၊ အလျဉ်းသင့်သလို နာမည်မှည့်ကြသည်။

ထိုစာဆိုတို့၏ စာအစောင်စောင်ကို အထောက်အထား ပြုလျှင် ပျိုကဗျာ ဟူသော အမျိုးအစားသည် အဝခေတ် တွင် နာမည် အထူး မတွင်သေးကြောင်း ထင်ရှားသည်။ စာဆိုအများအပြားပင် သူတို့၏ ကဗျာတို့ကို 'ပျိုဟု မမှည့် ကြောင်း အခိုင်အလုံ တွေ့ရသည်။

၂-တဖန် **တောင်ငူခေတ်**ကို ကြည့်လျှင် မနော်ဟရီပျို ဟောင်း တစောင်ကိုသာ တွေ့ရ ဘတ်ရဘူးပါသည်။ ပျို ဟောင်း ဟု ပညာရှိ အများက ကင်ပွန်းတပ်ခဲ့သော် လည်း—

မနော်ဟရီတွင်....'ဤစာပြီးလစ်၊ သက္ကရာဇ်မူ၊ စင်စစ်
မှန်စွာ၊ ကိုးရာဖလေးဆယ်၊ စွန်းဝယ်တခု'
'ဘုန်းကြွယ်ရန်နင်း၊ မင်းတို့နာတန်၊
စကားမှန်တည့်....'

ဟူ၍သာ တွေ့ရပါသည်။ နဝဒေးကြီး ကိုယ်တိုင်က မိမိ ကဗျာကို ပျို ဟု မမှည့်ခေါ် ခဲ့သည်မှာ ထင်ရှားပါသည်။

၃-**ညောင်ရမ်းခေတ်**တွင်မူ ဝန်ကြီးပဒေသရာဇာသည် သူဇာကဗျာကို ပျိုအဖြစ် အတိအလင်း ကြေငြာခဲ့သည်။

သူဇာပျိုတွင်....'ယင်းသည့်သူဇာ၊ ပျိုကဗျာတွင်'
'ပျိုတော်သူဇာ၊ သည်ကဗျာကို'
'သေချာမှတ်ဘို့၊ သူဇာပျိုတည့်'....ဟု

ထပ်တလဲလဲပင် ပျို ဟု ခဲ့ခဲ့ခြားခြား အမည်သည်ာ ပညတ်ခဲ့ သည်။

ဝန်ကြီးပဒေသရာဇာ၏ ရှင်းလင်းပြတ်သားသော အမှည့် အခေါ်ကို ထောက်၍ ပျိုကဗျာသည် ညောင်ရမ်းခေတ်ကျမှ သာ အခေါ်တွင်ကြောင်း ထင်ရှားပါသည်။

၄-ကုန်းဘောင်ခေတ်တွင်မူ မုံရွေးဆရာတော်နှင့် မဟာမင်းလှမင်းခေါင် ဦးရွှန်းတို့သည် ပျိုအများဆုံး စပ်ဆိုကြသော စာဆိုနှစ်ဦး ဖြစ်သည်၊ စပ်ဆိုသမျသော် ကဗျာတို့ကို လည်း ပျိုအဖြစ် စပ်ဆိုလျှင် ပျိုဟူ၍သာ ပိုင်းပိုင်းခြားခြား မှည့်ခေါ်ခဲ့ကြသည်။

ထူးခြားချက် တခုမှာ ကုန်းဘောင်ခေတ် ပျိုစာဆို အကျော် ဟု သတင်းပျံ့ခဲ့သူ တွင်းသင်းမင်းကြီးကမူ မိမိ ရေးသမျ ကဗျာများကို ပျို ဟု မမှည့်ခြင်းပင် ဖြစ်သည်။

ဝိဓူရတွင်....'ဓမ္မမြတ်စစ်၊ ဤကျမ်းသစ်....'

မုဒုလက္ခဏတွင်....'သံသရာပစ္စုပ္ပန်၊ နှစ်တန်ကျိုးကြီး၊ပြီး စီးလေရှာ၊ ဤငါ့စာ....'

ဘလ္လာတိယတွင်....'သူတွန်မြတ်စစ်၊ ဤကျမ်းသစ်ကား'

မဟာဇနကတွင်....'လင်္ကာစီဖြစ်၊ ဖော်ထုတ်လှစ်သည်' 'နားသင်းစေဌါ၊ အလင်္ကာဖြင့်'၊

ဇဝသန္တရာတွင်....'ဇဝသန္တရာ၊ ဤစာကျမ်းရိုး'ဟု မိမိ ကဗျာတို့ကို 'ငါ့စာ'ဟူ၍ရင်း၊ 'ဤကျမ်း'ဟူ၍ရင်း၊ 'လင်္ကာ' ဟူ၍ရင်း၊ အမျိုးမျိုးသာ အမည်တပ်ခဲ့ပါသည်။

အထက်ပါ အချက်များကို နှိုင်းယှဉ်စဉ်းစားချင့်ချိန်ပါလျှင် ကုန်းဘောင်ခေတ်၌ပင် စာဆို၏ စိတ်အစဉ်ကိုလိုက်၍

စာဆိုသည် မိမိကဗျာကို 'ပ့ျို'ဟု နာမည်မှည့်ချင်မှ မှည့်ကြောင်း ထင်ရှားပါသည်။

မင်းတုန်းမင်းတရားကြီး လက်ထက် ကဝိလက္ခဏဒီပနီကျမ်းကို ပြုစုခဲ့သော နိုင်ငံခြား ဝန်ထောက်မင်း မင်းကြီး သီရိမဟာဇေယျသူပင် ကဝိလက္ခဏဒီပနီကျမ်းကို ပြုစုရာ၌ ကိုးကားထောက်ထားသည့် ကျမ်းဂန်များကို ညွှန်းရာတွင် 'မဂ္ဆဇိုး၊ ငရဲ၊ ဘုံ၊ ဆုတောင်း၊ သုဝဏ္ဏသာမသူဌေး၊ လေးပစ်၊ ပြာဋိဟာ၊ ဓမ္မောပဒေသရာဇောဝါဒ၊ ပါရမီ၊ မဟော်ဥမင်' တို့ကို 'အခန်း' ဟု ပြခဲ့သည်။

ဤအချက်ကို ထောက်၍လည်း ကုန်းဘောင်ခေတ်တွင် ရှေးပို၍ကျသော ကဗျာဟောင်းများကို အခန်းခန်းဘွဲ့ဆို စပ်ထားခဲ့လျှင် 'အခန်း'ဟု အမည်သီးခြား ခေါ်ဝေါ်ကြကြောင်းကို တမျိုးမှတ်သားရပါသည်။

ထို့ကြောင့် ခေတ်အသီးသီးမှ စာဆိုအဦးဦး၏ ဆိုလိုရင်း အဓိပ္ပါယ်များကို စစ်ဆေးကြည့်လိုက်သောအခါ သူတို့၏ ကဗျာတို့ကို စာဆိုတို့သည် 'ကျမ်း၊လက်ာ၊နိဒါန်း၊မော်ကွန်း၊ ပ့ျို' ဟု အမျိုးမျိုး အမည်မှည့်ထားကြောင်းကို တွေ့ရပါသည်။ ဤသို့ စာဆိုတို့က အမျိုးမျိုး အထွေထွေ ခေါ်ခဲ့သော်လည်း နှောင်းလူများက အဆိုရ သုတိသာသော 'ပ့ျို' ဟူ၍ ဂုဏ်ပြုကာ သိမ်းကျုံးစုစည်း ခေါ်ဝေါ်ကြောင်းကို လည်း မြင်ရပါသည်။

ပ္ပျိသည် မည်သည့်အမျိုးအစား၊ မည်သို့သောကဗျာ ဖြစ်သည်ကို ဂါနိုင်စေခြင်းငှါ အထက်၌ ဖော်ပြခဲ့သည့် အတိုင်း ပ္ပျိ ဟု တွင်နေသော ကဗျာအချင်းချင်းကို ညှိနှိုင်း ကြည့်လိုက်သောအခါ အဝေတ် လောကသာရက 'ပ္ပျိလင်္ဂ်ာ'၊ ဂါထာခြောက်ဆယ်က 'မြန်မာ့ဘာသာ၊ပ္ပျိလင်္ဂ်ာ' ဟု အစောဆုံး တွေ့ရပါသည်။ ထိုစာဆိုနှစ်ဦး၏ အာဘော် အတိုင်း 'ပ္ပျိ'သည် မြန်မာစကားဖြစ်၍ ပါဠိ'အလင်္ဂ်ာ'ကို မြန်မာဘာသာပြန်ထားခြင်းပင် ဖြစ်ကြောင်း ထင်ထင် လင်းလင်း သိရပါသည်။ မြန်မာအသုံးအနှုန်းတွင် 'မိခင် မာတာ' 'တန်ခိုးတေဇော်' 'လမင်းစန္ဒာ'စသော ပါဠိနှင့် မြန်မာ တဲ့ထားသော အသုံးဝေါဟာရမျိုးတို့ကဲ့သို့ ဤနေရာ တွင်လည်း ပ္ပျိသည် လင်္ဂ်ာ ဖြစ်ကြောင်းကို စာဆိုတို့ ကိုယ်တိုင်က ဖော်ပြခြင်းပင် ဖြစ်သည်။

ပ္ပျိနှင့် လင်္ဂ်ာသည် အတူတူပင် ဖြစ်သော်လည်း စာဆို ကိုယ်တိုင်က ပ္ပျိ ဟု မှည့်ခဲ့လျှင် ပ္ပျိ ဟု တွင်၏။ တသီး တခြား ထုတ်ဖော်မဆိုခဲ့လျှင် နှောင်းလူများက နှစ်သက် သလို ခေါ်ကြကြောင်း တွေ့ရပါသည်။ ကဝိလက္ခဏဒီပနီ ကျမ်းပြု နိုင်ငံခြား ဝန်ထောက်မင်းကပင်လျှင် ဝန်ကြီး ပဒေ သရာဇာ ဖွဲ့ဆိုခဲ့သော ယိုးဒယားရောက် မော်ကွန်းကို 'ယိုးဒယားရောက် ပ္ပျိ' ဟူ၍ပင် အမြတ်တနိုးခေါ်ဝေါ် ကိုးကား ပြခဲ့ပါသည်။

လောကဥပမာတခုကို ထပ်လောင်း၍ ပြရပါလျှင် အမျိုး သမီးများသည် နားဝတ်တန်ဆာတို့ကို နတောင်း၊ နကပ်၊ နပန်၊နဆွဲ၊နပွင့်၊နကောင်း၊နရကောင်း၊ နရတင်း၊ နသန်သီး စသည် ဖြင့် အမျိုးမျိုး အထွေထွေ ခေါ်ဝေါ်သုံးစွဲသကဲ့သို့ နား၏ တန်ဆာဖြစ်သော လင်္ကာကိုလည်း အမည်အမျိုးမျိုးမှည့်၍ စိတ်ကြိုက်ရာရာခေါ်ဆိုခြင်းမျှသာ ဖြစ်ရာသည်။ စည်းမျဉ်း နှင့် စပ်ထုံးနှင့် ပုံသေကားကျ မည်သည့် အမျိုးအစားကို မော်ကွန်း၊ မည်သို့ကို ပျို၊ မည်ရာကို လင်္ကာဟု သတ်မှတ် ထားခြင်း မရှိသည်မှာ သိသာပါသည်။ အခေါ်များရာသို့ လိုက်၍ အတွင်ကျန်ရစ်ခဲ့သည်မှာ ထင်ရှားပါသည်။

ပတ်ဝန်းကျင်နှင့် စာဆို

ပတ်ဝန်းကျင်သည် လူကို ပုံသွန်းသည်၊ ပြုပြင်သည်၊ ပြောင်းလဲစေသည်။ ပတ်ဝန်းကျင်ကြောင့် လူသည် သုခကို စံစားရ၏၊ ဒုက္ခကို ခံစားရ၏၊ ပတ်ဝန်းကျင် လှိုင်းဂယက်သည် လူ့တသက်တာတွင် အဘက်ဘက်မှ ရိုက်ခတ်တတ်သော သဘောရှိလေသည်။ ပတ်ဝန်းကျင်သည် လူ့ခန္ဓာကိုယ်နှင့် လူ့ရေးလူရာကိုသာမက စိတ်ဓာတ်ကိုပါ ပြောင်းလဲစေတတ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်သည် လူတဦး တယောက်အတွက် အလွန် အရေးကြီးပေသည်။

ရှင်အဂ္ဂသမာဓိသည် ဒုတိယမင်းခေါင် လက်ထက်တွင် မွေးဘွားခဲ့သူ ဖြစ်သည်။ အသက် နှစ်ဆယ်ကျော် အထိ

ခေတ်ကောင်းကိုမှီလိုက်သည်။ မင်္ဂလာစေတီပုံတော်ကိုဝင်း၊ ရွှေစာတီ၊ ရတနာ မြစည်းခုံ စသော ကောင်းမှုပုံတော်များကိုဝင်း ကြားရ မြင်ရသူ ဖြစ်ခဲ့သည်။ ဒုတိယမင်းခေါင်၏ မြင်းစီးခြင်း ဆယ့်ခုနစ်ပါးကို တအံ့တသြ ကြားဘူး မြင်ဘူး သူလည်း ဖြစ်ပေမည်။ ဒုတိယမင်းခေါင် နတ်ရွာစံတော်မူခြင်းကိုလည်း ကြုံလိုက်ရသူ ဖြစ်သည်။

ရွှေနန်းကြွေရှင် ဘုရင်နရပတိ နန်းတက်တော်မူသော အခါ ဘိသေကမင်္ဂလာ အခမ်းအနားကိုလည်း တွေ့မြင်ကြုံကြိုက်ခဲ့ရသည်။ မင်းပြောင်း မင်းလဲကြောင့် ပတ်ဝန်းကျင် အခြေအနေသည် အပြောင်းအလဲမရှိ တည်ငြိမ်နေမည်။ ခမည်းတော် နတ်မောက်မြို့စားကြီးပင်လျှင် ပုံရ လမ်းရ ရဲဆုများဖြင့် ချီးမြှင့် မြှောက်စား အသနား အကြိမ်ကြိမ်ခံခဲ့ရသည်။ ရှင်အဂ္ဂသမာဓိသည် ရေမြေ့ရှင်၏ ဘုန်းတော်ရိပ် ခမည်းတော်၏ မေတ္တာရိပ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း ရှင်ရှင်လန်းလန်းနေထိုင်ခဲ့ရသည်။

သို့သော် သက္ကရာဇ် ဂဂဖ-ခုနှစ်တွင် ပတ်ဝန်းကျင် ဂယက်တို့သည် ပွက်ပွက်ထ ရိုက်ခတ်တိုက်လာ၏။

ရေမြေ့ရှင်သည် ထီးပစ် နန်းပစ် တိမ်းရှောင်နေရ၏။ ခမည်းတော်လည်း တိုက်ပုံတွင် ကျဆုံး၏။ ကိုယ်တော်တိုင်လည်း မိုးညှင်းစလုံက ပင့်ဆောင်ယူ၍ နေပြည်တော်မှ ခဲ့ခဲ့ကာ မြေတူးမြို့သို့ ပြောင်းရွှေ့သီတင်းသုံးရရှာ၏။

မြေတူးမြို့တွင် ယွန်းဆရာတော်ကြီးနှင့် ဆည်းဆည်းပူးပူး သီတင်းသုံးရသည်။ မိုးညှင်းစလုံကလည်း 'ဘုရားအတူ မှတ်တော်မူသည်'။ မိဖုရားကြီးကလည်း 'ငါးပါးဝန္ဒနာ၊ ကြည်ညို စွာ၏'၊ 'မင်း မိဖုရား နှစ်ဆွေတို့လည်း ပြောဆိုလေသမျှကို နာလိုလှုရှာသည်'။

ခမည်းတော် ဆုံးခဲ့သဖြင့် စိတ်နှလုံးမချမ့်မြဲ ရှာသော်လည်း ဆရာသစ် ဒါယကာသစ်တို့၏ ဆိုဆုံးမနာလွယ်မှု၊ ကြည်ညိုကိုးကွယ်မှုတို့ကြောင့် ဖြေဖျောစရာ ရရှာပေသေးသည်။

ပတ်ဝန်းကျင် လှိုင်းထပိုးတို့၏ ပြုန်းပြုန်းလှဲးလှဲး ယက်သဲသဲကြားထဲမှ သောင်ယံကမ်းခုံ ချမ်းရိပ်ဘုံကို ခိုလှုံရရှာပေသေးသည်။

သို့ရာတွင် မိုးညှင်းစလုံ၏ သဘောသကာယနှင့် သားသိုဟန်ဘွား၏ စိတ်နေစိတ်ထားတို့မှာ ဆန့်ကျင်ဘက် ဖြစ်သည်။ မိုးညှင်းစလုံက ဆိုဆုံးမနာယူသလောက် သားသိုဟန်ဘွားသည် ဆိုရခက် ပြောရခက်သူ ဖြစ်သည်။ ဘခင်ကိုမျှပင် မကြည်မညို မရိုမသေ။ မိခင် ဘခင် နှစ်ဦးစလုံးကိုပင် 'အပြောအဆို ညစ်ညမ်း နှုတ်ထွက်သွမ်းလေသည်'။ မိဘကျေးဇူးကို အထူးမသိတတ်သူ ဖြစ်သည်။ 'မိဘနှစ်ပါးက ရှိသမျှ ဥစ္စာပစ္စည်းနှင့် မွေးတုံပါလျက်နှင့် မွေးစော်မနံသူ

လည်း ဖြစ်သည်။ မိဘနှစ်ဦးကိုပင် သူစိမ်းပြင်ပြင် ပြုမူတတ်သူ သား ဒိဋ္ဌိဖြစ်သည်'။

ရှင်အဂ္ဂသမာဓိမူ ခမည်းတော်ကို သည်းခေါင်ညွှန့်ခိုက်လှိုက်လှိုက်လဲ့လဲ့ မြတ်နိုးချစ်ခင်သူ ဖြစ်သည်။ ခမည်းတော်ကို ကဗျာလင်္ကာတို့ဖြင့် ပျော်ရာပျော်ကြောင်း ဖျော်ဖြေခဲ့သူ ဖြစ်သည်။ ထိုကြောင့်လည်း သိုဟန်ဘွား၏ အပြုအမူ အလေ့အကျင့်ကို တွေ့ရသောအခါ အသဲနာကျည်း ဝမ်းနည်းစက်ဆုပ် ရွံရှာတော်မူသည်။

ဤသို့ ပတ်ဝန်းကျင်တွင် စိတ်မသက်သာ မြင်မလျော်ဘွယ်ရာများကို တွေ့နေချိန် ယွန်းဆရာတော်ကလည်း ဝမ်းမြောက်ကြည်သာ စာပြုရန် တောင်းပန်နေသောအချိန်နှင့် ကြုံကြိုက်လာသောကြောင့် သားလိမ္မာ သုဝဏ္ဏသာမဇာတ်တော်ကို သုံးခန်းခွဲ၍ သူဌေးခန်း၊ မြားမှန်ခန်း၊ သစ္စာခန်းစသည်ဖြင့် ပြုစုခဲ့သည်။

ပတ်ဝန်းကျင်၏ ဖန်တီးမှုကြောင့် စာပေလောကတွင် စာသုံးကျမ်း ဖြစ်ထွန်းလာရလေသည်။

ရှင်အဂ္ဂသမာဓိ၏ ရည်ရွယ်ချက်ကား 'သားဒိဋ္ဌိကို၊ မျက်စိဘွင့်ထား၊ ဤတရားလျှင်၊ ရှည်လျားနိစ္စ၊ဆိုဆုံးမစိမ့်၊ မိဘတို့၌၊ ဘက်ပိုက်ပံ့ပျူး၊ ငယ်ကကျူးသား၊ ကျေးဇူးသိတတ်၊ သားသူမြတ်တို့၊ အထွတ်ထားတင်၊ ကြည်လင်ဆပ္ပါး၊ မွေးတုံ

ငြားလည်း၊ မွေးအားနှစ်သိမ့်၊ ကိုယ်လုံးစိမ့်မျှ၊ ငြိမ့်ငြိမ့်ရိုးကြော၊ ပီတိစောစိမ့်’ ဟူ၍ သိုဟန်ဘွဲ့းကိုလည်း ဆိုဆုံးမလိုသည်၊ မိဘတို့ကိုလည်း နှစ်သိမ့်စေလိုသည်။

သုဝဏ္ဏသို့သူဌေးခန်းတွင် မြတ်စွာဘုရားသခင် လက်ထက်တော်၌ မိဘကို ရိုသေလုပ်ကျွေးသော သူဌေးသား ရဟန်းအကြောင်းကို အကျယ်တဝင့် စိတ်ကြည်နူးဘွယ် စပ်ဆိုထားသည်။ ဇာတ်ကြောင်းတွင်လည်း သာဝတ္ထိပြည်ဘွဲ့၊ မိဘကို လုပ်ကျွေးသူတို့အဖွဲ့၊ သေလုနီးပါး ကိုယ်အဆင်းရဲခံ၍ မိဘကို လုပ်ကျွေးသော သားထူး သားမြတ် အဖွဲ့တို့ကို စိတ်ဝင်စားစဘွယ် ဖွဲ့ဆိုထားသည်။ အထူးသဖြင့် လောကဓံတရားကို သိနားလည် မှတ်မိစေခြင်းငှါ ထင်ထင်ရှားရှား သရုပ်ဖော်ပြခဲ့ပေသည်။

‘ခိုင်ခိုင်ဖြိုးဖြိုး၊ စည်းစိမ်ကြီး၍၊ ညီးညီးဝင်းဝင်း၊ စံစားခြင်းကား၊ ၊ဆီးနှင်းကျသည် မျှသာတည်း’။

‘နတ်နှင့်အတူ၊ စည်းစိမ်ဆူလည်း၊ လူ၏သတင်း၊ ကျော်စောခြင်းကား၊ ၊နန္ဒင်းလှသည် မျှသာတည်း’....ဟူ၍ဌင်း၊

‘ရိပ်သာဆောင်းဆောင်း၊တပင်ကောင်းသော်၊တသောင်းဌက်မျှား၊ နားသည့်အတူ၊ သဲသဲဆူမျှ၊ မည်သူမပြိုင်၊

၁။ သုဝဏ္ဏသျှသစ္စာခန်း နိဂုံး။

အခေါင်တိုင်၍၊ မနိုင်မကန်၊ ဝေဍယန်သို့၊ အလှန်မွေ့လျော်၊ စံစားသော်လည်း၊ လောကဓံနေဝဲက်၊ တကောက်ကောက်သည်၊ ၊တယောက်မလွတ် စေရတည်း'....ဟူ၍ဂုဏ်း၊

'လူတို့ကြမ္မာ၊ မကောင်းသောခါက၊ ဂဂ်ါဖျားရော၊ တက်သောထွေသို့၊ ရှိလေစမြဲ၊ ကြမ္မာမဲ့လည်း၊ ဆင်းရဲတတန်၊ ရောကျပြန်သို့' ....ဟူ၍ဂုဏ်း လောကဓံတရားကို ဥပမာ အသွယ်သွယ်တို့ဖြင့် ဖွဲ့ဆိုပြခဲ့သည်။ ရှင်အဂ္ဂသမာဓိ၏ စေတနာကား မိုးညှင်းစလုံနှင့် သိုဟန်ဘွား နှစ်ဦးစလုံးကိုပင် လောကဓံဓလေ့ကို လက်တွေ့သုံးသပ်ပြခြင်းပင် ဖြစ်သည်။

သုဝဏ္ဏသို့ မြားမှန်ခန်းတွင်လည်း သူငယ်သား ရဟန်းကို အကြောင်းပြု၍ ဘုရားလောင်း သုဝဏ္ဏသာမ ဖြစ်စဉ်က မိဘတို့ကို အသက်ထက် ချစ်မြတ်နိုးစွာ မည်မျှ လုပ်ကျွေးခဲ့ကြောင်း၊ အသက်သေလုမြောပါး မိန်းမော သွားခါနီးဆဲဆဲဦးပင် 'ရှင်နတ်အများ၊ ငါ့ကိုယ်စားလျှင်၊ သနားနှစ်ခြိုက်၊ မေတ္တာပိုက်၍၊ စိုက်စိုက်လခေါ်၊ မျိုးနှစ်ဘော်တို့၊ ၊သက်တော်ရှည်ပရစ်စေသော်' ....ဟူ၍ပင် တတာတွယ်တွယ် ဆုတောင်းသေးခဲ့ရှာကြောင်းတို့ကို သနားစဖွယ်၊ ဆွေးစဘွယ် လွမ်းရတု ခြယ်ထားပေသည်။ အလွမ်းကြားထဲ၌ပင် လောကရေး၊ မင်းရေးတို့ကို ထည့်ညှပ်၍ ဆရာတော်ဘုရားသည် ဆိုဆုံးမရှာသေးသည်။

'လိမ်မောင့် လိမ္မာ၊ ရုပ်ပြင်ဝါနှင့်၊ နည်းနာပုံယူ၊ ငယ်သောသူလည်း၊ ကြီးမူရှိက၊ ကြီးတတ်လှ၏'....ဟူ၍ဝှင်း၊

'ဆင်းရည်မနွမ်း၊ မိန်းမတမ်းကား၊ ချီးမွမ်းပြောပ၊ ဖြစ်ခဲလှ၏၊ သားဘလင်ကို၊ လှည့်ပတ်ဆိုလည်း၊ နာလိုလျှင်းအောင်၊ ကယ်ကဲ့ယောင်သို့၊ ရုပ်ဆောင်ပေါ်သာ၊ လိမ်းကျံကာတည့်'....ဟူ၍ဝှင်း၊

'ကြမ္မာနှိုးဆော်၊ မသွားတော်သည်၊ တခေါ်မဟုတ်၊ တဖြုတ်တခဏ၊ တလှမ်းမျှ'....ဟူ၍ဝှင်း၊

'မှီတင်းကျေးဇူး၊ အထူးသူ့ထက်၊ ကျေးမက်ရွာပြည်၊ ကြီးကျယ်သည်လျက်၊ ရဲမည်အရာ၊ ရဲခါရောက်သော်၊ ရဲဘော်မညီ'....ဟူ၍ဝှင်း၊

'မင်းဟူသည်ကား၊ ပြည်၏ချိန်ခွင်၊ ဖြစ်ပေကျင်သော်၊ ကျော်ထင်လွှံ့ဆို၊ပြည်နဂိုရ်နှင့်၊ ထိုထိုတိုင်းကျပ်၊ အရပ်ထက်ဝန်း၊ လူရဟန်းကို၊ အပန်းကြီးစေ၊ မကြီးစေတည့်၊ မြူတေစက်ရောင်၊ ပြောင်ပြောင်ပြေးထွက်၊ တခွန်းပွက်က၊ မယွက်စေရာ၊ မှန်အပ်စွာ၏'....ဟူ၍ဝှင်း၊ လွမ်းပုံထွေထွေ ကြားထဲ၌ပင် ဆုံးမစကားများကို ထည့်သွင်းစပ်ဆိုတော်မူခဲ့သည်။

သုဝဏ္ဏသျှံသစ္စာခန်းတွင်မူ မိဘကို လုပ်ကျွေးသော သားသည် သေလုမြောပါး ဖြစ်နေရာမှပင် အသက်ပြန်ရှင်ရကြောင်း၊ မိဘတို့ကို 'ပန်းနှယ်ပျိုးသား၊ မင်းစိုးနှစ်ပါး၊

ကျေးဇူးများဟု၊ ဘုရားတမင့်၊ ရိုသေသင့်'ထိုက်ကြောင်း၊ မိဘတို့ကို 'မတင့်မတော်၊ ပြစ်မိသော်လည်း၊ သံကြော် တောက်ပ၊ လောင်မီးကျလျက်၊ ခြခြမြကြီး၊ ကဲ့ပြီးတချက်၊ ဝက်ဝက်လစား၊ ငရဲလားမည်' ဖြစ်ကြောင်းတို့ကို အကျယ် တဝင့် ရေးထားပေသည်။ ဤသို့ မိဘကျေးဇူးတို့ကို ဖော်ပြ နေသည့် ဇာတ်တော်အတွင်း၌ပင် သုဝဏ္ဏသာမက ပီလိ ယက္ခမင်းကြီးအား ဆုံးမလေဟန်ဖြင့် မိုးညှင်းစလုံကိုဌင်း၊ သိုဟန်ဘုံးကိုဌင်း မှတ်သားလိုက်နာ ဘွယ်ရာတို့ဖြင့် ဆုံးမထားလေသည်။

စာသုံးကျမ်းကား ဆုံးမလွယ်သော မိုးညှင်းစလုံအား လက်မလွတ်ချင်သော ဆုံးမခန်းအသွယ်သွယ်ဖြစ်ခဲ့၏။ နာ လွယ်သော ပရိသတ်များအား ကျော်စောသော စာစောင် များ ဖြစ်ခဲ့၏။ သိုဟန်ဘုံးမူ အရိုးရင့်၍ ဆုံးမက်သောသူ ဖြစ်ရကား ပုံပြောင်း၍ မရသော ငရဲသစ်ဝတ်အဖြစ် တည်ခဲ့ လေသည်။

သက္ကရာဇ် ဂဇ၄-ခုနှစ်တွင် ပတ်ဝန်းကျင်သည် အသွင် တမျိုး ပြောင်းပြန်လေသည်။ မိုးညှင်းစလုံ နတ်ရွာစံသည်။ သားသိုဟန်ဘုံး နန်းတက်သည်။

ပတ်ဝန်းကျင်သည် ဟူးဟူးသည်းသည်း လောင်မီးကျ လာသည်။ မုန်တိုင်းဝှေ့ ပတ် ဓလန္ဒာမောင်းခတ်လာတော့ သည်။ ရွှေးကထက် ကြမ်းတမ်းခက်တရော်လာသည်။

တိုင်းသူပြည်သားတို့ကား မင်းဆိုး မင်းညစ်အောက်တွင် ညှဉ်းရရှာသည်။ ရှင်အဂ္ဂသမာဓိပင်လျှင် ပူရှိန်ဟပ်နေသော ပတ်ဝန်းကျင် လောင်ပူပြင်းကို ငြိမ်းအောင် စာပြုရရှာသည်။

ပတ်ဝန်းကျင် ကျိုက်ကျိုက်ဆူထဲမှ အငွေ့တငွေ့ တလူလူ ထွက်လာသည်။

ထိုအငွေ့ကား နိကွမခန်းပင် ဖြစ်သည်။

နိကွမခန်းတွင် 'နေမိမင်းဇာစ်၊ သီဒါမြစ်တွင်၊ ဆွတ်နှစ် တကြိမ်၊ သောက်ချိုးစိမ်က၊ စိုးရိမ်ချမ်းစေ ကုန်သတည်း'.... ဟု စာရှုသူတို့ကို အားပေးရှာသည်။ စိတ်ဓာတ်ကြံ့ခိုင်အောင် အားဖြည့်လောင်းပေးရှာသည်။

သို့ပါလျက် ပတ်ဝန်းကျင်သည် ပိုဆိုးလာသည်၊ တိုင်းသူပြည်သားတို့ အဘို့ အကုသိုလ် ကြမ္မာ ငင်လာလေသည်။ အသတ်အဖြတ်ထူထပ်လာသည်၊ အသေအပျောက်များလာသည်။

ရှင်အဂ္ဂသမာဓိကား ငရဲခန်းဖြင့် အမျိုးမျိုး ခြောက်ရှာပါသေးသည်။ သို့ရာတွင် သိုဟန်ဘွဲ့ကား ငရဲကိုမကြောက် စာဆိုကိုပင် ပြန်ခြောက်လှန့်ခဲ့ပေသေးသည်။ မြန်မာလက်နက်နိုင်ငံများလည်း အများပင် ပျက်စီးကြရလေ

သည်။ ဆရာတော်ကိုယ်တိုင်မှပင် စာသင်စာချ ပျက်ခဲ့ရသည်။

ပတ်ဝန်းကျင် ကြမ်းတမ်းပျက်စီးနေသောကြောင့် ဆရာတော်သည် နိုင်ငံသားတို့အား ဒုက္ခခံနိုင်ရည်ရှိအောင် မျှော်လင့်ချက် တက်ကြွဖြင့် သက်သာရာရအောင် နေမိုးရဲခန်းဖြင့်ပင် အားသစ်ဖို့ပြန်သည်။

'မှတ်သားကုန်ပါ၊ လူတကာတို့၊ ဇရာမရဏာ၊ အနိစ္စသည်၊ မြဲမတည်တည့်၊ လူ့ပြည်နတ်ရွာ၊ ငြဟ္မာမလွတ်၊ ဖြစ်ပျက်တတ်၏၊ လူနတ်ငြဟ္မာ၊ သတ္တဝါတို့၊ ခန္ဓာဟူသည်၊ အတည်မရ၊ မရဏာတည့်၊ ဒုက္ခဖြစ်မည်၊ အမှတ်တည်၍၊ ရှေပြည်နိဗ္ဗာန်၊ ချမ်းသာမှန်သို့၊ အမှန်ရောက်ကြောင်း၊ ဘုန်းသစ်လောင်း၍၊ ၊ကောင်းကောင်းကျင့်ကုန် ရာ၏တည်း'.... ဟု ဒုက္ခကိုတွေ့ရသည်မှာ နိဗ္ဗာန်မရမီစပ်ကြား တွေ့ရရိုး ထုံးစံဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရန် တိုက်တွန်းရှာပေသည်။

သို့သော်လည်း ပတ်ဝန်းကျင်လောင်မီးသည် အပူပို၍ ပြင်းလာသည်၊ ရဲရဲညီညီ ပူခေါင်ပူဖျား ဖြစ်လာသည်။ အပူရှိန်ပြင်း၍ ပေါက်ကဲ့ လွှင့်စဉ်ချိန် တိုင်လာ၏။

သက္ကရာဇ် ၉၀၁-ခုနှစ်တွင် တောင်ဘီလူးလယ်ပြင်၌ သံဃာတော်တို့ သွေးသည် ခြင်းခြင်းစေ့စေ့ စွန်းထင်းကုန်တော့သည်၊ တရားကျမ်းဂန်တို့လည်း ဖြိုးဖြိုးဖြိုက်ဖြိုက် မီး

တိုက် ပြာကျရကုန်၏၊ စေတီပုထိုးတို့လည်းတူးဆွဖျက်ဖြိုယွင်းယိုင်တိုတ် ဖြစ်ကြရကုန်၏။ သူတော်ကောင်းသူတော်မြတ်အပေါင်းတို့လည်း လက်လွတ်ရုံးနိုင်ကြလျှင်မူပြည်၊ တောင်ငူတို့သို့ လက်လွတ်ထွက်ပြေးကြရလေသည်။

အဝရှေနန်းတော်ကြီးအတွင်း၌လည်း မင်းကပ် မင်းမြောင်တို့သည် သိုဟန်ဘွားဏ၏ ဆိုးဂုဏ် ရက်စက်ဂုဏ်ကို အငွေ့လှုံ၍ အတွင်းတော်မြဲ သူကောင်းသားတို့ကို မခိုးမခဲ့ ရိုင်းပြစော်ကားကြလေသည်။

ပတ်ဝန်းကျင်၏ ချစ်ချစ်လောင်သော အပူဒဏ်ကြောင့် ရှင်အဂ္ဂသမာဓိသည် ရဟန်းသူတော်စင် ဖြစ်ပါလျက် မျိုးချစ်စိတ် အတွင်းဓာတ်သည်လည်း တွေးတွေးမောင်းမောင်း အသွေးပြောင်းလာလေသည်။ ထို့ကြောင့်လည်း နေမိဘုံခန်း၌ 'စိမ်းရွှမ်းမသိ၊ ဇာတိတည်ထား၊ ငါ့ပြည်သားဟု၊ သနားမဲ့သူ၊ ငင်ခေါ်ယူသော်၊ လက်ထူကျန်းတော၊ ဝံ့၏လောဟု၊ လျင်ဆောလိုက်ဖြို့၊ ဖြစ်စေလိုစ့၊ မှာဆိုစာခွေ၊ ဤလည်းထွပိမ့်'....ဟု ဇာတိမာန် မွှေးပေးခဲ့၏။ 'ငါလျှင်ပြုသား၊ သာဓုပွက်ဟ၊ ကျမ်းတေဇကြောင့်၊ အဝရှေနန်း၊ မင်းကောင်းထွန်း၍' ရှိနိုင်ပါစေဟုလည်း ဆုတောင်းရှာ၏။

ရှင်အဂ္ဂသမာဓိကား သမာဓိတည်သော ပုဂ္ဂိုလ်ဖြစ်သဖြင့် ဆုတောင်းပြည့်လေသည်။

[ဂါး] နိဒါန်း

နေမိဘုံခန်းကို တပေါင်းလတွင် ရေးသားပြီးစီးသည်။ ကဆုန်လတွင် အဝရွှေနန်း၌ မင်းကောင်းထွန်းတော့သည်။

ပတ်ဝန်းကျင်ကား အပူရှိန်ပေါက်ကွဲ လွင့်စဉ်သွားပြီဖြစ်၍ အဇင်္ဇေသည် အပူအစား ပြန်ထိုးလာလေတော့သည်။

ဤနည်းဖြင့် ပတ်ဝန်းကျင်သည် စာဆို ရှင်အဂ္ဂသမာဓိကို ပုံသွန်းခဲ့သည်။ ပြုပြင်ခဲ့သည်။ ပြောင်းလဲစေခဲ့သည်။

ပတ်ဝန်းကျင်ကြောင့် စာဆို့သည်းဆိုင်မှ အခိုင်ခိုင် အဆင့်ဆင့် သီးပွင့်ခဲ့သော စာနု စာယဉ် စာခံ့ စာဆန်းတို့မှာ ယနေ့တိုင်အောင် တည်ရစ်လေတော့သည်။

ဘုံခန်းနှင့်စာဆို့ဥာဏ်ရည်

ရှင်အဂ္ဂသမာဓိသည် နေမိဘုံခန်းတွင် ဘုံဗိမာန်ပေါင်းဆယ်ဘုံအကြောင်းကို အဆန်းတကြယ် ဖွဲ့ထားသည်။ ဘုံခန်းဟု နံမည်နှင့် လိုက်လျောအောင် စာဆိုသည် ဘုံဗိမာန်တို့၏ တင့်တယ် ခမ်းနား ကြီးကျယ်ပုံကို စာရှုသူ အားကျနှစ်သက်လောက်အောင်ပင် ဖွဲ့ခဲ့သည်။

နတ်ပြည်နတ်ရွာ၌ အောက်ဆုံးဗိမာန်ပင်လျှင် တဆယ့်နှစ်ယူဇနာ ကျယ်ဝန်းကြောင်းကို 'ထက်ဝန်းပြဲ့ပြဲ့၊ ကောင်းကင်နွဲမျှ၊ တဆယ့်နှစ်ယူဇနာ၊ အခန့်တာလျက်' ဟု စတင်ဖွဲ့ဆိုသည်။ တဖြည်းဖြည်း အထက်သို့ရောက်လေလေ

ဘုံဗိမာန်များသည် ပို၍ ကြီးလေလေ ဖြစ်ကြောင်းကိုလည်း ‘ညီးညီးညက်ညက်၊ ပြက်ပြက်ပြဲ.ပြဲ.၊ နှစ်ဆယ့်ငါးယူဇနာ၊ သခ်ျာပြည့်အောင်၊ အစောက်ဆောင်သား၊ မိုးခေါင်မြင့်ဝှန်၊ ဘုံဗိမာန်ကို’ဟူ၍ဌင်း၊ ‘မိုးထဲတိမ်တွင်း၊ လွန်လှမင်းလျက်၊ မှန်ကင်းညွန့်ဝါ၊ အခန့်တာသော်၊ ယူဇနာသုံးဆယ်၊ ကောင်းကင်ကျယ်တွင်၊ ဆယ်ပယ်ကွင်းမ၊ လယ်ခင်းမျသား....’ဟူ၍ဌင်း ဘုံဆောင် ဘုံနန်းတို့၏ အလွန်တမင်း ကြီးမားလှပုံကို ယူဇနာဖြင့်ဌင်း၊ ဇောင်သူလယ်သမားတို့ ကွင်းကွင်း ကွက်ကွက် မြင်ရအောင် လယ်ခင်း ဆယ်ပယ်ကွင်းမျခန့် ကျယ်ဝန်းကြောင်းဖြင့်ဌင်း ထင်လင်းစွာ ဖွဲ့ဆိုထားပေသည်။

ဘုံဗိမာန် ကြီးမားပုံတို့ကို ဖွဲ့ဆိုပြီးသည့်နောက်တွင်လည်း ခမ်းနားတင့်တယ် ဆန်းကြယ်ပုံကိုလည်း ဖတ်ရ ကြားရသူ အံ့သြချီးမွမ်းလောက်အောင်ပင် ‘တုရင်ကမောင်း၊ မွန်ခေါင်းစုလစ်၊ သရစ်သွန်းသွန်း’ဟူ၍ဌင်း၊ ‘စွတ်စွတ်စွဲနှီ၊ ရည်လေးသီမျ၊ မျက်စိခြယ်မြောင်၊ ရိပ်ဖြူဆောင်လည်း၊ သိုချောင်မကြွင်း၊ ဒဝယ်ညှင်းကို၊ နတ်မင်းတို့ဝယ်၊ ရှင်းရှင်းပယ်၍’ဟူ၍ဌင်း၊ ‘ဆင်ဝင်ကသည်၊ မျက်စိရည်သော်၊ ဆံခြည်မမှား၊ ရွှေတံခါးနှင့်၊ ပတ္တမြားတုံ၊ တံခါးခုံက၊ ရုပ်ပုံရေးချ၊ စွဲးစွဲးလှလျက်၊ သီဟခံသောက်၊ လေနှန်းပေါက်လည်း၊ မြကျောက်ရှစ်ထောင့်၊ စီသွယ်ဖြောင့်၍’ဟူ၍ဌင်း၊ ဗိသုကာ လက်ရာများကိုလည်း....‘ပန်းတိုင်းဆပ်သွား၊ ကျိုး

ရန်းတားလျက်၊ ရင်အားပျို့ပျို့၊ လည်ခပ်ကို့နှင့်၊ ဆို့ဆို့ရုပ်ကြီး၊ သန်းလျက်ချီးက....' ဟူ၍ငင်း၊ 'ခြူးသီးခြူးရွက်၊ ခြူးခက်ညွန့်ကောင်း၊ နှာမောင်းနွယ်ထိုး၊ သရစ်ချိုးမျှ၊ နရိုးပွင့်ကာ၊ သင်းတဲ့ကြာနှင့်၊ ကြက်လျာထစ်သား၊ စုလစ်သွန်းသွန်း၊ ကြက်မောက်စွန်းနှင့်၊ မွန်ချန်းဗီလျဉ်၊ အသည်လက်တီး'....ဟူ၍ငင်း ဖွဲ့ဆိုပြန်သည်။ ဘုံဗိမာန်ကြီးများ၏ အထွတ်အညွန့် ဗိသုကာလက်ရာများအကြားတွင် အဆန်းအကွန့် ပန်းပုအတတ်တို့ကို ပြလို၍လည်း....

'ဥဒေါင်းကဝဲ၊ ဂဠုန်မဲသော်၊ ဆင်းရဲစုံး၊ နဂါးညှိုး၍၊ ဝမ်းရိုးပျပ်ပျပ်၊ ဝပ်လတုံလေ၊ မြီးရိုးခွေလျက်၊ အမွေပြင်ယှံ၊ ဦးလည်ငုံလည်း'.... ဟူ၍ နဂါးကို ဂဠုန်သုတ်ဟန်ပုံများ၊

'အခြေနှစ်ချောင်း၊ ခေါင်းကားနှစ်မြှာ၊ ကိုယ်မှာတစု'.... စသော မနုသီဟရုပ်များ၊

'ရဲစောပြည့်ရှင်၊ ဘိသိက်တင်သား၊ ပီပြင်ရုပ်တု၊ ဇရသင်းစစ်၊ လက်ယာရစ်နှင့်၊ ညွှန့်သစ်ဖားဖား၊ ပုဏ္ဏားမြေဇာ၊ ကမ်းဟန်ပါလျက်'....ဟူ၍ ဘိသေကမင်္ဂလာရုပ်တုပန်းပုများ၊

'ရတနာပြောင်မှန်၊ မျိုးဆဒ္ဒန်နှင့်၊ ပုဇွန်ရန်စစ်၊ ဖြစ်သည့်အယောင်'....ဟူ၍ ဆင်နှင့်ပုဇွန် ရန်ပွဲ ရုပ်လုံးများ၊

'လေးကျန်းအောက်က၊ ခုံလောက်မြလည်း၊ ချိုကြွနံယံ၊ ရွက်ကာခံလျက်၊ တဆံခြည်ဆို၊ ရေမယိုတည့်၊ နဂိုမတ်မတ်၊

ပြည်မြတ်ပွင့်ညှာ၊ သူရာတို့အား၊ အောက်လျှိုးသွားလျက်’ စသည်ဖြင့် အသူရာတို့ပြည်ကို သရုပ်ဖော်ထားသော ရုပ်လုံးများ၊

‘ကျားနှင့်ခြင်္သေ့၊ ဖူးတွေ့မြေခွေး၊ ချစ်ရေးတွဲတွဲ၊ ဖွဲ့လတုံပြီး၊ လိပ်ကြီးကမ္ဘာ၊ ခေါက်ရှာသမင်’....စသည်ဖြင့် တိရစ္ဆာန်အချင်းချင်း အဆွေခင်ပွန်းပြုကြသော ရုပ်လုံးများ ရှင်သန်အသက်ဝင်နေပုံများကို ဖွဲ့ဆိုထားလေသည်။

ဘုံဆောင်ပြာသာဒ်တို့ကို ကြီးကျယ်ခမ်းနားပုံ အမျိုးမျိုးဖြင့် ဖွဲ့ဆိုရသည်ပင်လျှင် အသေးစိတ် အနုအနယ် လက်ရာစိပ်လှလွန်းသဖြင့် လူပြိန်းများ ရှင်းရှင်းလင်းလင်း နားလည်နိုင်စေရန် ခေတ်အသုံးဖြင့်လည်း တနည်းတဖုံ ဖွဲ့ထားပေသေးသည်။

နတ်ပြည်နတ်ရွာတွင် ဘုံဗိမာန်အဆောင်ဆောင်အတွက် ရွှေမှလွဲ၍ ငွေများစွက်ဘက် သုံးစွဲပါလျှင် နတ်များ စိတ်မချမ်းသာ ညှိုးငယ်တတ်ပုံကို....

‘ရောင်ဟုံဝေဝေ၊ ရွှေမှတကွဲ၊ ငွေတည်းလဲမူ၊ ဆင်းရဲစနိုး၊ နဲတ်များညှိုးလျက်၊ ရွှေမိုးရွှေခြင်၊ ရွှေစင်ရွှေကောင်း၊ ရွှေပျောင်း ရွှေပြာ့၊ ဖွေးလတောဟု’....ဟူ၍ ဖတ်ရှုသူ စွဲမက်လောက်အောင်ပင် ဖွဲ့ဆိုတတ်ပေသည်။

တမျိုးတဖန်လှည့်၍ လူ့ပြည်မှ လူ့မင်း နန်းနှင့် နတ်ဘုံနန်း ပြာသာဒ်တို့ကို နှိုင်းယှဉ်ပါလျှင် နတ်ဘုံနတ်နန်းက

ပြက်ရယ်ပြုသကဲ့သို့ လူမင်း နန်းမှာ ရယ်စချင့်ဘွယ်သာ ဖြစ်ကြောင်းကို....

'သမန္တလင်၊ ပညာဆင်သား၊ မြေပြင်တည်ထွန်း၊ လူမင့်း နန်းနှင့်၊ ကျယ်ဝန်းစလှ၊ မမျှနိုင်းဆွယ်၊ တံတိုင်းရှယ်သော်၊ ပြယာယ်တန္တု၊ ပြက်ရယ်ပြုသို့'....ဟူ၍ ဆင်းရဲသားတို့ ဘာဝ လူမင်း နန်းတော်ကို ခုံမင်ချီးကျူးနေသူအဘို့ ပိုမိုအံ့ဩစဲလမ်းဘွယ်ရာ ဖွဲ့ဆိုတတ်ပေသည်။

ဘတ်ရှူသူသည် အကယ်၍ ကုသိုလ်ကောင်းမှုသာ ပြုပါက လူမင့်းမက နတ်စည်းစိမ် ဘုံဗိမာန်အစစ် ရနိုင်ကြောင်းကို လည်း....

'ပုညအလျောက်၊ မိုးထက်ပေါက်က၊ ဆောက်နှင့်ခေးမ၊ တံစည်းရှသား၊ တစမထင်၊ သဘောပင်တည့်'....ဟူ၍ အားပေး နှိုးဆော်ပြန်သည်။ ကိုယ်တိုင်ကိုယ်ကျ လက်လုပ်လက်ရင်း တံစည်းလှမကိုင် ခိုင်ခဲ့သော ဘုံကြီးဘုံခဲ့ကို ရမည်ဟု ဖွဲ့ဆိုနိုင်ခြင်းမှာ ရှင်အဂ္ဂသမာဓိသည် ပင်ကိုယ်ဉာဏ် ထုင် ဉာဏ်ဖြင့် ပြည့်စုံသော စာဆိုဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။

ယုတ်ဆုအဆုံး လူ့ပြည် လူ့ရွာ၌ အိမ်အို အိမ်ဟောင်းတို့ တွင်ဖြစ်စေ အသုံးနည်းသော ခန်းမအဆောင်ဆောင်များ တွင်ဖြစ်စေ ပင်ကုအိမ်များ မြေးယုက် ရွှပ်ထွေးနေတတ်သည်။ နတ်ဘုံ နတ်နန်းတို့တွင်မူ....

'နှင်းနှင့် မြူကြေး၊ ပင့်ကူမြွေးလည်း၊ ထွေးထွေးမဖြစ်၊ ညစ်ညစ်နွမ်းလို၊ မည်းသမ်းညိုဟု၊ မဆိုရကျင်'....ဟူ၍ နတ်ဘုံနတ်နန်းတို့၏ သန့်သန့်ရှင်းရှင်း ထွန်းထွန်းပြောင်ပြောင်ရှိပုံကို အဆန်းအသစ် ဖွဲ့ဆိုတတ်ပေသည်။

ဘုံဆောင် ဘုံမကို အပထားလျက် နတ်ပြည်နတ်ရွာတွင် တံခါးရွက် တွန်းဖွင့်သည်မှပင်....

'တံခါးရွက်လည်း၊ ရက်ရက်တွန်းငင်၊ ကြိုးကြာရှင်သို့၊ ထင်ထင်သံရှည်၊ တွန်ကြော်မြည်လျက်'....ဟု အခရာအပလီကလေးများဖြင့် စိတ်နှလုံးကို ဆွဲငင်တတ်ပေသေးသည်။

ဝင်းနှင့်ခြံနှင့် လူ.ပြည်တွင် နေရသူအဘို့လည်း နတ်ပြည်တွင် ရောကန်နှင့် ကြာနှင့် ဥယျာဉ်နှင့် ပန်းမာလ်နှင့် သာယောင့်သာယာ တင့်တောင်းတင့်တယ် ပို၍ ကြွယ်ဝကြောင်းကို....

'နဝရတ်သို့၊ ကျောက်ရောင်ညို့.နှင့်၊ ပိတ်ဆို့တားဆည်၊ ကန်မြသည်လည်း၊ နက်ကြည်လျှမ်းလျှမ်း၊ ကြာပွင့်မ်းပွင့်မ်းတည့်၊ ဟင်းရမ်းကတောက်၊ မျောက်လှေကူးလည်း၊မန္ဒူးစပါ၊ နတ်တို့ရွာတွင်၊ တိမ်ပြာလွှစ်ပယ်၊ လျှပ်စစ်နွယ်သို့၊ ငုံသွယ်ပွင့်ခက်၊ အရွက်မညှို့၊ ဖြိုးရရိုးလျှင်၊ ခွံရိုးမြကြော၊ လှလှမောဏ်'....ဟူ၍ဂုဏ်း၊

'စိတ္တလတာ၊ ဥယျာဉ်မှာတုံ၊ နွေခါသံထောင်း၊ရော်ရွက်ပေါင်းဖြင့်၊ ရောင်းရောင်းကြွက်၊ ခွံရေမြှုပ်၊ အလှတိုး

ပဉ်း၊ ဖိုးဖိုးဖွားလျင်၊ ထွားထွားညံ့စွာ၊ ခက်လက်ဖြာလျက်၊ အာသာဝတီ၊ ရွှေကြိုးသီသို့၊ စုံစီသီးလှည့်၊ သြဇာထည့်၍၊ ပျော်မှည့်ရွှမ်းဝါ၊ လေပြည်လာက၊ အညှာနုနု၊ ကြွလှုလှုသည်၊ ၊ယခုဆွတ်ချေ တော့မည်လော'....ဟူ၍ရင်း နတ်ပြည်၏ သဘာဝအလှကို လူ့ပြည်မှ သဘာဝနှင့် နှိုင်းယှဉ်၍ ပြပေသည်။

ရုပ်ရေရှုပကာယတွင်လည်း နတ်ကညာ၏ ကလျာပျိုမျစ်၊ အချိုးအဆစ် ကျန ပြပြစ်ပုံကို....

'ရှင်မူးပြုံးပြုံး၊ မျက်လုံးမျက်ခွက်၊ လရောင်စက်သို့၊ နဝးရွက် ဖြန့်ကား၊ ညွန့်ညွန့်ထွားမျ၊ မေးပါးသွယ်သပ်၊ အာစပ်ဝင်းရွှေ၊ ချေလည်းမပြောက်၊ ကြန်လျောက်နှာယောင်။ မျက်တောင်ကော့ဖြူး၊ နဖူးပြင်လှ၊ ရင်ဝလည်းမောက်၊ ဘိတ်ဘိတ်တောက်မျ၊ ပြောက်ပြောက်စွန်းစွန်း၊ ဆေးထင်းပန်းသို့၊ လက်သန်း လက်ချောင်း၊ ရိုးပျောင်းနုနု၊ ပီစွာထုလည်း၊ ရုပ်တုမရ'....ဟူ၍ပင် နတ်ကညာ၏ လရောင်ကူးစက်နေသကဲ့သို့ အရောင်ထွက်နေသောမျက်လုံး၊ ရှင်ပြုံးသောမျက်နှာ၊ ကားပြန့်သောနားရွက်၊ သွယ်သပ်သောမေး၊ ဝင်းနေသော အာစပ်၊ မွဲဝက်ခြံကင်းသောပါးပြင်၊ ကြန့်ညီသောနှာယောင်၊ ကော့ဖြူးသောမျက်တောင်၊ ပြပြစ်သောနဖူး၊ လုံးမောက်သောရင်၊ နီတွေးနေသော လက်ချောင်းတို့ကို စာပန်းပု ထု၍ ဖွဲ့တတ်စွာသည်။

ရံရွှေတော်တို့၏ အလှကိုလည်း နတ်ကညာအောက် မည့်လှကြောင်းကို သဒ္ဒါလက်ာရ အတ္ထာလက်ာရ နှစ်မျိုးနှစ်စား တချက်တည်းပါဝင်အောင်....

'စိမ့်စိမ့်ကုံကုံ၊ ဆုံရရုံ့၍၊ ပုံပုံပွပွ၊ ဆွရရလျှင်၊ အလှမည့်၊ ဖွံ့ရရှိတည့်။ တွံတွံသွားလား၊ ခြေဖဝါးလည်း၊ များများမပြ၊ ထိကာချလျက်၊ လျလျချပ်ချပ်၊ သပ်သပ်ရှင်းရှင်း၊ ကျင်းကျင်းသွယ်သွယ်၊ ပြယာယ်ချေငံ၊ ထွေငေါ်ခံသား၊ မိဿံမောင်းမ၊ သောင်းမကနှင့်'....ဟူ၍ စကားရွေး၊ စကားထွင်၊ စကားသုံးတို့ကိုပါ ဖတ်မငြီးမျှ စံပြအဖွဲ့မျိုးကို ဖွဲ့တတ်ရှာပေသည်။

နတ်ပြည်တွင် အဆို အက အတီး အမှုတ်တို့ဖြင့် ငြိမ့်ညောင်းသာပျော်ဘွယ် ဖြေဖျော်တတ်ကြောင်းကိုလည်း....

'မှုတ်တီးငြင်းစောင်း၊ ရွှေနင်းနောင်းနှင့်၊ မိကျောင်းပြိုင်ဆော်၊ ပြည်တော်ပုလဲ၊ အောက်ပြန်နွဲလျက်၊ ခွါရှဲစံပေါက်၊ အောက်ကလပ်ကြီး၊ ကပတ်ဆီးလည်း၊ သီးသီးမနိုင်၊ သာကွင်းကိုင်လျက်၊ ထောက်ပြိုင်အဲအန်၊ သံဝှန်မဆိတ်'....ဟူ၍ စောင်းငြင်း ကြေးနောင် မိကျောင်းစသော ဒူရိယာများကို ဂီတသံ အမျိုးမျိုးဖြင့် တီးမှုတ်ကြကြောင်းကို ဖော်ပြသည်။

သီဆိုသော အဲအန်သီချင်းသံမျှပင်လျှင် ကရဝိတ်ငှက်မြီးချီ လည်ကြွ အတောင်ဖြန့် ကရင်းက လည်ချောင်းသံ

သာသာဖြင့် တွန်ကျူးရင့်ကြွေးသကဲ့သို့ သာယာချို့စွာ သီဆိုကြပုံကိုလည်း....

'ကရဝိတ်ဥက်မင်း၊ ညင်းညင်းခြေးခြေး၊ ဧညောင်း ညောင်း၊ လည်ချောင်းသာမော၊ ပျော်ပျော်နှစ်သိမ့်၊ ငြိမ့်ငြိမ့်နာအောင်၊ ရွှေတောင်ရွှေမြို့၊ ရွှေနှုတ်သီးနှင့်၊ ညီးညီးတင့်မွန်၊ ရင့်ကတွန်သို့'....ဟူ၍ ငယ်ငေါင်းသေးဖဲ့သော အချက်ကလေးတချက်မျှကိုပင် အအိမ်အနှယ် အသွယ်သွယ်ဖြင့် ဆန်းကြယ်အောင် ခဲ့ယူထင်ဖွဲ့ဆိုထားလေသည်။

ဤသို့ နတ်ပြည်နတ်ရွာမှ ဘုံဗိမာန်တို့၏ ခမ်းနာတင့်တယ်ပုံ၊ နတ်သမီး နတ်သားတို့၏ ချောမွေ့လှပပုံ၊ နတ်စည်းစိမ်ဥစ္စာ ငြိုးငြိုးငြိမ့်ငြိမ့်၊ နားဝင်စိမ့်အောင် ဒူရိယာသဘင်တို့ဖြင့် ဖတ်ရှုသူစိတ်ကို နှစ်သိမ့်ဖြားယောင်းပြီးသောအခါ နတ်သား နတ်သမီးတို့သည် ဝေဒနာကင်းစင် ပကတိ ကြည်ရွှင်စံစားစမ်းယင်ကြရပုံကိုလည်း....

'သမီးလုလင်၊ ရွှင်ရွှင်ရယ်ရယ်၊ ငယ်လည်း ငယ်ကိုယ်၊ ပျို့လည်း ပျို့မြဲ၊ မအိုပဲလျှင်၊ ဆင်းရဲမလာ၊ ဖျားနာမဟူ၊ ရန်သူမနှောက်၊ ကျောက်လည်းမညောင်း၊ ခေါင်းလည်းမခဲ၊ တလဲလဲလျှင်၊ နတ်ပဲ့တုံတည့်၊ အံ့တို့လှည့်၏'....ဟူ၍ ရောဂါထူပြော လှသော လူမျှားသည် နတ်တို့၏ ကျန်းမာမှုဆုကို တောင့်တအာသာ ငမ်းငမ်းတပ်လာလောက်အောင်ပင် နတ်ပြည် နတ်ရွာ၌ အမျိုယ်တင်ကြောင်း၊ ရောဂါအနာ၊ မကပ်ငြိ

ကြောင်းတို့ကို လျှောရည်တရှမ်းရှမ်းကျလောက်အောင် စပ်ဆိုတတ်ရှာပေသည်။

နတ်ပြည်၏ စည်းစိမ်သုခကို ပြု၍ လူ့ပြည်၌ ဆင်းရဲဒုက္ခအတိဖြင့် ရှုပ်ထွေးပွေလီသော အဖြစ်ကို ပြလိုသောကြောင့် အဆင်မပြေသောသဘာဝတို့ကို တမျိုးစီလှည့်၍ ပြပြန်သည်။

'နှစ်လို့ချင်ဘွယ်၊ ရူပကာယ်ကား၊ လေးဆယ်လွန်က၊ သစ်ခွံကျသို့၊ မိန်းမယောကျ်ား၊ ရေသားပိန်လို့၊ ကောင်းရှိန်တိုခဲ့....'ဟု လူရုပ်လူရည် ပျက်တတ်လွယ်ကြောင်းကို လက်တွေ့ မျက်မြင် ရေးသားပြသည်။

လူ့အသက်တိုပုံကိုလည်း.... 'နွားခြေခွါထက်၊ ရေကျက်ကျက်ဝယ်၊ လောက်လက်ကစား၊ ငခုံးခါးသို့၊ လူမျှားအသက်၊ နည်းစွာလျက်တည့်'....ဟု မျက်မြင်သာဓကကို ဆောင်ပြခဲ့ပေသည်။

လူ့စည်းစိမ်၏ မတည်မြဲ ဆင်းရဲဏောက်တတ်ပုံကိုလည်း 'ရှစ်သောင်းလေးဆောင်၊ ကျီကုန်အောင်ဝယ်၊ ထုပ်ခေါင်ပြည့်ထား၊ ထောင်းကာစားလည်း၊ ရှည်လျားကုန်မြောက်၊ သယောဏောက်သော်၊ မလောက်မလုံ၊ မကုံသဖြင့်၊ ချေးငှါးလင့်လည်း၊ လူနှင့်ထမင်း၊ ခံတွင်းဟလျက်၊ နံနက်ညဝတ်၊ မွတ်ရှားတတ်၏'....ဟူ၍ ငတ်မွတ်ခြင်းဘေးဖြင့် ကြုံကြိုက်

[ဃော်]　　နိဒါန်း

လာပါက လူ့ပြည်၌ မည်သို့ ငတ်မွတ်တတ်ကြောင်းကို ဖော်ပြခဲ့လေသည်။

လူ လူချင်း သားချင်းဆွေမျိုးမျှားပင်လျှင် တဦး ကောင်း စားသည်ကို တဦး မရှစိမ့် မနာလိုမျှားတတ်ကြောင်း ကိုလည်း 'သားချင်း မျိုးဘော်၊ ဆွေဖြစ်သော်လည်း၊ ကျော်ကျော်ထင်ထင်၊ ဂုဏ်အင်ပိုးတိုး၊ ကောင်းလေနိုးက၊ အကျိုးဆိုဆို၊ ရှစိတ်လိုလျက်၊ ကြည်ညိုဝမ်းထဲ၊ ရှိစခဲစု'.... ဟူ၍ လူ့လောကီဓလေ့ကို စာဖွဲ့၍ ထားခဲ့တော့သည်။

လူ့ပြည်၌ လူသားတို့သည် ကြံစည်လျက်နှင့်လည်းမဖြစ်၊ မကြံစည်လျက်နှင့်လည်း ဖြစ်တတ်သောသဘောကို....

'တယောက်စကား၊ တယောက်ပို့၍၊ ထင်ရှားမျက်မြင်၊ ကောင်းကြွယ်ချင်လည်း၊ ပဲ့ပြင်ကြမှာ၊ အရင်းစွာကို၊ စိတ်ဖြာမကြံ၊ နှလုံးပျံနှင့်၊ ဝေးလံရပ်မြေ၊ သွားရှာချေလည်း၊ ပန်းချေကျလျက်၊ အင်မတက်တည့်။

'နှောင့်ယှက်ငြိုးစိုက်၊ မီးအိုးပိုက်သို့၊ ကိုယ်၌အမျက်၊ချုပ်ချုပ်ထုက်မျှ၊ တိတ်တက်ခေါ်ခေါ်၊ ဖြစ်တုံသော်လည်း၊ သူတော်ဇာတိ၊ သည်းခံဘိက၊ မိမိနှစ်သက်၊ နေကာပက်လျှင်၊ တိုးတက်တုံလှည့်၊ လုံးစုံပြည့်၏'....ဟူ၍ ဖြစ်မြဲမမွတာကို လင်းပြခဲ့သည်။

ဤသို့ လူ့လောက၌ ဆင်းရဲဒုက္ခနှင့် ပြည့်မွမ်းနေစေကာမူ 'သကာတခဲ၊ တင်လဲတမှုတ်၊ လက်သုတ်တထည်၊ ဆီရည်တစက်၊ ထွန်းလက်ဆီမီး၊ သစ်သီးတလုံး၊ ပန်းကုံးတသွယ်' သာ လှူဒါန်း၍ 'နှုတ်လျှင်မွန်တောင်း၊ ကျင့်ရည်ကောင်းလျှင်၊ ၊လမ်းကြောင်း နတ်ပြည်ခရီး'ဖြစ်ကြောင်းကိုလည်း ဆိုဆုံးမညွှန်ကြားခဲ့ပေသည်။

ဤကဲ့သို့ နတ်ရွာသုခတမျိုး၊ လူ့ဒုက္ခတသွယ် နှိုင်းယှဉ်ဘွယ် နှိုင်းယှဉ်ချက်များကို စိတ်ဝင်စား လိုက်နာဘွယ်တို့ဖြင့် ဖွဲ့နွဲ့သီကုံးတတ်သောကြောင့် ဘုံခန်းကလည်းမြောက်လွန်းဟူ၍ စကားဟောင်းပင် တွင်ခဲ့သည်။

တရားဓမ္မ အဆီအနှစ်အပြင်လည်း ဘုံခန်းစာဆိုသည် စကားကျွမ်းကျင် တန်ဆာဆင်တတ်သောကြောင့် အချို့အသုံးအနှုန်းတို့မှာ ယနေ့တိုင် လူတိုင်းနှုတ်ဖျား၌ လက်သုံးစကား ဖြစ်၍ နေတော့သည်။ သက်သေများကို ထုတ်ပြရပါလျှင်—

'ယောက်ျားတမ်းခွန်၊ လူရည်မွန်က၊ မိုးစွန်အထွတ်၊ကြယ်ကိုဆွတ်သို့'....

'မုလေးရှိလျက်၊ စံပယ်ခက်ကို၊ ငွေလျက်ကုန်ကာ၊ မဝယ်ရာသို့'

'မဘိသော်မေး၊ ဆေးကားအစင်'

‘ဆင်ကား ကုန်းစောက်၊ မြင်းတင်ကောက်သား’

‘ကမ္ဘည်းလိပ်ဖုံး၊ စာတလုံးက၊ ထွက်ကျူးမိပွါယ်၊ အနက်ကျယ်သူ

‘ပင်လယ်မြစ်နက်၊ ရေတစက်ကို၊ လျှာထက်ခါးငန်၊ သိစဟန်ဖြင့်’

‘လောက်လန်းသဘွယ်၊ ဝိညာဉ်တွယ်လျက်’

‘ဘုဘမသိ’

‘တယောက်စကား၊ တယောက်ပွါး၍’

‘ဘုန်းနှင့်ကြွမှာ၊ ညီသောခါဝယ်’

‘သူ့အိမ်ထက်ဝယ်၊ အိပ်မက်သဖွယ်၊ တန်ခိုးငယ်မူ’

‘သူ့မြောက်သားကို၊ ချစ်အားရမ်းထိ၊ နမ်းမှားမိသော်၊ မျက်စိပျော်ရာ၊ အပေါ်သာသို့’

‘ကျွန်ကောင်းအရှင်၊ အရှင်ကောင်းကျွန်’

‘အမှုကောင်းသည်၊ ထီးနှင့်စည်တည့်၊ မည်မသင့်ငြား၊ လည်နှင့်ခဲား

‘ရာဇနက်သတ်၊ ပါဒ်မစီးတိ၊ ရွှေထီးမဆောင်း’စသည်တို့သည် လူတိုင်းနှုတ်ဖျားတွင် ကျန်ရစ်ခဲ့လောက်အောင် ထိမိစဲ့လမ်းစေသော စကားမွန် စကားကောင်းများ ဖြစ်ပေသည်။

ဗဟုဿုတအရာတွင်လည်း မြင်းကြန်လက်ာ၊ နိဃဏ္ဍုလက်ာ၊ မဏိသျှတြလက်ာ၊ ဗိသုကာကျမ်းလက်ာ ဟု ခေါ်လောက်အောင် မြင်းအကြောင်း၊ သစ်ပင်အကြောင်း၊ ကျောက်မြရတနာတို့အကြောင်း၊ နန်းအိမ်ဘုံဗိမာန်တို့၏ အမည်သညာ အစိတ်အပိုင်းများအကြောင်း အပြင် ၄က် အမျိုးမျိုး၊ လှေအမျိုးမျိုးတို့ကိုလည်း အကွက်ကျ အလက်ကျ ဆီလျော်ရာရာတွင် ဖွဲ့ဆိုထားတတ်ပေသည်။

နေမိဘုံခန်းစာဆို ရှင်အဂ္ဂသမာဓိကား ဥာဏ်ရည်တွင် ရှင်သန်၏။ ပင်ကိုယ်ဥာဏ် လျှံလျှံထွက်၏။ အဖွဲ့အနွဲ့လည်း ဆန်းသစ်ကြွယ်ဝ၏။ စကားအရာလည်း ကုံလုံပို့လျှမ်း ကျွမ်းကျင်လှစွာ၏။ ဗဟုဿုတအရာလည်း နှံ့စပ်ကျယ်ဝန်း၏။

ဥာဏ်ရည်လည်း ဥာဏ်ရည်ထူး။စာဆိုလည်း စာဆိုထူး....

ထို့ကြောင့်ပင် "ဘုံခန်းလည်း မစမ်းနှင့်"နှင့် ဟု ရှေးသူဟောင်းတို့ တအံ့တသြ ချီးမွမ်းထောမနာ ဥဒါန်းကျူးရင့်ခဲ့ကြပေသည်။

မောင်မောင်ကြီး (မဟာဝိဇ္ဇာ)

ကထိက၊ မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

ရက်စွဲ ၆-ဂ-၅၆

နေမိဘုံခန်းပျိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) ဗီရဏီဘုံခန်း

ဝေဠု[1] ပန ဝတ္ထာ မာတလိ ပုနဒေဝ လောကာဘိမုခံ ရထံ ပေသေသိ။ ရာဇာ ဒေဝလောကံ ဂစ္ဆန္တော ဒ္ဝါဒသ-ယောဇနိကံ မဏိမယံ ပဉ္စင်္ဂုပိကံ သဗ္ဗာလင်္ကာရပ္ပဋိ[2]-မဏ္ဍိတံ ဥယျာနပေါက္ခရဏိသမ္ပန္နံ။ပ။ သဂ္ဂပတ္တာ ဝိမာနေ။

၁။ သကျာဝတာ၊ ကုမာရဟု၊ သြဇသာကြည်၊ နှုတ်မှန်ရည်ကြောင့်၊ ပင်စည်ညွန့်ညောက်၊ မင်းရိုးပေါက်လည်း၊ လှဲဘောက်မထင်၊ ရာဇဝင်ဖြင့်၊ ဥကင်မြင့်ခေါင်၊ ထက်ဝန်းဆောင်က၊ ရန်ဘောင်တျင်းတျင်း၊ ပယ်လှစ်ခွင်းသို့၊ သတင်းတောက်ထိန်၊ ဘုန်းတော်ရှိန်ကို၊ ဇီဝိန္ဒြေ၊ အသေလတ်လတ်၊ တော်ဝင်ဟုန်ခတ်၍[3]၊ ရွတ်ရွတ်ချီပြေး၊ တစ်တစ်လွှားလျက်၊ အသွေးမျိုသောက်၊ စွန်ကိုကြောက်သား၊ တောင်ရောက်နုနယ်၊ ကြက်သငယ်သို့၊ ပေါ်ယယ်လန့်စိုး၊ ကြောက်ရွံ့ညှိုးတည့်၊ တန်းခိုးပြက်တက်[4]၊ မြေအက်အက်မျှ၊ ထိပ်ထက်

---

(၁) ဝေဠု ထတ္ထာ-က၊
(၂) လင်္ကာရပ္ပဋိ-က၊
(၃) တောင်ဟုန်ခတ်၍- ကမ္ပဋ္ဌ မပါ၊
(၄) တန်းခိုးပြက်ပြက်-က၊

ဦးကင်း၊ ထိန်ထိန်နင်းသို့၊ ထန်ပြင်းကြေညာ၊ ကျွန်းမျက်နှာထက်၊ မဟာဗောဓိ၊ တုမရှိသား၊ နေမိမင်းတဲ့၊ စောရန်ဖဲ့ကို၊ ငရဲပြည်ရွာ၊ နောက်လှည့်ခွါလျက်၊ အာကာမြင့်ချိန်၊ တာဝတိန်သို့၊ စမြိန်မပြေ၊ ရောက်ပစေဟု၊ ဝေဇယန္တာ၊ ခေါ်မည်သာသား၊ မျက်မြှောစီမြောင်၊ ရထားဆောင်နှင့်၊ တထောင်ပြည့်နေ၊ သိန္ဓောခြေလည်း၊ လေမတူပဲ၊ တိမ်ကိုခွဲလျက်၊ ဝမ်းထဲကြည်မှမ်း၊ ပျားရည်ဆမ်းသို့(၁)၊ ချစ်ကျမ်းဝင်ဘီ၊ မာတလိလျှင်၊ တစိနတ်ပြည်၊ တင်လေသည်ကား၊ ခါလည်လုလု၊ ရတုသစ်သစ်၊ သရုစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရုင့်လျှာ၍၊ ရွက်ကြောနုလွန်(၂)၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလ်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊ တပုံပျံပျူးပျံပျူး၊ မင်းလှင်မြူးလျက်၊ တန်းခူးလည်းကုန်၊ လကဆုန်သည်၊ ၊ပဇုန်ရိုက်မည် ချုန်းချုန်းတည်း။

၂။ မိုးပြင်ထက်ပြူ၊ ရင့်ရူရူတည့်၊ ရှူးရှူးခြိမ်းမဲ၊ လျှပ်ခြည်ကြဲလျက်၊ တိမ်ခဲလုံးပြောက်၊ မိုးရည်ပေါက်ဖြင့်၊ မြစ်လျောက် ကိုင်းကျွန်း၊ သဲပြင်ထွန်းလည်း၊ ထက်ဝန်းရွှမ်းရွှမ်း၊ အာပေါ်လွှမ်းလျက်၊ ကမ်းလည်းငုံထွေး၊ ယက်ပြေးသဲသဲ၊ ဝဲတိုလိုက်ထိုး၊ တံပိုးပစ်လွှား၊ ရေသားပြုန်းပွက်(၃)၊ ကဆုန်

---

(၁) မြရည်ဆမ်းသို့-က၊ (၂) ရွက်ကျောနုလန်-ဟ၊

(၃) ရေသားပြုံးပြွက်-က၊

ရက်ကား၊ နံ့မြက်ရှားရှား၊ စံကားပျံမွေး၊ လိုင်ကြူလျက်၊ နီးဝေးထုံလှာ၊ ရကုံမှာလည်း၊ လေညာကောင်းကင်၊ လွှင့်လိုက်တင်လျက်၊ နတ်ရှင်မင်းကျော်၊ သာဖြည်းပျော်[၁]၊ ရွှေတော်မျက်မြင်၊ မိုးဝပြင်ဝယ်၊ တုရင်ကမောင်း၊ မွန်ခေါင်းစုလစ်[၂]၊ သရစ်သွန်းသွန်း၊ ထက်ဝန်းပြဲ.ပြဲ.၊ ကောင်းကင်နွဲ့မျှ၊ တဆယ့်နှစ်ယူဇနာ၊ အခန့်တာလျက်၊ ကျယ်စွာနံ့လျှင်း၊ တကျွန်းအားသို့၊ ပတ္တမြားစီမြှောင့်၊ ခြသေ့.စောင့်သား၊ ရွှစ်ထောင့်ခုံမြင့်၊ ကျည်းရွက်ဖွင့်လျက်၊ ငါးဆင့်ဘုံမွန်၊ ရွှေဗိမာန်နှင့်၊ ရွယ်တန်မကြီး၊ ညီးရရီးသား၊ နတ်သမီးတထောင်၊ ခြွေရံဆောင်လျက်၊ ကုန်အောင်ထွန်းနိုင်၊ ရွှေပွတ်တိုင်က၊ ပွင့်ဆိုင်ကြာပြန်၊ ရွှေသလွန်ထက်၊ သေနတ်ရွှေ၊ လေညင်းယူလျက်၊ ရှင်မူပြုံးပြုံး၊ မျက်လုံးမျက်ခွက်၊ လရောင်စက်သို့၊ နားရွက်ဖြန့်ကား၊ ညွှန့်ညွှန့်ထွားမျှ၊ မေးပါးသွယ်သပ်၊ အာစပ်ဝင်းရွှေ၊ ချေလည်းမပြောက်၊ ကြွန်လျောက်နှာယောင်၊ မျက်တောင်ကော့ဖွေး၊ နဖူးပြင်လှ၊ ရင်ဝလည်းမောက်[၃]၊ ဘိတ်ဘိတ်တောက်မျှ၊ ပြောက်ပြောက်စွန်းစွန်း၊ ဆေးထင်းပန်းသို့[၄]၊ လက်သန်း လက်ချောင်း၊ ရိုးပျောင်းနုနု၊ ပီစွာထုလည်း၊ ရုပ်တုမရ၊ မြမြဝါဝါ၊ သပြာသွယ်သွယ်၊ ဘောမျှဉ်းလယ်တွင်၊ တင့်တယ်ဆင်းစ၊ ထွန်းဝင်းလျှမျှ၊ ငယ်သံတွတ်တွတ်၊ စုလည်း လွှတ်လျက်၊ ရုပ်မာတ်ပုံညီ၊ ဗီရ

---

(၁) သွားပြည်ပျော်၏-က၊
(၂) မွန်ကောင်းစုလစ်-က၊
(၃) ရင်ဝလည်ပေါက်-က၊
(၄) ဆေးထင်းပန်းသား-က၊

ဏီဟု၊ ချီချီချချ၊ ခေါ်ဆိုကြသား၊ စံပလျစ်လျူ၊ မိုးနတ်သူ လျှင်၊ ရွက်ဖြူမိုးဖြန့်၊ တန်းခိုးဝှန့်လျက်၊ ဗိမာန့်အလုံး၊ ရွှင်ပြုံး ပျော်မှေ့၊ တနေ့တကွဲ၊ ရင့်ကန္ဒီတည့်၊ ဝှဲတချီးချီး၊ ပဉ္စင်တီး လျက်၊ ဝေးနီးကြားထင်၊ ပျော်ပါးရွှင်သည်၊ ၊ထွက်ဝင် မြောက်စည် ဖြုန်းဖြုန်းတည်း။

၃။ အဖြာဖြာလျှင်၊ ကလျာရှုကြည့်၊ ဖြိုးအင်ပြည့်လျက်၊ ရောင်ခြည့်အတိ၊ ဝင်းဝါညိမျှ၊ မဏိစီမံ၊ ရိုးတံချက်ချက်၊ ညောင်ရွက်သွင်သွင်၊ မြင်ကမူးမော်၊ ရွှင်မှုဖျော်လည်း၊ နာ ပျော်လှည့်အီ၊ ချစ်သူချီလျက်၊ သံပြီသံပြိုင်၊ ခွင့်ရေးကိုင်က[၁]၊ အတိုင်အဖောက်၊ လှယ်ကာကောက်တည့်၊ လက်ထောက် ပျံ့ပျူး[၂]၊ ရေင့်ကျူးလျက်၊ တထူးတလည်၊ ကောင်းကင် ပြည်တွင်၊ ရွှေစည်ရွှေမောင်း၊ ရွှေငြင်းစောင်းနှင့်၊ ညောင်း ညောင်း ညုန်းညုန်း၊ လူမင်းဘုန်းလည်း၊ မနှုန်းလှည့်ထိုက်၊ ခရီးကြိုက်၍၊ ဆိုက်ခဲ့တရံ၊ ရထားပျံထက်၊ လှစံမင်းခြေ၊ မြင်တုံလေသော်၊ သပြေတမွတ်၊ ကိုယ်လုံးညွတ်မျှ၊ ဆွတ် ဆွတ်နှလုံး၊ ရွှင်ပျပြုံးလျက်၊ ချစ်ထုံးမြဲးချည်၊ မေတ္တာကြည် သား၊ ကျင်လည်တစိ၊ မာတလိကို၊ နေမိမင်းဖျား၊ မေးလတ် ကြား၏၊ တရားနေမျိုး၊ သတိုးနတ်ရှင်၊ အိပ်မက်တွင်မျှ၊ မထင်စဘူး၊ ရူးမူးလှည့်တုံ၊ ငါးဆင့်ဘုံနှင့်၊မျက်ပုံခြယ်မြောင်၊

---

(၁) ခွင်ရေးကိုင်က-က၊ (၂) လက်ထောက်ပြန်လူး-က၊

တပြောင်ပြောင်လျှင်၊ သည်ဆောင်ယပ်ပြိုင် [၁]၊ ကွန်းစဉ်ဆိုင်လျက်၊ လိုင်လည်းမြင့်ဖြူး [၂]၊ နဖူးဆင်ဝင်၊ မာရဘင်ထုပ်လျောက်၊ အပြောက်အပြိန်း၊ ရည်ရှင်ကိန်းတည့်၊ အသိန်းအသန်း၊ ရွှေကြယ်ထွန်းလျက်၊ ကျယ်ဝန်းရုံဖြာ၊ ကောင်းကင်ဝဝယ်၊ ရှင်မမိုးနတ်၊ တန်းခိုးလွှတ်လျက်၊ ဖြူဆွတ်ဆွဆွ၊ ဝတ်စည်ညွှန့်ညွှန့်၊ သရက္ခန့်ရန့်၊ သင်းသင်းပျံမျှ၊ နူးညံ့လှုပ်လှုပ်၊ ရင်အုပ်တန်ဆာ၊ လည်မာခြူးပွင့်၊ ထူးကဲဆင့်သား၊ နုရင့်ရိုးခက်၊ ပြိုးပြိုးပြက်တီ၊ ပြာညက်လဲ့လဲ့၊ နွဲ့နွဲ့နောင်းနောင်း၊ နုံသာပျော်းလည်း၊ လှောင်းလှောင်းအလွန်၊ တွန့်တွန့်ကြည်းကြည်း၊ သပ်သပ်ချည်းမျှ၊ စုလည်းကေသာ၊ မြရွက်ညွှာသို့၊ သွယ်ဖြာရစ်ပတ်၊ နဝရတ်တိ၊ မျက်ခတ်စီတင်၊ ရည်ရှင်ရှင်းရှင်း၊ ဝင်းဝင်းထိတ်ထိတ်၊ သူ့စိတ် ငါ့စိတ်၊ ယိုဘိတ်လှည့်စွာ၊ မှာမှာပုံ့ပျူး၊ မိန်းမူးခေါက်ချိုး၊ နတ်မယ်မျိုးကြောင့်၊ တန်းခိုးပြင်းသား၊ ငါမင်းကိုယ်ရည်၊ မရုပ်တည်မျှ၊ တီးမြည်ရိုက်ဆင့်၊ ကျူးရင့်လည်း၊ တို့ရှင့်ဘုန်းဩး၊ ရွှန်းရွှန်းတိုးမျှ၊ ကောင်းကျိုး ကောင်းသူ၊ ကောင်းအင်တူက၊ ရည်ချူပစေ၊ သက်ဝေကြင်ဘော်၊ ပျော်ကြောင်းဖျော်လျက်၊ မြော်မိလှည့်ကျင်၊ ရွယ်ငါးပြင်ဝယ်၊ တအင်မယုတ်၊ ရွှေလှော် ခုတ်သို့၊ အဟုတ် လှကြွယ်၊ မိစံပယ်ကား၊ ။ အဘယ်နတ်သမီး တို့နည်း။

---

(၁) သည်စောင်ရပ်ပြိုင်-ဟ၊ (၂) လိုဏ်လည်းမြင့်ဖြူး-ဟ၊

၄။ အဆန်းအဆန်း၊ ရွှေကျီးရန်းနှင့်၊ မကန်းခံတွင်း၊ ခြသေ့(၁)နင်းလျက်၊ ပြောက်ကွင်းရေးခဲ့၊ နွဲ့ရရွဲ့တုံ့၊ ကယ်ကဲ့ရောင်ထွေ၊ ခြူးညွှန့်ခွေလျက်၊ ရတေစိုက်ထား၊ မိုက်မှောင်တားလည်း၊ ဝန်းလျားနံညီ၊ ပဉ္စမိဝယ်၊ ဓူလီဓူလာ၊ မသာရဂလ်၊ ကျောက်မှန်မြခဲ၊ သန္တာဆဲလျက်၊ ပုလဲပျစ်ရွက်၊ ဗီတာန်ကြက်လည်း၊ အထက်ရောင်သွယ်၊ တဖျင်နွယ်လျင်၊ သာကျယ်ဝင်းဝင်း၊ သလင်းထောင်စိပ်၊ ရွှေအိမ်အိပ်သား၊ ချမ်းရိပ်စံနေ၊ ထောင်ရံရွှေလည်း၊ သန္ဓေကျစ်လျစ်၊ ချစ်လည်း ချစ်တုန်း၊ သွေးစုန်းမျက်မည်း၊ ခြည်းရရည်းလျင်၊ စုလည်းငုံသစ်၊ ကုံးသွယ်နစ်လျက်၊ သရစ်ရွှေညွှန့်၊ တွန့်ရရွှန့်တည့်၊ စီတန့်မျက်ကောင်း၊ ရွှေနားတောင်းလည်း၊ ရောင်မောင်းပြက်ပြက်၊ ဘယက်သရဘူ၊ ရွှေချူသင်တိုင်း၊ ဘယ်နှင့်ခိုင်း၍၊ နှိုင်းရှာပလိမ့်၊ ငြိမ့်ရရိမ့်မျှ၊ ရွှေအိမ့်တင့်အပ်၊ ရွှေဘုံတပ်သို့၊ ရံထပ်ချီချယ်၊ နတ်မိမယ်ကား၊အဘယ်ကောင်းမှု၊ ပြုခဲ့ဘူးသား၊ အထူးဖြင့်အား၊ ကောင်းကင်ဖျားဝယ်၊ ပျော်ပါးလှည့်ကျင်၊ နတ်သဘင်နှင့်၊ သို့စင်ကပ်ဆည်း၊ ရှုဘွယ်ချည်းလျင်၊ ငါလည်း နှစ်ထောင်း၊ သို့လည်းကောင်းတည့်၊ ခြောင်းခြောင်းဝှန်တောက်၊ ဘုံသာပေါက်၍၊ ရွှေမှောက်မိုးယံ၊ ကုသိုလ်ကံကြောင့်၊ စံပရလိ၊ ထင်လဘိ၏၊ မျက်စိမျော်ဆန့်(၂)၊ ရထားတန့်လျက်၊ လန့်လန့်မြင်ချေ၊ ကျက်သရေနှင့်၊ မြုတေရွှမ်းရွှမ်း၊ ကိုယ်ရောင်ကျမ်းမျှ၊ လျှမ်းလျှမ်း

---

(၁) ခြသေ့နင်းမူ-ဟ၊ (၂) မျက်စိမြော်ဆန့်-ဟ၊

ပြေးတက်၊ လျှပ်ခြည်ဆွက်သို့၊ စုံမက်လွန်ကြင်၊ မျိုးမြတ်တွင်ကား၊ သည်လျှင်တစုံ၊ ထွားညှဉ့်ကို၊ နုဖုံ့ပျိုခိုက်၊ မင်းကိုယ်ဆိုက်၍၊ နှစ်ခြိုက်ဝမ်းပါး၊ မြင်မိငြားလည်း၊ ရပ်ခြားလူ့ရွာ၊ မကျမ်းပါသော်၊ ခြင်းရာစိမ်းဆုံ၊ မေတ္တာလံခဲ့၊ ရောင်လှျံဝင်းညို၊ မျိုးဘုန်းရှိကို၊ မြင်မိချေလျက်၊ မလွန်ရက်တည့်၊ သံမြက်ညင်းညင်း၊ ခံတွင်းချိုနုံ့၊ ဆိုသော်ပုံမျှ၊ ဝတ်ဆုံအလား၊ ကြာညိုထွားသို့၊ လျှာပါးနူတ်ကျိုး၊ မြိုးမြိုးမြမြ၊ ဟလရုပ်ရုပ်၊ မြဲချုပ်သစ္စာ၊ တိုနုံခါလျှင်၊ ကြမ္မာတော်မီ၊ တူတညီဖြင့်၊ ရွှေဆီကြေးမုံ[1]၊ နောင်နှင့်ကုံ၍၊ ပိုက်ခြုံကျမ်းသူ၊ လွှမ်းရမူကား၊ ပစ္စုလွှမ်းထပ်၊ ရင်ချင်းအပ်၍၊ မြဲကွပ်မေတ္တာ၊ ထပ်ကာကာလျှင်၊ လက်ယာလက်ရုံး၊ အုံးပစေလျက်၊ နှစ်သက်ဖြားယောင်း၊ ပျော်ကြောင်းကြောင်းလျှင်၊ စုံပေါင်းအင်ခိုက်[2]၊ ရှင်သေကြိုက်ဝယ်၊ ခေါ်စိုက်မောင်နည်း၊ ရင်ထက်လည်းလျက်၊ သာဖြည်းညင်းညင်း၊ လွှမ်းတင်းဆိုယောင်၊ လူမင်းခေါင်နှင့်၊ အိုအောင်သဖြင့်၊ ချစ်တော်တင့်က၊ ချီးမြှင့်ရက်ကျူး၊ တသက်လုံးတွင်၊ မြကုံးဆံစု၊ ပန်နှစ်ပြုလိမ့်၊ ရွယ်နုစံပ၊ လျလျပါးပါး၊ စုလျားရစ်ဘွဲ့၊ တန်ဆွဲနွဲလျှင်၊ ခွဲခွဲကြင်လျက်၊ လည်ချင်းရှက်၍၊ ပိုက်ဘက်တုံတုံ၊ ငြိမ့်လေးကုံသား၊ ရွှေငုံပေါ်စ၊ ဆင်းမြမြကို၊ ဘဝစပ်လျဉ်၊ ဘုန်းမယှဉ်၍၊ ဝိညာဉ်ပျောပျော၊ တမောမော

---

(၁) ရွှေဆီကြေးမုံ-ဟ၊ (၂) စုံပေါင်းအင်ချိုက်-က၊

လျှင်၊ မင်းစောတိမ်းလု၊ မှိန်းကာရှုသည်၊ ၊အသူ့ချစ်မငြီး တို့နည်း။

၅။ အထွေအထွေ၊ ရှုချေသော်တုံ၊ ဘော်ရွှေစုံလျက် [၁]၊ ပိုက်ခြုံရင်နွေး၊ စက်ကြကွေးသား၊ရေကျေးရေကြက်၊ ရေဝန်လက်လည်း၊ လည်ဘက်စာခွံ့၊ မြူးကာပျံတိ၊ ဆည်ငံ့မရှိ၊ ဝမ်းကွဲလိနှင့်၊ မိမိပျော်မြဲ၊ ဘော်မကွဲတည့်၊ အံ့အဲတို့ဆုံး၊ မြို့နှင့်ကျုံးသို့၊ ပတ်ကုံးလွင်ကျယ်၊ ရှင်စဘွယ်တုံ၊ စံပယ်လူးလာ၊ သောက်ချိုးငှါဖြင့်၊ သီဒါမြရည်၊ ရေကန်ကြည်လည်း၊ လေပြည်ညှံ့စွာ၊ ရနံ့ခွါလျက်၊ ရွှေကြာချပ်ရံ၊ ရွှေဝတ်ဆံနှင့်၊ ရွှေတံရိုးနွဲ့၊ လဲ့ရရဲ့လျှင်၊ လက်ဖဲ့ဆွတ်ယူ၊ ဦရရှုကို၊ ကြူစချင်စွ၊ ဥယျာဉ်မှလည်း၊ ပေါက်ပြနံ့မှန်၊ သရက္ခန်နှင့်၊ ပန်းမာလ်စုံလှည့်၊ ရွမ်းဝါမှည့်လျက်၊ အင်ပြည့်သစ်သီး၊ ပည်းဖြင်ညီးမျှ၊ အံ့ကြီးအံ့အောင်၊ မိုးလယ်ခေါင်တွင်၊ နေရောင် မဖျန်း [၂]၊ ရွှေတဲခန်းနှင့်၊ ရွှေနန်းပီပီ၊ ရွှေအိမ်ဘီထက်၊ သီရီကြည့်မူး၊ ရွယ်သုံးထူးလည်း [၃]၊ ပုံပျူးနှစ်ခြိုက်၊ ပျော်ကြောင်းပိုက်လျက်၊ ယောင်မြိုက်လတ်လတ် [၄]၊ ပြာထွတ်ထွတ်လျှင်၊ နတ်တည့်ကာလ၊ ရတုကြွမူ၊ ချမ်းမြလေပြည်၊ ထလတ်သည်နှင့်၊ လွမ်းမည်ဟန်ဟန်၊ သုဝဏ္ဏလိပ်၊ တံဆိပ်ပြောက်ကွင်း [၅]၊ ရွှေတံတင်းလျှင်၊ ထုံသင်းလျက်ကဲ့၊ အဖုံးမဲ့

---

(၁) ဘော်နေစုံလျက်-ဟ၊ (၃) ရွယ်သုံးဦးလည်း-ဟ၊
(၂) နေရောင်မဖြန်း-ဟ၊ (၄) ရောင်မြိုက်လတ်လတ်-ဟ၊
(၅) တံဆိပ်ပျောက်ကင်း-ဟ၊

သော်၊ ဆွေညွှဲပုဆိုး၊ ထောင်တန်မျိုးကို၊ ထုပ်ပိုးမယို၊ တကွဲသိုအံ့၊ ဆိုလည်းမှန်စွာ၊ ဥပမာဖြင့်၊ လူ့ရွာမပျော်၊ နတ်ဖြစ်သော်လည်း၊ စက်ဘော်မိလုံ[1]၊ ရှိပါတုံ့စုံ၊ ပိုက်ခြုံနှောင်ထွေး[2]၊ တရေးရေးမျှ၊ နက်လေးဂုဏ်အင်၊ မြေအပြင်ထက်၊ ကျော်ထင်ဝှန်တိုး၊ ဘုန်းသစ်နှိုးချီ၊ မိုးမချုပ်မီ၊ ကိုးနာရီဝယ်၊ အင်ညီရွှင်ပြိမ်း၊ ညွတ်ခွေတိမ်းလျက်၊ ပြည့်ရှိမ်းသိရှိ၊ ကိုယ်လုံးညီကို၊ မချိလှည့်တွန်၊ မျက်စိလန်မျှ၊ အကျွန်ယခု၊ မျှော်ကာရှုသည်၊ ၊အသူ့ဆွေဇနီးတို့နည်း။

၆။ မိန်းပြတ် မိန်းပြတ်၊ တဆွတ်ဆွတ်လျှင်၊ ရင်ခတ်ရှေရောင်၊ မယ့်ဆွေမောင်ဟု၊ မြန်ဘောင်ထင်စွာ၊ ဤအခါဝယ်၊ ငါလည်းမင်းပျို၊ နတ်မိညိုနှင့်၊ ကုသိုလ်မည်မှန်၊ တမလွန်က၊ မေ့ကျန်ခဲ့ထ၊ နွဲ့နွဲ့မြသား၊ ရှင်မကျေးဇူး၊ တမူးမူးလျှင်၊ မထူးမတည်၊ ဖြစ်လတ်သည်ကား၊ ရှေပြည်သခင်၊ နတ်ရှင်နေ့တိုင်း၊ ဗျာပါလှိုင်းလျက်၊ ထုံပိုင်းဖြေအံ့[3]၊ မပြေစုံသား၊ ချစ်နုံမျှတည်း၊ စနည်းမျက်စိ[4]၊ ရှိလတ်သလော၊ တပျော်ပျောလျှင်၊ ရဲစောနောင်ညို့၊ မှတ်ရာဘို့ဖြင့်၊ သံမြို့ခြားလျက်၊ တကျွန်းဘက်သို့၊ စဉ်းလက်မတူ၊ ဝေးမှာသူကြောင့်၊ ညက်ဖြူနွဲ့နွဲ့၊ ပြာလဲ့လဲ့လျှင်၊ ယဲ့ယဲ့ညို့ပျောင်း၊ မျက်ခြည်ညောင်းမျှ၊ မင်းကောင်း ကိန်းခန်း၊ မြင်ရဆန်းဟု၊ အပန်း

---

(၁) စက်ပျော်မလုံ-က၊
(၂) ထုံးပိုင်းဖြေအံ့-ဟ၊
(၃) ပိုက်ယုံနောင်ထွေး-က၊
(၄) စုလည်းမျက်စိ-ဟ၊

တကြိုး၊နတ်သမီးကို၊ မင်းဓိုးဖျာ်လှည့်၊ ရှုမျှော်ကြည့်လျက်၊ တည့်တည့်မကွက်၊ မျက်နှာဝက်ဖြင့်၊ မိုးထက်ထွန်းတောက်၊ မေးမြို့ထောက်သော်၊ နှစ်ခေါက်မပြန်၊ နှစ်တန်မကြား၊ နှစ်ပါးမဖြစ်၊ လိမ်လစ်မထောင့်၊ မြားနှယ်ဖြောင့်သား၊ စောင်းနှယ်လည်းညို၊ မာတလိကား၊ ဖြန့်ချိမေတ္တာ၊ မင်းကြီးစွာကို၊ ခြင်းရာမဝှက်၊ ပြန်ဆိုပွက်၏။ နရက်တံခါး၊ ဘဝါးချီလှမ်း၊ လူစိမ်းရှမ်းကို၊ လက်လှမ်းယူလိုက်၊ တူရူတိုက်ဖြင့်၊ ခြိုက်ခြိုက်ချစ်ဝမ်း[1]၊ စည်းစိမ်ဝှမ်းသို့၊ သာချမ်းပို့တင်၊ ကုသိုလ်ရှင်ဟု၊ ညွှန့်ရှင်ခက်ဖြာ၊ ရွက်နုရှာ၍၊ သစ္စာလေးပါး၊ ငုံထွားထွားသည်၊ ဘုရားပွင့်လောင်း၊ အို မင်းကောင်း၊ ။ နီမောင်းရဲရဲ၊ တခဲစွေးစွေး၊ လျှပ်ဝါပြေးလျက်၊ ဝေးဝေးနီးနီး၊ ရှုမငြီးတည့်၊ တသီးပေါ်ထွန်း၊ ဘုံသာနန်းနှင့်၊ ရံဝန်းပည်းသီ၊ ဗီရဏီဟု၊ သိညီကျော်ထင်၊ ဖူးမြော်မြင်သား၊ ပြာစင်လတ်လတ်၊ မိမိုးနတ်ကား၊ နှုတ်လှတ်ခံတွင်း၊ ညိုးညိုးညင်းမျှ၊ ဆိုတင်းစကား၊ လေသံကြားက၊ ပြာထွားနောင်မယ်၊ ဝမ်းနည်းဘွယ်တည့်၊ ပစ်ပယ်လွဲသွေ့၊ မဆိုချလည်း၊ အနေကျကျ[2]၊ မမှတ်ရသော်၊ ရှင်မကြောင်းနှယ်၊ နိဒါန်းသွယ်ပိမ့်၊ ပင်လယ်တလျှို၊ မြစ်နားခိုသား၊ နဂိုရ်တည်ရာ၊ လူ့ပြည်ရှာ၌၊ ပညာရှိမြတ်၊ ဗေဒင်တတ်သား၊ အံ့ရွတ်ဖွဲ့ဖွဲ့၊ ရှင်ပုဏ္ဏား၏၊ ဝတ်စားပေးခွင့်၊ ရိက္ခာလင့်လျက်၊ ဗိုင်းဝင့်ချည်ကောင်း၊ စပါးထောင်းနှင့်၊ ရေလောင်းရေခပ်၊

---

(၁) ချိုက်ချိုက်စိတ်ဝမ်း-က၊ (၂) သိနေကျကျ-က၊

တောင်ကပ်ဖားရား၊ တောလားထင်းခွေ၊ ဆောင်းနွေပူပန်၊ သူ့အိမ်ကျွန်ဟု၊ စောင်မာန် နှိမ့်ချ၊ လုပ်ကြံ ရသည်၊ ၊ မယ်လျအိမ်ကျွန် သမီးတည်း။

၇။ အတန္တုကား၊ မြစ်ဖုကုန်လေ၊ မီးလောင်မြေတွင်၊ ပင်ခြေညွန့်ညောက်၊ ပင်သစ်ပေါက်သို့၊ ကြံ့ထောက်စောင်းပဲ့ [1]၊ မိဘမဲ့တည့်၊ နွဲ့နွဲ့ပြာညက်၊ ရွယ်ရောင်ပျက်မျ၊ နံနက်ညနေ၊ လုပ်ဆောင်စေလည်း၊ သေသေချာချာ၊ စေပါသရွေ့၊ မငြီးငွေ့လျင်၊ လွေ့လွေ့ပေးကြောင်း၊ အရှင်မောင်းလည်း၊ ကောင်းကောင်းနာခံ၊လုပ်ကြံတုံလျက်၊အမျက်ရှုနိုး၊ အရှင်ငြိုးလည်း၊ ရှိခိုးပုဆစ်၊ ပစ်ညစ်မကြိုက် [2]၊ အရှင်ရိုက်လည်း [3]၊ လိုက်လိုက်ကျင့်သီး၊ သူကြီးချစ်ဘွယ်၊ အရှင်ကွယ်လည်း၊ ပျက်ပြယ်မဘောက် [4]၊ အရှင့်မှောက်လည်း၊ ရှံကြောက်ခယ၊ အရှင်ထလည်း၊ ရှရှနောက်ပါ၊ အရှင်လာလည်း၊ မျက်နှာရလို၊ ဘော်ချင်းကိုလည်း၊ နှုတ်ချိုမခါး၊ နို့နှင့်ပျားသို့၊ သနားဆက်ဆံ၊ ရောရှက်ပြို၏၊ သက်သံတွန်ကျိုက် [5]၊ မနာကြိုက်လည်း၊ အရိုက်မဲ့ပဲ၊ သီချင်းလွဲလျက်၊ ရင့်နွေချိုင်၊ နာမှုဖျောသို့၊ သူတော်တကာ၊ ဆိုစရာသား၊ ပျူငှာမကျွမ်း၊ မိန်းမသွမ်းနှင့်၊ ကဲ့လမ်းလေစွာ၊ ပြင်သူ့မှာလည်း [6]၊ နှုတ်လျှာဆိုသည်၊ ကြံချိုရည်သို့၊ လည်လည်ဝိုက်ဝိုက်၊ နှစ်ခြိုက်

---

(၁) ပန်းသပေါက်သို့၊ ကြံထောက်ဆောင့်ပဲ့-က၊
(၂) ပစ်ညစ်မကြိုက်-ဟ၊
(၃) အရှင်ထိုက်လည်း-က၊
(၄) ပြယ်ပြယ်မဘောက်-က၊
(၅) သက်သံတွန်ချိုက်-ဟ၊
(၆) မြင်သူမှာလည်း-က၊

တတ်ပွန်၊ ကြံစဟန်မူ၊ တမလွန်ဝေး၊ ယခင်ရှေးက၊ မိုက်မြွေး ထူခဲ့၊ အလှူမဲ့၍၊ ခွေတဲ့တုံလစ်၊ လူ့အဖြစ်တွင်၊ ညစ်ညစ် ကျုကျု၊ သူ့ထမင်းစား၊ သူ့ခြံသားဖြင့်၊ သူ့အားကျိုးနှဲ့၊ သူ့အထံဝယ်၊ သူ့ရံသူ့ဖြေ၊ ဖြစ်ရချေခဲ့၊ မြေကိုခွဲခြမ်း၊ ရွှေခွက်လှမ်းသို့၊ ကိုယ်စွမ်းနှစ်ထောင်း၊ ကြံသော်ကောင်းဟု၊ နှဲ့နောင်းပြာကြည်း၊ ဆွေမယ်နည်းလျှင်၊ ရှာဆည်းကိုယ် ကျိုး၊ ပြုစုပျိုးက၊ ကောက်မျိုးနေမြန်း၊ သွေ့မာလှန်းသို့၊ ရဟန်းပုဏ္ဏား၊ လှူခံအားလည်း၊ မယ်ဘွားနှစ်လို၊ စားရာဘို့ တွင်၊ တံခွိုခဲ့ဝေ၊ ပေးလှူထွေနှင့်၊ ရပ်မြေဝေးစွာ၊ ဇွဲသည်လာလည်း၊ ကြင်နာစုံမက်၊ ခေါ်စိုက်စက်သား၊ ရင်ထက်ပိုက်ဖြား၊ မွေးသည့်သားသို့၊ စကားနှုတ်ဆက်၊ မေးမြှူလျက်တည့်၊ ခြေလက်ဆေးဘွယ်၊ စင်ကြယ်ရေမိုး၊ သောက်ချိုးစေရ၊ တဲနေချမ့၊ ရှေးကကျင့်ထုံး၊ အုံးနှင့်အိပ်ရာ၊ နှံ့သာဖယောင်း၊ လှောင်းလှောင်းပျံမွှေး၊ ကေကြူးလျက်၊ လက်ဘက်ရည်မျိုး၊ ကွမ်းရေချိုနှင့်၊ သင်္ဂြိဟ်ပင့်ထောက်၊ အားအဇလျောက်ဖြင့်၊ မိုးပေါက်ကုန်းကြည်း၊ ကျင်းဝယ်ချည်းလျှင်၊ နီသရည်းပြက်ပြက်၊ မှတ်ကောင်းလျက်တည့်၊ သက်သက်မြင်လေး၊ လုပ်ကျွေးမွေး၏၊ ကျောက်ဧခေါင်းနာ၊ ရောဂါဆွေပြား၊ ရှိတုံငြားလည်း၊ ဆေးဝါးဘော်ထုတ်၊ ငရုတ်မုန်ညင်း၊ ချဉ်ချိုသင်းနှင့်၊ နံ့နှင်းကသယ်၊ လိမ်းဆီနယ်လျက်၊ သူကြွယ်အိမ်လုပ်၊ သိမ်းပိုက်ထုပ်သည်၊ ၊မြဲချုပ်ကြံမိ တသီးတည်း။

၈။ ဇာတိမြတ်စွာ၊ သံသရာက၊ ကြမ္မာတချောင်း၊ ခင်ပွန်းကောင်းလျှင်၊ အကြောင်းရှေးညွှန်၊ ကောင်းစွာဘန်လည်း [1]၊ ကောင်းမွန်ငြိမ်သက်၊ စည်းစိမ်ထက်တည်း [2]၊ ရမ္မက်ထူသား၊ လူ၏အလျောက်၊ နတ်တို့အောက်တွင်၊ ပေါက်ရောက်ပင်စည်၊ မကောင်းသည်လည်း၊ ဝဲလည်နောက်ဆုတ်၊ တန်းခိုးဖြုတ်လျက်၊ မယုတ်မကျ၊ သောကလောင်းထပ်၊ လှည်းကြောင်းကျပ်သို့၊ ရိပ္ပပ်ပူလို့က်၊ ဆင်းရဲထိုက်လည်း၊ ထက်တိုက်စိုးနှောင့်၊ ကြမ္မာကြောင့်လျှင်၊ တောင့်တောင့်တတ၊ ဖြစ်ချေရသား၊ လောကတံထစ် [3]၊ ဓမ္မစစ်ကို၊ သစ်သုစ်ဝင်ကျိုး၊ ကြိုးနှယ်ထုံးမျှ၊ နှလုံးဆောက်တည်၊ ကြံစရည်နှင့်၊ ကြံစည်လေတုံ၊ ခရီးဆုံဝယ်၊ ရိပ်အုံမိုးတဲ၊ ဇရပ်ပုံလည်း၊ အင်တုံကြိုးရှည်၊ အိုးကြီးတည်လျက်၊ ရေကြည်ချိုးသောက်၊ ရေတွင်းဖောက်၏၊ ပြန်ခေါက်သွားလား၊ ဘဝါးလမ်းကြောင်း၊ ပြန်လှို့ချောင်းနှင့် [4]၊ လမ်းဟောင်းရှုံနဲ့ [5]၊ ခရီးခဲလည်း၊ လက်စုံလှမ်းကိုင်၊ ဘုံတွားတိုင်ကို၊ ခိုင်ခိုင်ခုံကျန်း၊ အဖြောင့်သန်း၏၊ လုပ်ပန်းကြီးအား၊ သူ့ခြံသားမူ၊ မြို့နားကျိုးဝယ်၊ ရုံးကာသယ်လည်း၊ ပုံဆွယ်ဖြိုးမောက်၊ ပုထိုးပေါက်သို့၊ ရွက်ခေါက်စဲစဲ၊ သလဲပုံစု၊ ဂူလုံးပြုလျက်၊ ရုပ်ထုပီမွန် [6]၊ တမ်းခွန်ကုက္ကား၊ မုလေး

---

(၁) ကောင်းစွာဘန်သည်-ဟာ၊
(၂) စည်းစိမ်ထက်လည်း-ဟာ၊
(၃) လောကတံတစ်-ကာ၊
(၄) မြှုန့်လှို့ချောင်းနှင့်-ကာ၊
(၅) လမ်းထောင်းရှုံနဲ့-ကာ၊
(၆) ရုပ်တုပီတာန်-ဟာ၊

ပွါးနှင့်၊ ခွေးသွားဟူသည်၊ လူတို့အစဉ်၊ ကောင်းမှုယှဉ်၏၊ ဥယျာဉ်တောပန်း၊ သွေယောင်မြန်းလျက်၊ ရွက်လန်းမမြောင်၊ နွေခါသော်လည်း၊ ရှင်တော်ပွင့်လျက်၊ ခက်လက်လည်းဖြာ[1]၊ ညွှန့်သန္ဓာနှင့်၊ အညာတထွေ၊ နုပစေ[2]း၊ ပင်ခြေဆွတ်ဖျန်း၊ ညောင်ရေသွန်း၏၊ ဝန်းဝန်းလျားလျား၊ များများမကုံ၊ အားနှင့်ရုံ၍၊ စုံစပါကာ၊ တောကပါသား၊ ခွံခွါလက်နှေး၊ တောင်ဝေးဘိနပ်၊ ချည်ချောင်းအပ်နှင့်၊ မုန့်ကြွပ်တလှာ၊ သကာတခဲ၊ တင်လဲတမှုတ်၊ လက်သုတ်တထည်၊ ဆီရည်တစက်၊ ထွန်းလက်ဆီမီး၊ သစ်သီးတလုံး၊ ပန်းကုံးတသွယ်၊ ကိုယ်ဝယ်ရစ်ပတ်၊ တထည်ဝတ်က၊ အမြတ်ခေါင်းထက်၊ တပိုင်းဝက်၍၊ ရက်ရက်စွန့်လေ၊ အဝှန့်နေသား၊ သဗ္ဗေသတ္တာ၊ သဘ္ဘဝါလည်း၊ ဝမ်းသာလှုလှု၊ သာဓုပွက်ဟ၊ အမျှမျှလျှင်၊ မယ်လျကုသိုလ်၊ ရစေဆိုလျက်[1]၊ ဟင်းချိုယောက်မ၊ တစမကျန်၊ လှူဝေဘန်၍၊ သူ့ကျန်ဖြစ်လျက်၊ သူ့အိမ်ထက်ဝယ်၊ သူ့လက်မကင်း၊ သူ့အချင်းလည်း၊ ဝါတွင်းဝါပ၊ စောင့်သီလနှင့်၊ ညဟူသရွေ့၊ သြဇာငွေ့လည်း၊ မတွေ့မှတ်သိပ်၊ သူ့အိမ်ရိပ်တွင်၊ အိပ်လည်းရှိခိုး၊ ဆောက်တည်နိုးက၊ ပုထိုးစာတီ၊ လက်အုပ်ချီ၍၊ ပီပီလာလာ၊ မေတ္တာတိုးလျက်၊ လေ့ကျက်တတ်တတ်၊ စာလျှင်ဘတ်သို့[2]၊ ရွတ်လေတုံသော်၊ စေ့စုံဖြဖြ၊ တရားတပါး၊ လူမည်ခြားမှ၊

---

(၁) ခက်လက်လွဲပြာ-က၊ (၂) ရ စေလိုလျက်-ဟ၊

(၃) စာလျှင်တတ်သို့-က၊

ဝန်းလျားဖြင်ပည်း၊ ရေနှင့်ကြည်းကို၊ နှုတ်နည်းတခွန်း၊ ဆိုမပန်းလျှင်၊ စောင်ရန်းအလား၊ မန္တရားနှင့်၊ ကာလွှား ရွှေဆောက်၊ လေးမီးပေါက်သို့၊ စောင့်ရှောက်ပေငြား၊ သူ့စီးပွါးကြောင့်၊ သူ့နားငါးနား၊ ကြားလည်း ကြားချင်၊ ရှင်လည်းရှင်ပို့၊ အံ့လည်းအံ့ရာ၊ သာလည်း သာဆို၊ စကား ချိုနှင့်၊ မိညိုစောယုတ်[1]၊ ဇာတိဆုတ်လည်း၊ နှုတ်လျှင်မှန် တောင်း၊ ကျင့်ရည်ကောင်းသည်၊ ၊လမ်းကြောင်း နတ်ပြည် ခရီးတည်း။

၉။ ဤသို့အလို၊ သူမဆိုလည်း၊ ကိုယ်ကိုထူးခြား၊ ကြံစိပ် ဖြားဖြင့်၊ ဝတ်စားမလွှင်၊ ညှိုးရုပ်ပြင်နှင့်၊ အရှင်ဆက်ဆံ၊ လောကဓံဝယ်၊ အခွံပယ်ပစ်၊ အရေချစ်သား၊ မညှစ်စေမူ၊ ဆံဖွပ်ဖြူသို့၊ အယူဖြောင့်စွ၊ စောင့်သီလနှင့်၊ဒါနသော်လည်း၊ တစွန်းတည်းကို၊ နည်း၏မမှတ်၊ ပေးထုတတ်က၊ အမြတ် ထားတင်၊ အများစင်ဟု၊ သိမြင်လိမ့မာ၊ သံသရာနောင်ကျိုး၊ အခေါင်မိုးလျက်၊ မယ်ယျိုးမျက်စိ၊ မြင်စမိသော်၊ ဇာတိ ကွဲလှဲ၊ နတ်ပြည်ပွဲ၌၊ ဆင်းရဲမမြင်၊ ပြဲ.ပြဲ.ထင်မျှ၊ ကောင်း ကင် အလတ်၊ ဘုံပြာသာဒ်နှင့်၊ မြိတ်လွှတ်စုလည်း၊ ဖြင်ပေါ ပည်းလည်း [2]၊ ရတည်းရတ [3]၊ ပွရရွှလျှင်၊ မြမြသွယ်သွယ်၊ တင့်တယ်ဆင်းရောင်၊ ဘော်တထောင်ဝယ်၊ အခေါင်လှတင့်၊

---

(၁) မိညိုစောင့်ယုတ်-ဟ၊ (၂) ဖြင်ပေါပည်းလည်း- (ဟ)မူစ္ဆမပါ၊
(၃) ရင်တည်းရင်တွ-ဟ၊

ရွက်ဖြူဖွင့်လျက်၊ ရိုက်ဆင့်အငြိမ့်၊ တခြိမ့်ခြိမ့်တည့်၊ ရွှေအိမ့်သခင်၊ မိုနတ်တွင်ကား၊ ဥကသ်ဖျား၊ လလျှင်တွားသို့၊ လန့်ကြား ကြက်သီး၊ ထဘွယ်ကြိုးလျှင်၊ အနီးမဟုတ်၊ အဝေးဆုတ်လည်း၊ စံခုတ်ရွှေထက်၊ ဆယ်ရည်တက်မျှ၊ ပြာညက်ညံ့ညံ့၊ ရွယ်ဖုံ့ဖုံ့၍၊ တုံ့တုံ့ကုံ့ကုံ့၊ ပြင်ဆုံ့ဆုံ့နှင့်၊ ကြေးမုံမျက်နှာ၊ လက္ခဏာကြန်ညီ၊ ဗီရဏီဟု၊ မြောက်ချီပင့်လွှား၊ တန်းခိုးအားဖြင့်၊ ပျော်ပါးတရုံ၊ သဘင်ခံလည်း၊ ရောင်လှျံဝင်းဝါ၊ ရတနာခုံပြင်၊ ရွှေပလွင်ထက်၊ သက်တင်ရည်ကို၊ ရောင်ခြည်ယိုမျှ၊ ပြာညိုလတ်လတ်၊ ဆေးလျှင်စွတ်သို့၊ လက်တတ်ရေးထု၊ တွေးလုလုဘည့်၊ အသူ(၁)သည်မျိုး၊ အသူကြိုး၍ ၊ အဲခိုးသံလျက်၊ ကြံခေါက်ရက်လျှင်၊ ကြင်ဘက်ရှိရွယ်၊ ပန်းနှစ်သွယ်သို့၊ မျိုးနွယ်ပီပီ၊ လည်ချင်းမှိုလျက်၊ တညီဘော်စုံ၊ ပျော်လေတုံဟု၊ အာရုံမြင်မိ၊ ဆိုဘွယ်ရှိသား၊ မျက်စိလတ်လတ်၊ မိသက်ပြတ်ကို၊ ငါနတ်သော်လည်း၊ မြော်ကတည်းက၊ မနည်းလောက်စင်၊ ဆုတ်ဆုတ်ကြင်၏၊ သွယ်မြင်ရိုးရဲ၊ ပြိုးပြက်ကြဲလျက်၊ တိမ်ခဲလှစ်ချ၊ သူရိယလျှင်၊ ပေါ်စရောင်နီ၊ မျက်နှာချီသို့၊ ရွှေဆီပြလစ်၊ နတ်စစ်စစ်ကို၊ ကေရာဇ်မင်းစင်၊ မမြင်ပေဘူး၊ ဆုတ်ပုံပျုပျူးမျှ၊ လှုံမြူးဆင်းဝါ၊ မိညက်ပြာလျှင်၊ ဗျာပါမမှောင့်၊ ကောင်းကင်ထောင့်ဝယ်၊ နတ်ကောင်းဘာဝ၊ စံစားရ၏၊ မိဘဘိုးဘေး၊ ပေးလည်းမဖြစ်၊ စည်းစိမ်နှစ်ထက်၊ ကျစ်လျစ်ကိုယ်ပြင်၊

---

(၁) အသူကျိုး၍-ဟ၊

ယဂင်ကုံးဖြီး၊ ဦးရှ်ပြီးသို့[၁]၊ရည်စီးလျှံတောက်၊ ရှုမစောက်မျှ၊ ရွှေဘောက်နှစ်ကွက်၊ ရွှေအိမ်ထက်လည်း၊ သွယ်မျက်ကိုးပါး၊ နရိုးနားနှင့်၊ စုလျားမြိတ်စွန်း၊ ချိပ်ရည်သွန်းသို့၊ ပြောက်မွန်းသင်းတွဲ၊ မုန်ညင်းကြဲလျက်၊ ဝတ်လဲသစ်သစ်၊ သရစ်လတ်လတ်၊ လေပြည်ခတ်က၊ ပြာသာဒ်ဝန်းကျင်၊ ချူသွင်သွင်လျှင်၊ ရွှင်ရွှင်လမြည်၊ ရွှေအိမ်သည်ဟု၊ ကိုယ်ရည်တန်ဆောင်၊ တပြောင်ပြောင်သား၊ အိုအောင်ငယ်သွင်၊ မျိုးလွန်းကြင်ကို၊ ရွှင်ရွှင်ပျပျ၊ ကကသီသီ၊ ချီချီကျူးကျူး၊ ထူးထူးဆန်းဆန်း၊ ရွန်းရွန်းဖြိုးဖြိုး၊ ပျော်ဘွယ်နိုးမျှ၊တံပိုးသံကျာ၊ စိန်ခရာလည်း၊ နှစ်မြွာကွေးလည်၊ ဧကျူးမြည်လျက်၊ ပိတ်ကျည်သနဲ[၂]၊ ရင့်နွဲပဉ္စင်၊ စည်သံလွင်နှင့်၊ အိမ့်ရှင်ညုန်းညုန်း၊ တချုန်းချုန်းသည်၊ ၊ရှေးဘုန်းကုသိုလ် မကြီးတည်း။

၁၀။ ပြာညက်ချော၍၊ သဘောမြဲချည်၊ ဂတိတည်လျက်၊ ငါးမည်ဆင်းပုံ၊ အင်စုံစုံဝယ်၊ ရွှေငုံမြိတ်ရစ်၊ ပေါ်သစ်သစ်က၊ ကလျစ်ကလျူ၊ လိုတူရှိရွယ်၊ ကြင်စဘွယ်နှင့်၊ ပြုံးရယ်ချစ်ငွေ့၊ ရင်ဆုံတွေ့လျက်၊ စက်မွေ့ပျော်ရာ၊ လသော်တာသို့၊ ပဘာဝတီ၊ လှစွာချီလည်း၊ ဤနှင့်နှိုင်းဆ၊ တိုင်းစကြသော်၊ ရှင်မ ညှိုးနွမ်း၊ ကြေးမုံသမ်းသို့၊ ချီးမွမ်းချေပြု၊ ရယ်စမှုနှင့်၊ ရတုကဗျာ၊ ချိုသာသာလည်း၊ စာ

---

(၁) ယဂင်ကုံးပြီး၊ ဦးရှ်ဖြီးသို့-ဟ၊ (၂) ပိတ်ကျည်သံနဲ-ဟ၊

မဘွဲ့လောက်၊ မယ့်ဝယ်ပျောက်မျှ၊ ထွန်းတောက်ရောင်ဖြန်း[1]၊ လောင်ဘနန်းတည့်၊ ထက်ဝန်းညီးညီး၊ မိုးသမီးလျှင်၊ အတိီးဘဝ၊ လူ့ပြည်ကသော်၊ ပုဏ္ဏားအိမ်သူ၊ ပူပူဆာဆာ၊ လုပ်ကြံနာလျက်၊ စားရာဘို့နက်၊ တချို့ဝက်၍၊ ရေစက်ယိုဘိတ်၊ ကုသိုလ်စိတ်ဖြင့်၊ အိတ်စုလဲကြီး၊ အချည်းနှီးလျှင်၊ ရှာမှီးစမျှား၊ ပြည့်သောလားသို့၊ ဆယ်ပါးဝတ္ထု၊ ဆည်းပူးပြုသား၊ ကောင်းမှုကယ်ငင်၊ နတ်ရွာတင်၍၊ မိခင်နတ်ပြည်၊ ဖြစ်လှာသည်တည့်၊ ဝန်းလည်ရံပေါင်း၊ ဘော်သောင်းသောင်းနှင့်၊ လည်းလျောင်းစက်တန်၊ မြသလွန်ထက်၊ လေသွန်ဖြည်းဖြည်း၊ ညရီဆည်းဝယ်၊ စုလည်းထုံးသစ်၊ ရွှေကုံးရစ်လျက်၊ ပန်နှစ်ဆင့်ခြယ်၊ တင့်ဘုယ်ဘုယ်တုံ၊ ရွှေစုယ်နောက်ပိတ်၊ သက်ထိတ်လန့်ကြား၊ အိုဘုရားဟု၊ လူ့သားတထူး၊ မမြင်ဘူးသော်၊ မူးမူးယောင်ယောင်၊ ဆီမီးရောင်နှင့်၊ တန်ဆောင်ရွှေတိုင်၊ နှစ်ပါးပြိုင်သို့၊ ရိပ်မြိုင်ဝန်းကျယ်၊ မြင့်ရာရွှယ်သား၊ မိမယ်တယောက်၊ နည်းကိုထောက်၍၊ အောက်ကကျွမ်းသူ၊ ကျင့်လေဟူသို့၊ တိမ်ဖြူမျိုးယံ၊ တန်းခိုးပျံလျက်၊ ချေငံအုံအဲ၊ သံဝှန်သဲမျှ၊ မိညဲစံတုန်း၊ တဖြုန်းဖြုန်းသည်၊ ၊ကျင့်နှုန်းဆိုဝဲ့ လတ်ချီးတည်း။

၁၁။ ဤသို့အံ့ရာ၊ နတ်ချမ်းသာကို၊ လူ့ရွာညောင်းဆန့်၊ ကိုယ်ဟောင်းစွန့်က၊ ဗိမာန်ထက်တည်း၊ ပြက်ခနည်းလျှင်[2]၊

---

(၁) ထွန်းတောက်ရောင်ဖျန်း-က၊ (၂) ပြက်ကဲနည်းလျှင်-က၊

ဖြင်ပည်းဝိုးဝင်း၊ ကျိုးကျိုးကျင်းမျ၊ မိမင်းနတ်ကောင်း၊ ဖြစ်လှာရှောင်းဟု၊ အကြောင်းလှစ်ဘော်၊ ပြန်ပြီးသော်မှ၊ သွေးခေါ်မြင်းမိုရ်၊ ရောက်လျင်းလိုမူ၊ ပြာညိုလတ်မြ၊ ဆွတ်ဆွတ်လှလျက်၊ သန္တာဉ်ညှန့်ကွေး၊ တွန့်၍ရေးသို့၊ ငယ်သွေးမကြီး၊ ညီးရရိုးလျင်၊ ဇနီးလဲပြာ၊ လှမောစ္စာနှင့်၊ ကေသာရွက်ထုံး၊ စုလည်းလုံးလျက်၊ မြကုံးသွယ်မြိတ်၊ ရောင်လျှံဘိတ်မျ၊ ထိတ်ထိတ်ဝင်းဝါ၊ နတ်ကလျာကို၊ ငါနှင့်မကြိုက်၊ သူနှင့်ထိုက်၍၊ ပိုက်ရလေသော၊ ဆိုန္နတ်ဆောလည်း၊ မင်းစောလက်ရုံး၊ ဘုန်းပဌာန၊ ဘယ်တောင့်တအံ့၊ ယောကျွားတမ်းခွန်၊ လူရည်မွန်က၊ မိုးစွန်အထွတ်၊ ကြယ်ကိုဆွတ်သို့၊ မလွတ်တူပျဉ်၊ စက်ဘော်ယှဉ်သား၊ အစဉ်စကား၊ မင်းကြီးကြားက၊ ပျော်ပါးဘွယ်ကြီး၊ သစ်သီးချဉ်ချို၊ဥယျာဉ်ပျိုနှင့်၊ ပင်ညိုလတ်လတ်၊ ရင်ခတ်ရှေသား၊ စံကားရှေလှော်၊ ကုံကော်ရှေနွန်း၊ မိုးချုန်းချုန်းက၊ ဂမုန်းပွင့်စည်၊ ငါတို့ပြည်ကား၊ မည် မတပါ၊ အညာဆန်ဆန်၊ လွန်လတုံတုံ၊ ရှေတိဘုံထက်၊ ရုပ်ပုံတွတ်တွတ်၊ မွတ်ရရွတ်သား၊ နတ်သမီးများ၊ ဘဇာရှားရှင့်၊ မြင်ငြားသဖြင့်၊ ချစ်ရိပ်ပွင့်ကို၊ လုလင့်ဘာသာ၊ ပျူငှါဆန်းဆို၊ လွှမ်းလိုလိုနှင့်၊ သံချိုမြမြ၊ နှမပြာဝင်း၊ နေရစ်မင်းဟု၊ ညင်းညင်းသံနွဲ့၊ နှုတ်ဆက်ခဲ့မှ၊ ပြည်ထဲ့စီးပွါး၊ တရားကျင့်နိုး၊ တုမဲ့နိုးသား၊ သတိုးရဲကျော့၊

---

(၁) တန့်၍ရေးသို့-က၊

လာလှည့်တော့ဟု၊ ငင်လျှဲကြိုးဖျား၊ ထမ်းပိုးနားက၊ လက်ဝါးပုံ့ပျဉ်း၊ လှုင်ကန်ဖြူးက၊ ဟူးဟူးလွှတ်ထန်၊ လေကို လွန်သား၊ မြင်းသန်တထောင်၊ ဟန်လှဆောင်လျက်၊ မိုး ခေါင်တိမ်ခြေ၊ နှင်တုံလေက၊ မိုင်းဝေနှင်းရည်၊ မြင်လိုက် သည်ကား၊ ရောင်ခြည်ပြိုပြို[၁]၊ နေကဲ့သို့သည်၊ ၊မြင်းမို့ရ တန်ဆောင် ဆီမီးတည်း။

ဗိရဏီဘုံခန်း ပြီး၏။

---

(၁) ရောင်ခြည်ပျိုပျို-က၊

(၂) သောဏဒိန်ဘုံခန်း

ဧဝဉ္ဉ ပန ဝတ္ထာ မာတလိ ပုရတော ရထံ ပေသေတ္ဝာ သောဏဒိန္ဒ[1] ဒေဝပုတ္တဿ သန္တိကေ သတ္တ ကနဂ [2]ဝိမာနာ-နိ ဒဿေသိ။ သော တာနိ ပဿိ[3]တ္ဝာ[4] တေဿ သရီရသမ္ပတ္တိံ ဒိသ္ဝာ တေန ကတကမ္မံ ပုစ္ဆိ။ပ။ ယော မောဒတိ သဂ္ဂပတ္တော[5] ဝိမာနေ။

၁၂။ လက်ဝဲလက်ယာ၊ ရွှေမှာနောက်ဆို၊ တိမ်မည်းဖို့ လျက်၊ သမ်းညို့ညစ်ကြေး၊ အထွေးဓထွေးတွင်၊ အဝေးကပင်၊ မျှော်လိုက်မြင်လည်း၊ မိုးပြင်ခရီး၊ ရွှေချောင်းစီးသို့၊ မီးကျီးနှယ်ဘက်၊ ခြောင်းခြောင့်းထွက်၍၊ အထက်ပြောင်ပြောင်၊ မလောင်သည်သာ၊ နတ်စကြာကို၊ တံဖျာခတ်မိုး၊ ခြိမ်းသံနှိုးက၊ မြီးရိုးသွယ်သွယ်၊ နားရွက်ငယ်လျက်၊ ခွင်ကျယ် လေးထောက်၊ ဖလားမှောက်သို့၊ မေးပေါက်လက်ဖျား၊ သိန္ဓော လွှားလည်း၊ နားလတ်သော့ထွေ့၊ တန့်ရပ်စေလျက်၊ ညာကြေခတ်ရှောင်၊ တပြည်ထောင်သို့၊ တောင်လည်းအက်ခြ၊ စက်နှယ်ရှသား၊ တေဇပြင်းထိန်၊ သောဏဒိန်ဟု၊ အရှိန်ကျော်ထင်၊ ခေါ်မည်ပင်နှင့်၊ ကောင်းကင်လှံ့ကြား၊ မိုးနတ်သား၏၊ ယောကျ်ားဘုန်းလျှင်၊ ရှုန်းရှုန်းဝှန်မြင့်၊ ခုနစ်ဆင့်သား၊ နတ်မင့်းတမ်းခွန်၊ ဇရှိဗမာန်ကို၊ မျက်ဆန်မအို၊ မြင်စေ

---

(၁) ဒိန္နုဒေဝ-က၊ ၁၀၁၄၉ (၃) ပဿိတ္ဝာ-(က)မူဠ္ဍမပါ၊
(၂) သတ္ထကဝိမာန-က၊ (၄) သဂ္ဂပတ္ထာ-က၊

လိုရှိ၊ ကုသိုလ်ရှာညှိ၊ မာတလိလျှင်၊ နေမိမင်းအား၊ ပြပေ ငြားသည်၊ ၊ငမ်းပါးဆွတ်ဆွတ် လွတ်လွတ်တည်း။

၁၃။ ရွှေကြယ်ငွေကြယ်၊ ကြီးငယ်လုံးညီ၊ ပတ်ကုံးစီ လျက်၊ သိင်္ဂီနတ်နန်း၊ ပြာသာဒ်ကွန်းဖြင့်၊ သွန်းလည်းမဖြစ်၊ နေတက်သစ်သို့၊ ကျစ်လျစ်စုံလှည့်၊ ရုပ်ပုံပြည့်လျက်၊ ကြည့် လည်းမငြီး၊ ခြူးသီးခြူးရွက်၊ ခြူးခက်ညွှန့်ကောင်း၊ နှာ မောင်းနွယ်ထိုး၊ သရစ်ချိုးမျှ[၁]၊ နရိုးပွင့်ကာ၊ သင်းတွဲကြာ နှင့်၊ ကြက်လျှာထစ်သား၊ စုလစ်သွန်းသွန်း၊ ကြက်မောက် စွန်းနှင့်၊ မွန်ချွန်းစီလျဉ်၊ အသည်လက်တီး[၂]၊ ရွှေသားပြီး၏၊ ရှားမီးရည်ခန့်၊ လျောက်ပြိုင်ဆန့်လျက်၊ ကြန့်အလိုက်နှင့်၊ ဆိုက်တိုက်သင့်စေ၊ နိတုံရွှေကား၊ နေကိုထွန်းပြိုင်၊ ကွန်းမ ဆိုင်လျက်၊ လိုင်လည်းချောင်ချောင်[၃]၊ ထက်ဝါခေါင်မှ၊ ယပ် စောင်တင်ထား၊ ဆင့်သုံးပါးနှင့်၊ ခြားနားတကွဲ၊ ရွှေမယ် ခဲလျက်၊ အမြဲကပ်သား၊ ဝပ်လည်းသုံးနေ၊ ကြပ်လေးထွေ နှင့်၊ ရွှေသတိတွင်၊ မဏိမောင်းစွာ၊ မျက်ကောင်းမြွာလျက်၊ ဘုံသာမိုးခွင်၊ နတ်တို့တွင်လည်း၊ ဆင်ဝင်ကသည်၊ မျက်စိ ရည်သော်၊ ဆံခြည်မမှား၊ ရွှေတံခါးနှင့်၊ ပတ္တမြားတုံ၊ တံခါး ခုံက၊ ရုပ်ပုံရေးချ၊ စွေးစွေးလှလျက်၊ သီဟခံသောက်[၄]၊ လေ

---

(၁) သရစ်ချိုးမှ-က၊
(၂) စုလစ်ဆင့်တည်၊ နိမ့်မြင့်ရှည်လျက်၊ အသည်လက်တီး-က၊
(၃) လိုဏ်လည်းချောင်ချောင်-ဟ၊ (၄) သီဟခံထောက်-က၊

နန်းပေါက်လည်း၊ မြကျောက်ရှစ်ထောင့်၊ စီသွယ်မြောင့်၍၊ ကြောင့်မျက်ခွဲတိ၊ ပုလဲမိနှင့်၊ တရှိကြီးငယ်၊ ချီးတချယ်လည်း ၁အလယ်တချို၊ အစွန်းဆို့လျက်၊ တိမ်ညို့အသွင်၊ သက်တင်သဘွယ်၊ လျှပ်နှယ်ပြိုးပြက်၊ ရောင်ချင်းရှက်၍၊ ဝင်ထွက်မျှော်ရှု၊ ပျော်စမှုတည့်၊ ရတုသုံးခါ၊ ရွှင်ပြုံးစွာလျှင်၊ လှ ့ရှာမင်းမျိုး၊ မျက်မှန်းကျိုးမျ၊ ဖြိုးဖြိုးရောင်ထင်၊ တောင်ရှိ စင်သည်၊ ၊ကောင်းကင်မချိ ညွှတ်ညွှတ်တည်း။

၁၄။ လေးပါးထောင့်သား၊ မြောင့်မြောင့်ရှည်သွယ်၊ ထုပ်သန်းကျယ်လည်း၊ အလယ်တည်ထား၊ ရှည်သုံးပါးနှင့်၊ ့ဉ်နှံးနားသုံး၍၊ လုံးလုံးတလည်း၊ တရှလည်းကောင်း၊ မောင်းရရောင်းလျှင်၊ သည်ချောင်းသည်တိုင်၊ လျောက်ပြန်ပြိုင်လျက်၊ ထုပ်ကိုင်ခေါင်ထက်၊ ဥသျှောင်ဝှက်နှင့်၊ တပြက်နံထု၊ ကြန်ကိုရှုလျက် ၂၊ ရိုးခုကြံညောက်၊ ဟက်ပျောရောက်၍၊ အောက်အထက်ကား၊ မျဉ်းနှင့်နွားလျှင်၊ စားလသော လျောက်၊ ကြန်စေ့မြောက်၏၊ ခေါင်ရောက်တိန်ညင်း၊ လန်ဘူးခင်းက၊ တဆင်းတည်းဘက်၊ ဆယ်ဘန်ချက်သား၊ စံထွက်ရည်ကောင်း၊ ခြည်တသောင်းလည်း၊ မောင်းမောင်းတပ်စွန်း၊ နီသားပန်းသို့၊ ခိုနန်းခိုဝင်၊ ရိုးပင်ခပ်သွန်း၊ ရန်းသားအခြေ၊ အနေထောင့်သတ်၊ ခါးပန်းခတ်က၊ စွတ်စွတ်

---

(၁) ချီတချယ်လည်း-က၊ (၂) ကြန်ကိုရှုသော်-က၊

စွေးနီ၊ ရည်လေးသီမျှ၊ မျက်စီခြယ်မြောင်၊ ရိပ်ဖြူဆောင်လည်း၊ သိုချောင်မကြွင်း၊ ဒဝယ်ညှင်းကို၊ နတ်မင်းတို့ဝယ်၊ ရှင်းရှင်းပယ်၍၊ ရနယ်ရိုးတံ၊ ရွှေမိုးခံလျက်၊ တွင်စံလှော်ခုတ်၊ သက်၍ရှုတ်သား၊ မုတ်ထွက်ထွာဝေး[၁]၊ ကြုတ်ဆင့်ကွေးကား၊ ခွေးလှေးမသန်း၊ ပန်းလည်းမရွပ်၊ ကုံးစပ်မပေါ်၊ ထော်လော်မထ၊ သွန်းပုံချသို့၊ တောက်ပတိချည်း၊ တကျမ့်းတည်းလျှင်[၂]၊ စုလည်းနံထောင်၊ ထက်ဝါခေါင်မှ၊ အရောင်ပြေးထွက်၊ အောက်သို့သက်မူ၊ နံနက်တထွေ၊ ညနေတပါး၊ ညဉ့်သော်တွားသို့၊ ခြားခြားရွှေဆုတ်၊ စိတ္တမုတ်လည်း၊ ဥဿဖယား၊ နံနွင်းသားကား၊ ဘဝါးညှံရွှေ၊ စောင်းတန်းခြေတည့်၊ တထွေဆန်းပြု၊ နန်းရတုဖြင့်၊ မျက်ရှုပျောအီ၊ ဖြင်ပေါသီလည်း၊ ဇီဝရကွံ၊ ရောင်လျံဘိတ်ဘိတ်၊ သန်လျှင်းချိတ်နှင့်၊ မုတ်ဆိတ်ပျားစွဲ၊ မျက်စုံကြဲလျက်၊ ခဲလတ်လိလိ၊ မျက်စိငဲ့စောင်း၊ နှာမောင်းလိမ်ကွေ[၃]၊ မကန်းရှေဝယ်၊ ခြသေ့်လည်ပြန်၊ ဥဒေါင်းတွန်လျက်၊ ကွန်လသည်ကား၊ မှန်ကင်း ဖျားတွင်၊ ပတ္တမြား ရုံပတ်၊ ဇောတိ ရသ်လျှင်၊ အထွတ်ဖူးခေါင်၊ သောက်ရှူးရောင်ဖြင့်၊ သန်ကောင်ညဉ့်ခန်း၊ နေနှယ်ထွန်းလျက်၊ ကျယ်ဝန်းဘုံဆင့်၊ ဖြူးဖြူးတင့်သည်၊ မိုးနှင့်တရှည့် မတ်မတ်တည်း။

---

(၁) မုတ်ထက်ထွာဝေး-က၊ (၂) တကြုံတည်းလျှင်-က၊
(၃) လှမောင်းလိမ်ကွေ-က၊

၁၅။ အလယ်ဆိုင်သား၊ လေးတိုင်သည်ခေါင်၊ ရွှေလိုင်ချောင်မှ၊ လေးမြောင်ဒွါရ၊ တံခါးဝတွင်၊ နှိမ့်ချရှုတ်လျက်၊ ကြက်မောက်ဆက်သံား၊ အထက်နိမ့်မြင့်၊ သကျည့်ဆင့်၍၊ မျက်ရှင့်အဘိ၊ နေခြည်ဆိသော်၊ ညိုလတုံတုံ၊ ဆပ်သွားရုံလည်း၊ ရုပ်ပုံရေးခြယ်၊ ခြူးသေးနွယ်လျက်၊ သွယ်သွယ်ညွတ်ကောက်၊ သက်တင်ရောက်သား၊ ရိုးခေါက်သွယ်ညွန့်၊ ကယ်ကဲ့လွန်သို၊ အဟန့်ပီလာ၊ မောက်နီစွာသား၊ မျက်နှာခပ်လှည့်၊ နဂါးကြည့်လျက်၊ တည့်တည့်ဆင်းခုန်၊ ငှက်ဂဠုန်နှင့်၊ မစုန်မဆန်၊ အစွန်အနား၊ သားရဏားလျှင်၊ ထွေပြားသန့်ရှင်း၊ ခါးပန်းရင်းက၊ ဝင်းဝင်းနီနီ၊ ပဉ္စမီလည်း၊ အပြီလျားရှည်၊ ဆင့်ကာတည်လျက်[1]၊ အသည်ထောင်ပြည့်၊ ရွှေရောင်မှည့်က၊ ကြည့်လသောထွေ[2]၊ ပျော်ပစေလျက်၊ မစွေမကန်း၊ လွှင်နန်းပြဲ့ပြဲ့၊ သဘင်ခွဲလည်း၊ ရိုးနွဲ့ချပ်ပုံ၊ ကြာပဒုံနှင့်၊ စုံစုံစေ့စေ့၊ မြင်သရွှေတွင်၊ ကြွေ့ကြွေ့ကြွက်ကြွက်၊ မျက်ခွက်မျက်လုံး၊ ရင်ဖုံးရင်ဝ၊ လက်မလက်သန်း၊ သွန်းရွှန်းလျှင်၊ လည်ရန်းတောင်ပံ၊ ခါးဆံမြီးပေါက်၊ ညီးညီးဘောက်မျှ၊ နှစ်ယောက်ဘော်စဉ်၊ ပျော်ဘက်ယှဉ်လျက်၊ ဝိညာဉ်ပွင့်ထွား[3]၊ အရှင်လားသို၊ နှစ်ပါးညီညွတ်၊ ရုပ်ပြီနတ်သည်း၊ ဆွတ်ဆွတ်မြင်ချေ၊ ရှင်လေလေလျှင်၊ ကျက်သရေတိုက်ချောင်၊ မိုက်သည့်မှောင်လည်း၊ ရွှေရောင်အာဏာ၊

---

(၁) လက်ံတည်လျက်-က၊ (၂) ကြွန့်လတ်သောတွေ-က၊
(၃) ဝိညာဉ်ပွင့်ထား-က၊

ဝင်းဝင်းဝါမျှ၊ ရွှေကြာချပ်တိုင်း၊ ပုလဲဆိုင်းတည့်၊ ပြိုင်းပြိုင်း ချည်ပူး၊ ရောင်ခြည်ကူးလျက်၊ ညစ်ညူးညိုးခဲ၊ ဝိမ်မိုးထဲက၊ ပြောင်ပြဲစွာလျက်၊ နေဂါထွက်သို့၊ နှစ်သက်ပြည့်ပြည့်၊ မွန်းတည့်တည့်သော်၊ ထပ်ရှည့်တရှိ၊ ညီညွတ်ဘိသို့၊ တိတိဝန်းချ၊ စယ္ဒန်းစတို့၊ သမ်းမိုမထင်၊ ဖြူစင်သန့်သန့်၊ လရောင်ညွန့်သို့၊ ခေါင်ရန့်းရည်ဖျင်၊ ပြည်လုံးထင်သား၊ ကောင်းကင်မျောင်ဝယ်၊ ရောင်နီကယ်သို့၊ တင့်တယ်စဟန်၊ အံ့ဩလွန်မှ၊ သမန္တလင်၊ ပညာဆင်သား၊ မြေပြင်တည်ထွန်း၊ လူမင့်းနန်းနှင့်၊ ကျယ်ဝန်းစလှ၊ မမျှနိုင်းဆွယ်၊ တံတိုင်းရှယ်သော်၊ ပြယာယ်တန္တု၊ ပြက်ရယ်ပြုသို့၊ ရှုစအင်ဖြိုး၊ ရှင်ပျော်နိုးလျက်၊ မိုးတထောင့်တွင်၊ ရွှေတောင့်သွင်သို့၊ မြင်သူအလုံး၊ မျက်စိကျိုးသည်(၁)၊ ၊စိတ်ပြုံးရှင်ပို့ ဆွတ်ဆွတ်တည်း။

၁၆။ အလွန်မြင့်ဟုတ်၊ တိမ်ညွှန့်ထုတ်နှင့်၊ ချုတ်ချုတ်ထိုးမိ၊ မိုးဖျားထိမျှ၊ အတိရမ္မ၊ ဥက္ကဋ္ဌဖြင့်၊ ပုည်အလျောက်၊ မိုးထက်ပေါက်က၊ ဆောက်နှင့်ခေးမ၊ တံစည်းရှသား၊ တစမထင်၊ သဘောပင်တည့်၊ ဘုံပြင်သာဟန်၊ နတ်နန်းမွန်ကြောင့်၊ လစန္ဒရာ၊ အထွက်မှာကား(၂)၊ ရွှေကြာရင့်ထွား၊ ပွင့်သောလားသို့၊ ဖားဖားလည်းကောင်း၊ ခပ်သွယ်လျောင်းမျှ၊ ဥဒေါင်းကတူ၊ ဟူလည်းမရဲ(၃)၊ ဂဠုန်ငဲသို့၊ ကြာဆွဲ

(၁) မျက်စိဆုံးသည်-ဟ၊ (၂) စန္ဒရသာ၊ အလတ်မှာကား-က၊
(၃) ဥဒေါင်းတွန်ထူး၊ ဟူးလည်းမရဲ-ဟ၊

ကြာယပ်၊ ကြာထပ်ကြာဖူး၊ ကျေးငှက်ခြုံးလည်း၊ မူးမူးပတ်လည်၊ မျက်ခြည်တွန့်တွန့်၊ ကွန့်ရွှန့်လျှင်၊ လန့်လန့်ကြွမှ၊ ထလတ်ဘနန်း၊ မကန်းလိပ်ငါး၊ အပါးပါးလျှင်၊ ဆပ်သွားကီးရန်း၊ သန်းသားကင်းမြီး၊ ကြက်မောက်ဆီး၍၊ လက်တီးကန်နား၊ လည်ဆီးတားလျက်၊ များသားအဝှန့်၊ ရွှေရွက်ညွန့်ကို၊ ဖြန့်၍ထုပျစ် [၁]၊ ယခုဖြစ်သား၊ အသစ်စဲစဲ၊ ဖိုဝထဲသို့၊ လက်ဝဲလက်ယာ၊ လိုင်သာကျည်းချောင်၊ လောင်လလိလိ၊ မီးကျို့အလား၊ ညှိလျက်ထားသို့၊ ဘဝါးချနင်း၊ ကြမ်းတပျင်းက [၂]၊ တဆင်းတည်းဘက်၊ ဝင်းဝင်းထွက်မျှ၊ ရည်စက်ရွှမ်းရွှမ်း၊ မျက်စိမှမ်း၏ [၃]၊ ပွတ်ခြမ်းပွတ်လုံး၊ ခါးပန်းဖုံးနှင့်၊ ရွှေတုံးရွှေချောင်း၊ လျောင်းရရောင်းလျှင် [၄]၊ မောင်းမောင်းစေ့းစေ့း၊ တေ့းတေ့းနိုနို၊ နန်းဘိနန်းလျှောင်၊ နန်းမဆောင်နှင့်၊ နန်းခေါင်နန်းဖျား၊ နန်းကိုးပါးတွင်၊ တခြားသင်းသီး၊ နတ်မင်းထီးတို့၊ ရောင်ဖြိုးပြည့်ပြည့်၊ နေထွက်ထည့်သို့၊ နတ်တည့်ပျော်ရွှင်၊ နန်းဥကင်လည်း၊ ကျည်းရွှင်ရွှက်လှ၊ တမြုံ့မနှင့် [၅]၊ သိပ်ချင်သွင်း၊ ဘိနပ်ခင်းလျက်၊ စဉ့်ကွင်းလက်ကောက်၊ နေခြည်ကျောက်က၊ တောက်လတုံတုံ၊ ရွှေဘိပုံလျက်၊ ရောင်ဟုံဝေဝေ၊ ရွှေမှတကဲ့၊ ငွေတည်းလဲမှု၊ ဆင်းရဲစနိုး၊ နတ်များညှိုးလျက်၊ ရွှေမိုးရွှေခြင်၊ ရွှေစင်

---

(၁) ဖြန့်၍ထုပစ်-ဟ၊
(၂) ကြမ်းတပျင်းလည်း-ဟ၊
(၃) မျက်တိမှမ်း၏-က၊
(၄) ရွှောင်းရရောင်းလျှင်-က၊
(၅) တမုန်မနှင့်-က၊

ရွှေကောင်း၊ ရွှေပျောင်းရွှေပြာ့၊ ဖွေးလတောဲ့ဟူ၊ ခပ်ဖြာ့ ညိုပြာ၊ တချို၀ါက၊ ဆရာပန်းချို၊ ဆေးစွန်းညိသို့၊ သိဂီရည် ရုန့်၊ မိုးကြိုးမုန့်နှင့်၊ ဂဠုန့်အန်ဘတ်၊ ဖျော်ခတ်ဘက်လက်၊ ရောင်ခြည်ကွက်၏၊ သက်သက်ပြည်ပြည်၊ သတောင်းလည် လည်း၊ ခပ်ကြည်သွင်သွင်၊ အပြင်တလီ၊ ဗုဇ္ဈန်ဆီနှင့်၊ ရည်နီ ကြောင်ကျား၊ သွယ်မြောင်ခြားလျက်၊ တပါးကြန့်ကြန့်၊ တဘန်ကြတ်ကြတ်၊ တလတ်ကောင်းကောင်း၊ မှည့်သော် မောင်းသား၊ ခပေါင်းအရည်၊ ရွှေကိုးမည်တွင်၊ ရောင်ခြည် လွှင့်လွှင့်၊ အဆင့်ဆင့်သော်၊အတင့်ကျော်ဟူ၊ ဘော်ဘီသကဲ့၊ ရှုစရဲ့မျှ၊ ပြဲ့ပြဲ့ထင်မင်း [1]၊ ဆန်းကြယ်ခြင်းဖြင့်၊ ထထင်း ကြက်သီး၊ စက်နှယ်လှိုးသား၊ မြေကြီးစိုးပိုင်၊ နန်းဦးကိုင်နှင့်၊ ပြိုင်သော်ရှုံးလှည့်၊ မိုးလုံးပြည့်သည်၊ ၊ကြည့်ကမူးမူး မတ် မတ်တည်း [2]။

၁၇။ ကြီးမားမြင့်၍၊ ကောင်းကင်ကွေ့ဝယ်၊ နေ့လည်း နေ့ခန်း၊ နေနှယ်ထွန်းသား၊ နေ၀န်း၀င်ချုပ်၊ ညဉ့်တည်းအုပ် မူ၊ တိမ်ပုပ်မည်းညစ်၊ ရှင်းရှင်းလှစ်လျက်၊ ထစ်ထစ်ပထင်၊ လအသွင်သို့၊ မိုးပြင်မှောင်ထဲ၊ ဖြူရောင်ကြဲ၍ [3]၊ နေ့ပဲ့ ရောက်ပြန်၊ တဘန်ပြောင်ပြောင်၊ မီးရှူးထောင်သို့၊ မျက် မှောင်စီမြဲ၊ ရွှေအိမ်သာနှင့်၊ လျော်စွာလည်းကောင်း၊

---

(၁) ပြဲ့ပြဲ့၀င်း၀င်း-ဟ၊ (၂) ကြည့်ကမူးမူး ပတ်ပတ်တည်း-က၊
(၃) ရောင်ဖြူကဲလျက်-ဟ၊

မြောက်ခပ်စောင်းက၊ လေကြောင်းပင့်ယှဉ်၊ နတ်ဥယျာဉ်လည်း၊ အချဉ်အချို၊ သစ်တိုသစ်နီ၊ သတီသတောင်း၊ ဝှေးဖအောင်းတည့် [၁]၊ သင်ပေါင်းသမီး၊ အိမ်ဇီးမန်ကျည်း၊ တောင်တလည်းနှင့်၊ စရည်းရှစ်ရှား [၂]၊ သဖန်းခါးက၊ စောင်းလျား ကမ္ဘလာ၊ ထောက်ရှာ တည်သီး၊ ညီးရရီးလျှင်၊ လုံးကြီးကျွဲကော၊ ဟက်ပျောသီးရှည်၊ သစ်မည်စည်လည်း၊ ပျားရည်ရောရု၊ နတ်ရတုဖြင့်၊ သီးနုရှိလင့်၊ သီးမာရင့်လျက်၊ မှည့်၍တချို၊ နတ်မင်းတိုသည်၊ ၊ချစ်ပျိုလေးလေး မြတ်မြတ်တည်း။

၁၈။ ကြွေ့ကြွေ့ချစ်ပျို၊ ညို့ရရို့နှင့်၊ တချိုဝါဆန်း၊ မှည့်ရွှေစွန်းလျက်၊ နန်းသို့ရင်ဆိုင်၊ မျက်နှာပြိုင်ဖြင့်၊ ဂနိုင်တောလုံး၊ သီးမျိုးရုံးသား၊ ပအုံးဟင်းစား၊ သခွါးငပြုတ်၊ မျောက်လုတ်ဖအောင်း၊ ပင်ပေါင်းမည်းပြာ [၃]၊ ဖာလာကရဝေး၊ ကျွေးနှင့်ခရမ်း၊ စင်ပြွမ်းသတွတ်၊ ချဉ်ပြွတ်လင်းရှော [၄]၊ ကလော ခံစပ်၊ သနပ်နရွဲ၊ ပိန္နဲ သရက်၊ ဇမြက်မြမြ၊ အရသာမျိုး၊ ကနစိုးလည်း၊ ခက်ကျိုးညွတ်မျှ၊ ဆွတ်မတတည့်၊ ပင်ဃတပတ် [၅]၊ ရင်ခတ်ရင်ကမ်း၊ နတ်ရပ်ကွမ်းလည်း၊ ရိပ်ချမ်းမမိုး၊ နတ်တန်းခိုးဖြင့်၊ ခက်ရိုးမြမြ၊ ပင်လှမနုန်း၊ ထန်းနှင့်အုန်းလည်း၊ ဘုန်းလည်းကောင်းသာ၊ အ

---

(၁) ဝှေနှင်ဟောင်းမှ-က၊ (၂) မြောက်လုတ်မှက်သြ၊ မင်းပေါမဲပြာ-က၊
(၂) ဗဟည်းရှိရှား-က၊ (၄) ချည်ပြတ်လင်ရှော-က၊
(၅) ပွင့်စတမွတ်-က၊

ကြောင်းစွာဖြင့်၊ သုဒ္ဓါထက်ပြည့် [၁]၊ ထည့်လတ်တုံပြီး၊ ညိုးညိုးညီးမျ၊ ခိုင်ဖြိုးလှလျက်၊ ခက်လက်ကုန်အောင်၊ ရွက်ဖူးခေါင်သည်၊ ။ရွှေရောင်စွေးစွေး စွတ်စွတ်တည်း။

၁၉။ အထူးထူးသား၊ ပင်လူးရွက်ပျို၊ ခက်လက်ညိုမျ [၂]၊ ပဲချို ဧမြက်၊ ပဲတက်နွယ်ငန်း [၃]၊ လုံးဝန်းလုံးတိ၊ ခရမ်းပိုလည်း၊ ဘုန်းရှိစားဘို၊ ကစိုကစော့၊ မှန်တော့မှန်လာ [၄]၊ တမာတမဲ၊ ဥနဲကြစု၊ ကက္ကူခံတက်၊ ဖက်သက်ဖက်အုပ်၊ ဝါးလက်ခုပ်နှင့်၊ ရေမြုပ်ကြိမ်သီး၊ ညိုးညိုးမရှား၊ သစ်ကျားသစ်အယ်၊ ပေါယယ်စယို [၅]၊ ဇာတိပို့လ်နှင့်၊ ကြံညိုကြံဖူး၊ သစ်အုသစ်တော် [၆]၊ လဲလော်ဝက်ခါက်၊ ရှောက်နှင့်ပိတ်ချင်း၊ မှန်လျင်းမှန်ကူ၊ သစ်ဆူကြောင်လျှာ၊ နွေခါသရစ်၊ ဥသျှစ်မှည့်ဝင်း၊ မုန်လင်းရုတ်၊ ကျေးနုတ်ခပေါင်း၊ စားကောင်းသမျှ၊ ကာလမငုံ၊ အသီးဖုံသား၊ ဖောက်ကြုံစောင်းခါင် [၇]၊ ပညောင်မှည့်ရွှေ၊ သပြေသဖန်း၊ လင်းလွန်းပြည့်စင်၊ ချည်းအင်လွန်တော [၈]၊ နှစ်သိမ့်ပျောမျ [၉]၊ သဘောစူးစမ်း၊ နတ်ရုပ်တမ်းဖြင့်၊ မှည့်ရှမ်းကင်းနှု၊ သုံးထွပ်လျက်၊ လူသုံးအလိုက်၊ မြေဝယ်စိုက်သို၊ အမြိုက်မြိန်နုံ၊ ဇပျံပျံတည့်၊

---

(၁) သုဓာတတ်ပြည့်-ဟ၊ (၅) ယိုယယ်စရို-က၊
(၂) ပင်လူးတက်ပျို၊ ခက်ရွက်ညိုမျ-က၊ (၆) မအုသစ်တော်-က၊
(၃) မှည့်ချို၎မြက်၊ပဲပြက်နွယ်ငန်း-ကဲ၊ (၇) ဆောက်ကြုံစောင်ဆောင်-က၊
(၄) မှန်သော့မှန်လာ-ဟ၊ (၈) ချေအင်လိမ်တော-က၊
(၉) နှစ်သိမ့်ပြောမျ-က၊

အနှံ့ထက်ပြည့်၊ သြဇာထည့်သည်၊ ၊သီးလှည့်ကျိုးခန့် ပြွတ်ပြွတ်တည်း။

၂၀။ အခြားအခြား၊ ရံဆီးတားလျက်၊ ရွက်ပါးရိုးညှံ၊ ငရံ့ပတူ၊ မအူပျဉ်းထိမ်၊ ဝက်ကြိမ်အိပ်မွေ့၊ ကျည်ပွေ့လုလင်၊ သင်းဝင်မျောက်ငို၊ ယာသိုလဲအုံ၊ ကင်းပုံကျီးအာ[၁]၊ ချို စွာစွာလျင်၊ သကာရည်ခဲ၊ မတူပဲတည့်၊ သင်းတွဲပဲလင်၊ ဆူးချင်သစ်ဆိမ့်[၂]၊ ပင်နိမ့်ပင်မြင့်၊ စွင့်စွင့်စွန်းစွန်း၊ သွန်းသွန်း သွယ်သွယ်၊ ကြီးငယ်စိပ်စိပ်၊ ပင်ရိပ်မြိုင်မြိုင်၊ သီးခိုင်လူလူ၊ ပွင့်ဖြူဝေဝေ၊ အထွေထွေလည်း၊ ဖြည်းလေခတ်ဝှေ့၊ တွေ့လ မူကား၊ လူနှယ်ယား၍၊ ရွက်ဖျားမထိ၊ ပင်ခြေချိလျက်၊ ဇာတိတည်ဦး၊ နတ်ပြည်ထူး၏၊ ငုံဖူးမလပ်၊ ပွင့်ချပ်မညှိုး၊ သီးစပျိုးမှ၊ ဆိုရိုးမိတ်လင်၊ သာရွင်နှစ်ထွေ၊ မိတ်ဆွေနှစ်စုံ၊ ပန်းမာလ်တုံလည်း၊ ရွှေဘုံမိုးသား၊ တန်းခိုးအားဖြင့်၊ စံကား ရွှေစက်၊ ပုန်းညက်ရွှေလှော်၊ ကုံကော်ရွှေသွေး၊ မုလေး ရွှင်ပြုံး၊ ကြက်ရုံးရွှေသား၊ ချရားရွှေဝါ၊ ဇလတ္တာရွှေပေါက်၊ ပိတောက်ရွှေဆင်း၊ အင်ကြင်းရွှေတူ၊ ပျဉ်းဖြူရွှေရောင်၊ လယ်ခေါင်ရွှေစွန်း၊ အနန်းရွှေလှော်၊ စွယ်တော်ရွှေစွတ်၊ ဖက်ဆွတ်ရွှေလူး၊ ထင်းရူးရွှေဟန်၊ သရက္ခန်ရွှေဘက်၊ တိမ်း ညက်ရွှေညှောက်[၃]၊ တောရှောက်ရွှေသာ၊ ကြုံစာရွှေဝင်း၊

---

(၁) ကင်းပုံကျီအာ-ဟ၊ (၂) သင်းတွဲပယ်လင့်၊ ဆူးချင့်သစ်ဆိမ့်-က၊
(၃) သရက္ခန်ရွှေပက်၊ ထန်းချက်ရွှေညှောက်-က၊

တန်ဆင်းရွှေပြီ၊ ကတ္တရီရွှေနှုန်း၊ ဂမုန်းရွှေလား၊ ဆပ်သွားရွှေဆီ၊ သရဘီရွှေနည်း၊ စရည်းရွှေခဲ၊ ဘိန်းနွဲရွှေနှိုင်း[၁]၊ ဒဝယ်မှိုင်းနှင့်၊ မြစ်ကိုင်းတောင်ကြာ၊ ဆွာမိုးဆွေ၊ သင်းခွေကြက်မောက်၊ ပေါက်လည်းလေးပါး၊ ပန်းထင်ရှားနှင့်၊ နဂါးပန်းထူး၊ ဆီတ်ဖလူးက၊ ကွမ်းဖူးကွမ်းလင်၊ ညွှန့်ရှင်ခက်ဖြာ၊ ပရဝါမြလွှ၊ အသောကတို့၊ နိစ္စမခန်း၊ ထုံရိုးမွန်းလျက်၊ ရွန်းရွန်းရွင်းရွင်း၊ ပန်းခပင်းကို၊ လေညှင်းပို့လာ၊ နန်းသို့သာလျှင်[၂]၊ မျက်နှာတူရှု၊ ဝတ်ဆံပြူလျက်၊ နံ့ကြူလှိုင်တက်၊ ကြိုင်စေလျက်တည့်၊ ပင်ထက်ယော်ယောင်း[၃]၊ ရွက်ပေါ်ဟောင်းဖြင့်၊ သံထောင်းလနွေ[၄]၊ ရှင်းရှင်းကြွေ၍၊ ပင်ခြေမြင့်မြင့်၊ ခက်ဆင့်ရှိမ်းရှိမ်း၊ ရွက်စိမ်းသန့်သန့်၊ မြနှယ်ညွှန့်မူ၊ လိုလွန့်မပွင့်၊ လူလျှင်ချင့်သို့၊ စီးစွင့်ဆီးဆိုင်း၊ ခက်ကျိုင်းဖြင်ပည်း၊ တညီဟည်းလျှင်၊ သုတ်ဖြည်းလေကောင်း၊ နံ့သစ်လှောင်းလျက်၊ တပေါင်းလည်းကျူး၊ လတန်းခူးသည်၊ ၊ပန်းဦးပေါ်စ လတ်လတ်တည်း။

၂၁။ ဆိုင်းရရိုင်းသား၊ ပန်းတိုင်း ဆွာ၊ ရွှေရင်းမာနှင့်၊ မဟာလှေကား၊ မုရားရွက်သွန်း၊မျက်နှာပန်းလည်း၊ ပွင့်ဆန်းမပွင့်၊ ရိုးတံမြင့်လျက်၊ ခါသင့်ဆုံးဖြတ်၊ ကြိုင်မွေးလွှတ်၏၊ စိမ်းလတ်ရွက်ညို့၊ ထိုပန်းတို့တွင်၊ တချိုသံဘက်၊ ခက်လက်ဆွကြွ၊ ပွင့်ရိပ်ပြမူ၊ တဝကမ္မံ၊ အဟံဇာနာ၊ ဝါစာဝှက်ထား၊

---

(၁) စရည်းရွှေကဲ့၊ ဘိန်နွဲ့ရွှေနှိုင်း-က၊ (၃) ပင်ထက်ရော်ယောင်း၊
(၂) နတ်သိုသာလျှင်-က၊ (၄) သန်ဆောင်းလနွေ-ဟ၊

စကားရှစ်ခွန်း၊ နှုတ်စောင်ရန်းကို၊ ဖြန်းကြသောအား၊ သိဘိလားသို့၊ တပါးလို့လွန်၊ ဦးမခွန့်တည့်၊ ဗိမာန့်သနင်း၊ နတ်မင်းတစီ၊ အလို့ရှိမူ၊ ပီတိဆုတ်နှုး၊ ခက်လက်ထူး၍၊ ပုဉ်ဖူးမပိန်၊ ရွှေရည်မိန်သို့၊ ဣန္ဒနီလာ၊ မြရွက်ညာနှင့်၊ သန္တာအရိုး၊ ဝတ်ဆံထိုး၍၊ ဖြိုးဖြိုးကဲလွန်၊ နုံမြူးဌန်မျှ၊ ချီချန်ပုဉ်နှင့်၊ ခါမလင့်တည့်၊ ခါသင့်သရစ်၊ ရောက်တုံလစ်မူ၊ အမြစ်ငါးဖြာ၊ ရွက်ညာကိုးမည်၊ ပုဉ်ရည်ခြောက်ဆိုင်၊ အခိုင်ခိုင်လျှင်၊ တပြိုင်ညီရုံး၊ သီ၍ကုံးသို့၊ ခက်ပြုံးရွက်ရှင်၊ မြပင်ရိုးတန့်၊ ပုဉ်ရောင်ဖြန့်၏၊ နတ်ပန်းဘာသာ၊ နတ်တည့်ရှာ၌၊ ပျော်ရွှာစေခြင်း၊ နှင်းလည်းမဖျန်း၊ ရေသွန်းမတွေ့၊ မျိုးစေ့မကြဲ၊ ဆင်းရဲမနှောင့်၊ ဆိုးအောင့်မကျည်း၊ လက်သည်းမပြုန်း၊ နတ်တို့ဘုန်းဖြင့်၊ သီးတုန်းပုဉ်တုန်း၊ ခါဆုန်းမြော်ထောက်၊ မျက်ဖျော်လှောက်သား၊ မြောက်ကဉ္စျာဉ်၊ စပ်ကာယှဉ်လျက်၊ တောင်စဉ်ခန်းဝါ၊ နန်းလက်ယာက၊ ဆိပ်သာကျယ်ဝင်း၊ တလယ်ခင်းမျှ၊ ခြေနင်းမြကျောက်၊ ချိုးငြိမ်းသောက်သား၊ ပေါက္ခရဏီ၊ ခေါ်ညီဘုင်စွာ၊ ရေကန်သာလည်း၊ ဝါတာလေမင်း၊ ပန်းခပင်းက၊ လေညှင်းပို့ပို့၊ ရနံ့ထုံရည်၊ ကြည်းကြည်းကြည်လျက်၊ ငါးမည်ကြွာရွှေ၊ ပုဉ်ချုပ်ဝေမျှ၊ ညနေရီမှောင်၊ ဝတ်ဆံရောင်သည် ၊ ၊လယ်ခေါင်နံရည် တုတ်တုတ်တည်း။

---

(၁) ဝတ်ဆံဆောင်သည်-ဟ၊

၂၂။ ချမ်းမြေ့လွန်၍၊ ရေကန်တန်ဆာ၊ စုံအင်္ဂါဖြင့်၊ ဟသ်ဝမ်းဘဲ၊ ပျံဝဲလည်ရွက်၊ ကြင်ဘော်ဘက်နှင့်၊ ခြေလက်ညောင်းဆန့်၊ ရွှေတောင်ဖြန့်လျက်၊ မြူးကွန့်စလှာ၊ ရွှေကြိုးကြာလည်း၊ မကွာတူခန၊ ဘော်နှစ်ဆွေဖြင့်၊ သံခြေရင့်တွန်၊ ချစ်စဟန်ကို၊ ကဲလွန်ဆင့်ပို၊ မျက်ပွင့်ဆိုလျက်၊ မယ်ညိုသောင်တင်း၊ ရွှေပိန်ညင်းလည်း၊ ဘော်ချင်းငယ်ဘက်၊ ရည်းကြလျက်တည့်၊ ငှက်၏ဘာသာ၊ ခြင်းရာဘော်လို၊ ဝမ်းကွဲဆို၍၊ ဖရိုဖရဲ၊ နှုတ်ထွက်ကြဲလျက်၊ ဆွေညဲမောင်နှံ၊ နေရောင်ခံ၏၊ ကမ်းယံမှခိုင်း၊ ရွှေဥဿုံလည်း၊ မရိုင်းထိုဝယ်၊ ချစ်ရိပ်သွယ်လျက်၊ ရေနွယ်ခေါက်ချိုး၊ ရေအောက်သို့ဝှေး၍၊ ကြာခိုးကြာစွယ်၊ နုံကြွယ်ပွဲရာ၊ ကျူးစရှာ၏၊ သာယာရှင်ပျော်၊ ကျွမ်းဝင်ဘော်သား၊ စင်ရော်မြစ်ကွေး၊ ချစ်သံလေးနှင့်၊ ဝေးကစုလျှင်၊ ရတုရေဖျန်း၊ နှုတ်ဘိုးပန်းဖြင့်၊ ရှန်းရှန်းရှင်ရှင်၊ ဖျင်မရဘတ်၊ ချည်ခင်စုတ်တုံ[၁]၊ ဆုတ်ဆုတ်ကြင်လွန်း၊ မိတ်ခင်ပွန်းနှင့်၊ ပျံသန်းပျံကြွား၊ ရေပေါ်လွှားလည်း၊ ခြေဖျားမစွတ်၊ ရွှေတာင်ခတ်လျက်၊ နှုတ်ကားမဟုတ်၊ တန်းခိုးရှုတ်သို့၊ ပျံသုတ်မြောက်အား၊ ခြေထောက်နားလည်း၊ တပါးမဝေး၊ ရေကျေးရေငှက်[၂]၊ မြူးထူးလျက်တည့်၊ ရေထက်နားတုံ၊ ကြာနားဘုံလျှင်၊ စဲခုံပြင်ဖြူ၊ သဲကမ်းငူထက်၊ လွယ်ကူမငြို၊ ဖြစ်စေလိုက၊ ကိုယ်ကိုစိရင်၊ ငှက်ချုပ်ပြင်သည်၊ ၊ဆောလျင်ခဏ သွတ်သွင်တည်း။

---

(၁) ခြည်ခင်ဝတ်တုံ-က၊ (၂) ရေကျေးရေကြက်-က၊

၂၃။ ဝါဆို ဝါခေါင်၊ လေပြင်းဆောင်၍၊ ဆင်ပြောင်ဦးရှိ၊ တံပိုးဖိလည်း၊ ကျိကျိကျွိကျွိ၊ တခဲ့လောက်၊ ယင်တသောက် မျှ၊ မနောက်စမြဲ့၊ ကြပတေ့ဖြင့်၊ စက်မွေ့ဘော်ယဉ်၊ ပျော် ဘကယှဉ်လျက်၊ ဝဲညာဉ်ရှင်ရှင်၊ ပန်းတောဝင်နှင့် (၁) သဘင် ရေမျိုး၊ နတ်တို့ချိုး၏၊ ရှင်နိုးရှင်ပျ၊ တစက်ကျမှု၊ မြမြ ချမ်း၍၊ သီတမ်းစိမ့်စိမ့်၊ ငြိမ့်မျ၊ နှင်းသိမ့်ပျော်ဘွယ်၊ ရေကန်ကျယ်၌၊ အလယ်ဗဟို၊ ရွက်ဖျားညိုနှင့်၊ ရည်ချို လေးလေး၊ မွေးရရွေးသား၊ တွေ့တွေ့ဝါနီ၊ ဝတ်ဆံစီလျက်၊ ရွှအိချစ်ထပ်၊ ချပ်ရရပ်တည့်၊ လှပ်လှပ်ဝန်းလည်၊ ညှိုးညှိုး ရှည်လျက်၊ သာကြည်ရွှန်းရွှန်း၊ တဖြုန်းဖြုန်းလျှင်၊ ပိတုန်း အပေါင်း၊ ပန်းရက်တောင်း၏၊ လှောင်းလှောင်းကြိုင်ပျံ၊ မြင်သူအံ့မျ၊ ဝတ်ဆံ့အလျောက်၊ ကောက်ရရောက်သား၊ မြခေါက်ရိုးမြင့်၊ ဖြိုးဖြိုးတင့်လျက်၊ တပင့်အနက်၊ မြည့်ရွက် ဝယ်၊ ငါးခက်လည်းဖြာ၊ ငါးပွင့်ပါလျက်၊ လက်ယာရံလည်၊ ရောင်လှဲခြည်နှင့်၊ ရွှေရည်ဆံတက်၊ ကြာတောင်ခတ်သို့၊ နတ်တည့်တန်းခိုး၊ ငါးကြာမျိုးတွင်၊ ချိုးလည်းမှမှ၊ အလှ ခြောက်စုံ၊ ကြာပဒုံကား၊ ငုံသားတိတိ (၂)၊ မရှိပလေ၊ အာပ စေလျက် (၃)၊ ရွှေတန်ဆောင်နှယ်၊ ပွင့်ရောင်ခြယ်၏၊ အံ့ဘွယ် တထူး၊ နှာခေါင်းစူးမျ၊ ကူးတို့လှည့်စွာ၊ နတ်တည့်ရှာမှာ၊

---

(၁) ပန်းတောဝင်နှင့်-ဟာ၊ (၂) ဆုံသားတိတိ-က၊

(၃) အံ့ပစေလျက်-က၊

ဝါဝါခတ်ပြင်း၊ ခြင်းခြင်းချက်ချက်၊ သန္ဓာခက်သို့၊ အရွက်ကဲ့လမ်း၊ ဟင်းရမ်းထော်ပြည်၊ ရွှေလှော်ရည်သို့၊ ရိုးရှည်ကန်စွန်း၊ မှော်ရွက်ဝန်းလည်း၊ ဆန်းလတ်သောထွေ၊ ဝတ်ဆံချေလျက်၊ နတ်ရောခန့်ချုံး၊ ကန့်အလုံးလျှင်၊ ကြုတ်ဖုံးဖွင့်လျက်၊ ခန်သရက်သို့၊ လှိုင်တက်ပေါက်ပြ၊ လေညင်းထပ်၊ ကြွကြွချင်မှတ်၊ ရှင်ဆွတ်ဆွတ်မျှ၊ လတ်လတ်အသစ်၊ သရစ်စဲစဲ၊ ပုလဲချက်ပုံ၊ ပြင်စဲခုဂယ်၊ စွယ်စုံမျက်လုံး၊ ရောင်ခြည်ပြုံးလျက်၊ ပြည်ကုံးသယောင်း[1]၊ ဇလှသိန်းသောင်းနှင့်၊ ပဲ့ပေါင်းတင်တင်၊ ခင်ဒုရင်လည်း၊ သွင်ပြင်ကောင်းထူး၊ ဥဒေါင်းမြူးသို့၊ ရှေခြူးလိမ်ရှက်၊ မှော်ရွက်နရိုး၊ ဆောက်လုံးထိုးလျက်၊ ညိုးညိုးညီးညီး၊ ရုပ်ကြီးရုပ်ငယ်၊ ရွှေကြယ်အတိ၊ မျက်စိမျော်ကြည့်၊ ရှုပျော်လှည့်လျက်၊ နတ်တည့်ရွေးဘုန်း၊ ရေးသည့်ဆုန်းဖြင့်၊ ဥတုန်းစကား[2]၊ ထားလည်းကြံယူ၊ တကူလက်ထောက်၊ ကြွက်လျှောက်နုံတောင်း၊ မစောင်းမပျော်၊ စေ့စပ်တံဘိုင်း၊ အပိုင်းအဆစ်၊ အပြစ်မထင်၊ ကြောင်ဝင်အုပ်အုပ်၊ ခွန်းဆက်ချုပ်လည်း၊ မလှုပ်မရှား၊ ထန်းတဖျားသား၊ ပဲ့နားဦးစွန်၊ ရွှေတမ်းခွန်လည်း၊ လည်ပြန်လှန်ခြောက်၊ ခြသေ့ဟောက်လျက်၊ အောက်ကသားရဲ၊ မိကျောင်းခဲ၍၊ ကျစဲအံသွား၊ မာန်ကြွားကြွားတည့်၊

---

(၁) ပျဉ်ခုံးသယောင်း-ဟ၊
(၂) ဥဒုန်းစကား-ဟ၊ ဦးတုံးဆင့်ထက်၊ ခင့်တုရင်မျိုး၊ အုံနီမိုး၍-(တရုပ်သံရောဂ် မော်ကွန်း)၊

မားမားမောက်မောက်၊ ရှေနောက်ကိုကို[၁]၊ ပျိုလည်းပျိုစေ၊ သွန်းသွန်းခွေလျက်၊ ကြန်သေသင့်ထား၊ဝပ်သည့်ဘားထက်၊ နဂါးသည်ခေါင်း၊ ကျေးစေချောင်းနှင့်[၂]၊ ရေကြောင်းစုန်ဆန်၊ ဗိမာန်မကွာ၊ ချမ်းသာမကင်း၊ ဝင်းဝင်းဝေးနီး၊ နတ်သမီးမရှား၊ နတ်သားဖြင်ပည်း၊ လှတင့်ရည်းလျက်၊ ခြည်းခြည်းချင်းချင်း၊ စောင်းငြင်းအသံ[၃]၊ ချေငံထက်ဝန်း၊ သာစခန်းနှင့်၊ ရေနန်းအိမ်ဆောင်[၄]၊ တပြောင်ပြောင်လျှင်၊ မိုးခေါင်ထက်ဘုံ၊ မြင်လှည့်တုံသည်၊ ၊အာရုံလတ်လတ်ဘတ်ဘတ်တည်း။

၂၄။ ဤသို့စုံလှည့်၊ အင်လုံးပြည့်သား၊ နတ်တည့်ပြည်ရွာ၊ မြင်သောခါလည်း၊ ကြေညာထိန်းကျောင်း၊ ဦးခေါင်းမှန်ကူ၊ တခွန်းပြူက[၅]၊ ဇမ္ဗူကြူးရိုက်၊ မူးမူးမိုက်မျှ၊ ယိုက်ယိုက်တုန်ဘိ၊ ဘုန်းတော်ရှိသား၊ နေမိမင်းခေါင်၊ မင်းမျှာ့နောင်ကား၊ တိမ်ဆောင်စပ်ကြား၊ မထိပါးတည့်၊ ရထားနှင်တတ်၊ သိကြားမတ်ကို၊ မိုးလတ်တန့်နား၊ မြင်းဦးထားလျက်၊ ဝမ်းပါးနှစ်ထောင်း၊ နှုတ်သံညောင်းနှင့်၊ အကြောင်းသိကုံ၊ မေးလတ်တုံ၏၊ အပုံအယင်၊ မြန့်တိုင်းခွင်ဝယ်၊ ဦးတင်ထွတ်ဖျား၊ ငါမင်းအားကို၊ ရထားမြင်းလျင်၊ ယူလှာတင်သည်၊ နတ်ရှင်ယုံဘိ၊ မာတလိ၊ ၊မီးကျီးအရောင်၊ လောင်

---

(၁) ရှေနောက်တိုတို-က ၊ (၃) စောင်းငြင်းအဲသံ-က၊
(၂) ကြောစည်ကောင်းနှင့်-က၊ (၄) ရေနန်းရေဆောင်-ဟ၊
(၅) တံခွန်ဖြူက-က၊

လလိုလို၊ ကောင်းကင်ညိုဝယ်၊ ဆိုလည်းမယုံ၊ တောင်မျက်ပုံသို့၊ ရွှေဘုံပြောင်ပြောင်၊ ရွှေရောင်ဖြိုးဖြိုး၊ ရွှေမိုးလတ်လတ်၊ ရွှေကြယ်ခတ်လျက်၊ ရွှေပုတ်ရွှံတုံ၊ ရွှေလိုင်ရွှေချောင်း၊ သိန်းနှစ်သောင်းနှင့် (၁)၊ ခပေါင်းမှည့်ခါ၊ ကြည့်စပါလည်း၊ ခပ်ဝါဖြော့ဖြော့၊ တန်လျှင်းတောဟု၊ ပြော့ပြော့နီ မြန်း၊ လယ်ခေါင်ရန်းသို့၊ ကျယ်ဝန်းဖြောင့်ဖြောင့်၊ ရှစ်ထောင့်ပေါ်၊ ကြန်ညီထုပ်လျောက်၊ အောက်ကလည်ကို့ယပ်ရိုး သားလွန်း၊ နတ်မင်းနန်းဟု၊ ရှန်းရှန်းလတောက်၊ မိုးတလျှောက်ငယ်၊ ရိုးထောက်ကိုးတောင်၊ ရွက်ဖြူဆောင်လျက်၊ ရွှေညောင်သွင်သွင်၊ ရွက်ရှင်လူလူ၊ ရွှေချူသွယ်ရွက်၊ ကိုးမည်မျက်လည်း၊ အထက်ဖြင်ပါ၊ ကြည့်မရဲတည့်၊ နတ်ပွဲမဆိတ်၊ ညိုးညိုးညိုတ်မျှ၊ မှိတ်သားမျက်စိ၊ မဒိုလေသာ၊ ရတနာပြောက်ကန်၊ ရွှေခုံပြန်ထက်၊ မာန်မလွတ်သေး (၂)၊ ချစ်နုံမွေးမျှ၊ ငယ်သွေးပျိုနိုး၊ သောင်းထိပ်မိုးလျက်၊ တန်းခိုးပြောကြွယ်၊ လွန်တင့်တယ်သည်၊ ၊အဘယ်မိုးနတ် သားတည့်နည်း။

၂၅။ ပေါက္ခရဏီ၊ နဒီရေကန်၊ ပန်းမာလ်သစ်သီး၊ တပြည်ထီးဖြင့်၊ ယိုစီးကျပေါက်၊ နေခြည်ကျောက်သို့၊ ရောက်လတ်စဉ်း၊ မမြင်ဘူးသော်၊ မိန်းမူးချိုးမြှင့်၊ တဖင့်ဖင့်လျှင်၊ ချစ်ခွင့်သိရှိ၊ ဇီရဏီနှင့်၊ သိဂိလိုင်ချောင်၊ နန်းထဆောင်ကို၊ မင်းခေါင်စေ့ရေ၊ ချီးမွမ်းချေ၏၊ ရိုသေနှိမ့်ချ၊

---

(၁) သိန်းကိုးသောင်းနှင့်-ဟ၊ (၂) မာန်မလွန်သေး-က၊

သည်မှာမှတည့်၊ ပြောပဲ့ချီး၊ အံ့ဘွယ်ကြီးလျှင်၊ ခရီးထွက်ထွက်၊ခေါ်ငှက်ထူးထူး[၁]၊ ကျေးဇူးထင်ထင်၊ ဘေးမမြင်တည့်၊ ငါလျှင်ကောင်းဘို၊ နှစ်လိုစေရ၊နိမိတ်ပြသို၊ ကြိုးကြာ့မြည်သံ၊ ကျည်းရွက်ယံကို၊ လက်တံညွှတ်ညွှတ်၊ တချက်ခတ်က၊ လတ်လတ်လက်လက်၊ ကျည်းရှင်ထွက်၍၊ အထက်ဝင်းဝင်း၊ ပြင်ထုတ်ချင်းလျင်၊ သလင်းစိုက်ထောင်၊ မိုက်သည့်မှောင်လည်း၊ ရွှေတောင်ဟူပြီ၊ ညဉ့်မရှိသို၊ ဇာတိကောင်းထွတ်၊ ဥပပါတ်ဖြင့်၊ မိုးနတ်စင်စစ်၊ ဖြစ်စခေါက်ရက်၊ တပြက်ပြက်သား၊ ကျက်သရေထုံ၊ ရွှေစင်ပုံသို၊ နောင်ယုံနတ်ကို၊ ရွယ်လည်းပျိုလျက်၊ နှုတ်ချိုပျံ့ပျံ့၊ နန်းလုံးနှံ့က၊ ရွံ့ရွံ့ကြုံ့ကြုံ့၊ ယုံ့ယုံ့ယူးယူး၊ နဖူးရှိတင်၊ ညွှတ်ကြည်လင်တည့်၊ ရည်ရှင်မျက်ပြစ်၊ သင်းကျစ်ရွှေပေါင်း၊ မြနားတောင်းနှင့်၊ မျက်ကောင်းပည်းထူ၊ သရဘုတန်ဆာ၊ လည်မာဆန်းကြယ်၊ ဆဲ့ကိုးသွယ်သား၊ စလွယ်ရောင်ချက်၊ ပြုံအမျက်ထက်[၂]၊ သက္ကဒါန်ထောင်၊ ခြယ်စီမြောင်လျက်၊ ကြောင်မျက်ရွဲနှင့်[၃]၊ ပုလဲသန္တာ၊ အချာရှုပ်ဆိုင်း[၄]၊ သင်တိုင်းဆင်ဝတ်၊ တင့်လှမြတ်မူ၊ နဂပတ်လည်ရှက်၊ ရွှေချည်ရက်သား၊ ခက်လက်ညွှန်ဖြာ၊ ပဒေသာမှ၊ အညှာမပျက်၊ အရွက်မပဲ့၊ နွဲ့နွဲ့ခိုင်ညွှတ်၊ ဖုးခေါင်ဆွတ်သား၊ လတ်လတ်သစ်သစ်၊ စနစ်ပပျောက်၊ ပိတ်အခေါက်ဖြင့်၊ မြ

(၁) ငေါ်ငက်ထူးထူး-ဟ၊
(၂) ပြွန်အမျက်ထက်-က၊
(၃) သက်ကတန်ထောင့်၊ ခြယ်စီမြောင့်လျက်၊ ကြောင့်မျက်ရွဲနှင့်-က၊
(၄) အချာရှုပ်ထိုင်း-က၊

ကျောက်လှပ်လှပ်၊ ကျည်းတို့ ဖွပ်လည်း၊ မစပ်လှည့်ကျင်၊ ကိုယ်ပေါ်ထင်၏၊ ရည်ရွှင်ရွှင်းရွှင်း၊ လေးထောင့်ခင်းနှင့်၊ မုန်ညင်းရံစိတ်၊ သရစ်ပိတ်သား၊ ဘိတ်ဘိတ်လတောက်၊ လက်ကောက်လက်စွပ်၊ စကျပ်စငွေ့၊ ကြွေ့ကြွေ့အစုံ၊ ပုံလသောလား[1]၊ ခမ်းနားစီတန်း၊ မုနောမှန်းသား၊ လင်ပန်းသန္ဓေး၊ သောက်ရေကျွေးလည်း၊ ဝေးဝေးမဆုတ်၊ ရွှေစင်ခုတ်သို့၊ မှတ်ကတောက်နိုး၊ မောက်မောက်ဖြိုးလျက်၊ နရိုးဆယ်တန်၊ ရွှေကြာပြန်နှင့်၊ အမွှန်လုပ်သစ်၊ ရွှေအိုးပျစ်လည်း၊ ကျစ်လျစ်ဘီသည်၊ ရွှေတော်တည်လျက်၊ အမည်ထွေပြား၊ ဖျဉ်းကရားကား၊ မရှားလှည့်တုံ၊ မင်းခမ်းပုံလျက်၊ ရောင်ဟုန်ဇယ်ဇယ်၊ ပြောင်ပြောင်ကယ်သည်၊ ၊အဘယ်မိဖုရား တည့်နည်း။

၂၆။ ဘုန်းချင်းတွေ့ဆုံ၊ ချစ်ရိပ်မြုံ၍၊ ကြေးမုံထင်ထင်၊ သွင်ပြင်လျလျ၊ နှမလည်းကောင်း၊ ဆွေမပြောင်းသား၊ တောင်စောင်းလက်နီး၊ တပွင့်ထီးနှင့်၊ ညီးညီးတခြား၊ မယားပီပီ၊ ကလျာကီဖြင့်၊ ငယ်ချိုငယ်ပိုး၊ အမျိုးအချင်း[2]၊ ဆွေညဲမင်းတို့၊ ကျိုးကျင်းရယ်ပြုံး၊ ယင်ထုံးလျက်၊ ရွှေကုံးဆင်ရစ်၊ ပန်နစ်ဂိဝါ၊ ကေသာစိန်ပွင့်[3]၊ ကြာနှင့်မြလျှောက်၊ တင်ညောက်ပျပ်ပျပ်၊ ဖြူးကသပ်သား၊ ဆံစပ်ရေးရေး၊ သွယ်

---

(၁) ကြွေ့ကြွေ့အဖြုန်း၊ ပြုန်းလသောလား-ဟ၊ (၂) ဆွေမျိုးသားချင်း-က၊
(၃) ကေသာစိန်ပွင့်-က၊

ပတ်ကွေးလျက်၊ ဆယ်လေးတင်းတင်း၊ သနစ်သွင်းသို့၊ မင်းတို့ အစဉ်၊ ဆံလျဉ်မျက်မြွာ၊ ကုဏ္ဍလာလည်း၊ ခြူးကြာပြောက်ကွင်း၊ ဓနုတွင်းလျက်၊ ခတ်ပြင်းရည်နု၊ ရောရုရည်ကောင်း၊ အခြည်လောင်းမူ၊ နားတောင်းအရောင်၊ လောင်လလိလိ၊ ရှိရှိရှယ်ရှယ်၊ ငယ်ကိုယ်ငယ်မူ၊ နုံကြူလှိုင်တက်၊ ကြိုင်ကြိုင်ထွက်သား၊ ကိုယ်ညက်မွေးမွေး၊ ငယ်သွေးကြည်းကြည်း၊ ရွှေစုလည်းနှင့်၊ ရထည်းပေါ်လွင်၊ ပခုံးတင်၍၊ ငယ်ပြင်ငယ်လွန်း၊ ငယ်သွေးစွန်းလျက်၊ ပန်းနှင့်တူစွာ၊ ဂုရုသာလည်း[၁]၊ ကလျာငယ်ဘို့၊ ရင်ခေါင်းဆိုနှင့်၊ တချိုငယ်ဘော်၊ မြိတ်စိုပေါ်လျက်၊ မျက်ဖျော်တထူး၊ ရွက်ခေါက်ဖူးသို့၊ ထည်ကျူးဝတ်သန့်၊ ပန်းညွန့်ညွန့်နှင့်၊ တွန့်တွန့်ကွေးကွေး၊ ဝတ်ဆံနွေးသို့၊ ငယ်သွေး ငယ်ယောင်၊ ငယ်ပြင်ဆောင်လည်း၊ ကြက်တောင်ဆံစည်း၊ ငယ်ချင်းရည်း၍၊ ခမည်းမောင်မင်း၊ သံညင်းခေါ်ဆက်၊ မိုးထက်မိုးသူ၊ ပျူပျူငှါငှါ၊ ခြင်းရာနှစ်သိမ့်၊ ညိုးညိုးငြိမ့်မျှ၊ စိမ့်စိမ့်ကုံကုံ၊ ဆုံရရုံ၍၊ ပုံပုံပွပွ၊ ဆွရရွလျှင်၊ အလှမည့်၊ ဖွံ့ရရွန့်တည့်၊ တွန့်တွန့်သွားလား၊ ခြေဘဝါးလည်း၊ များများမပြ၊ ထိကာချလျက်၊ လျလျချပ်ချပ်၊ သပ်သပ်ရှင်းရှင်း၊ ကျင်းကျင်းသွယ်သွယ်၊ ပြယာယ်ချေငံ၊ ထွေငေါ်ခံသား၊မိဿံမောင်းမ၊ သောင်းမကနှင့်၊ စံပတထပ်၊ သလွန်စပ်လျက်၊ မိုးလျှပ်အသွင်၊ သက်တင်မပြား၊ ပတ္တမြားမြှုပ်ကာ၊ နီလာအရွက်၊ သန္တာခက်ဝယ်၊ ကျေးငှက်ရုပ်ဆန်း၊

(၁) ဂရုသာလည်း-က၊

ကြာသွန်းသွန်းနှင့်၊ ကြာငန်းကြာယွဲ့[1]၊ ခြူးဦးခြူးခိုင်၊ ခြူးတိုင်ခြူးသီး၊ ရွှေသားပြိုးသည်၊ မီးမီးဟူးဟူး၊ ဖလားထွေးခံ၊ မျက်တိရုံလျက်၊ မင်းစံအပ၊ မမြင်ရတည့်၊ သွယ်လျကျစ်လျစ်၊ ကိုယ်ပြင်လှစ်က၊ ထစ်ထစ်ဝင်းဝင်း၊ လင်းကြီးလင်းသား၊ စောရင်းညက်ဖြူ၊ ဗီမာန်သူကို၊ တူရူအာဘော်၊ ကြည့်ကွက်မျော်က၊ ခေါ်လလုလု၊ မယ်လည်းရှုလျက်၊ ပြင်နှုကျိုင်းထွား၊ ဤနတ်သားကို၊ နတ်များတညီ၊ ခေါ်မည်သီလျက်၊ ဤနတ်ပြည်ဝယ်၊ လန့်ကြောက်ဘွယ်ကား၊ ။ အဘယ်စွမ်းခွန် အားတည့်နည်း။

၂၇။ ဤသို့လျင်တည့်၊ မြေပြင်စောင်းထောင်၊ ဖြစ်ပြီးနောင်မှ၊ သွေးဆောင်ကြမှာ၊ နတ်ခေါ်လှာသော်၊ စကြာဘဝါး၊ ခြေမသွားတည့်၊ တရားပွင့်နိး၊ လူမင်းထီးကား၊ ထွန်းညီးရောင်ချက်၊ ရထားထက်က၊ တပြက်မြင်ငြား။။ အိုဘုရားဟု၊ ကြားကြားလည်တော်၊ မိန်းမူးမြော်လျက်၊ မွေ့လျော်တုံလေ၊ ပျော်ဘွယ်ရေလည်း၊ မိုးနေချုပ်ဝင်၊ ခရီးဖင်မှု[2]၊ ပဉ္စင်ငါးဖြာ၊ တူရိယာတို့၊ ခြင်းရာပို့ပျူး၊ ဧရင့်ကျူးလျက်၊ ခေါ်ထူးခေါ်ဆင့်၊ သံရင့်သံကျယ်၊ သံငယ်သံနှဲ့၊ မြည်လတ်တုံခြင်း၊ စည်းစောင်းငြင်းနှင့်၊ သဘင်းတောက်ဝှန်၊ ဤနတ်မှန်သို့၊ အာကျွန်တုံလည်း၊ ဆွေပြာခြည်းနှင့်[3]၊ ဖြင်ပည်းခွေရံ၊

---

(၁) ကြာပန်း ကြာဆွဲ-ဟ၊ (၂) ခရီးမင်ဟု-က၊

(၃) ဆွေပျခြည်းနှင့်-ဟ၊

စံပရမည်၊ ထင်လတ်သည်ကြောင့်၊ ဆံခြည်မညှိုး၊ ငမ်းတော်ဖြိုးလျက်၊ မြတ်နိုးလှုလှု၊ ဘယ်ကောင်းမှုလျှင်၊ ပြုခဲ့ဘူးသား၊ ကျေးဇူးအာဏာ၊ ဤနတ်ရွာ၌၊ ရတနာပြောင်ပြဲ၊ ရွှေတောင်ခဲထက်၊ ဆင်းရဲမဲ့လျှင်း၊ လေးကျွန်းချင်းသား၊ မင်းလည်း ကြက်သီး၊ ထဘွယ်ကြီးလျှင်၊ နတ်သမီးမရှား၊ နတ်သားသောင်းသောင်း၊ အပေါင်းဝန်းလျား၊ ဝတ်စားစီဆင်၊ အင်ခွင်ပေါယယ်၊ ကိုးပယ်အတွင်း၊ ထည့်သော်ကြွင်းလည်း၊ ချင်းလင်းဖွေးလွေး၊များလေသေး၏၊ နတ်ရေးနတ်လျောက်၊ နတ်ကောက်နတ်ကျစ်၊ ရန်စစ်မပြုံး၊ နှလုံးမပူ၊ မည်သူမထင်၊ သို့စင်အပြည့်၊ ဖြစ်လှာလှည့်ဟု၊ တည့်တည့်ဘော်ဘိ၊ မာတလိကို၊ ၊နေမိမင်းဆွေ မေးတုံလေတည်း။

တသ ပုဋ္ဌော ဗျာကာသိ၊ မာတလိ ဒေဝသာ်ရထိ။
ဝိပါကံ ပုညကမ္မာနံ၊ ဇာနံ အက္ခာသိ ဇာနတော။ ။
သောဏဒိန္နော ဂဟပတိ၊ ဧသ ဒါနပတီ အဟု။ပ။
မောဒတိ [၁] ။

၂၈။ ထိုသို့စေ့စုံ၊ မေးလတ်တုံသော်၊ စေးချုံလွှမ်းအုပ်၊ ငြိရှက်ရှုပ်သား၊ စက်ဆုပ်ဘွယ်လိ၊ ဘယ်မသိ၍၊ ဒိဋ္ဌိမိုက်မော၊ အောက်သို့မျောက၊ ဆယ်ဆောလက်ငင်၊ ကြည်းသို့တင်သည်၊ ဘုရင်မြတ်စွာ၊ မင်းများခြာကို [၂]၊ အညာမြင့်ခေါင်၊ တောင်ကား နဂို၊ တိမ်ညိုချုပ်ဆိုက်၊ မြင်းမိုရ်တိုက်

(၁) မေဝဒတိ-က၊ (၂) မင်းများချာကို-ဟ၊

တွင်၊ လိုက်လိုက်ကျင့်သီး၊ စည်းစိမ်ကြီးသား၊ အတီးမြင်သိ၊ မာတလိကား၊ တစိမကြာ၊ ပညာစိန်ကျောက်၊ ထိုးထွင်းဘောက်၍၊ အောက်နှင့်အထက်၊ ဘဝဂ်အခန့်၊ မြော်လိုက်ဆန့်သော်၊ နတ်မွန့်တောင်းဆု၊ ရှေးကောင်းမှုကို၊ လှုလှုလက်လက်၊ ပေါ်လထွက်သား၊ ပြက်ပြက်ညဘို့၊ လကဲ့သို့လျှင်၊ နှစ်လှိုလောက်လောက်၊ မြင်လတ်မြောက်သော်၊ နှုတ်ထောက်လေးချို၊ ပြန်လဆို၏၊ ကြည်ညိုတညီ၊ ဇမ္ဗူဒီဝယ်၊ ပည်းသီခန့်ကျုံး၊ လူအလုံးကို၊ ၊နည်းထုံးကျင်းပ စိမ့်မည်တည်း။

၂၉။ ဂြိုဟ်လည်း ဂြိုဟ်ပြောင်း၊ မိုးလည်းကောင်း၍၊ ကန်ချောင်းစီးပေါက်၊ ပင်လယ်မြောက်သို့၊ တယောက်တည်းချည်း၊ ရှင့်ဝယ်ပည်းလည်း၊ ပစ္စည်းဝန်ပုပ်၊ မသိုမြှုပ်တည့်၊ သုပ်သုပ်သောင်းသောင်း၊ ဖုန်းတောင်းအဝှန့်၊ ပေးကမ်းဖြန့်လျက်၊ လန့်လန့်လက်လက်၊ စက်စက်ရှတုန်း၊ တေဇဘုန်းဖြင့်၊ ရှုန်းရှုန်းတိုးဝှန်၊ မိုးကြိုးမှန်သို့၊ လက်အန်ဆန့်သော်၊ ပြည်ထောင်ဘော်လည်း၊ မပေါ်ဝံ့ကြီး၊ စက်နှယ်လှီးမျှ၊ ကြက်သီးထင်းထင်း၊ ထိပ်ထက်နင်းသည်၊ မှန်ကင်းလူ့ဖျား၊ ဦးစွန်းထား[၁]၊ ၊တရားနေမျိုး၊ သတိုးရဲခေါင်၊ နားတော်ထောင်လော့၊ ရပ်ချောင်တောစွန်၊ ဟိမဝန်တွင်၊ ဂိမှန်နွေခါ၊ မိုးမရွာသော်၊ ဆောင်ဝါတောက်ပျံ၊ ကျူမီးလျံ့သို့၊ မိုးထံထွန်း

(၁) မှန်ကင်းလူသား၊ ဦးစွန်းဖျား။ -က၊

တောက်၊ ဘုံနန်းပေါက်၍၊ လက်မြောက်အိမ့်ရှင်၊ စည်သံလွင်နှင့်၊ ပဲ့တင်မှုတ်ကျိုး၊ တံပိုးစိန်ဖြစ်၊ ခရာဟစ်လျက်၊ လက်ရှစ်ကချေ၊ အထွေထွေလျှင်၊ ပြင်ခြေတွန့်တွန့်၊ ညွှန့်ညွှန့်ညက်ညက်၊ စုံမက်ကြင်မိ၊ နောင်တရှိလည်း၊ ပီတိငြိမ်းလှည့်၊ ရှိမ်းရှိမ်းပြည့်မျှ၊ ကြည့်ကမူးယောင်၊ ဤနတ်မောင်ကား၊ ရွှေညောင်ဗုဒ္ဓဟေ၊ မြေကားအချာ၊ သစ္စာလေးပါး၊ ငုံထွားထွားသား၊ ဘုရားမြတ်လှ၊ ကဿပသာသနာ၊ သဿ်ာပုံယင်၊ ဆွမ်းခံဝင်လျက်[၁]၊ ပြည်ထင်ရပ်ကျယ်၊ ပျော်ဘွယ်သရစ်၊ မြစ်ကားလယ်ယာ၊ စီးသွယ်ဖြာလျက်၊ ဗာရာဏသီ၊ ခေါ်ညီမည်သီး၊ ထိုပြည်ကြီး၌၊ ငဲ့ချီးလူချစ်၊ သူကြွယ်ဖြစ်၍၊ မြေးမြစ်စည်ပွါး၊ ပစ္စည်းအားနှင့်၊ တခြားကြီးမ[၂]၊ နောင်ဘဝကို၊ နောင်တမဆို၊ နောင်အလိုဖြင့်၊ နောင်ကိုယ်ဖြစ်မွန်၊ နောင်ရည်ချန်လျက်၊ တမ်းခွန်လွှင့်ထား၊ ကျင့်မမှားသည်၊ ၊တရားယုံယုံ ကြည်ကြည်တည်း။

၃၀။ ဝမ်းထဲပိုက်ခြုံ၊ တရားယုံသား၊ လူ့ဘုံ၌ဝယ်၊ ထိုသူကြွယ်လျှင်၊ ကြီးငယ်နုရင့်၊ ရှေ့နောက်ချင့်လျက်၊ ရင်ခွင့်အစစ်၊ ဖြစ်သည်အလျောက်၊ ပေါက်ရောက်မျစ်ပျို၊ သားတို့ကိုလည်း၊ မင်ဖိုလ်စီးပွါး၊ တရားရည်မြိုက်၊ ဝဝတိုက်လျက်၊ ယဉ်ပိုက်ကြောင်းကြောင်း၊ ကောင်းကောင်းမမ၊ ထုံးပုံပြ၏၊ ခြုံပခြုံနီး၊ သမီးသွေးသောက်၊ ဝမ်းမြောက်ငယ်ဘော်၊

---

(၁) ဆွမ်းတော်တင်လျက်-က၊ (၂) တခြားကြီးမှ-ဟ၊

ကစားပျော်နှင့်၊ မျိုးတော်ယောက်ဖ၊ နှမမြောက်သား၊ မျိုးဆွေအားလည်း၊ နာဖျားမေးမြန်း၊ နှုတ်ခွန်းဆက်ဆံ၊ ကူပင့်ရံ၏၊ လိမ်းကျံမေတ္တာ၊ ပြင်သူမှာလည်း၊ သဒ္ဓါတန်ဆောင်၊ မီးရှူးထောင်လျက်၊ နောင်သံသရာ၊ နတ်ရွာပစ်တင်၊ ဖြစ်စေချင်၏၊ ရှင်ရှင်လူလူ၊ နေပူချီးချီး၊ ခရီးဝေးလှ၊ ပန်းခြေကျလျက်၊ နေ့ညရောက်ငြား၊ ဧည့်သည်အားလည်း၊ ပိုက်ဖြားပဲ့ပြင်၊ ဝမ်းကကြင်လျက်၊ ရင်သားနို့ရည်၊ စို့စေသည်သို့၊ သေရည်သောက်ယစ်၊စီးပွါးနစ်လျက်၊ တနှစ်မလှန်၊ တဘန်မတော်၊ နှုတ်ပေါ်ထွက်ကြမ်း၊ နေ့တိုင်းသွမ်း၍၊ ချီးမွမ်းနည်းပါး၊ လူမိုက်မှားကို၊ သွားလားထိုင်၍၊ ရင်ဆိုင်တွေ့လည်း၊ မွေ့မွေ့ဆုံးမ၊ စကားလှနှင့်၊ မိစ္ဆာ့အစုတ်၊ သတ်ပုတ်တောလိုက်၊ စရိုက်ကျင့်ရိုး၊ မစိုးမရိမ်၊ တရားစိမ်လျက်၊ လိမ်လိမ်မာမာ၊ နှုတ်သာညွှတ်ညူး၊ ကြည်ဆွတ်နှူး၏၊ စုန်းကြူးမျက်လို၊ မုန်းတင်းဆိုနှင့်၊ သူ့ကိုဟူပြို၊ မကြိုက်မိ၍၊ ချိချိချဲ့ချဲ့၊ ကဲ့ရဲ့စလွယ်၊ ပျက်ပြယ်လှဆုံး[၁]၊ နှလုံးရွတ်ဆတ်၊ ချောပစ်တတ်လည်း၊ ဆွတ်ဆွတ်ချစ်တပ်၊ ရင်ကိုသပ်သို့၊ မအပ်မရာ၊ ရှောင်ခွါပစ်လွှဲ၊ ဖဲဘိခမည်း၊ နှုတ်သာဖြည်း၏၊ လိပ်လည်းကိုယ်ပြစ်၊ ပစ်သည်ကျေးဇူး၊ သူတထူးကို၊ ကြိုးပူးမျက်မှောင်၊ မင်းသို့ဆောင်လည်း၊ မောင်သူခိုးအား၊ လွတ်စေသားဟု၊ သနားသောကျိုး၊ မေတ္တာဖြိုး၏၊ ရှိုးရှိုးရှားရှား၊ ဂုဏ်အားနည်းညှံ၊ ဖွံ့မဖွံ့က၊ နှံ့နှံ့ချစ်သက်၊ စိတ်ကြည်

(၁) -ပြက်ပြယ်အဆုံး-က၊

လျက်တည့်၊ အိမ်ထက်တောသွား[၁]၊ တပါးရပ်ဝေး၊ တရေးရေးတုံ၊ မွေးမွေးမှက်မှက်၊ ကြိုင်ကြိုင်တက်မျှ[၂]၊ သရက္ခန်စုံ၊ ပန်းရည်ပျံသား၊ ဂုဏ်နှံ့ထုံပြီး၊ လက်ပုတီးနှင့်၊ ဘုန်းကြီးတန်းကြီး၊ မထီးသင်္ဃရာဇာ၊ မဟာသူတော်၊ မြော်လတုံက၊ ကြည်ညွတ်ဆွတည့်၊ တလမယွင်း၊ လေးသီတင်းနှင့်၊ နာခြင်းတရား၊ ကျောင်းကန်သွားလျက်၊ တိုင်းကားကျယ်ဖြန့်၊ အာဏာလန့်သား၊ အဝှန့်ပေါယယ်၊ လူကုံကယ်လည်း၊ ငါ့နှယ်အဘူ၊ ကျင့်လေဟူသို့၊ တံချူတချောင်း၊ ရှေးလမ်းကြောင်းသည်၊ ၊လူကောင်းမွန်မွန် ရည်ရည်တည်း။

၃၁။ သန်ကောင်ကာလ၊ မှောင်ရိပ်ကျသို့၊ မိန်းမယောကျ်ား၊ ကျင့်ရိုးမှားလျက်၊ သောက်စားမူးမော်၊ ပျော်စမည်သာ၊ နတ်ရွာလုံးမေ့၊ ရှုံးသရွှေကို၊ ရွှေရွှေတည်တည်၊ ကြိုးရှည်သွယ်သွယ်၊ အလယ်သွားသွား၊ စကားတန်းတန်း၊ မီးရှူးထွန်းက၊ ထက်ဝန်းလင်းလင်း၊ ချင်းလတ်တုံပြီး၊ သူရဲကြီးကား၊ ဝေးနီးရပ်ရွာ၊ သူ့ဘို့ရှာလျက်၊ မဟာဒီပ၊ ပြည်ချက်မတွင်၊ ဘုရာ့းသာသနာ၊ ထွန်းသောခါနှင့်၊ ကြမ္မာညီဆုန်း၊ စိုက်တုန်းတုန်းဝယ်၊ ချုန်းချုန်းမိုးမှာ၊ ကြိုးကရွာသို့၊ ရိပ်သာစောင်းစောင်း၊ ခုနစ်ကျောင်းလည်း၊ နှစ်ထောင်းအာရုံ၊ ဆောက်လတ်ဘုံလျက်၊ ဘုံးပုံကျမ်းခက်၊ ဂုဏ်ပြည့်နှက်ကို၊ စိတ်ထက်လှုလှု၊ ဆရာပြု၏၊ လှုမှုလှုရာ၊ ဆယ်ဖြာ

(၁) အိမ်တက်တောသွား-က၊ (၂) ဧတောက်မျှ-က၊

ဘိတ်ယို၊ ဆယ်ကုသိုလ်နှင့်၊ ကြည်ညိုစိတ်ရှင်၊ ကျောင်းကန်တင်လည်း၊ ပုံယင်ဥဿုံ၊ ဆွမျိုးရုံလျက်၊ စုံသားလက္ခဏာ၊ တုင့်တယ်စွာလျှင်၊ ကွယ်ရာမျက်ရှူ၊ သာဓုသောင်းသောင်း၊ ညောင်းညောင်းသံရှင်၊ ဝဲချိုးဖြင်လျက်၊ ထင်ထင်ပြောပ၊ လူထိုမျှလည်း၊ ဒီဃာ့ကျင့်ထုံး(၁)၊ ဆောက်တည်သုံးသည်၊ ၊ နှလုံးခိုင်ခိုင် ကျည်ကျည်တည်း။

၃၂။ သာဓု သာဓု၊ ခေါ်ရာမှုနှင့်၊ လှူလှူမြတ်နိုး၊ ကျောင်းအကျိုးကို၊ ပြည့်ဖြိုးနက်ကျိ၊ ပညာရှိသား၊ သာရိပုတ္တြာ၊ ထေရ်မြတ်စွာလျှင်(၂)၊ မရွာစတောင်း၊ တနေ့ကောင်းမှု၊ ကန်ချောင်းမြောင်းတီး၊ မိုးပေါက်ကြီးလည်း၊ ထွန်းညီးဥာဏ်မြတ်၊ ပိုင်းပိုင်းဖြတ်၍၊ မှတ်ပစိန့်မှား၊ နှုတ်မတားတည့်၊ လျင်လျားပြွတ်ပြွတ်၊ ယဉ်တွေ့လွတ်သို့၊ လူနတ်အဖျား၊ ဘုရားတို့သာ၊ ဟောနိုင်ရာသား၊ နှတ်ရှာရှယ်ချောင်း၊ ထိုသည့်ကျောင်းဝယ်၊ ကိန်းအောင်းရှင်မှန်၊ သီလဝန်နှင့်၊ ကျမ်းဂန်ငါးသွယ်၊ ပင်လယ်ငါးထပ်၊ ကူးလေခပ်က၊ ကျိန်းဝပ်လေးတန်၊ နိဗ္ဗာန်ပြည်မ၊ နေတည်ချသား၊ ဘုရားကိုယ်စား၊ တပည့်သားကို၊ ညွှတ်တွားကြည်ဖြူ၊ ဆရာမူက၊ အယူမြဲမြံ၊ ဆုံးမခံလျက်၊ တရုံတဆစ်၊ စိတ်မညစ်တည့်၊ ဖွဲ့ပ်သစ်ရွှရွှ၊ ဆွဆွဖြူစွာ၊ ကျည်းခဝါသို့၊ သဒ္ဓါမည်ဦး၊ ဖြူရောင်ထိုးလျက်၊

---

(၁) တကွကျင့်ထုံး-က၊ (၂) ထေရ်မြတ်စွာလျက်-က၊

ကောင်းကျိုး ဝေဖြန့်၊ စိတ်မတွန့်သည်၊ ၊အခွန့် မြင့်မြင့် ရှည်ရှည်တည်း။

၃၃။ ရှာမှီးရှာမှီး၊ ကြုံစသီး၍၊ လက်တီးကွန်းပြောင်၊ ခုနစ်ဆောင်သား၊ မိုးခေါင် ဖွေးဖွေး၊ နီးဝေး ထင်စွာ၊ ကျောင်းတန်ဆာဖြင့်၊ မြေတာတူးခဲ့၊ စောင်းရန်းဖွဲ့လျက်၊ နွားဘွဲ့ ဘာသာ၊ မလိမ္မာလည်း၊ မြော်ကာမြစ်ပြီး၊ သစ်သီး ပန်းမာလ်၊ ဥယျာဉ်ကန်နှင့်၊ သူမွန်ကုသိုလ်၊ လိုလတုံလွန်း၊ ရေစက်သွန်းလည်း၊ ရွန်းရွန်းစိတ်နူး၊ အထူးရှာဆည်း၊ တ ဖြည်းဖြည်းလျှင်၊ ပစ္စည်းဝန်ထုပ်၊ ကိုယ်သက်ချုပ်က၊ ဆုပ်၍ မပါ၊ ရှိရစ်ကာတည့်၊ ကြမ္မာဆောင်ထ၊ နောင်ဘဝသို့၊ ရွရွ စိုက်စိုက်၊ နောက်မလိုက်ခဲ့၊ မိုက်မိုက်မှောင်မှောင်၊ ကျော့ ညွှတ်ထောင်တွင်၊ ဆွေမောင်ကျိုင်းစင်၊ လည်မဝင်ဟု၊ တတ် ပင်တစိ၊ ကြုံစမိက၊ ချိချိဖြန့်ဖြန့်၊ ပေးစွန့်ဒါန၊ ဝိဟာရနှင့်၊ သီလစင်ကြယ်၊ မိုးထက်ကယ်၍၊ သူကြွယ်နတ်ပြည်၊ ဖြစ်လှာ သည်တည့်၊ အမည်တမူ၊ နတ်များယူသား၊ ကျိုက်ဆူကျော် ရှိန်၊ သောဏဒိန်ဟု၊ ထိန်ထိန်ဝင်းဝါ၊ သမ္ဘာလည်းကောင်း၊ ကောင်းကင်ခြောင်း၏၊ အကြောင်းမှန်အောင်၊ လူမင်းခေါင် ကို၊ သွေးဆောင်ခေါ်ဌား၊ ငါနတ်သားလည်း၊ မကြားတပြိ၊ တီမှာသိအံ့၊ မိမိပြုသား၊ ကောင်းမှုအာဏာ၊ နတ်တို့ရွာသို့၊ များစွာအုတ်တွေ၊ ရွှေရွှေပည်းပုံ၊ ဖြစ်လှာတုံက၊ ဘုံခုနစ် ဆင့်၊ စုလစ်မြှင့်လျက်၊ စွင့်စွင့်ပလ္လင်၊ နန်းဥကင်ထက်၊ ရှင်ရှင်

ကျက်သရေ၊ တက်သစ်နေသို့၊ ထိပ်ဗွေမြင့်ဝှန်၊ ဝေဇယန်လည်း၊ အလွန်တောက်ပ၊ သာမောလှ၏၊ ဖြည်းချမပြင်း၊ ရှိုးရှိုးရှင်းမျှ၊ လေညင်းလာက၊ ပဉ္စင်္ဂလည်း၊ မြမြခြည်းခြည်း၊ ရွှေဆည်းလည်းနှင့်၊ နရည်းစရာ[၁]၊ မနှိုင်းသာတည့်၊ ရံကာပတ်ကုံး၊ နတ်အလုံးကို၊ ရှင်ပြုံးစေလင့်၊ တန်းခိုးမြှင့်လျက်၊ ရိုက်ဆင့်သံကျာ၊ တူရိယာသည်၊ ၊သာသာရှင်ရှင် မြည်မြည်တည်း[၂]။

၃၄။ တညီတညီ၊ ဆွေပီပီလျှင်၊ အပြီအပြီ၊ ကိုယ်မှီလည်ရှက်၊ ဘော်ကျွမ်းဘက်နှင့်၊ စုံမက်အင်ပျို၊ လာငါတို့ဟု၊ နှစ်လို့လှုလှု၊ ထိုကောင်းမှုတွင်၊ သာရေကျံကျံ၊ ခေါ်သံခြိုက်ခြိုက်၊ ဝမ်းပိုက်တီးစည်၊ ထိုသူသည်လည်း၊ မည်သည့်ဆုကား၊ ငါ့ဘို့အားဟု၊ ဝမ်းပါးမှတ်လျက်၊ ပန်းငါးခက်နှင့်၊ နှစ်သက်အင်လှိုင်း၊ ရည်သောတိုင်းလျှင်၊ မိုက်မှိုင်းမရှိ၊ ညစ်ကျိမလွှမ်း၊ မိုးကြယ်ပြွမ်းသို့၊ မွမ်းမွမ်းထက်ဝန်း၊ တောက်ပထွန်း၏၊ အုန်းထန်းစီစဉ်၊ ဥယျာဉ်ပြုဘူး၊ စိတ်နူးဖြောင့်ဖြောင့်၊ ကောင်းမှုကြောင့်မူ၊ မြောက်ထောင့်တခန်း၊ သေန်စွန်းက၊ နတ်ပန်းလှိုင်နှံ့၊ ကြိုင်ပျံ့မျှ၊ ဝတ်ဆံ့အစုတ်၊ ရွှေလှော်ခုတ်လျက်၊ တမုတ်နီးပါး၊ ညွှန့်ထွားထွားနှင့်၊ မြလားအညှာ၊ သန္တာရိုးခက်၊ ရိပ်စက်ချမ်းချမ်း၊ မှည့်ဝါရွမ်းလျက်၊ လက်လှမ်းယူဆွတ်၊ တံချူညွှတ်က၊ ကျွတ်လသောထွေ၊

---

(၁) နရည်းခရာ-ဟ၊ (၂) သာစွာသွင်သွင်မြည်မြည်တည်း။ -က၊

အညာဖြေလျက်၊ စားချေနုံဆို၊ ပျားထက်ချိုသား၊ အလို
ပြည့်မော၊ သစ်သီးတောလည်း၊ ဖြင်ပေါပည်းသိ။ ရှုဒိဿိ
သည်၊ ၊သိဒိရောင်ခြည် ရောင်ခြည်ဟည်း။

၃၅။ ကောင်းကြံ ကောင်းကြံ၊ ဆင့်လောင်းမံလျက်၊
မြဲမြံမြဲမြံ၊ တခြည်ဆံမျှ၊ ယိုးယံယွင်းဖည်၊ စိတ်မလည်တည့်၊
ကိုယ်ရည်ဆိုနှံ၊လောကခံကြောင့်၊ အခံခါခါ၊ အကာလှစ်လှစ်၊
အနှစ်ယူယူ၊ တံချူများများ၊စီးပွါးခဲ့တိုး၊ သူကြွယ်မျိုးလျှင်၊
ရိပ်မိုးပြီးစီး၊ ကျောင်းကြီးကိစ္စ၊ ထိုဌာနဌာ၊ ငါဆရာဝို၊ ဘျိုး
သောက်ဘိုဟု၊ မိုမိုခိုင်ကျန်း၊ ကန်ရိုးသန်းလျက်၊ ကျယ်ဝန်း
လဟာ၊ အညာမြောင်းကျယ်(၁)၊ သွယ်လတုံခြင်း၊ မိုးရည်
သွင်းလျက်၊ အင်းနှင့်အဗျူ၊ ကြာဖြူကြာနီ၊ စုံစိမွမ်းမွမ်း၊
ဟင်းရမ်းကတောက်၊ ပွင့်ညောက်ရိုးရဲ၊ ရွက်လဲဖူးဆင့်၊
ကောင်းမှုဖြင့်ကား၊ နတ်မင်းပြည်ရှာ၊ ဖြစ်တုံလှာသော်၊
ဆိပ်သာ တထောင်၊ မြကျောက် ရောင်နှင့်၊ စိန်ကြောင်
ဝတ်ဆံ၊ ပွင့်တံပွင့်ခက်၊ ပွင့်ယက်ပွင့်ခြမ်း(၂)၊ သန္တာဆမ်းသို၊
ခပ်သမ်းမည်းလို၊ နွယ်ညိုပန်းလား၊တန့်ကာခြားရှု၊ ပတ္တမြား
ရည်စက်၊ ရောင်ခြည်ရွက်မျှ၊ ရွှေချက်ရဲရဲ၊ ဝတ်ဆံထဲမှ၊
ပုလဲရုံစီ၊ ရှုပျော်အိစီ၏။ ညရိုနံနက်၊ ပန်းရက်မျိုးသောက်၊
ဝတ်ဆံလျှောက်လျက်၊ မြည်ချောက်ပိတုန်း၊ ပြုန်းပြုန်းပုံပဲ၊
ဝမ်းပဲဟသ်ဘ၊ ကြိုးကြာကျေးငှက်၊ ရေဝဲကောင်ရုန်း၊ မြွေထွေး

---

(၁) အညာမြောင်းကယ်-ဟ၊ (၂) အချက်တခြမ်-က၊

ဝမ်းသာ၊ ရွှင်ပစ္စာလျှင်၊ ကာဌာဝက၊ ဂင်္ဂေယျက၊ စသည်တွင်ရိုး၊ ဆင်ဆယ်မျိုးလည်း၊ တန်းခိုးပြင်းသား၊ နတ်မင်းမိန့်ဆို၊ ဖြစ်စေလိုက၊ မငြိုမငြင်၊ စီရင်ပြီးစီး၊ နတ်သမီးနတ်သား၊ အပြားအထွေ၊ ပျော်ပါးစေလျက်၊ ရွှေရွှေများစွာ၊ နတ်တကာသည်၊ ၊မေတ္တာနှောင်ချည် နှောင်ချည်တည်း။

၃၆။ သက်ဝေ သက်ဝေ၊ ပရမေဖြင့်၊ မကွေမကွေ၊ ကြင်လေလေလျှင်၊ ရွှေရွှေရောင်လျံ၊ ငှက်မောင်နှံသို့၊ မြဲမြံဧကန်၊ မယ့်ကိုညွှန်သား၊ လင်မွန်ခမည်း၊ ဆွေမောင်နည်းနှင့်၊ ရစ်စည်းကြပ်ကြပ်၊ မေတ္တာထပ်လျက်၊ လူ့ရပ်တခြား၊ နတ်ပြည်သွားလည်း၊ တပါးမရွှေ၊ တနေ့မကွာ၊ အတူသာလျှင်၊ ခန္ဓာရှည်လျက်၊ အဆက်ဆက်၌၊ ချစ်ဘက်တကိုယ်၊ ဖြစ်လေလိုဟု၊ ကုသိုလ်ညီပြု၊ ပြာနုနုလည်း၊ ယခုတသွန်၊ ဤဗိမာန်တွင်၊ ချစ်ရန်ဘုန်းဆုံ၊ ညီလှည့်စုံလျက်၊ ရွှေဘုံဝင်းဝင်း၊ ထီးနှစ်စင်းနှင့်၊ နတ်မင်းနှစ်ဆွေ၊ စံစထွေဖြင့်၊ နေလည်းတဆိုင်၊ ထလည်းပြိုင်သို့၊ ရိပ်မြိုင်ဝှမ်းက၊ ကျွမ်းချစ်ကြလျက်၊ စံပထွက်ဝင်၊ ရှင်ရှင်ဧညုန်း၊ လက်မြှောက်ပြုန်းမျှ၊ ဘုန်းလည်းကြီးစွာ၊ ပဒေသာမှ၊ အညှာကိုင်းညွှတ်၊ ဆွတ်ကဝတ်နှင့်၊ နတ်တည့်သြဇာ၊ နတ်သုဓာကြောင့်၊ ချမ်းသာပင်စည်၊ အသက်ရှည်လျက်၊ မည်မတပဲ၊ ထိုနတ်ပွဲဝယ်၊ ဆင်းရဲမလာ၊ အာဏာရှရှ၊ တေဇစက်စက်၊ မိုးကြိုးထက်သို့၊

ဝက်ဝက်စုတ်ပဲ့၊ ဖဲ့လတ်သောလား၊ နတ်ဘော်ယားလျက်၊ စိပ်ဖြားလိမ္မာ[၁]၊ လူသူ့ရွာက၊ သဒ္ဓါညွတ်ပျောင်း၊ ခုနစ်ကျောင်းလျှင်၊ နတ်ကောင်းစံရေး၊ စည်းစိမ်ပေး၍၊ ဖွေးဖွေးတွတ်ဘွတ်၊ မောင်မင်းလတ်နှင့်၊ ဆွတ်ဆွတ်ရွင်ဖြိုး၊ မိမယ်မျိုးကို၊ တန်းခိုးမြောက်တင်၊ ကျူးလှည့်ကျင်သည်၊ ၊အိမ့်ရှင်အောင်စည် အောင်စည်တည်း။

၃၇။ ဤသို့ဟူ၍၊ ဇမ္ဗူကျွန်းသာ၊ တောင်မျက်နှာထက်၊ ဗာရာဏသီ၊ ခေါ်ညီခည်ပင်၊ ထိုပြည်ထင်၌၊ ဆယ်တင်သဘော်၊ လွှင့်ဆောဆောသား၊ ရှင်စောမြတ်လှ၊ ကဿပဘုရား၊ သုံးလူ့ဖျား၏၊ ထွန်းငြားတုံစွာ၊ သာသနာ၌၊ ဒီဃာသူကြွယ်၊ ကုန်ကောင်းသွယ်သို့၊ မြေဝယ်ယက်ဆွ၊ ရွရွတူးပေါက်၊ ရွေးကာကောက်သား၊ ကျောက်အထဲတွင်၊ ပုလဲမြင်သို့၊ ပည်းဖြင်ဘိုးများ၊ ရောင်းလှာမှားသား၊ ပတ္တမြားတချည်၊ ဆန်တပြည်သို့၊ ကြံစည်စတတ်၊ မြတ်သားအမူ၊ အလှူဆယ်ညီ၊ ပဉ္စသီငါးပါး၊ ကျင့်မူထားနှင့်၊ တတ်အားသော့လျောက်၊ ကျောင်းကန်ဆောက်၍၊ ဝမ်းမြောက်တုံလှည့်၊ အင်စုံပြည့်မျှ၊ နတ်တည့်ပြည်ရွာ၊ ဖြစ်တုံလှာဟု၊ ဒီဃာဟူက၊ လှူစပါတမ်း၊ လက်ဘက်ကွမ်းနှင့်၊ ဆွမ်းလည်းမပြတ်၊ ဝတ်လည်းသန့်ကောင်း၊ ခုနစ်ကျောင်းဒါယကာ၊ မင်းသဒ္ဓါ၏၊ ခြင်းရာပြဘော်၊ လင်းလင်းပေါ်မျှ[၂]၊ ထွေငေါ်

---

(၁) နတ်ဘော်ယားမျှ၊ စိတ်ပြားလိမ္မာ-က၊ (၂) လင်းလင်းပေါ်မှ-ဟ၊

ဧညောင်း၊ ရွေးအကြောင်းကို၊ ရှောင်းမျောင်းဘော်ထုတ်၊ နတ်တည့်နှုတ်ဖြင့်၊ တံသုတ်ခတ်ထိ၊ လက်နှင့်ညှိသို့၊ မာတလိနတ်သား၊ လူမင်းဖျားကို၊ ၊ထင်ရှားမနေ ပြန်တုံ ဧလေတည်း။

ဧသောဏဒိန်ဘုံခန်းပြီး၏။

(၃) ဖလိကဝိမာနဘုံခန်း

ဧဝံ သောဏဒိန္နဿ ကတကမ္မံ ကထေတ္ဝာ ပုရတော ရထံ ပေသေတ္ဝာ ဖလိကဝိမာနံ ဒဿေသိ။ တံ ဥဗ္ဗေဓတော ပဉ္ဇ-ဝီသတိယောဇနံ အနေကသတေဟိ သတ္တရတနမယထမ္ဘေ-ဟိ။ပ။ ဝိမာနေ။

၃၈။ ဤသို့ဟူ၍၊ တိမ်မြူရိုးရိုး၊ မိုးနှင့်ယှဉ်ချိန်၊ သောဏဒိန်၏၊ ဘုန်းရှိန်တောက်လင်း၊ ချောက်ချောက်ချင်းမျှ၊ ဝှန်ပြင်းမစဲ၊ ဘုံတပ္ဒဲကို၊ စောရဲနတ်ဆွေ၊ ရှုပစေသော်၊ လူ့မြေကျော်ထင်၊ မြင်ရပြီယော့၊ မျက်စိလျှော့တော့၊ ပေါ့လော့မကြာ၊ သည့်ထက်သာ၍၊ ရှေမှာနှစ်သိမ့်၊ ဖြိုးရှင်စိမ့်ဟု၊ တိမ့်အတိသာ၊ အလွှာလွှာကို၊ ခြေခွါနင်းထောက်၊ ခြုတ်ခြုတ်ဘောက်လျက်၊ နောက်လည်းတပုံ၊ မြုံလည်းမြင့်မြင့်၊ တင့်လတ်တုံပြီး၊ ချဉ်းသော်ကြီးလျက်၊ စီးကာငယ်လို၊ယဉ်ပျိုဖောင်းမွေး၊ နီလာသွေးသို့၊ မြစ်တွေးနက်နက်၊ ခွါလေးဘက်လည်း၊ ဆစ်မျက်မဲ့ငြား၊ မှောက်၍ထားသား၊ ဖလားသဖွယ်၊ မြီးခေါင်သွယ်လျက်၊ အကျယ်သုံးပါး၊ နှုတ်ဖျားမေးရုံး၊ ရွှေဘာဖုံးသို့၊ စည်းလုံးကျောသန်[၁]၊ နားကျူချွန်နှင့်၊ မျက်ဆန်ကယ်လောင်း၊ ခေါင်းကားငင်နုတ်၊ ယုန်ရေဆုတ်သို့၊ ကြုတ်ကြုတ်မမြည်၊ လျှာရည်ယမ်းယမ်း၊

---

(၁) စည်းလုံးကြောသန်-ဟ၊

တိမ်ညွန့်လှမ်းလျက်၊ လျှမ်းလျှမ်းကွန့်ထောင်(၁)၊ နောက်ပေါင်ကြုံ့သွင်း၊ ရွှေလက်ကွင်းလည်း၊ ပြင်းလတ်တုံလေ၊ လိပ်လိပ်ခွေမျှ၊ မှင်ဝေလည်မော်၊လျှပ်ခြည်ပေါ်သို့၊ စိုင်ယော်ဝေလာ၊ အသွေးဖြင့်၊ လျင်စွာဟူးဟူး၊ ခွေစူးစူးလျှင်၊ ထန်းလူးတဖျား၊ တမ်းခွန်လွှားသား၊ ရထားခေါင်းညီ၊ နောက်ညောင်းခါလျက်၊ ခြယ်စိမျက်ဝင်း၊ နှင်းလည်းစိုစို၊ တိမ်ညိုညိုဝယ်၊ ယိုဘိမတတ်၊ ရောင်ခြည်လွှတ်သည်၊ ။မိုးနတ်သိကြားတန်ဆောင်တည်း။

၃၉။ ရှုဘွယ် ရှုဘွယ်၊ရောင်ခြည်သွယ်သား၊ ကြယ်လည်းမပြိုး၊ မည်းညစ်ဖုံးလျက်၊ ပတ်ကုံးမိုက်မှောင်၊ တိမ်တိုက်ချောင်ဝယ်၊ တန်ဆောင်ညီးညီး၊ မိုးကြယ်ကြီးဖြင့်၊ ရှားကျိုးသဏ္ဌာန်၊ ရွှေရည်သွန်သို့၊ ခြေသန် မြင်းခြေ၊ နှင်တုံလေသော်၊ တထွေထွန်းဝါ၊ ဆန်းကြယ်စွာလျှင်၊ ဧရာသွန်းသွန်း၊ မိုးတိမ်စွန်းတွင်၊ နတ်နန်းတသီး၊ ဖလ်သားပြီးလျက်(၂)၊ ညီးညီးညက်ညက်၊ ပြက်ပြက်ပြဲ့ပြဲ့၊ နှစ်ဆယ့်ငါးယူဇနာ၊ သခ်ျာပြည့်အောင်၊ အစောက်ဆောင်သား၊ မိုးခေါင်မြင့်ဝှန်၊ ဘုံဗိမာန်ကို၊ တတန်လည်းကောင်း၊ ရထားညောင်းမျှ၊ ခရေပေါင်းဆက်ရုပ်၊ မြင်းဦးချုပ်လျက်၊ မလှုပ်မရှား၊ တန့်နားရုပ်ဝဲ၊ နွဲ့ရှိကြည့်စေ၊ ပြတုံလေသော်၊ ရေမြေသခင်၊ ဘုရင်နရပတိ၊ နေမိသတိုး၊ ကျွန်းလုံးနိုးမျှ၊ တန်းခိုးလံ့ထင်၊

---

(၁) လျှမ်းလျှမ်းကွန်ထောင်-က၊ (၂) ဖန်သားပြီးလျက်-က။

လက်နက်မြင်က[၁]၊ စပ်ကျင်ရှိန်းရှိန်း၊ စောပြည်ထိန်းကို၊ ၊ မိန်းမိန်းရှိကြီး ရှိအောင်တည်း။

၄၀။ ထိုသို့ပြဘုံ၊ ဗိမာန်ဘုံကို၊ လူပုံမှီဝင်၊ ဇမ္ဗူပြင်ဝယ်၊ အရှင်လတ်လတ်၊ စက်နှယ်ဖြတ်သား၊ မင်းမြတ်ကျော်စွာ၊ မြင်သောခါလျှင်၊ ရောင်ဝါမယုတ်၊ ကြာကုမုဒ်သို့၊ ရွှေနှတ်ဖွင့်လှစ်၊ မေးတုံလစ်၏၊ မိုးဆစ်မြေတာ၊ ဝေးလှစွာလည်း၊ ထိုရွာထိုပြည်၊ ထိုသည်ထိုမင်း၊ စိုးရိမ်ပြင်းလျက်၊ ရန်တင်းချုတ်ချယ်[၂]။ ကြံဘွယ်ဘွယ်၌၊ ခိုင်းပယ်သောကျိုး၊ ကုံထံနိုးက၊ မိုးသိကြားစင်၊ ချစ်ကျွမ်းဝင်သည်၊ လွန်ကြင်လေးမြတ်၊ ခင်ပွန်းနတ်၊ ၊ပြာသာဒ်တွင်ကား၊ စောင်းတန်းဖျားက၊ တံခါးပြင်ကွေ့၊ မြင်သရွှေဝယ်၊ ရွှေငွေထက်သည်၊ ထူးစိမ့်မည်ဟု၊ ကြံစည်တမျိုး၊ ဖလ်သာမိုးသား၊ ရွှေရိုးရွှေခြင်၊ ရွှေစင် ရွှေဘိုင်၊ ရွှေလိုင် ရွှေခေါင်း[၃]၊ သိန်း နှစ်သောင်းနှင့်၊ လက်စောင်းကိုးထောင်၊ မိုးထိအောင်လျှင်၊ နန်းဆောင်ထုပ်သန်း၊ ကွန်းစဉ်ခန်းလည်း[၄]၊ ကျယ်ဝန်းလှဘိ၊ ကြန်ရည်ညှိလျက်၊ လက်ထိခပ်ရွံ၊ ဗုဇွန်ခွံကို၊ တရံမဖြစ်၊ ဇမ္ဗူရာဇ်စတေ၊ ရွှေသတိဖြင့်၊ မီးကျီးအရှိန်၊ တောက်ထိန်ရွန်းရွန်း၊ ရေဖျန်းမသတ်၊ ဖိုနှင့်ချုတ်သို့၊ မတ်မတ်အလယ်၊ ခပ်မြောင်သွယ်မှ၊

---

(၁) လက်လက်မြင်က-ဟ၊
(၂) ရန်တင်းချုတ်ခြယ်-က၊
(၃) ရွှေလုဏ်ရွှေခေါင်း-ဟ၊
(၄) နန်းဆောင်ထုပ်ကျန်း-က၊ ကွန်းစင်ခန်းလည်း-က၊

ရိပ်ကျယ်ဝှမ်းမျိုင်း၊ ပြိုင်းရရိုင်းလျှင်၊ ပန်းတိုင်းဆပ်သွား၊ ကျီးရန်းတားလျက်၊ ရင်အားပျိုပျို၊ လည်ခပ်ကိုနှင့်၊ ဆိုဆို ရွပ်ကြီး၊ သန်းလျက်ချီးက၊ လည်သီးပတ်ကုံး၊ မိုးခုံး မိုးသောက်၊ တောက်လိုနိုးနိုး၊ မည်းမပိန်၊ ရွှေရည်မှိန်သား၊ စိန်ကားဖြာဖြာ၊ သန္တာရဲရဲ၊ ပုလဲပျစ်ရှက်၊ ပြိုအမျက်တိ(၁)၊ လျောက်ဆက်လိုင်ဦး၊ အထူးထူးလျှင်၊ သောက်ရှူး ကြယ်ကို၊ ဖယ်လော့ဆိုလျက်၊ တိမ်ညိုလှစ်ဖည်၊ လျှပ်စစ် ခြည်လည်း၊ နှိုင်းရည်မတူ၊ မှန်ကင်းလူမျှ၊ ရွှေချူကွန်ရက်၊ ခြူးညွှန့်ရှက်သား၊ ရိုးခက်ပွင့်ကြာ၊ အဖြာဖြာနှင့်၊ ရတနာ ခုနစ်၊ လွန်ကျစ်လျစ်လျက်၊အသစ်စက်စက်၊ပြိန်းကာဖက်သို့၊ လူ့ထကတပင်း၊ နတ်ဘောချင်းလည်း၊ ၊လွန်မင်းမှတစေ တော့မည်လော။

၄၁။ ပြိုးပြက်ပြိုးပြက်၊ ရောင်ချင်းရှက်၍၊ အောက်ထက် ညီးညီး၊ နေခြည်ဆီးသို့၊ ညရီးမိုးချုပ်၊ တန်းခိုးရှုပ်အုံ့၊ တဖြုပ်မည်၊ ထိတ်ထိတ်လှုပ်မျှ၊ တိမ်ယံမိုးခြေ၊ တိုးလေလေ လျှင်၊ ရဝေစွန်းစွန်း၊ ညှန့်ညှန့်သွန်းမျှ၊ ခိုနန်းထုတ်မြဲ၊ ကြာ သင်းတွဲလည်း၊ ရဲရဲလှတင့်၊ ယခုပွင့်သို့၊ ဆင့်ရင့်စုလစ်၊ သနစ်သနာ၊ ပျော်ဘွယ်သာတိ၊ နီလာကြောင်မြွေ၊ ပြောင် ပြောင်ပလျက်၊ ပေါ်စထွန်းထင်၊ ရှန်းရှန်းရှင်သား၊ ကောင်း ကင်တမ်းခွန်၊ နေမင်းဟန်သို့၊ ရောင်ဝှန်တပြီး၊ ကျူးလောင်

---

(၁) ပြွန်အမျက်တိ-က၊

မီးဖြင့်၊ ကြီးသည်အဝှန့်၊ မြင်လျှင်လန့်မျှ၊ ဗိမာန့်ထက်ဝယ်၊ ထွက်သားကြယ်သို့၊ ပြုံးရယ်ရွှင်ဆို၊ သွယ်လျကိုယ်တိ၊ ရွယ်ပျိုညက်ကြည်း၊ ခြည်းရရည်းတုံ၊ စုလည်းထုံးစ၊ ရွှေကုံးလှနှင့်၊ သပ်ချမြိတ်ဆံ၊ ရွှေကြာခံလည်း၊ ချောမံစသော[၁]၊ လွန်ပြစ်ပြေလျက်၊ ကချေရွှင်ရွှင်၊ ပဉ္စင်ဆင့်ရိုက်၊ တင့်သောကြိုက်ဝယ်၊ မည်းမိုက်ရောင်ခြည်၊ ယဂင်သည်လည်း၊ ငါမည်စုံညီ[၂]၊ မျက်ပုံစီလျက်၊ ရွှေသီနိမ့်မြင့်၊ သုံးထွေတင့်မူ၊ ယခင့်နှစ်ဦး၊ မမြင်ဘူးသို့၊ ရူးမူးလှည့်ဘိ၊ ကြည့်မိမိတည့်၊ သတိမဘည်၊ လည်လသောထွေ၊ ပမာဘွေလည်း၊ ဟေမဝန္တာ၊ အညာမြောက်ချောင်၊ တောသုံးထောင်တွင်၊ သူကောင်မသပ်၊ ရွှေတောင်ထပ်ဦ၊ နှင်းရပမှုင်းကျ၊ နေ့တုင်းလှလျက်၊ တောက်ပပြင်းဝေ၊ ဝင်းဝင်းရွှေထက်၊ ပင်ခြေလတ်လတ်၊ ရွှေရည်ဆွတ်သား၊ နှံ့မြတ်ကြိုင်မွန်း၊ မဉ္ဇူပန်းလျှင်၊ ထုတ်သန်းအကြေ၊ ဆန်တက်လေ၍၊ နေတည်မြင့်ပြီ[၃]၊ ပွင့်စီစီသို့၊ သီသီကြည့်မော၊ ငါမင်းစောကို၊ ၊မျက်ကြောပြတ်စေတော့မည်လော။

၄၂။ ကောင်းကင်လမ်းမ၊ ကွန်းထောက်ချသို့၊ အစနှစ်တန်၊ ပြလတ်ညွှန်သား၊ ဗိမာန်နှစ်ဆူ၊ ဤနှင့်ဟူသော်၊ မတူလျှင်းပဲ၊ ကွဲကြီးကွဲလျက်၊ လွန်ကဲဆတိုး၊ သာလှနိုးမျှ၊

---

(၁) ချောမံစတော-ဟ၊ (၂) ငါးမည်ရောင်ညီ-ဟ၊
(၃) နေတည်းမြင့်ပြီ-ဟ၊

ဖလ်မိုးရိပ်ငြိမ်၊ ရွှေနန်းအိမ်ထက်၊ စည်းစိမ်သခင်၊ နတ်လုလင်လည်း၊ စွမ်းအင်တန်းခိုး၊ ဘုန်းမည့်ုးတည့်၊ ယိုးယိုးယယ၊ သံမြသံညောင်း၊ ပျူငှါကောင်းလျက်၊ လက်ချောင်းလက်သန်း၊ ရွှေဆေးဒန်းဖြင့်၊ စွန်းသားနှုတ်ခမ်း၊ ရွှမ်းရွှမ်းဝါဝါ၊ ပြာပြာလဲ့လဲ့၊ နွဲ့နွဲ့နောင်းနောင်း၊ ဖယောင်းပုံနစ်၊ သွန်းရှ်ဖြစ်သို့၊ ကျစ်လျစ်ဘိခြင်း၊ ရွယ်ရုပ်ဆင်းနှင့်၊ ဝင်းဝင်းညီးညီး၊ ဖြိုးရရီးသား၊ နတ်သမီးမရှား၊ နတ်သားသိန်းသန်း၊ ညီလာဝန်းလျက်၊ သွန်းသွန်းသွယ်သွယ်၊ ခြယ်လှယ်သင့်ကြုံ၊ တင့်တယ်ရံသား၊ စီမံမြောင်ကွက်၊ ပြောင်ပြောင်ထွက်မျှ၊ ညောင်ရွက်လူလူ၊ ထီးဖြူဝဲ့ဝဲ့၊ ကြာသင်းတွဲနှင့်၊ အမြဲလွယ်ခက်၊ ရွှေသန်လျက်လည်း၊ စက်နှင့်တိုင်းတတ်၊ ပိုင်းပိုင်းဖြတ်မျှ၊ နှုတ်လွှတ်ဟုံးလျက်[၁]၊ ကြုံးသံထွက်မူ၊ ယွက်ယွက်ယိမ်းယိမ်း၊ တိမ်းတိမ်းနွဲ့နွဲ့၊ ချဲ့ချဲ့တုန်အောင်၊ နတ်ဘော်ရှောင်အုံ့၊ နက်ချောင်လျှမ်းလျှမ်း၊ ပင်လယ်ဝှမ်း၌၊ ဖြင်ပြွမ်းမျက်မြတ်၊ ရှိသတတ်ဟု၊ လူနတ်စကား၊ ဆိုသည်ကြား၏၊ များပြားလှည့်တုံ၊ ဤနတ်ဘုံထက်၊ မျက်ပုံကိုးမည်၊ မြကောင်းသည်လည်း၊ ပုန်းရည်တောင်စာ၊ လည်ကုပ်ညှာသို့၊ သန္တာရွှေညှောက်၊ နီလာကျောက်ကား၊ ကတောက်အလား၊ ပတ္တမြားယုန့်သွေး၊ စွေးရရွေးလျှင်၊ ဧလွှင့်လာ၊ ပြင်ဝါဝါတွင်၊ ပါလတုံမြောက်၊ ကျေးငှက်ကောက်သား၊ တိုင်ဖောက်ရွှေခြည်၊ ဝတ်စားရည်နှင့်၊ တီးမည်ဆင့်တူး၊ ရေင့်ကျူးလျက်၊

---

(၁) နှုတ်လွှတ်ဟုန်းလျက်-ဟ၊

ငုံဖူးချပ်ပွင့်၊ လှပ်လှပ်ဖွင့်သို့၊ တင့်တယ်တုံစွာ၊ မျိုးကြင်ရာလည်း၊ သုံးမြွာခြယ်တန့်၊ ဂုံသွယ်ဖြန့်လျက်၊ ညွန့်ညွန့်ညာက်ညက်၊ ဖူးစေခါင်လက်က၊ အရွက်ပေါ်လစ်၊ မြော်သစ်သစ်သို့၊ နစ်နစ်နက်နက်၊ ညက်ညက်ထွားထွား၊ ခပ်ပါးပြင်တံ၊ သွယ်ဆန်းကမည်း၊ စုလည်းရစ်ကွေး၊ မနိမ့်သေးတည့်၊ ရေးရေးစံပ၊ ဘော်ထိုမျှတွင်၊ အလှထွတ်ခေါင်၊ ပြာသာဒ်ဆောင်လည်း၊ လောင်လလိလိ၊ ပြောင်ပြောင်ညီမျှ၊ မျက်စိမဆုံး[1]၊ နှလုံးအိုသည်း၊ မယ်မှာချည်းလျှင်၊ ငါလည်းတွေဘူး၊ ရထားဦးကာ၊ ဖွဲးဖွဲးကြည့်မျှော်၊ အော်အော်အံ့အောင်၊ ပြောင်ပြောင်ပြဲ.ပြဲ.၊ ရဲရဲရှင်ရှင်၊ မာရဘင်ဝ၊ မိရှင်မကို၊ ခဏဆောလျှင်၊ ကျွန်ုပ်မြင်သည်၊ ၊သည်လျှင်လွတ်လေတော့မည်လော။

၄၃။ တူစက် ကူစက်၊ ဆုယူဘက်ဖြင့်၊ နှစ်သက် ဖြားယောင်း၊ ရင်ဇွေပေါင်းလျက်၊ သိန်းသောင်းရံဝန်း၊ နှတ်ရပ်ကျွန်းတွင်၊ ထွန်းလတ်တုံပြီး၊ ရွှေချက်ကြီးနှင့်၊ ရွက်ထီးဖြည့်၊ ကာရိပ်ဖြန့်သား၊ ဗိမာန်ရှင်မ၊ တိမ်စင်လဝယ်၊ ဆွဲဆွဲရောင်နှံယ်၊ မိုးခေါင်ကယ်သား၊ ကြယ်မျှားဓိပတိ၊ နှိုင်းဘက်ရှိလျက်၊ ဇာတိမည်ထူး၊ ရောင်ခြည်မြူးသော်၊ ကျေးဇူးနက်လေး၊ ပမာသွေးလည်း၊ မုလေးရှိလျက်၊ စံပယ်ခက်ကို၊ ငွေလျှက်ကုန်ကာ၊ မဝယ်ရာသို့၊ ညက်ပြာဆင်းအင်၊ မယ့်ကို မြင်သော်၊ လုလင်ရတု၊ ဘယ်မှာရှုရှု၊ လှလှဝမ်းဌ၊ ခြိုက်ရှာ

---

(၁) မျက်စိအဆုံး-က၊

လိမ့်နည်း၊ငယ်ကရည်း၍၊ စုလည်းပေါ်စ၊ မွေ့လျော်ကြသား၊ သိဂ်ရည်သွန်း၊ ဘုံပြည်နန်းထက်၊ ခင်ပွန်းမိတ်ရန်၊ သည်လျှင်လွန်မှု(၁)၊ ဗိမာန်ကြီးကျယ်၊ စည်းစိမ်လယ်၌၊ စံပယ်ရှင်ပျော်၊ နတ်နှစ်ဘော်ကို၊ မြော်လတ်တုံခြင်း၊ ငါသည့်မင်းလည်း၊ သည်ရင်းမကွာ၊ ခွေရုံပါလျက်၊ နတ်မှာညီစုံ(၂)၊ သည့်နှယ်တုံလျှင်၊ ကိုယ်ယုံရှင်စော၊ ထင်လှမော၏၊ ပြောဟောမည်ရာ၊ လူ့ပြည်ကသော်၊ ဒါနကောင်းမှု၊ ဘယ်သို့ပြု၍၊ ရုရုစုံပေါင်း၊ ရွှေဘုံ ကောင်းထက်၊ စည်စောင်း ငါးပါး၊ ပျော်ဘွယ်များနှင့်၊ ဝန်းလျားနှံ့ခြီး၊ ထွက်ဝင်တီးလျက်၊ သမီးလုလင်၊ ရွှင်ရွှင်ရယ်ရယ်၊ ငယ်လည်းငယ်ကိုယ်၊ ပျိုလည်းပျိုမြဲ၊ မအို ပလျှင်၊ ဆင်းရဲမလား၊ ဖျားနာမဟူ၊ ရန်သူမနှောက်၊ ကျောက်လည်းမညောင်း၊ ခေါင်းလည်းမခဲ၊ တလဲလဲလျှင်၊ နတ်ပဲ့တုံတည့်၊ အံ့တိုလှည့်၏၊ ကြည့်စများများ၊ ပျော်ပါးလေလေ၊ နှင်းဝေဝေဘွင်၊ တိမ်ခြေလှစ်ခဲ့၊ လျှပ်စစ်ကြဲသို့၊ ပြည်ထဲသခင်၊ ဖြုတ်ခြည်းမြင်သော်၊ ရွှင်လည်းရွှင်စ့၊ ကြင်တောင့်တလည်း၊ မြင်ရသည်သာ၊ နတ်မြဝါကို၊ မျက်နှာမကျမ်း၊ မေတ္တာလွှမ်း၏၊ မွှမ်းမွှမ်းထုံမြက်၊ ကြိုင်တက်သား၊ သရက်မဥ္ဇူ၊ ဒါရုပန်းနုံ၊ တပုံပုံလျှင်၊ ညှံညှံထွားထွား၊ စက္ကူသားသို့၊ ယဉ်သွားထောင်ပြည့်၊ ချည်ကောင်းထည့်လျက်၊ လက်လှည့်မခတ်၊ နှုတ်လည်းမချို၊ အနီအနှမ်း၊ ရုတ်ရက်ဆမ်းလည်း၊ နွမ်းနွမ်းနယ်နယ်၊ ရနံ့ပြယ်သား၊ တကွယ်

---

(၁) သည်လျှင်လွန်မျှ-က၊ (၂) နတ်မှာဥဿုံ-က၊

မတင်[၁]၊ ညွှန့်ရှင်ခက်ဖြာ၊ ပဒေသာမှ၊ အညှာဖြေဖြေ၊ နေ့ရေ လွယ်ကူ၊ ဆွတ်ကယူသား၊ ဘုံသူနတ်ရပ်၊ အထပ်ထပ်လျှင်၊ ရင်အပ်ပေါပည်း၊ ခြည်းရရည်းတွင်၊ ညက်ကြည်းလျပါး၊ ပြာထွားထွားကြောင့်၊ ဘဝါးပူနင်း၊ မီးကိုချင်းလျက်၊ ကျွန်သင်း စောင့်ရှောက်၊ အထောက်ထောက်လည်း၊ ချောက်ချောက်လှစ်ဖျက်၊ ဝက်ဝက်ဖဲ့ငင်၊ ခွံ့ခွံ့ဝင်၍၊ ငါလျှင်ငံ့ရည်၊ စွန့်တော့မည်ဟု၊ ကြံစည်မပြေ၊ တလျက်နေသား၊ မင်းခြေ ယောင်မြ၊ နောင်ခင်ဘကို၊ စံပညီစွာ၊ ရှင့်ခြင်းရာသည်၊ ၊ ကိုယ်သာချတ်ပေတော့မည်လော။

၄၄။ ညိုးညီးညိုးညီး၊ မိုးသမီးဘို၊ ညဲကြီး ညဲထွေး၊ ငြိမ့်ငြိမ့်လေးမျှ၊ ဧဧဝှန်တက်၊ နှင်းရည်ဘက်သား၊ ကရမက်နှင်းဖျော်[၂]၊ အကျော်လိမ်းကျံ၊ ပည်းမျှရံလျက်၊ စံလည်းစံဘုန်း၊ ရှင်မဘုန်းနှင့်၊ မနှုန်းလှည့်ထိုက်၊ မြိုက်ရရိုက်တွင်၊ ချိုက်ချိုက်မြင်၍၊ ဘယ်နံ့မေ့ပိမ့်၊ ရေမြေ့သနင်း ၊ ငါသည့်မင်းကို၊ မဲ့တင်းပွဲဘောင်၊ အိပ်မက်ယောင်မျှ၊ မယ့်မောင်လူ့ဆွေ၊ မြင်ဘို့လေဟု၊ ဘွေးခြေနတ်မယ်[၃]၊ ပြုံးပြုံးရယ်လျက်၊ ပြယာယ်မြိုးမြွက်[၄]၊ ပွက်လေစတံ့၊ တင့်ငံ့လျှင်၊ ဖွံ့ဖွံ့နွဲနွဲ၊ မြင်မိခဲ့မူ၊ ကြည့်ငဲ့လွတ်လွတ်၊ မလွန်တတ်ခဲ့၊ လတ်လတ်ရည်စင်၊ ရွှေထက်ဘင်သား၊ မျက်ရှင်ပတ္တမြား၊

---

(၁) တကွယ်မထင်-က၊ (၃) ဒွေးခြေနတ်မယ်-ဟ၊
(၂) စည်းနှင့်ဘက်သား၊ ကရမက်နှင်းဘော်-က၊ (၄) ပြယာယ်မျိုးမြက်-ဟ၊

ထွန်းသောလားသို့၊ မြောက်သားကျမ်းဝင်၊ မယ့်သည်ပင်လည်း၊ ဆင်ယင်ရတနာ၊ နီလာမြကြောင်၊ ဆန်းကြယ်မြောင်သား၊လှိုရောင်ကျယ်ဝန်း၊ နေ့နှယ်ထွန်းလျက်၊ ဘုံနန်းထွက်ပေါ်၊ မြော်လတုံ့က၊ အံ့သြလှ၏၊ စံပစခြင်း၊ မင်းခမ်းကျင်းလည်း၊ ထွန်းဝင်းပြိုးပြက်၊ ချက်ချက်မောင်းမောင်း၊ ရည်ပျောင်းပျောင်းသား၊ ကွမ်းလောင်းပန်းကပ်၊ အထပ်ထပ်လျှင်၊ ကွမ်းချပ်နီမ့်မြင့်၊ သရစ်ဆင့်လျက်၊ ကြာပွင့်အသွင်၊ သောက်ရေတင်နှင့်၊ ရည်ရှင်မှုတ်ပြောင်း၊ စလောင်းဇွန်းစွဲ၊ ရွှေသန္ဓေးလည်း၊ နားရေးဆယ်တန့်၊ ရှားမီးခန့်လျက်၊ ခြူးညှန့်သားသား၊ ဖလားကျပ်ပြောက်၊ ညီးညီးတောကမျှ၊ ခွက်ယောက်လင်ပန်း၊ အဆန်းဆန်းနှင့်၊ ပုံသွန်းစံမြောက်၊ လက်ကောက်ခြေကျင်း၊ တဝင်းဝင်းလျှင်၊ ရွှေမြင်း ရွှေဆင်၊ ရွှေရုပ်ရှင်လျက်၊ ထမ်းစင်သံလျှင်း၊ ခရုသင်းမှု၊ မုန်ညင်းကြာခြူး၊ ရွှေဗူးရွှေအုံ၊ ကွမ်းပုံကွမ်းထည့်၊ မင်းခမ်းပြည့်မျှ၊ နတ်တည့်စည်းစိမ့်၊ တခြိမ့်ခြိမ့်လျှင်၊ မုဒိမ့်းစည်ကြီး၊ မြည်လတ်ပြီးလည်း၊ ဝဲချိုးနှစ်ခိုက်၊ ကျူးကရိုက်လျှင်၊ တိမ်တိုက်မှောင်ကျ (၁)၊ ဖြူရောင်ပသား၊ မိုးဝခရိုး၊ မသွားသီးတွင်၊ မင်းကြီးနေဦး၊ ဆွေမျိုးဖူးသို့၊ မှူးမှူးမိန်းပြတ်၊ တိမ်းခွေညွတ်မျှ၊ ဆုတ်ဆုတ်လွန်ကြင်၊ သို့ကိုမြင်သော်၊ လူရှင်ဆက်ဆံ၊ မေတ္တာခံသား၊ နိုင်ငံကျယ်ကွင်း၊ ငါသည့်မင်းလည်း၊ သီတင်းခြိုးခြံ၊ ကောင်းမှုကံကြောင့်၊ စံပရအုံ၊ စိတ်ပုံ့ပုံ့လျှင်၊ နှံ့နှံ့

(၁) တိမ်တိုက်မှောက်ကျ-ဟဲ၊

ပတ်ပတ်၊ ရှုမျှော်လတ်လည်း၊ နဝတတ်သို့၊ ကျောက်ရောင်ညို့နှင်၊ ပိတ်ဆိုတားဆည်၊ ကန်မြရည်လည်း၊ နက်ကြည်လျှမ်းလျှမ်း၊ ကြာပြွမ်းပြွမ်းတည့်၊ ဟင်းရမ်းကတောက်၊ မျောက်လှေကူးလည်း၊ မခူးစပါ၊ နတ်တို့ရွာတွင်၊ တိမ်ပြာလှစ်ပယ်၊ လျှပ်စစ်နွယ်သို့၊ ငုံသွယ်ပွင့်ခက်၊ အရွက်မည့်ဦး၊ ဖြိုးရရိုးလျှင်၊ ခွံရိုးမြကြော၊ လှလှမောဏ်၊ ပည်းပေါညိုးညိတ်၊ ရွှေရည်ဘိတ်သို့၊ စိတ္တလတာ၊ ဥယျာဉ်မှာတုံ၊ နွေခါသံထောင်း၊ ယော်ရွက်ဟောင်းဖြင့်[၁]၊ ယောင်းယောင်းကြွေကျ၊ ခွံရေမြနှင့်၊ အလှတိုးပွါး၊ ဖိုးဖိုးဖွားလျှင်၊ ထွားထွားညှံစွာ၊ ခက်လက်ဖြာလျက်၊ အာသာဝတီ၊ ရွှေကြိုးသီသို့၊ စုံစီသီးလှည့်၊ သြဇာထည့်၍၊ ပျော်မှည့်ရွမ်းဝါ၊ လေပြည်လာက၊ အညှာနုနု၊ ကြွေလုလုသည်၊ ၊ယခုဆွတ်ချေ တော့မည်လော။

၄၅။ ဤသို့ဟူ၍၊ ကျိုက်ဆူဝှန်ပြင်း၊ ကျော်သတင်းနှင့်၊ တျင်းတျင်းခုတ်ဖြတ်၊ ရန်လုံးသတ်သား၊ ဥက္ကဋ္ဌပေတိ၊ စောနေမိကား၊ ဆင်ရှိလွှေလွှေ၊ စောင်းတန်းကွေတွင်၊ ခြသေ့်လည်စောင့်[၂]၊ ရှစ်မြောင့်မြောင့်လျှင်၊ တထောင့်ကိုးလိုင်[၃]၊ တိုင်ကားသုဝဏ်၊ ဖလ်ကားအမိုး၊ ပြည့်လျှမ်းဖြိုးမျှ၊ တန်းခိုးမကြုံ၊ ဘုန်းလည်းပုံလျက်၊ ညီစုံလည်ရှက်၊ ဆွေကြင်ဘက်တို့၊

---

(၁) နွေခါသန်ထောင်း၊ရော်ရွက်ဟောင်းဖြင့်-က၊ (၂) ခြသေ့်လည်းစောင့်-က၊
(၃) တထောင့်ကိုးလိုဏ်-ဟ၊

တရက်မကွာ၊ တခါမကွေ၊ မျိုးခြွေရှေနှင့်၊ မြုတေရှိမ်းရှိမ်း၊ လိမ်းလည်းလျှောင်းလျှောင်း၊ ရွက်ကောင်းရွေထီး၊ မှုတ်တီး ငြင်းစောင်း၊ ရွှေနှင်းနောင်းနှင့်၊ မိကျောင်းပြိုင်ဆော်၊ ပြည်တော်ပုလဲ၊ အောက်ပြန်ခွဲလျက်၊ ခွါရဲစံပေါက် [၁]၊ အောက်ကလပ်ကြီး၊ ကပတ်ဆီးလည်း [၂]၊ သီးသီးမနိုင်၊ သာကွင်းကိုင်လျက်၊ ထောက်ပြိုင်အဲ့အန်၊ သံဝှန်မဆိတ်၊ ကရဝိတ်ငှက်မင်း၊ ညင်းညင်းခြေးခြေး၊ ဧညောင်းညောင်း၊ လည်ချောင်းသာမော၊ ပျောပျောနှစ်သိမ့်၊ ငြိမ့်ငြိမ့်နာအောင်၊ ရွှေတောင်ရွှေမြီး၊ ရွှေနွှတ်သီးနှင့်၊ ညီးညီးတင့်မှန်၊ ရင့်ကတ္တန်သို့၊ ဗိမာန်သခင်၊ ပျော်ရွှင်လှည့်ဘီ၊ မြင်သည်ရှိသော်၊ မာတလိနတ်၊ သိကြားမတ်ကို၊ မြတ်ထုတ်လှည့်ငြား [၃]၊ ဘယ်ကြောင်းလျားဖြင့်၊ နတ်သားနတ်သမီး၊ အဖြိုးဖြိုးနှင့် [၄]၊ လင်မိုးနတ်ပြည်၊ ဖြစ်လှာသည်ဟု၊ ၊မြရည်မင်းခြေမေးတုံလေတည်း။

တဿ ပုဋ္ဌော ဗျာကာသိ၊
မာတလိ ဒေဝ သာရထိ။
ဝိပါကံ ပုညကမ္မာနံ၊
ဇာနံ အက္ခာသိ ဇာနတော။ ။

---

(၁) ခွင်ရဲစံပေါက်-က၊
(၂) ကဲပတ်ဆီးလည်း-က၊
(၃) မြတ်ထုတ်လှည့်ငြား-ဟာ၊
(၄) အဖြိုးဖြိုးလျှင်-က၊

ယာကာဗိ နှာရိုယော ဣဓ ဇီဝလောကော၊
သီလဝန္တိယော ဥပါသိကာ[1] ။
ဒါနေ ရတာ နိုစ္စံ[2] ပသန္နစိတ္တာ၊
သစ္စေ ဌိတာ ဥပေါသထေ အပ္ပမတ္တာ ။
သံယမာ သံဝိဘာဂါ စ၊
တာ ဝိမာနသ္မိံ[3] မောဒရေ ။ ။

၄၆။ ထိုသို့လျှင်တည်း၊ မြေပြင်ထုတ်သန်း၊ ပြတ်ဘုန်းမျှ၊ ကျွန်းဇမ္ဗူဒီ၊ ဘဝါးချိုက၊ မည်ဘိမ်းတင်း၊ မြေစောင်းပင်း သား၊ မင်းထက်မင်းစင်၊ မေးလဘ်ကျင်သော်၊ မြရှင်ရည်စိုး၊ တောင်နဂိုထက်၊ မျက်လိုန္နလုံး၊ ရန်သူပြုံးလည်း၊ လက်ရုံး ဟန့်တား၊ ကျေးကောင်းစားက၊ နတ်သားဘောင်တွင်၊ ကျော်စောထင်သား[4]၊ မြော်မြင်မျက်စိ၊ မာတလိကား၊ နေမိ လွှံ့ထင်း၊ စောရန်ခွင်းကို၊ အခြင်းသိကုံ၊ ပြန်လတ်တုံ့၏၊ ကမ်းခုံကျောက်ဆောင်၊ တောင်လည်းဝက်ဝက်၊ ကဲ့ခြအောက် မျှ၊ လက်နက်ရှတော့၊ သိကြားဆော့သို့၊ ပျော့ပျော့အိအိ၊ ဘုန်းဟော်ဘိသည်၊ သီရိပဝရ၊ စောသီဟ၊ နရထိပ်မိုး၊ ရှင်သတိုးလျှင်၊ ဘေးဘိုးနွယ်ရှက်၊ ရွှေနန်းဆက်က၊ စစ်မက် မနှောင့်၊ ဆူးငြောင့်မရှာ၊ ရန်စမထင်၊ ဝဇည်ပင်လျက်၊ ပုံယင် မှိမှို၊ ညီညီညွတ်ညွတ်၊ မှူးမတ်ရုံရုံ၊ လက်သံလန့်လန့်၊ ဘဉ့်

---

(၁) ဥပသကာ-က၊
(၂) ဒါနဝိမာန-က၊
(၃) ဒါနရတာနိစ္စ-က၊
(၄) ကျော်တိုင်းထင်သား-က၊

ကျိုးကျိုး၊ အားလုံး ကြည်ကြည်၊ သက်ဇောတော် ရှည်မူ၊ နတ်ပြည်ခေါ်ယူ၊ နာဇောမူခလာ့၊ ဇမ္မူဝန်းထိပ်၊ ကျွန်းမြရိပ်ဘွင်၊ နင်းနှိပ်အစ၊ သမ္မတလျှင်၊ တည်ထပြည်မြတ်၊ သာရဝတ်ဟု၊ ထိမ်းမှတ်မည်သာ၊ ရွှေပြုဇွာမှ၊ ဂင်္ဂါမြစ်ကြီး၊ ရစ်သွယ်စီးလျက်၊ ငေးနီးမြောက်ဇောင်၊ ခုတိုင်အောင်လျှင်၊ မင်းခေါင်စိုးခြုံ၊ တန်းခိုးလှုံ၍၊ အုံသည့်ပျားလား၊ စည်ပင်ပွါးသည်၊ ၊တိုင်းကားကျယ်ကျယ် ဝန်းဝန်းတည်း။

၄၇။ ငြိမ်းလှချမ်း၍၊ ဝှမ်းဝှမ်းချိုင်းချိုင်း၊ နိုင်ငံတိုင်းလည်း၊ သမိုင်းမော်ကွန်း၊ ကျယ်ကျယ်ဝန်းလျက်၊ ရဟန်းမိဘ၊ တကွသနင်း၊ မင်းလည်းဖြောင့်ဖြောင့်၊ စောင့်လတ်သေခါ၊ သာသနာလည်း၊ ရောင်ဝါရှန်းရှန်း၊ တောက်ပထွန်းလျက်၊ သန်းနှင့်ကုဋေ၊ သချေမှိရာ၊ ထိုပြည်သာတွင်၊ ရတနာဖြောင်လွှင်၊ ပလွင်ကိုးဆင့်၊ ဘုံနန်းမြင့်ထက်၊ ရဲရင့်စံတုန်း၊ တန်းခိုးမှုန်းလျက်၊ ဘုန်းလည်းအံ့ဘွယ်၊ နက်ဝှမ်းကျယ်သား၊ ပင်လယ်အသွင်၊ ပည်းဖြင်ဆောင်ယောင်၊ ဤနတ်မောင်ကား၊ အိမ်ဆောင်ကျသစ်[1]၊ လုလင်ဖြစ်၍၊ ကျစ်လျစ်ပြင်လျှာ၊ လက္ခဏာနှင့်၊ လိမ္မာပင်ထက်၊ ရွှေစင်ရက်သို့၊ ဖိုလ်မင်္ဂဆောက်ဘည်၊ ကောင်းစိတ်ကြည်လျက်၊ မျိုးမည်ထွေပြား၊ ဘဝါးတိမ်းစောင်း၊ ဇေးရုံချောင်းနှင့်၊ လမ်းကောင်း သွားလား၊ နင်းချတ်မှားလျက်၊ သောက်စားယစ်ဝ၊ မာန်ကြွကြွ

---

(၁) အိမ်ဆောင်ကျိသစ်-က၊

လျှင်၊ မောဟမိုက်ရှုပ်၊ လောဘချုပ်၍၊ လက်ဆုပ်ဥစ္စာ၊ မသဒ္ဓါတည့်၊ မိစ္ဆာလွှမ်းဆို၊ မည်းသမ်းမိုသား၊ ညစ်လိုညစ်မူ၊ တချိုလူကို၊ အဖြူလှပ်လှပ်၊ လျှော်ဆေးဖွပ်လျက်၊ ကူးခပ်ဆယ်တင်၊ လက်နှင့်ငင်သို၊ တီထွင်လမ်းကြောင်း၊ ရှေသွားခေါင်းသည်၊ ၊လူကောင်းပေါ်စ ရှန်းရှန်းတည်း[၁]။

၄၈။ ညဉ့်ကားအခိုး၊ မိုးကားသောက်လင်း၊ မီးရှိန် ဝင်းလျက်၊ ကျော့ကွင်းထောင်ရှက်၊ ဘော်သုံးကွက်တွင်၊ ဝိတက်ဝိစာ၊ အဖြာဖြာနှင့်၊ မိစ္ဆာမြေးတုံ၊ တဏှာချုံမှ၊ လက်စုံခေါင်းမော်၊ လူကောင်းပေါ်သား၊ လူကျော်မွန်ရည်၊ ထိုအသည်လျှင်၊ ယွင်းဖည်လိမ်ကွေ့၊ စိတ်မရွှေတည်၊ ကြွေ့ကြွေ့အင်ခိုက်၊ ရင်သွေးဌ်လည်း၊ အမြိုက်ဖြန့်ချီ၊ ကောင်းဘော်ညှိမူ၊ နီတိစကား၊ ဆုံးမကြားလျက်၊ တံခါးပိတ်ပင်၊ ကျုံးသို့ဝင်သား၊ တောဆင်မယဉ်၊ တီမှာချဉ်အံ့[၂]၊ တွဲယှဉ်ကောင်းလှ၊ ထိန်းကျောင်းမ၏၊ ချစ်စတင်းလင်း၊ မျိုးသည်ရင်းနှင့်၊ သားချင်းမြေးဘော်၊ ခေါ်ဝေါ်တသီး၊ သမီးသမက်[၃]၊ ခက်လက်နွယ်ဖြာ၊ မျိုးဆွေမှာလည်း၊ ကွယ်ရာထင်ပြဲ့၊ ကဲ့ရဲ့လုံးပစ်၊ စိတ်ညစ်ညစ်မူ၊ ကန်မြစ်ဖန်ကြိမ်၊ ဆပ်ပြာစိမ်၍၊ ညှစ်လိမ်လက်ဖြန်း၊ ဖြူသွေလှန်းလျက်၊ ထုံမွန်းနံ့သာ၊ သမ္မာသက်ပ်၊ စောင့်စည်းကြပ်၏၊ ဖပ်ဖပ်

---

(၁) လူကောင်းပေါ်စု ရှန်းရှန်းတည်း။-က၊ (၂) တမာချဉ်အား-ဟ၊
(၃) သမီးခမက်-က၊

မုန်စို၊ ပျိုပျိုထွားထွား၊ သျှောင်ကျားလူလူ၊ ငယ်သူနှလုံး၊ မရုံးနိုင်ပဲ၊ ဝတဲကျည်းချောင်[၁]၊ ကိုယ်ရှောင်ကြို့ဝင်၊ မဆင်ခြင်လည်း၊ သိမြင်ကျိုးပြစ်၊ ချစ်ချစ်ပူလောင်၊ မီးကျီး တောင်သို့၊ ရှောင်လော့လန့်လန့်၊ မြစ်ထာဟန့်၏၊ ကျေးကျွန့် အလိုက်၊ မိုက်မိုက်မဲမဲ၊ စဉ်းလဲစဉ်းစာ၊ လိမ္မာမပွန်၊ အာဏာ ဆန်လည်း၊ စောင်မာန်တည်းချုပ်၊ ဆင်ချွန်းအုပ်သို့၊ ရှုပ် လှည့်ပစေ၊ လက်နှင့်ဖြေသား၊ ဆိုထွေဖြည်းညှင်း၊ နားပါး သွင်း၏၊ ဆင်မြင်းရှည်ရင့်၊ မြင်လင့်မူကား၊ မြို့စောင့်ထားသို့၊ သောက်စားနည်းယုတ်၊ အားခွန်ဆုတ်က၊ ခြုတ်ခြုတ်တိုးခွါ၊ မျက်ညိုးညှာသား၊ ကေသာဖြူကျား၊ သူအိုအားလည်း၊ စစ်သွားမခေါ်၊ လုပ်ဘော်မဟူ၊ အိပ်မူမနှိုး၊ ရေခမိုးသို့၊ ကောင်းကျိုးငြိမ်းရှာ၊ သူစိမ်းမှာလည်း၊ မေတ္တာဆက်ဆံ၊ ယုန်နှင့်ဖံ့သို့၊ စိမ်းဆွံ့မြန်လူ[၂]၊ တောင်သူလင်းခါး၊ ကုလား သထုံ၊ ပြူမြုံယွန်းရိုင်း၊ တလိုင်းကျည်းစစ်၊ ဖြစ်လင့်ကစား၊ တော်ဖြောင့်သားက[၃]၊ ဆယ်ပါးခင်ပွန်း၊ မှန်းပစိမ့်ငှါ၊ ကျင့် နည်းနာဖြင့်၊ သံသရာမြစ်၊ ဝဲချုပ်ထစ်တွင်၊ နစ်ခဲ့တပြို၊ ဆုံးလိလိမူ၊ မထိတန့်ဆယ်[၄]၊ လက်နှင့်ကယ်သား၊ ကြိုးသွယ် လံလျက်၊ သဘောထက်သို့၊ တဘက်ပို့ဟန်၊ သူ့ဘို့ဝန်မှ၊ မကျန်စေမြို့၊ ကိုယ်၌ဘို့တုံ၊ ကူးတို့လက်ရ၊ အတုလဖြင့်၊ မိဘ ချီပိုး၊ နို့ဘိုးဆပ်နိုင်၊ ပိုင်လတုံတုံ၊ ပစ္စည်းကုံလည်း၊ စည်းခုံ

---

(၁) ဝတဲကျည်းမြောင်-က၊
(၂) မဆွံ့မြန်လူ-က၊
(၃) တော်ဖြောင့်လျားက-ဟ၊
(၄) မထိတစယ်-က၊

နှစ်ဆူ၊ ရွှေဂူနှစ်ပါး၊ ဘုရားဆင်းတု၊ ငါ့ကောင်းမှုဟု၊ လှုလှုမြတ်လေး၊ ရိုသေမွေးလျက်၊ လုပ်ကျွေးမကွာ၊ ကောင်းခြင်းရာဖြင့်၊ ခြောက်ရွာနတ်ပြည်၊ ပျော်အံ့ရည်သည်၊ ၊ပင်စည်ရွက်နု သွန်းသွန်းတည်း။

၄၉။ သွန်းသွန်း ရွက်နု၊ စိတ်သာဓုနှင့်၊ ကောင်းမှုဆယ်ပါး၊ တတ်အားသောလျောက်၊ တံစက်အောက်ဝယ်၊ မိုးပေါက်ခံထည့်၊ အိုးကြီးပြည့်သို့၊ ပျော်မှည့်စပါး၊ တံစဉ်သွားဝယ်၊ သီးဖျားရိတ်လှိုင်း၊ လိုသောတိုင်းလည်း၊ မနှိုင်းစလောက်၊ တစေ့ရောက်က၊ ရှေနောက်မြောက်တောင်၊ ခက်မထောင်လျက်၊ မြင့်ခေါင်သွယ်သွယ်၊ ပေါယယ်ကျေးငှက်၊ နားခိုလျက်တည့်၊ ခက်လက်ညွှတ်ညွှတ်၊ ဆွတ်လည်းမရှား၊ စားလည်းမနိုင်၊ မှည့်ခိုင်ညိုးညီး၊ ညောင်ပင်ကြီးသို့၊ ထီးထီးထိုင်းထိုင်း၊ မုန်တိုင်းခတ်ချွေ၊ သီးမှည့်ကြွေလည်း၊ မြေဝယ်မပျောက်၊ နှင်းတပေါက်က၊ ကိုက်ညှောက်ပေါ်ထွက်၊ မြစ်နွယ်နက်၍[၁]၊ တိုးတက်ပွါးစီး၊ ခရီးခွဆုံ၊ တောအုံလွင်ကျင်း၊ ရှိုးရှိုးရှင်းလျှင်၊ ပင်ရင်းခိုင်ကျည်၊ ရွက်စည်ရိပ်ခို၊ လူဗိုလ်အများ၊ ဖြစ်သောလားလျှင်၊ တရားသိသိ၊ ဥာဏ်မြင်စိဖြင့်၊ ဒိဋ္ဌိတက္ကတွန်း၊ ရှင်ဖြစ်ဆန်းတွင်၊ ရေသွန်းပျိုးပါ၊ မျိုးကုန်ကာဟု၊ လိမ္မာသသူ၊ လူ၏ဝမ်းဝယ်၊ ယဉ်ဘောင်ကျယ်သား၊ ပင်လယ်နက်ဝှမ်း၊ သက်၍စမ်းသို့၊ ဆွတ်လှမ်း

---

(၁) မြနှယ်နက်၍-ဟ၊

မင်ဖိုလ်၊ ရည်မြိုက်မျိုသား၊ ပုဂ္ဂိုလ်သန့်ရာ၊ ရဟန္တာသို့၊ မျက်နှာဦးတည်၊ ညွှတ်နူးကြည်က၊ ဖန်ရည်နီမြန်း၊ သင်္ကန်းပစ္စူ၊ ဆူယူမြဲကျိတ်၊ သပိတ်ကရား၊ ယပ်မားထီးမိုး၊ ခက်ရိုးဆစ်ပွေး၊ ခွံခွါနွေးသား၊ တောင်ဝှေးဘိနပ်၊ သင်ဓုန်းအပ်နှင့်၊ ပဲခွပ် လက်ကိုင်၊ ကရိုဏ် ရေစစ်၊ ကညစ် စူးဆောက်၊ သံကောက်ဆီကျည်၊ ဖျော်ရည်လှိုင်ကြူ၊ နှံ့သာဟူသား၊ အလှူဆယ်ခန်း၊ ဆယ်ခုပန်းကို၊ စွံဆန်းမရောင်း၊ ငါ့ရှင်ကောင်း၌၊ ကျောင်းမဆောက်ရ၊ ဒါနစေ့စုံ၊ ကုံသရွှေလျှင်၊ ဖူးတွေ့ ဝန်းလျား၊ ကျောက်တံတားသို့၊ ဆံဖျား မလှုပ်၊ ချီလက်အုပ်နှင့်၊ ကျွန်ုပ်ထက်ထက်၊ အသက်စုနှင်း၊ ကြည်ညွှတ်ပြင်းဟု၊ တင်းတင်းမာကျော့၊ စိတ်မလျော့လျှင်၊ သူတော့်နည်းထုံး၊ မြတ်ကျင့်သုံးသည်၊ ၊နှလုံးရှင်ရှင် လန်းလန်းတည်း။

၅၀။ ရှင်ရှင်လန်းလန်း၊ လနှယ်ထွန်းလျက်[၁]၊ လေးခွန်းစကား၊ မှတ်သားဆိုနည်း၊ ယာသကျည်းနှင့်၊ စရည်းပင်ကြီး၊ ဖာလာသီးသို့၊ အတီးစဉ်လာ၊ ကမ္ပည်းစာလည်း၊ ခြင်းရာတစိ၊ ကြားဘူးသိလျက်၊ လောကိချမ်းသာ၊ ဥစ္စာပစ္စည်း၊ ဆည်းလည်း ရှိရစ်၊ သူ့ဘို့ဖြစ်ခဲ့၊ ညစ်ညစ်ညမ်းညမ်း၊ ကြမ်းကြမ်းကြုတ်ကြုတ်၊ မဟုတ်မလျား၊ ကျင့်မိမှားလည်း၊ ကျည်း

---

(၁) လနှယ်ဆန်းလျက်-က၊

တားဆို့လျက်၊ မီးပုံထက်ငယ်၊ လောင်ကျက်ဟစ်ကြော်၊ ဘယ်နှံသော်လျှင်၊ ပေါ်လတုံတုံ၊ မှတ်ပိုက်ယုံ၍၊ စေ့စုံသံဝေ၊ ရဖလေ ဆွဖြင့်၊ နွားခြေ ခွါထက်၊ ရေကျက် ကျက်ဝယ်၊ လောက်လက်ကစား၊ ငခုံးခါးသို့[၁]၊ လူများအသက်၊ နည်းစွာလျက်တည့်၊ စုံမက်လှည့်တို့၊ ပျို့ရခို့လျှင်၊ နှစ်လို့ချင်ဘုယ်၊ ရူပကာယ်ကား၊ လေးဆယ်လွန်က၊ သစ်ကြန်ကျသို့[၂]၊ မိန်းမယောကျ်ား၊ ရေသားပိန်လို၊ ကောင်းရိုန်တို့ခဲ့၊ အိုလည်းမစို၊ တန်းခိုးမငြိမ်း၊ ဘုန်းလည်းရှိမ်းမျှ၊ သွေးစိမ်းကြောမ၊ ယခုကလျှင်၊ နောင်တမဲ့ကြောင်း၊ ကျင့်အပ်ကောင်း၏၊ လည်ချောင်း ကြုတ်ကြုတ်၊ သွေးသံတုတ်လျက်၊ ပလုတ်ခံတွင်း၊ သမင်းကြောင်ဘား၊ ကျားသုံးခုလျှင်၊ ငုတ်စုတို့နိုး[၃]၊ ကပ်လေပြီးလည်း၊ မျောရိုးမျောရာ[၄]၊ မပြုသာသား၊ ခေမာကမ်းခုံ၊ ဘုမ္မနက်သန်၊ မှန်သားအခြာ၊ ဤသည်မှာဟု၊ ရတနာသုံး၊ ပုလဲကုံးကို၊ မျက်လုံးခြယ်နှိပ်၊ ရွှေတံဆိပ်သို့၊ ငယ်ထိပ်ရွယ်ရွယ်၊ ဖယ်လှည့်မစောင်း၊ ခေါင်း၏အထက်၊ ဥသျှောင်ချက်ဝယ်၊ လက်လက်ရောင်ပြေး၊ ရစ်မြှောင်ကွေးလျက်၊ မွှေးမွှေးနုံလို့င်၊ ကြိုင်တို့လှည့်စွာ၊ ငါးခက်ဖြာသား၊ လက်သာဆွတ်နုတ်၊ ကြာကုမုဒ်သို့၊ ဥပုသ်တခြား၊ ပန်းရွှေသားကို၊ ထိပ်ဖျားစွန်းစွန်း၊ မကိုင်ဦးမှန်းလျက်၊ ရေသွန်းချပြု၊ လှူကောင်းမှုနှင့်၊ လှလှလည်းကောင်း၊ ဘုရားလောင်းတို့၊

---

(၁) ငခုန်းခါးသို့-က၊
(၂) ငုတ်စုတိုးနိုး-က၊
(၃) သစ်ခွံကျသို့-ဟ၊
(၄) မျောရိုးမျောရှာ-ဟ၊

နှစ်ထောင်းစံမြဲ၊ ဘုံရပ်ပဲ့ကို၊ ယှဉ်နွဲ့ဆောက်တည်၊ မြေဉ်ကြရည်သည်၊ ၊စိတ်ကြည်ဖြောင့်ဖြောင့် တန်းတန်းတည်း။

၅၁။ ဤသို့ လျှင်တည့်၊ တိုင်းခွင် ပည်းထူ၊ ပြည်သူ့မေ့ကျန်၊ ဆုံးမညွှန်လျက်၊ တမလွန်နောင်လာ၊ သံသရာသွေးဆောင်၊ ဆွေကုန် အောင်နှင့်၊ မယ့်မောင် ကြင်သူ၊ ညက်ဖြူပြာထွား၊ မယားညီတူ၊ အလှူမကင်း၊ သီတင်းလည်းသုံး၊ နတ်ပြည်ရုံးသို့ (၁)၊ လေးလုံးသရက်၊ ကြက်လည်းလေးမျိုး၊ အိုးလေးပါးတင်၊ ထင်ရှားတခု၊ တစ်ခေါ်ပြုလျက်၊ ပြည်သူ့အမိ၊ ပြည်သူကျိသား၊ ဖြန့်ချိဝန်းကျင်၊ ထိုနတ်ရှင်လည်း၊ သစ်ပင်ကြီးနှယ်၊ ရိပ်မိုး ကွယ်လျက်၊ ပေါယယ် ရှားမွတ်၊ ဆွတ်လှည့်ပစေ၊ သီးမှည့်ကြွေသို့၊ တိုင်းခြေစည်နှံက်၊ ထိုပြည်ချက်ဝယ်၊ ဘဝဂ် ခေါင်ကယ်၊ ရောင်ခြောက် သွယ်နှင့်၊ ပင်လယ်ဝမ်းမ၊ နှိုင်းတမ်းဆလည်း၊ မရက်ဝှန်၊ အနန္တစကြဝဠာ၊ ကမ္ဘာထိန်ထိန်၊ တအိန့်အိန့်မျှ၊ သိမ့်သိမ့်လှုပ်ရှား၊ ဘုရားထွန်းပေါ်၊ ရှင်တော်အရာ၊ သဃ်ာတခြား၊ သူမြတ်အားကို၊ ညွှတ်တွားမှီတွယ်၊ ကြီးငယ်သူငါ၊ နတ်သို့သာလျှင်၊ စေတနာထက်သန်၊ မုန်ညင်းဆန်သို့၊ အတန်ငယ်ပျိုး၊ ရှိသာခိုးလည်း၊ ကောင်းကျိုးပည်းမှမ်း၊ ဖြစ်စတမ်းကို၊ စူးစမ်းနှိုက်နဲ့၊ မှတ်ပုံက်စွဲလျက်၊ ရဲရဲရင့်ရက်၊ ပီတိစက်ဖြင့်၊ နှုတ်ထွက်ညီနှိုင်း၊ ဆီနှင့်ဗိုင်းသို့၊ နေ့တိုင်းကြည်ဖြူ၊ အသည်လူ

---

(၁) နတ်ပြည့်ဘုန်းသို့-က၊

လျှင်၊ မည်သူမနှိုး၊ သဒ္ဒါရိုးဖြင့်၊ မိုးလည်းမိုးကြွင်း၊ နှင်းလည်းနှင်းခါ၊ သန်ကောင်လာသား၊ လေသာ ကျဖြည်း၊ ချမ်းရိပ်သည်းမူ၊ ရထည်းလှုပ်လှုပ်၊ ရုံကာထပ်သို့၊ ကြပ်ကြပ်မြဲချုပ်၊ မေတ္တာထုပ်သား၊ ပြင်ရုပ်ရွယ်ပျို၊ မယ်မြည့်နှင့်၊ ကုသိုလ်ဆယ်ပါး၊ တရားသွန်းချ၊ ဝေပျမ်းငှသား[1]၊ ကြမ္မာ့အလျောက်၊ နတ်ရွာရောက်၍၊ မောက်မောက်ဖိုးအောင်၊ ရွှေရောင်မှည့်ဝင်း၊ လပြည့်မင်းသို့၊ မှန်ကင်းညွှန့်ဖျား၊ တမ်းခွန်လှားလျက်၊ ကြားလည်းမငြီး၊ မှုတ်တီးသံရှည်၊ စောင်းငြင်းမည်၏၊ ရွှေစည်လက်ဦး၊ ထွက်ဝင်ကျူးလည်း၊ ပုံပျူးစဟန်၊ ပြန်လတုံတုံ၊ ကြာငါးစုံနှင့်၊ ရိုးခုန်မြူနှံမြူနှံ၊ ဝတ်ဆံမုန့်လည်း၊ စုန့်စုန့်ထိုးကဲ့[2]၊ ဖြိုးဖြိုးကြဲသို့၊ သလဲရွှေရွက်၊ မြစက်ချမ်းမြေ့၊ အရွှေခပ်တင်၊ သေနှင်ကာ၊ မြင်လည်းမဝေး၊ ရေကျေးရေကြက်၊ ရှုတ်ရက်သဲသဲ၊ ပျံဝဲသောင်းသောင်း၊ ကန်သဲကောင်းနှင့်၊ လှောင်းလှောင်းရန့်၊ ပျံပျံကြူးစွာ၊ ဥယျာဉ်မှာလည်း၊ အာသာဝတီ၊မှည့်ခေါ်ညီလျက်၊ သီသည့်ကြိုးသို့၊ ခက်ကျိုးဝါရွှမ်း၊ မဲ့ကိုလွှမ်းမျှ၊ ဝမ်းလည်းဆွတ်ဆွတ်၊ သာရဝတ်ဟု၊ ပြည်မြတ်တိုင်းလုံး၊ လှိုင်း၍ကျူးသို့၊ တရုံးတစုံ၊ နတ်ဘုံလှစ်စံ၊ မျိုးဆွေရံလျက်၊ မောင်နှံသည်ရိုး၊ တို့နတ်မျိုးဝယ်[3]၊ တန်းခိုးအာဏာ၊ ပြင်းထန်စွာသည်၊ ၊လျှံဝါတောက်တောက် ထွန်းထွန်းတည်း။

---

(၁) ဝေဖြန်းငှသား-က၊ (၂) ရိုးခုန်ဖြူနှံဖြူနှံ၊ ဝတ်ဆန်မှုန့်လည်း၊စုန့်စုန့်တိုးကဲ-က၊
(၃) မောင်နှံသည်မျိုး၊ တို့နတ်မိုးဝယ်-က၊

၅၂။ ဤသို့ဟူ၍၊ မြန်လူမြေသား(၁)၊ အလှူအား‌နှင့်၊ ထွားထွားဝတ်ညွှန့်၊ ပန်းနှယ်သီရုံး၊ သီတင်းသုံးသား၊ နှလုံးကျည်းဖွပ်၊ ဖြိုလှုပ်လှုပ်လျင်၊ နတ်ရပ်ပို့လှာ၊ မြို့နှင့်ရွာသို့၊ ချမ်းသာကုံလုံ၊ အင်စုံစုံတည့်၊ ရွှေဘုံပြောင်ပြောင်၊ ရွှေညောင်သွယ်သွယ်၊ ရွှေကြယ်ညီးညီး၊ ရွှေထီးစွင့်စွင့်၊ ကြီးမြင့်ကားကား၊ သားရဏားလျင်၊ စားစား‌အမြောင့်၊ ရှစ်ထောင့်ညီညီ၊ မျက်တိစီလျက်၊ တိမ်နီခြင်းကျတ်(၂)၊ တွေးတွေးတွတ်မျှ၊ လတ်လတ်လှုနိုး၊ ဖလ်မိုးအိမ်ဝန်း၊ လိုင်သာနန်းနှင့်၊ သိန်းသန်းရံခြွေ၊ ကချေသဘင်၊ ဆင်ယင်ဝတ်စား၊ အပါးပါးတိ၊ ပြယားသန္တာ၊ နီလာစိန်ကျောက်၊ လက်ကောက်ညီးညီး၊ ပုတီးဝင်းဝင်း၊ ရွှဲခြေချင်းလည်း၊ ပင်ရင်းလှစ္စာ၊ ပဒေသာမှ၊ လွယ်ကာညွတ်ချ၊ ဆွတ်မတဟု၊ နရထွတ်ခေါင်၊ စောရန်ရှောင်ကို၊ အောင်မင်္ဂလာ(၃)၊ နှုတ်သံဝါနှင့်၊ သာယာလှည့်ဘိ၊ မာတလိလျှင်၊ ၊သိသည်အလျောက် ပြန်ကြားလျောက်တည်း။

ဖလိကဝိမာနဘုံခန်း ပြီး၏။

---

(၁) မြန်လမြေးသား-ဟ၊ (၂) တိမ်နီချင်းကြတ်-က၊
(၃) အောင်သားမင်္ဂလာ-ဟ၊

(၄) ပတ္တမြားဘုံခန်း

အထဿ သော ရထံ ပုရတော ပေသေတ္ဌာ ဧကံမဏိ[၁]-ဝိမာနံ ဒဿေသိ။ တံ သမေ ဘူမိဘာဂေ ပတိဋ္ဌိတံ ဥဗ္ဗေဓ-သမ္ပန္နံ။ မဏိပဗ္ဗတော ဝိယ ဩဘာသမာနာ[၂] ဌိတော ဒိဗ္ဗ ဂီတဝါဒိတာဟိ။ပ။ ဣမေ[၃] နု မစ္စာ ကိ'မကံသု သာဓုံ။ ယေ မောဒရေ သဂ္ဂပတ္တာ[၄] ဝိမာနေတိ။

၅၃။ ထိုသို့ကဲဝှန်၊ သီအဲအန်နှင့်၊ ဗိမာန်ကျယ်ဝန်း၊ ဖလ်မိုးနန်းကို၊ ကြဝှန်းမနော၊ နိုင်ငံပြောသား၊ မင်းစော သီဟ၊ မြင်ပြီးမှတည့်၊ မြမြသံညင်း၊ ခံတွင်းမွေးချို၊ ရည်လေး ချိုသား[၅]၊ ရွက်ညိုခွံခွါ၊ ကြံသကာသို့၊ ပျူငှါချစ်မှု၊ ရောရှက် ရုလျက်၊ ဗွေစုဗွေဝန်း၊ ဖွေကင်းသန်းနှင့်၊ ဖြူလွန်းဆွဆွ၊ ပင်လယ်ဝဝယ်၊ ရချေသစ်သစ်၊ လက်ယာရစ်သို့၊အပြစ်မမှား၊ မွေးညက်ထွားသား၊ ခွန်အားစွမ်းသန်၊ ဟန်လည်းလှဆောင်၊ သိန္ဓောထောင်ကို၊ တိမ်တောင်ညစ်ပြာ၊ လှစ်ကခွါလျက်၊ မျက်နှာမလှည့်၊ ရှေတည့်တည့်သို့၊ ကြည့်၍ကြိုးပမ်း၊ မှုတော် ထမ်းဟု၊ ချီးမွမ်းဖြည့်ဖြူး၊ ရထားမှူးလျှင်၊ ဟူးဟူးရှေရည်၊ နှင်လေသည်ကား၊ ရောင်ခြည်တောက်ဝင်း၊ မိုက်မှောင်ချင်း သော်၊ လင်းလင်းကုန်အောင်၊ မိုးလုံးလောင်သို့၊ ရှေတောင်

---

(၁) ဧကမဏိ-က၊ (၃) ဣမေဟိ-က၊
(၂) ဩဘာသမာနော-က၊ (၄) သာဓု မောဒတိ သဂ္ဂပတ္တာ-က၊
(၅) ရည်လေးမျိုသား-ဟ၊

ချောက်ချောက်၊ ရောက်စိမ့်မခန့်၊ ခရီးတန့်လျက်၊ လန့်စချင်ဘွယ်၊ ကောင်းကင်ကျယ်၌၊ ဆန်းကြယ်ထူးပြား၊ ပျော်ရာများသား၊ ပတ္တမြားတုံ၊ အလုံးစုံလျှင်၊ ဘုံ၏ခန်းဝါ၊ တဆင့်သာဖြင့်၊ ဆိုရာမသီး၊ သင်းချောပြီးက၊ ရှားကျိုးလျက်ကဲ့၊ မန္ဒိုင်းရဲ့တည့်၊ ပြဲ့ပြဲ့ထင်ရှား၊ လူမင်းဖျားကို၊ နတ်သားကျမ်းချစ်၊ ပြတုံလစ်လည်း၊ အသစ်ဖြင့်အား၊မျက်ပွင့်ပွါးမျှ(၁)၊ ဝမ်းပါးဝမ်းကဲ့၊ လှောက်ဆင့်ကဲလျက်၊ စောရဲမင်းကျော်၊ မြင်လတ်သော်လျှင်၊ ဝမ်းတော်မဆံ့၊ ဆွတ်ဆွတ်ပျံသည်၊ ။ အံ့၏လွန်လွန် ကျူးကျူးတည်း။

၅၄။ ထူးလေထူးလေ၊ အထွေထွေလျှင်၊ ရွှေငွေမြခဲ၊ ပုလဲသန္တာ၊ နီလာစိန်ကြောင်၊ သွယ်စီမြောင်သား၊ ဘုံဆောင်နန်းမ၊ မြင်လွယ်ရ၏၊ ပတ္တမြားအတိ၊ မိုးဖျားထိမျှ၊ ဂီရိမြင့်ခေါင်၊ ရွှေတောင်နှိုင်းခြုတ်၊ တိုင်းသော်ဆုတ်မျှ၊ လှော်ခုတ်စဲစဲ၊ နီတုံခဲကား၊ ကြာဆွဲကြာခြူး၊ မြသာထူး၍၊ လိုင်ဦးလိုင်ချောင်၊ သည်စောင်လက်တီး(၂)၊ လည်သီးကွန်းစင်၊ တုရင်ကမောင်း၊ ဥဒါင်းကျေးငှက်၊ မုတ်ထွက်မုတ်ငင်၊ လက်တင်ကဲလား၊ ပတ္တမြားမှ၊ တပါးမထင်၊ ဗိမာန်ရှင်ကို၊ မြင်လတ်သော၌၊ လူသူ့ရွာက၊ အရိယာသူတော်၊ သိမြော်မြဲနှိပ်၊ မလိပ်မလည်း၊ ကျင့်မြတ်သည်းလျက်၊ ဝိနည်းမဆန်၊ သုတ္တန်ပရမတ်၊ မတတ်စတောင်း၊ ဘယ်ရှင်ကောင်းနှင့်၊

---

(၁) မျက်ခွင့်ပွါးမျှ-က၊ (၂) သေဉ်စောင်လက်တီး-ဟ၊

ပေါင်းမိလေလျက်၊ ပျားနှင့်ဖက်သို့၊ ရေစက်ချပြု၊ ဘယ်ကောင်းမှုလျှင်၊ လှုလှုယုံကြည်၊ အရင်းတည်၍၊ နတ်ပြည်သို့စင်၊ ဖြစ်လတ် ကျင်ဟု၊ ဘုရင် မင်းခေါင်၊ နတ်သားမောင်ကို၊ သိအောင်အကြောင်း၊ မေးလတ်ရှောင်းသည်၊ သံညောင်းပျံ့ပျံ့ ပျူးပျူးတည်း။

၅၅။ မိုးနတ်ရွှေပြည်၊ ပဟိုရ်လည်လျက်၊ ရွမ်းစည်ခွံ့ခွံ့၊ ခေါင်းလောင်းသံမှ၊ အာလမ္ဗရာ၊ မုဒိင်္ဂါနှင့်၊ နစ္စာဂီတ၊ ကသီကြလျက်၊ ပေါက်ပြမြည်အိုင်၊ စည်ငါးဆိုင်လည်း၊ သံပြိုင်သံတူ၊ ရင့်ရူရူလျှင်၊ ချစ်သူခေါ်တုံ၊ ပျော်ဘွယ်လှုံလျက်၊ ဆွေစုံအိပ်မွေး၊ ခြင်းရာပေးသား၊ သံလေးချည်ချောင်း[၁]၊ သာသည့်စောင်းနှင့်၊ မိကျောင်းညို့လှုပ်၊ ငြင်းလက်ခုပ်လည်း၊ ချုပ်ကန္ဓဲန္ဓဲ၊ ပုလဲအောက်ပြန်၊ ပြည်တော်လှန်လျက်၊ တဖန်နှိုင်းထောက်၊ မြင်စိုင်းကောက်၍၊ လုံးဖောက်ခတ်လျက်၊ တွန်သည့်ငှက်သို့၊ သံခက်တထွေ၊ သံခြေတပါး၊ သံဖြားညည်းညည်း၊ နရည်းလိုလို၊ သံချိုရှုပ်ရှုပ်၊ စည်းဆုပ်လင်းကွင်း[၂]၊ ခရုသင်းနှင့်၊ ဒုံမင်းသံကျော်၊ စည်ပုတ်ဆော်က၊ ချိငေါ်ဧညုန်း၊ တဖြုန်းဖြုန်းလျှင်၊ နတ်ဘုန်းကြီးစွာ၊ ဘော်ရံကာလည်း၊ နှံ့သာလိမ်းပျောင်း၊ ငြိမ်းလှောင်းမျှ၊ ဦးပေါင်းစွန်ထောင်၊ ရွှေရောင်ရိပ်ရိပ်၊ မျက်ပြွံနှိပ်လျက်၊ နန်းအိပ်ပီပီ၊ ရွဲလုံးစီသို့၊ အိမ်ဘီနန်းမှာ၊ ရွှေ

(၁) သံလေးကြည်ချောင်း-က၊ (၂) သံချိုရုတ်ရုတ်၊ စည်းဆုတ်လံကွင်း-က၊

ရွက်ညှာနှင့်၊ ကေသာနက်မည်း၊ ယင်ပည်းမျှ၊ စုလည်း သွယ်ပတ်၊ မမှီတတ်၍၊ မြိတ်လွှတ်မထုံး၊ ပုလဲကုံးတိ၊ ပြုံးလတ်သောခါ၊ လျပ်စစ်ဝါသို့၊ မျက်နှာဝိုးဝင်း[1]၊ ထိုးထိုးထင်းသည်၊ ကျိုးကျင်းကြီးငယ်၊ သွယ်ရရွယ်ကား၊ စံပယ်စံရာ[2]၊ လည်မာဘယက်၊ ချိုးချိုးချက်လျင်၊ လက်လက်ညီးညီး၊ ရံသမီးနှင့်၊ နတ်ကြီးဘုန်းတန်း၊ ရိပ်ကျယ်နန်းကို၊ ရွှန်းရွှန်းမျက်စိ၊ မြင်သည်ရှိသော်၊ ပီတိပြန့်ပြော၊ ငါမင်းစောလည်း၊ သဘောမွန်လှ၊ ကေန္တကြောင့်၊ ဘဝလဲပြောင်း၊ သို့လည်းကောင်းလျင်၊ ဆွေပေါင်းမျိုးရံ၊ စုံမောင်နှံဖြင့်၊ စံပရမည်၊ မှတ်ယုံကြည်၏၊ဤသည်နတ်သား၊ ဘယ်ကြောင်းလျားဖြင့်၊ ပတ္တမြားဗိမာန်၊ ဝေဇယန်နှင့်၊ တမ်းခွန်လှင့်ချည်၊ ရွှေတိုင်ရှည်လျက်၊ ရွက်လည်သွယ်ငြိ[3]၊ကြယ်ကိုထိမျှ၊ ကြည့်မိတုံတုံ၊ အာရုံပျိုပျို၊ နှစ်လို့ပျော်ပျော်၊ ရှေးထက်သော်လည်း၊ အံ့အော်လှည့်ဘီ၊ နတ်ဘုန်းရှိကို၊ သိပရဆန်း၊ ဆိုမေးမြန်းသည်၊ ။ငမ်းပန်းသာသာ မြူးမြူးတည်း။

၅၆။ ဆန်းကြယ် ဆန်းကြယ်၊ ပျော်ဘွယ် ဘွယ်တင်၊ အလယ်မောက်ဖြိုး၊ မှန်ကင်းရိုးထက်၊ တန်းခိုးကြီးမြတ်၊ ဇောတိရဿ်လျင်၊ လုံးပတ်ကိုးတောင်၊ လှံဝါဆောင်လျက်၊ မိုက်မှောင်သမ်းမို၊ နှင်းစိုစိုတွင်၊ တိမ်ညိုပတ်ချုပ်၊ မိုးအုပ်အုပ်လည်း၊ ရွှုပ်ရွှုပ်ကုန်အောင်[4]၊ ကြောက်၍ရှောင်သို့၊ သန်

---

(၁) မျက်နှာတိုးတင်း-က၊ (၃) ရွက်လည်သွယ်ညီ-ဟ၊
(၂) စံပယ်မရှာ-က၊ (၄) တိမ်ညိုပတ်ခြုံ၊ မိုးအုံ့အုံ့လည်း၊ ယံယုံကုန်အောင်-က၊

ကောင်ထွန်းဝါ၊ နန်းတန်ဆာဖြင့်၊ မျက်နှာရော်တည့်၊ မြော်
ကကြည့်မှု၊ စည့်စည့်ဝင်းဝင်း၊ လေးကျွန်းနင်းသား၊ လမင်း
ယောင်ဖွယ်၊ ဖြူရောင်နွယ်၏၊ တင့်တယ်ထူးခြား၊ မုတ်တံခါး
တွင်[၁]၊အံသွားစွယ်ပေါက်၊ပုလဲဖောက်၍၊လှန့်ခြောက်ခြိမ်းလို၊
မြစိမ်းညိုသား၊အကိုယ်ပီသ၊မြီးတံမှကား၊သန္တာ့အလား၊စုတ်
ခြည်သားသို့၊ မေးပါးနားရွက်၊ ကျောက်လက်ခေါင်းလည်၊
မြကောင်းသည်နှင့်၊ လေးမည်ခြေသည်း၊ မဏိချည်းလျှင်၊
နက်မည်းပြာမွဲ၊ မရှိပဲတည့်၊ ဆင့်ကဲတထွေ၊ မျှော်ရှုချေ
လည်း၊ ရဝေထက်ချောင်[၂]၊ ရွက်ဖူးခေါင်ဝယ်၊ မြကြောင်
နီလာ၊ ခြယ်စီ မြွာလျက်၊ မသာရဂလ်၊ မျက်မွန် နေတင်၊
ပလ္လင်လှော်ဆဲ၊ မြတံကဲနှင့်[၃]၊ ရဲရဲရှင်ရှင်၊ မြင်မြင်သရွှေ၊
လွှေလွှေရမ်းရမ်း၊ နင်းကြမ်းကစ၊ ပတ္တမြာ့းအစစ်၊ သနစ်
သနာ၊ ခြူးကြာရေးညွှန့်၊ ကွေးကွေးကွန့်လျက်၊ ဗိမာန့်ထက်
တုံ၊ မျက်မြတ်စုံသား၊ စုပုံပည်းမွမ်း၊ နောင့်ချည်းချမ်း၍၊
မလွှမ်းတစုံ၊ ရူးမူးအုံ၏၊ ပျံ့ပျံ့မွေးကြူ၊ အူရရူသား၊ ပန်းဖြူ
ပန်းနီ၊ စုံစီရောက်စဉ်၊ ပန်းဥယျာဉ်နှင့်၊ သီးချဉ်သီးချို၊ ပင်ပျို
ညွှန့်ရွက်၊ ခွံမြခက်တိ၊ ရိပ်စက်ခိုအောင်း၊ ကျေးငှက်ပေါင်း
လည်း၊ သောင်းသောင်းသဲသဲ၊ ဝမ်းတို့ကွဲမျှ၊ ရင့်နွဲလည်မှီ၊
မြည်သံချီက၊ နာအီမှုသာ၊ ရတုစာသို့၊ သီဒါရေမြက်၊ ကြည်

---

(၁) မိုးတံခါးတွင်-က၊ (၂) ရဝေတက်ခေါင်-က၊
(၃) မျက်မွန်နေထင်း၊ ပလင်းလှော်ဆဲ၊ မြတင်ခဲနှင့်-က၊

သန့်သက်သား [၁]၊ မိုးထက်မြစ်ကြီး၊ တွေတွေစီးလျက်၊ သီးသီး သဲသဲ၊ အံ့အဲကျံကျံ၊ ချေငံညောင်းညောင်း၊ ရေကြောင်း ရတု၊ ရှုတုံသော်လည်း၊ မြစ်မှာချည်းသို့၊ ဖြင်ပည်းကုဋ္ဌေ၊ တွက်ရေမနိုင်၊ အဆိုင်ဆိုင်လျှင်၊ ရိပ်မြိုင်ဝှမ်းကျယ်၊ ဘုံနန်း လယ်ထက်၊ သွယ်သွယ်နိမ့်မြင့်၊ ဆင့်ရရင့်နှင့်၊ မျက်ပွင့်ကဲ လှောက် [၂]၊ ပေါက်ရရောက်တွင် [၃]၊ တယောက်မတူ၊ ဆွေကြင် သူနှင့်၊ ရွက်ဖြူဝန်းရိပ်၊ သောက်လင်းအိပ်ထက်၊ တံဆိပ် ခတ်သေ၊ မေတ္တာခွေသား၊ နှစ်ဆွေနတ်မွန်၊ ဤစံဟန်ကို၊ အကျွန်တုံလည်း၊ မှတ်ထင်ရည်း၏၊ ခမည်းနတ်ကောင်း၊ ဘယ်အကြောင်းဖြင့်၊ ဂူကျောင်းတံတား၊ ကန္နားဆောက် ဆောက် [၄]၊ ကျော်ချောက်ဖြန့်ချီ၊ စွန့်ခဲ့မိ၍၊ ဇာတိမိုးနေ၊ ဖြစ်တတ်လေဟု၊ မင်းခြေ မြကို၊ မေးလတ် ဆိုသည်၊ ၊ ကြည်ညိုညွတ်ညွတ် နူးနူးတည်း။

၅၇။ ဤသို့ဟူ၍၊ တဆူယုံကြည်၊ ပွင့်လတ်မည်ဟု၊ တာ ရှည် ငံ့ညောင်း၊ ဘုရားလောင်းကား၊ ခြိမ်းမောင်းတံဖျား၊ ဖင့်မနားတည့်၊ ရထားရုန်းငင်၊ ထမ်းပိုးဝင်သား၊ ခြေလျင် သိန္ဓော၊ မိုးလယ်ကြောတွင်၊ ရွင်ပျောလှောက်ထပ်၊ တန့်နား ရပ်လျက်၊ ကြပ်ကြပ်ချဉ်းဘိ၊မာတလိလျှင်၊ မျက်စိထွေပြား၊ ရှုစိမ့်မားဟု၊ ပတ္တမြားဗိမာန်၊ ပြလတ်ညွန်သော်၊ အလွန်

---

(၁) ကြည်သံ့သက်ကား-ဟ၊ (၃) ဖောက်ရရောက်တွင်-ဟ၊
(၂) မျက်ခွင့်ကဲလှောက်-က၊ (၄) ကန္နားဆောဆောက်-ဟ၊

မြင့်ခေါင်၊ ဇရပ်တောင်အတူ၊ မြင်တော်မူက၊ လျှစ်လျှူ
ရှင်ဘက်၊နောင့်ကြင်သက်ကို၊စုံမက်ပိုက်ဖြား၊ ရင်ခွင်ထား၍၊
သနားကျမ်းဝင်၊ မြင်ပါစေလို၊ ဆိုလည်းဆိုလျက်၊ ခေါ်
စိုက်စက်နှင့်၊ ရန်ဘက်နင်းနှိမ်၊ နတ်စည်းစိမ်ကို၊ အကြိမ်
များစွာ၊ ချီးမွမ်းရှာလျက်၊ လူ့ရွာဝယ်က၊ ဘယ်ဒါန
ကြောင့်၊ ဒေဝသမွတ်၊ ရလေတတ်ဟု၊ ၊အမှတ်ပိုက်ယုံ
မေးလတ်တုံတည်း။

တဿ ပုဒ္ဓော ဗျာကာသိ၊ မာတလိ ဒေဝသာရထိ။
ဝိပါကံ ပုညကမ္မာနံ၊ ဇာနံ အက္ခာသိ ဇာနတော။ ။
ယေ ကေစိ မစ္စာ ဣဓ ဇီဝလောကေ၊
သိလဝန္တော [1] ဥပါသကာ။
အာရာမေ ဥဒပါနေ စ၊ ပပါ သက်မနာနိ စ။
အရဟန္တေ သိတိဘူတေ၊ သက္ကစ္စံ ပဋိပါဒယုံ [2]။ ။
စိဝံ ပိဏ္ဍပါတဉ္စ။ပ။ တေ [3] ဝိမာနသ္မိံ မောဒရေဝိ။

၅၈။ ထိုသို့စေ့ရော၊ မေးတုံလေသော်၊ တိမ်ခြုံလွှစ်
ဘောက်၊ မိုးကရောက်၍၊ တခေါက်ကြောင်းလှုံ၊ ခရီးပျံ
သား၊ နှုတ်တုံချေငြား၊ မိုးနတ်ကြား၏၊ ဝပ်တွားရွှေ
မှောက်၊ ခြေစက်အောက်တွင်၊ ရှုံကြောက်စမြဲ၊ နှလုံးကွဲ၍၊

---

(၁) သိလဝန္တော-က၊ (၂) ပဋိမာဒယိ-က၊
(၃) ဝိမာန-(တေ)-မပါ-က၊

ပေါက်ပြဲသုန်းကာ[၁]၊ ဝိညာဉ်ခွါနှင့်[၂]၊ အာဏာလွန်လွန်၊ ဆန်ကန်ရန်းရင်း[၃]၊ ပျက်နှုန်းထွင်းသို့၊ မုန်းတင်းကွယ်ဆို၊ ဘုန်းနှင်ဖြိုက၊ ထိုထိုပြည်ထောင်၊ လန့်လန့်ရှောင်မျှ၊ ကုန်အောင်ရန်နိုင်၊ လုံးလုံးပိုင်လျက်၊ ခရိုင်တိုင်းကား၊ ရိုင်းတလွားမှ၊ စွန်းနားလက်စောင်း၊ နံထောင်းဘောက်ထိုး၊ ရန်စစ်နိုးလည်း၊ တန်းခိုးခြိမ်းမောင်း၊မြေတိမ်းစောင်းသည့်၊ ကျော်သောင်းဝှန်ဘီ၊ စောနေမိ၊ ၊မသိသော်မေး၊ ဆေးကားအစင်၊ လူရှင်ဆိုဟူ၊ ပမာမူသား၊ နည်းယူထုံးစံ၊ နားတော်ခံလော့၊ ခြွေရံစည်ပွါး၊ တပြည်အားသို့၊ ဝတ်စားတွင်ချည်း၊ ဖြင်မျှပည်း၏၊ အလှည်းတထောင်၊ ပြည့်လျှမ်းအောင်တည့်၊ ဖြူရောင်စိမ်းပြာ၊ခပ်ရှိမ်းဝါလျက်၊ စီမြွာကွက်ကျယ်၊ ဘယက်သွယ်နှင့်၊ ပြုံးရယ်ရွင်ဆို၊ ကြင်ကိုယ်လုံးလျောင်း၊ ရွှေတုံးကောင်းသို့၊ ရွှေဗောင်းသင်းကျစ်၊ ရွှေသနစ်လည်း၊ ကျစ်လျစ်လှဘီ၊ မြသဘီလျှင်၊မဏိခြယ်ရန်း၊ အလယ်သန်းလျက်၊ စိန်ပန်းညွှန့်နွယ်၊ ဝတ်ဆံခြယ်သား၊ စံပယ်တင့်လွန်၊ ဤနတ်မွန်လျှင်၊ တမလွန်ငေး၊ ယခင်ရှေးက၊ လှူကြွေးချချ၊ ရပ်ဌာနကား၊ ဘုရာ့းပါဋ္ဌိ၊ သာဝတ္ထိဟု၊ ပြည်ကြီ့းမည်သာ၊ နွတ်သညာနှင့်၊ ဗိုလ်ပါမှီပုံ၊ ပျားမွဲအုံသို့[၄]၊ နိဂုံကျေးမက်၊ ခွန်ဆက်ရောက်ဝင်၊ ထိုပြည်ထင်၌[၅]၊ နေပင်ပျော်မွေ့၊ လူဖြစ်

---

(၁) ပေါက်ပြဲသုန်းခါ၊ ဟ၊ (၃) ဆန်ကရုန်းရင်း-ဟ၊
(၂) ဝမ်းနည်းစာနှင့်-က၊ (၄) ပျားနှယ်အုံသို့-ဟ၊
(၅) ထိုပြည်တွင်၌-ဟ၊

၍လျှင်၊ အောက်မေ့ကြံစည်၊ လူဟူသည်ကား၊ ရှေတည်မမှီး၊ အလိုသီးဖြင့်၊ တိုစီးတိုစက်[၁]၊ မြိုင်နက်ချောက်ကြား၊ ခရီးမှားလျက်၊ မသွားစဘူး၊ ဘဝါးစူးသား၊ ဆူးကိုချိတ်ငင်၊ မထွင်ရှိစေ၊ ဘယ်သူနေအံ့၊ ဖြစ်ထွေပုံခင်း၊ နှလုံးသွင်း၍၊ သေမင်းခိုးခတ်[၂]၊ မောသောလွတ်ယည်း၊ ဥပဒ်စစ္ဆေ၊ မျှော်ကာနေလျက်၊ လက်ခြေလျှော့အောင်၊ မျောက်နှဲဘောင်သို့[၃]၊ ဆွေမောင်ရွယ်ပျို၊ ငယ်သားကိုယ်က၊ ကုသိုလ်ဆည်းပေါင်း၊ ပြုအပ်ကောင်းဟု၊ ကျိုးကြောင်းချိန်ချင့်၊ သဒ္ဓါပွင့်သည်၊ ၊ငုံရင့်သွယ်သွယ် ဖြူးဖြူးတည်း။

၅၉။ အလွန် တရာ၊ သာမော စွာလျက်၊ လက်ယာနံဘောင်း၊ တောင်ခပ်စောင်းမှ၊ ရှေကျောင်းဆောက်မြဲ၊ ရှင်တော့်ပွဲလည်း၊ သဲသဲကြေညာ၊ စကြဝဋ္ဌာသောင်းတိုက်၊ ညောင်းညောင်းရိုက်မျှ၊ သမိုက်မော်ကွန်း၊ ပြည်ကျော်ထွန်းက၊ ရဟန်းလူသူ၊ ခြောက်ဆူဘုံထွတ်၊ နတ်နှင့်သိကြား၊ မိုးဖျားဗြဟ္မာ၊ အားလုံးလာ၍၊ ရတနာမိုး၊ ကြိုးလည်းမက၊ စည်ပင် ဂလျက်၊ တေဇ ထန်ပြင်း၊ မြေတိမ်း တင်းတည့်၊ မင်း၏လက္ခဏာ၊ ဆယ်ဖြာကျင့်မှီး၊ စည်ကြီးမြည်ကြား၊ တမ်းခွန်လွှားလျက်၊ဘေးတားရန်သတ်၊မျက်စည်းခတ်သား၊ မင်းမြက်စိုးနွယ်၊ ချိန့်သဘွယ်လျှင်၊ အလယ်တည့်ဆီ၊ မင်းကို

---

(၁) တိုးစီးတိုးစက်-က ၊ (၂) သေမင်းခိုးငတ်-ဟ၊
(၃) ပြောနှင့်တောင်သို့-က၊

မှီသား၊ ပည်းသီအင်ကုံ၊ လူအပုံဝယ်၊ ဆွေစုံစံပ၊ ကြံမိလှ၏၊ ယောကျ်ားဘော်ချင်း၊ ကျော်သတင်းနှင့်၊ ခံတွင်းအင်ခြိုက်၊ ဝမ်းသာတိုက်၍၊ ဇနပိုဒ်က၊ ပြည်ကြီးစသား၊ ဖြင်မျှမရှား၊ ပုဏ္ဏားပုဏ္ဏေး၊ သူငွေးသူကြွယ်၊ ခြလျှင်သယ်သို့၊ ကုန်စယ်စူဖာ၊ လယ်ယာလျဉ်လျဉ်၊ ဆည်းပူးစဉ်ဝယ်၊ ညဉ်လည်းမဟူ၊ နေ့မူမမှတ်၊ သေမင်းငတ်လျှင်၊ ကျွတ်ကျွတ်ကိုက်ဝါး၊ သွေးသားမျိုလစ်၊ ကိုယ်တည်းဖြစ်မူ၊ ရှိရစ်ကာသာ၊ လက်တွင်ပါ၍၊ စုံရာမသွား၊ တရားသိလျက်၊ ဆန့်သည့်လက်လည်း၊ ရက်ရက်မကွေး၊ ဆေးနှေးကိုယ်ယုံ၊ ခွေပြီးတုံလည်း၊ ခုံခုံမင်မင်၊ မဆန့်ခင်သား၊ မထင်စရာ၊ ဝမ်းတထွာဝယ်၊ ဆန်နာဖွဲထွက်၊ တပြည်ဝက်က၊ ကိုယ်သက်မြဲကြောင်း၊ တချောင်းပိုက်ခြုံ၊ စိုက်စိုက်ယုံသော်၊ အာရုံလှုလှု၊ တောင်းသည် ဆုနှင့်၊ ကောင်းမှုကြီးစွာ၊ မျိုးရိက္ခာကို၊ ရှေမှာတည်ထား၊ ခင်ကြွယ်သားလျှင်၊ များပြားရှာဆည်း၊ စားသည်နည်းလျက်၊ ပစ္စည်းဝန်ရောင်၊ အိမ်မီးလောင်သော်၊ မှုဆောင်ယူဆယ်၊ ဝေးမှာသယ်သို့၊ ဝန်းကျယ်တိုင်းကား၊ လမိုင်းထားသား၊ စပါးနှံသီး၊ လုပ်လက်ကြီးကား၊ ပွါးစီးစေကြောင်း၊ မိုးလေကောင်းမှ၊ နှာမောင်းနှံဆွတ်[၁]၊ ကျီကြသွတ်၏၊ စိတ်ညွတ်ကြည်ဖြူ၊ ဆယ်ပါးဟူသား၊ အလှူမျိုးသန့်၊ ပျိုးပင်ညွန့်ကို၊ ဖြန့်ဖြန့်ချိချိ၊ စိုက်စမိက၊ ရီ့နှယ်မခန်း၊ ပန်းနှယ်မညှိုး၊ မိုးနှယ်မခေါင်၊ နောင့်သံသရာ၊ ကမ္ဘာကျူးလွန်၊

(၁) လမောင်းနှံဆွတ်-က၊

နိဗ္ဗာန် ထုတ်ချောက်၊ မရောက် မခြင်း[၁]၊ ထမင်း ဝတ်စား၊ ကျွန်းသား ရွှေငွေ၊ ခြွေရွှေ သိန်းသန်း၊ ကျယ်ဝန်း အိမ်လှ၊ စည်းစိမ်မထက်၊ တေဇရှုန်းရှုန်း၊ ဘုန်းလည်းရှန်းရှန်း၊ စက်ဝန်းညီးညီး၊ ရိပ်ကြီးမိုးဖြန့်၊ ရှုံစိုးလန့်မျှ၊ ရန်မာန့်အလုံး၊ ရွှေလက်ရုံးဖြင့်၊ ပတ်ကုံးခရှောင်၊ ကုန်အောင်ညာကြေ၊ စက်ခြေတုပ်ဝပ်၊ အထပ်ထပ်လျှင်၊ လူ့ရပ်နတ်ပြည်၊ ပျော်ရမည်ဟု၊ ဆောက်တည်ဝမ်းမှာ၊ ကြုံစိတ်ဖြာသည်၊ ၊သမ္ဘာ ငုံငုံ ဖူးဖူးတည်း။

၆၀။ အရှင်စီစီ၊ လိုလှိကြုံကြုံ၊ သင့်ရုံဆူနိုး၊ မျက်မုန်းကျိုးလျက်၊ သူရိုးသူကောင်၊ တောင်နှင့်အမျှ၊ ဝမ်းဝစားကြူး၊ ဘီလူးထက်လည်း၊ ရက်ရောသည်းမျှ၊ ငင်လှည်းနင်းနှိပ်၊ ထိုးသိပ်ထိုးတွန်း၊ မုန်ပန်းသွင်သွင်၊ ဝှေ့သည့်ဆင်လည်း၊ ချန်းငင်သုန်လည်၊ မျက်နှာဖည်၏၊ အလည်မျှော်ဆန့်၊ စားမည်ခန့်လျက်၊ စည်ပြန့်စီးပွါး၊ မြေးသားကြီးပြင်း၊ အိုမင်းပစေ၊ မှည့်မှချေအုံ၊ မနေလှည့်ကျင်၊ ကြည့်လျက်ပင်တည့်၊ ကြာတင်ရောင့်ရဲ၊ မရှိပဲလျှင်၊ ဆင်းရဲစပ်လျှင်း၊ ရောဂါညှင်းလျက်၊ စဉ်းဘိမတတ်၊ သေမင်းငတ်ကို၊ မင်းမတ်ကြောက်စေ၊ အောက်မေ့လေဟု၊ နေ့ရေမချာ၊ ဆရာနှိုးဆော်၊ မဆိုသော်လည်း၊ သူတော်တကာ၊ သိကောင်းစွာလျက်၊ ဥစ္စာခင်တွယ်၊ ရယ်ချင်ဘွယ်နှင့်၊ နောင်မယ်တကာ၊

---

(၁) မရောက်မချင်း-ဟ၊

ဥစ္စာသိုမှီး၊ ဧည့်သည်ကြီးကို ၊ လွှဲ့လီးလွှဲ့လက်၊ စုံမက်ပေါ်လျှံ၊ စည်းစိမ်ခံလျက်၊ လုပ်ကြံကြည်းရေ၊ ဆည်းပူးထွေဖြင့်၊ ရွှေငွေတောင်ဟိ၊ ရှိပစေတတ်၊ မြတ်သတ်လျက်ကဲ့၊ အလျှုမဲ့တည့်၊ တူးချဲမြေမိုး၊ အိုးနှင့်သိုမြှုပ်၊ ကျီကြချုပ်လျက်၊မင်းထုပ်သံကောက်၊တယောက်မဖွင့်၊ မနှင့်စတောင်း၊ အဟောင်းမပျောက်၊ အသစ်လှောက်လျက်၊ မောက်မောက်ပုံပုံ၊ ပြည့်ဘုံတုံလျှင်၊ တလုံလဲလဲ၊ မူးပဲစဉ်ထွက်၊ ဆန်ခွက်ယိုဘိတ်၊ ဝန်တိုစိတ်ဖြင့်၊ ကျိတ်ကျိတ်လဲ့လဲ့၊ ကဲ့ရဲ့မုန်းထား၊ ဓားသွားဓားနှောင့်၊ ဥစ္စာကြောင့်လျှင်၊ မဖြောင့်လှည့်ဘိ၊ သေသည်ရှိသော်၊ ဇာတိယုတ်မာ၊ မလှစွာတည့်၊ ပြိတ္တာဟူသည်၊ ကိုယ်အမည်နှင့်၊ ရှည်ရှည်လျားလျား၊ ဘုရားပွင့်လျက်၊ အဆက်ဆက်လည်း၊ ဟက်လက်ဟာလာ၊ ဆာဆာလောင်လောင်၊ ဝမ်းခေါင် ဟင်းလင်း၊ ခံတွင်း ရေးရေး၊ သူလျှင်ထွေးသား၊ တံတွေးကိုမျှ၊ မမျိုရတည့်၊ ငယ်ကအိုအောင်၊ ပညောင် စေ့အား၊ ဟောမြွက် ကြားလည်း၊ ဟရားသိရုံ၊ မိမိတုံလည်း၊ သုံးပုံနှုတ်ပြန်၊ နိဗ္ဗာန်မင်ဖိုလ်၊ လက်ရ သိုသား၊ ပုဂ္ဂိုလ် မြတ်၌၊ ညွတ်ညွတ် ဆိုက်လျက်၊ စိုက်စိုက်ကော်ရော်၊ ပူဇော်နှစ်လို၊ စားရာဘိုတွင်၊ တချို ဝေခဲ့၊ မလှူရဲတည့်၊ ဆင်းရဲလေလေ၊ သံဝေရရ၊ ဝမ်းကဖြောင့်ဖြောင့်၊ စောင့်စောင့်စည်းစည်း၊ ကျင့်နည်းယူယူ၊ အလှူဆယ်ညီ၊ ပဉ္စသီလည်း၊ နို့ဆီခံထည့်၊ ရွှေခွက်မှည့်သို့၊

(၁) ဥစ္စာသိုမှီး၊ အသည်ကြီးတို့-ဟ၊

တည့်ဘည့်ကျင့်ငြား၊ အင်ရှစ်ပါးဖြင့်၊ သိကြားလည်ညိတ်၊ ဆောက်တည်စိတ်ကြောင့်၊ဘိသိက်ရည်ခြင်း၊ အိမ်ရှေ့မင်းသို့၊ သီတင်းမပြတ်၊ သီလမြတ်သည်၊ ၊မိုးနတ်ရွယ်ရွယ် စူးစူးတည်း။

၆၁။ ဝဿ ကာလ၊ ပဇ္ဇုန္နလျှင်၊ သွန်းချ ခြိမ်းမောင်း၊ အညာ ကောင်းသော်၊ ချောင်းလည်း စီးဝှန်၊ ကန်လည်းတင်းကျမ်း၊ မြစ်မူးလျှမ်းသို့၊ လှူကမ်းစွန့်ကြဲ၊ ပုလဲသီကုံး၊ သီတင်းသုံးသား၊ နှလုံးတခု၊ နတ်ရွာလုချ်၊ ဆုလည်းတောင်းမိ၊ အကြောင်းရှိလျက်၊ ဇာတိလဲဘောက်၊ နတ်ရွာရောက်က၊ ရွှံကြောက်လန့်ပြင်း၊ တုတ်ခွန်သွင်းသား၊ လူမင်းပြည်ရွာ၊ ရပ်စောက်စာနှင့်၊ နတ်မှာဘုန်းတန်း၊ မနှုန်းနှန်းတည့်၊ လိုင်နန်း ကိုးသိန်း၊ အပြိန်းနည်းပါး၊ ခြယ်ပြောက်များလျက်[၁]၊ ပတ္တမြားဘက်၊ တံခါး ရွက်လည်း၊ ရက်ရက် တွန်းငင်[၂]၊ ကြိုးကြာရှင်သို့၊ ထင်ထင်သံရှည်၊ တွန်ကြော်မြည်လျက်၊ အလည်ခပ်သွယ်၊ ဝမ်းအင်ကျယ်နှင့်၊ ဆန်းကြယ်ကျစ်လျစ်၊ အိုးပျစ်လံပါး[၃]၊ သောက်ရေထားလည်း၊ ပတ္တမြားလုံးပွတ်၊ ရွှေကရွတ်နှင့်၊ တွတ်တွတ်ရည်မောင်း၊ရွှေအုပ်ဆောင်းလည်း၊ မျက်ဘောင်းစီမံ၊ လှညီရံလျက်၊ အလျှံပြောင်စွာ၊ တောင်အညာက၊ မျှသာထူးထွေ၊ ရူးမူးစေမျှ၊ အိမ်နေလွင်ကျင်း၊

---

(၁) ခြည်မြောင်များသား-ဟ၊ (၂) ယွက်ယွက်တွန့်ငင်-က၊
(၃) အိုးပျစ်နများ-က၊

ရွှေပြားခင်းလျှက် [1]၊ နန်းတွင်းနန်းပြင်၊ မထင်စလှည့်၊ ဝန်းကျင်ကြည့်မူ၊ ပြည့်လသောလား [2]၊ ပတ္တမြားချည်း၊ တဆင့်တည်းလျှင်၊ မည်းမည်းညစ်ကြေး၊ ဖွေးဖွေးညစ်လို၊ ညိုညိုညစ်လိ၊ မရှိစဖူး၊ လှဆန်းထူးသား၊ ထန်းလူးသုံးဖျား၊ စုလစ်ထားလည်း၊ ပတ္တမြားတုံ၊ ဗိမာန်ဘုံထက်၊ ကြေးမုံရွှေခွက်၊ လက်ရရက်လျှင်၊ ဘယက်နီလွှင်၊ သင်တိုင်းဆင်လျက် [3]၊ ရုပ်သွင်ပြာဝင်း၊ ခိုခြေဆင်းသို၊ ထုံသင်းကြိုင်နံ့၊ လှိုင်ကပ်ပျံတည့်၊ လေညှင်းဖြည်းဖြည်း၊ ခြည်းရရည်းလျှင်၊ စုလည်းပေါ်ငုံ၊ ရံဘော်ရုံလျက်၊ လေးကုံငြိမ်သက်၊ ဆွေကြင်ဘက်နှင့်၊ စက်လည်းအတူ၊ ရွှန်းရွှန်းဖြူသား၊ ပစ္စူနုံရဉ့်၊ လှုံသည့်ညဉ့်ကို၊ လျှဉ့်လျှဉ့်ရေသော်၊ ကုဋေနှစ်တွက်၊ ပျော်ချစ်လျက်တည့်၊ စုံမက်လွန်ကြင်၊ ခပ်မရှင်မူ၊ ပဥ္စင်တူရိယာ၊ ငြိမ့်ငြိမ့်သာမျှ၊ ခရာတံပိုး၊ ဆော်ကြန့်သည်၊ ၊ ကောင်းကျိုးဆန်းဆန်းထူးထူးတည်း။

၆၂။ ဟောနည်းကျမ်းလာ၊ ဥပမာဖြင့်၊ ပုဉ့်လျာရည်ဉ့်၊ ဆုကြီးသံ့လျက်၊ ဝှန်ပျံတန်းခိုး၊ ကျယ်ဝန်းစိုးသား၊ နေမျိုးစောလောင်း၊ နားတော်ညောင်းလော့၊ ရှစ်သောင်းလေးထောင်၊ ကျိကုန်အောင်ဝယ်၊ ထုပ်ခေါင်ပြည့်ထား၊ ထောင်းကာစားလည်း၊ ရှည်လျားကုန်မြောက်၊ သဇယာရောက်

---

(၁) ရွှေဖျာခင်းသား-က၊ (၂) လှည့်လတ်သောလား-က၊
(၃) သင့်တိုင်းဆင်လျက်-က၊

သော်၊ မလောက်မလုံ၊ မကုံ သဖြင့်၊ ချေးငှါး လင့်လည်း၊ လူနှင့်ထမင်း၊ ခံတွင်းဟလျက် [1]၊ နံနက်ညဝတ်၊ မွတ်ရှားတတ်၏။ မြတ်ထွတ်လှဘိ၊ ကျေးဇူးကျိလျက်၊ ဂတိတည်မှန်၊ သီလဝန်နှင့်၊ နိဗ္ဗာန်မြိုက်ချမ်း၊ ကူးတို့လှမ်းသား၊ မြစ်ကမ်းတန်တား၊ ရှင်မြတ်အားကို၊ မမျှားမမြောင်၊ အိမ်ထောင်အလျောက်၊ တယောက်မတည်း၊ ဟင်းချိုနည်းလျက်၊ ပစ္စည်းသန့်ကောင်း၊ တစလောင်းမျှ၊ အကြောင်းတည်က၊ နတ်ပြည်ရ၍၊ ဖြင်မျှပည်းလို၌၊ မစားနိုင်တည့်၊ လက်ကိုင်လှမ်းညှာ်၊ နှိမ်ကာဆတ်သား၊ နတ်ပဒေသာ၊ နတ်သြဇာနှင့်၊ နတ်ရှာနတ်ကျွန်း၊ နတ်ရပ်ပန်းလည်း၊ ပုံမှန်းထောင်နှစ်၊ ပွင့်ရောင်ညစ်သည်၊ မဖြစ်စဘူး၊ ပြုံးရရွှေးတည့်၊ တန်းခူးရောက်စ၊ နွေပေါက်ကလျှင်၊ ခါချလှုပ်ခွေ၊ ရှင်းရှင်းကြွ၍၊ ခွံ့ရမြည့်ဘ၊ လေပြည်လာက၊ ကိန္နရာဖို့မ၊ ဟန်ယုယနှင့်၊ ကလာ်သောထွေ၊ ခက်ညွှန့်ခွေလျက်၊ ရွှေရွှေဝင်းဝင်း၊ အဆင်းရှုချစ်၊ အနှစ်ပြည့်အာ၊ မှည့်ခွံဝါနှင့်၊ သီဒါမြစ်ကြီး၊ သွယ်ရစ်စီးသည်၊ ဝေးနီးပျော်လှ၊ စဲပျော်စတွင်၊ ဖို့မမြူးပုံ၊ ကျေးငှက်သံနှင့်၊ ချေငံပဉ္စင်၊ လူသူသင့်သို့၊ သံလွင်မြည်ကြော်၊ အိမ့်ရှင်သော်လည်း၊ နာပျော်ဘို့လွန်း၊ လက်မြောက်ဖြန်းက [2]၊ ကဝန်းကသီ၊ ကရဝီနှင့်၊ လည်မှီရင်ဘက်၊ ကြင်ကြလျက်တည့်၊ ငြိမ်သက်ပင်တိုင်၊ ချမ်းရိပ်မြိုင်ထက်၊ မဏ္ဍိုင်ထိပ်လယ်၊ နင်းနှိပ်နယ်သား၊ စံပယ်ပွင့်တုန်း၊ သိကြားဘုန်း

(၁) ခံတွင်းတလျက်-က၊ (၂) မြောက်လေဖြန်းက-ဟ၊

သို့၊ ရွှန်းရွှန်းတိုးပွါး၊ မိုးတလွှားတွင်၊ ပျော်ပါးနှစ်ထောင်း၊ လင်မိုးကောင်းသည်၊ ၊ကြည့်ညောင်းမျက်စိ မှုးမှုးတည်း။

၆၃။ ဤသို့လျှင်တည့်၊ နတ်တွင်ဟူပြီ ၁၊ မာတလိလျှင်၊ ဝိစိအောက်ဆုံး၊ အထက်ဖုံးသား၊ မိုးလုံးဇြဟ္မာ၊ ဘော်သုံးရွာ၌၊ ဘွဲ့ရွာစူးစမ်း၊ လက်နှင့်ဖမ်းသို့၊ ခဲ့ခြမ်းထဲပ၊ သိတတ်လှလျက်၊ ဒါနပတိ၊ အလှူချီသား၊ သာဝတ္ထိတွင်၊ မင်းလုလင်လျှင်၊ ကျွမ်းဝင်မယ်လှူ၊ ဆွေနှမနှင့်၊ ချစ်စမ်းပြေ၊ ရင်နှောင်ခွေလျက်၊ ရှာဖွေပစ္စည်း၊ တကိုယ်တည်းဖြင့်၊ ဆည်းဆည်းဖူးဖူး၊ သူ့ထက်ထူး၍၊ ကျေးဇူးပြည့်အန်၊ ရှင်ရည်မှန်သား၊ ထေရ်မှန်သဿ၁၊ အရိယာ၌၊ ဆယ်ဖြာကုသိုလ်၊ ရေစက်ယို လျက် ၂၊ ဗြဟ္မစိုရ်တတ်၊ အမြတ်စုံပေါင်း၊ သီလကောင်းဖြင့်၊ ရွှေကျောင်းရွေ့ဂူ၊ ပြုသူမတန်၊ လှန်လေဘနန်း၊ မိုးတခန်းတွင်၊ ကျယ်ဝန်းလှိုင်းပုံ၊ နေ့တိုင်းယုံသား၊ ရိပ်မြုံချစ်သက်၊ ရွှေးပျော်ဘက်နှင့်၊ ရွှေချက်ရိပ်ဖြူ၊ ကြယ်လပြုသို့၊ အလှူမကင်း၊ သီတင်းအာဏာ၊ ဤနတ်ရွာ၌၊ ချမ်းသာပြန့်ပွါး၊ လန်းလန်းကြားမျှ၊ နတ်သားဖြင်ညီး၊ နတ်သမီးနှင့်၊ မှုတ်တီးရှင်ပျှ၊ စံစားရဟု၊ သီဟရဲပင်၊ မင်းကျော်ထင်ကို၊ ၊သိချင်စိတ်စေး၊ မေးလတ်တုံရှောင်း၊ အကြောင်းနတ်သား ပြန်လကြားတည်း။

ပတ္တမြားဘုံခန်း ပြီး၏။

---

(၁) နက်ထွင်တူးပြီ-ဟ၊ (၂) ရေဘိတ်ယိုလျက်-ဟ၊

၅။ ဒုတိယဖလိကဝိမာနခန်း } ၎င်း၂-ခန်းကို
၆။ တတိယဖလိကဝိမာနခန်း } ပေယျာလခံ၍မြွေပ်သည်။

(၇) ဝေဠုရိယဝိမာနခန်း

ဣတိ သော တေသံ ကတကမ္မံ အာစိက္ခိတ္ဝာ ပုရတော ရထံ ပေသေတ္ဝာ အပရံပိ ဖလိကဝိမာနံ ဒဿေသိ။ တံ အနေကကဋ္ဌာဂါရပ္ပဋိမဏ္ဍိတံ[1] ။ပ။

နာဟံ ဝေဂတံ ဇာတံ၊ ဝေသုရုစိရံ ပုရေ။
သဒ္ဒံ သမဘိဇာနာမိ၊ ဒိဋ္ဌံ ဝါ ယဒိ ဝါ သုတံ။ ။
ဝိတ္တိ ဟိ မံ[2] ဝိန္ဒတိ သုတ ဒိသ္ဝာ၊
ပုစ္ဆာမိ တံ မာတလိ[3] ဒေဝသာရထိ။
အယံ နု မစ္ဆော ကိ'မကာသိ သာဓုံ၊
ယော မောဒတီ သဂ္ဂပတ္တော ဝိမာနေ[4]။

၆၄။ ထိုသို့ညွှန်ဘိ၊ မာတလိလျှင်၊ နေမိကျော်ဝန့်၊ ဘုရားညွှန့်ကို၊ ဗိမာန်နံလျှား၊ ပတ္တမြားနှင်နှင်၊ မြင်မြင်သောတိုင်း၊ ရွှေနှင့်ခိုင်းလည်း၊ ဆယ်နှိုင်းရည်မှန်၊ လှန်ကြီးလှန်ကို၊ ညွှန်ခဲ့တုံလေ၊ မျက်ရှူဖြေမှု၊ တိမ်ခြေလှစ်ထွင်၊ ဆင်ကားကုန်းစောက်၊ မြင်းတင် ကောက်သား၊ ခြိမ်းခြောက် နှင်ခတ်၊

---

(၁) အနေကကဋ္ဌာကာရပဋိမဏ္ဍိတံ-က၊ (၃) ပုစ္ဆာမိ မာတလိ-က၊
(၂) ဝိတ္တိဟိမံ-က၊ (၄) အယံ နုမစ္ဆာ ကိမကံသု သာဓုကာ သဂ္ဂပတ္တာ-က၊

သိန္ဓေဝလ္ဘတ်၍၊ မတ်မတ်တည့်စွာ၊ ရွှေမျက်နှာဝယ်၊ ရှေးခါသဏ္ဌာန်၊ နှစ်ဗိမာန်လျင်၊ မိုးစွန်ထိန်း၊ ဖလ်သားပြိုးလျက်၊ ညီးညီးထင်ပေါ်၊ မြင်လသော်လျင်၊ မင်းကျော်မေးငြား၊ နတ်သားပြန်ပုက်၊ ရှေးဟန်ဘက်တည့်၊ သံမြက်ချေငံ၊ ထုံးစံကျင့်နှယ်[1]၊ အဓိပ္ပါယ်လည်း၊ နည်းသွယ်တကြောင်း၊ သိလေကောင်းစွ၊ တံ့ညောင်းငံ့နေ[2]၊ အောက်မေ့ချေလည်း၊ ခြွေရွေမျိုးပွါး၊ တပည့်သားတို့၊ သင်ကြားကျမ်းရိုး၊ ကြာမည်စိုးခဲ့၊ နတ်မျိုးနန်းသာ၊ နှစ်ခန်းဝါကို၊ ပေယာချုပ်ချုံး၊ ရွှေကြုတ်ဖုံးသို့၊ ရုံးပေခဲ့လျက်၊ အထက်မှာတုံ့၊ နတ်တဘုံလျင်၊ လုံးစုံပြောင်ပြဲ၊ ကြောင်မျက်ရွဲဖြင့်၊ မိုးထဲတိမ်တွင်း၊ လွန်လှမင်းလျက်၊ မှန်ကင်းညွှန့်ဝါ၊ အခန့်တာသော်၊ ယူဇနာသုံးဆယ်၊ကောင်းကင်ကျယ်တွင်၊ဆယ်ပယ်ကွင်းမ၊လယ်ခင်းမျှသား၊ ဌာနခန့်ထား၊ မုတ်ထွတ်ဖျားနှင့်၊ ပတ္တမြားစိန်ကြောင်၊ စောင်းတန်းထောင်လျက်၊ ရွှေတောင်အဟန်၊ နတ်ဗိမာန်ကို၊ ၊ပြည့်တုံလေ မြင်ပစေဘည်း။

၆၅။ စွမ်းအန်လက်ရုန်း၊ တန်းခိုးမှုန်းလျက်၊ ဘုန်းလည်းဝှန်တောက်၊ မိုးထက်ရောက်၍၊ မျက်မှောက်သို့စင်၊ အိပ်မက်တွင်မျှ၊ မထင်စတောင်း၊ ကောင်းကင်ကြောင်းတွင်၊ နတ်ကောင်းစည်းစိမ်၊ ရိပ်ငြိမ်ကြီးကျယ်၊ အံ့ချီးဘွယ်ကို၊ ဘုန်းကြွယ်နတ်လျော၊ မြင်လစ်ဆောက၊ မိန်းမောကြည့်နေ၊ မေး

---

(၁) ထုံးစံထိပ်ကျယ်-က၊ (၂) တံ့ညောင်းမနေ-ဟ၊

တုံလေ၏၊ သပြေတခန်း၊ ကျွန်းကားဇမ္ဗူ၊ လူကားမြန်မာ၊ တောင်ခန်းဝါထက်၊ သော်တာဆန်း၍၊ ဝန်းသည့်နေ့တွင်၊ ဖူးတွေ့ငါ့ကို၊ မြမြချိုလျက်၊ မြင်းမိုရ်ရထား၊ တင်လှာငြားသည်၊ သိကြားမတ်တော်၊ အိုနတ်ကျော်၊ ၊အံ့အော်စိမ့်မည်၊ ရှေးမြင်သည်ထက်၊ အခြည်အဝါ၊ ခြူးကြာညွန့်ခက်၊ နှာမောင်းထွက်လည်း[၁]၊ အရွက်သေးဖွဲ့၊ ထူးရေးကွဲလျက်၊ လက်ဝဲလိမ်လည်၊ လက်ယာဖည်၍၊ ဟန်သည်ကိုးကား၊ ကြော့မော့သွားသို့၊ သျှောင်ကြားဆံထုံး၊ လုံးစဟန်ပက်၊ နွယ်ပင်ရှက်သို့၊ ယော်ရွက်လဲနှင့်၊ ချုံထဲပွင့်လျက်၊ ထွက်ခွင့်မအား၊ ပျံနားခုန်ထွေး၊ ကျေးကားငိုလျက်၊ စာရယ်အက်သား၊ နွယ်ခက်တွန့်တွန့်၊ ညွန့်ရရွန့်လျှင်၊ စိန်ပန့်းအစုတ်၊ ကုမုဒ်အပေါင်း၊ တည့်ရုပ်စောင်းနှင့်၊ ဥဒေါင်းကဲ၊ ဂဋ္ဌုန်မဲသော်၊ ဆင်းရဲစနိုး၊ နဂါးညှိုး၍၊ ဝမ်းရိုးပျုပ်ပျပ်၊ ဝပ်လတုံလေ၊ မြီးရိုးခွေလျက်၊ အမွေပြင်ယုံ၊ ဦးလည်ငုံလည်း၊ ပုံပုံစုစု၊ ဝေဋ္ဌုရိယ၊ တောက်ပတခဲ၊ ကြောင်မျက်ရွဲတည့်၊ ရဲရဲတထွေ၊ အံခြေနှစ်ချောင်း၊ ခေါင်းကာနှစ်မြွာ၊ ကိုယ်မှာတခု၊ ရုပ်ဘုပီမော၊ အာနီရောနှင့်[၂]၊ ရဲစောပြည့်ရှင်၊ ဘိသိက်တင်သား၊ ပီပြင်ရုပ်တု၊ ခရုသင်းစစ်၊ လက်ယာရစ်နှင့်၊ ညွန့်သစ်ဖားဖား၊ ပုဏ္ဏားမြေစာ၊ ကမ်းဟန်ပါလျက်၊ ရတနာပြောင်မွန်၊ မျိုးဆဒ္ဒန်နှင့်၊ ဗုဇွန်ရန်စစ်၊ ဖြစ်သည့်အယောင်၊ မိုက်မှောင်နှင်ခွါ၊ ဗြဟ္မာမိုးဖျား၊ လွှားလွှားသက်ရုပ်၊ တိမ်ပုပ်

(၁) ခြူးကြာညွန့်ကွက်၊ လှမောင်းထွက်လည်း-က၊ (၂) အနီရောနှင့်-ဟ၊

လှစ်တွန်း၊ နေလ ထွန်းလျက်၊ လေးကျွန်း အောက်က၊ ခုံလောက်မြလည်း၊ ချီကြွနိယံ၊ ရွက်ကာခံလျက်၊ တဆံခြည် ဆို၊ ရေမယိုတည့်၊ နဂိုရိမတ်မတ်၊ ပြည်မြတ်ပွင့်ညှာ၊ သူရာ တို့အား၊ အောက်လျှိုးသွားလျက်၊ကျားနှင့်ခြင်္သေ့ ၊ ဖူးတွေ့ မြေခွေး၊ ချစ်ရေးတွဲတွဲ၊ ဖွဲလတုံပြိုး၊ လိပ်ကြီးကမ္ဘာ၊ ခေါက် ရှာသမင်၊ ရုပ်ရက်ရှင်လျက် ၊ မိတ်ဝင်ပဲ့ဖြောင့်၊ လူ့နှယ် စောင့်လည်း၊ ကြောင့်မျက်ခွဲတုံ၊ ဆန်းကြယ်ပုံမျှ၊ သွယ်ဝှေ ရင့်ဖူး၊ လှတင့်ထူးလျက်၊ မုတ်ဦးလိုင်ကျယ်၊ မန္ဒိုင်းဆွယ် တည့်၊ လံဆယ်လုံးပတ်၊ ဇောတိရသ်မူ၊ အထွတ်လည်း ဆောင်၊ ထက်မိုးခေါင်မှ၊ နေရောင်ဟန့်တား၊ အညွှန့်ထား လျက်၊ ကြီးမားမြင့်ရှည်၊ မူးမူးလည်မျှ၊ မျက်ခြည်တွန့်တွန့်၊ ကျွန်ုပ်လန့်သည်၊ ၊တောင်ညွှန့်မြင်းမိုရ် ဖျားပြီလော။

၆၆။ ထူးစွာထူးစွာ၊ ရူးမူးရှာလျက်၊ သန္တာမြခဲ၊ ပုလဲ ရောပွံ၊ နှီးနှောဆံမူ၊အလှံပြောက်ကျား၊ မလျောက်လျားခဲ့၊ တပါးဆင်းရုပ်၊ ဝင်းဝါချုပ်လျက်၊ တိမ်ပုပ်ညစ်လွှမ်း၊ ရာဟု ဖမ်းသော်၊ မည်းသမ်းသော်တာ၊ လမျက်နှာလည်း၊ ရုံခါ ညစ်ညူး၊ရှိပါဘူး၏၊ သွယ်ဖြူးမြင့်ခေါင်၊ရွှေတိတောင်လည်း၊ မှောင်နှင့်ထိသော်၊ ညစ်ကိုလည်းကောင်း၊ ခပ်မမောင်း တည့်၊ တကြောင်းတည်းဘက်၊ တဆင်နက်ဖြင့်၊ အောက် ထက်ဆိုင်မိ၊ ဝေဠုရိကား၊ ရှိစခဲလျက်၊ မိုးထဲဂုက်သို့၊ နံနက်

---

(၁) ရုတ်ရက်ရှင်လျက်-က၊

ဆေးပဲ့၊ နှင်းရိပ်ဖဲ့လည်း၊ ရှောင်လဲ့လေတတ်၊ မိုးမစုတ်တည့်၊ နတ်မြတ်ဘုန်းနှင့်၊ နှိုင်းနှုန်းမြင့်သော်၊ ယင်္ခမတူ၊ ငါတိုလူကား၊ မျက်ဖြူပြောင်းပြန်၊ မျက်ဆန်လန်လော၊ သဘောစမ်းမိ၊ မြင်လဘိ၏၊ ဇာတိထူးလတ်၊ ရူးမူးတတ်သား၊ ရံပတ်ဝန်းဖြာ၊ ဘုံနန်းမတွင်၊ ရွှင်ပျကြင်မောင်၊ နေခြည်ရောင်သို့၊ စိုးဆောင်နန်းပိုက်၊ လိုက်လည်းတယောက်၊ နောက်လည်းသားတော်၊ နောင်သော်မြေးဘက်၊ ဆက်လက်မြစ်ကောင်း၊ အနှယ်လောင်းလျက်၊ ရှေပေါင်းသွယ်ညွှန့်၊ တန့်ကာ စိန်စ၊ ဘွဲ့သင်းကျစ်နှင့်၊ သရစ်ထူလှယ်[1]၊ များရှည်သွယ်သား[2]၊ စလွယ်ရိုးနီ၊ ရှေကြိုးသီမှ၊ တည်သင့်ထား၊ လှတင့်ခြားလျက်၊ ကိုးပါးမျက်မြတ်၊ နဝရတ်ဘီ၊ ရောင်ချင်းထိ၍၊ ညိုလတုံတုံ၊ အာရုံရောင်သွယ်၊ စီမြောင်ခြယ်သား၊ အလယ်တလျှောက်၊ ကျေးငှက်သောက်မျှ၊ မောက်မောက်လွှဲလွှဲ၊ ထောင့်ကွေ့ ပွတ်ခြမ်း၊ မုန်ညင်း ဆမ်းလျက်၊ ရွှမ်းရွှမ်း လှိုင်တောက်၊ မရှစောက်က၊ လက်ကောက်ထပ်ထပ်၊ လက်စွပ်ကြာခံ၊ မျက်ကျောက်စံလည်း၊ ရောင်လှိုင်တွတ်တွတ်၊ မင်းသာဝတ်၍၊ ရုပ်နတ်ရွှင်စွာ၊ ခပ်ဝင်းဝါသား၊ ကမ္မလာညွှဲလုံ၊ ရဉ်ရဉ်ရုံလျက်၊ ရှေဘုံနတ်ရက်[3]၊ သင်တိုင်းထက်ဝယ်၊ ခြယ်ကွက်လိမ်ပူး၊ မျက်အိမ်ထူးလျက်၊ နဖူးလည်ရင်း၊ လျှပ်ခြည်သွင်းမျှ၊ ဝင်းလတ်စေမူ၊ ရွက်ထီးဖြူနှင့်၊ သရဘူလည်မာ၊

---

(၁) သရစ်တူလှယ်-ဟ၊ (၂) မျိုးရှည်သွယ်သား-က၊

(၃) ရွှေခုံနတ်ရက်-က၊

တန်ဆာချစ်ဘွယ်၊ ဘယက်သွယ်က၊ စံပယ်တင့်မြတ်၊ လွှတ်ကြိုးလှတ်မျှ၊ မျက်မှတ်ထင်ထင်၊ ကျွန်ုပ်မြင်သည်၊ ၊သည် လျှင်နတ်သိကြားပြီလော။

၆၇။ ရှစ်ထောင့် ရှစ်ထောင့်၊ ဖြောင့်ရ ရောင့်လျှင်၊ စီမြောင့်မျက်တိ၊ သိန်းသန်းရှိသား၊ မိုးထိလိုင်ခေါင်း၊ သည် တိုင်ပေါင်းနှင့်၊ ရုပ်စောင်း ရုပ်တည့်၊ သကျည့်ထောင့်ယွန်း၊ ပလွင်ဝန်းထက်၊ ကြဉ်းတိုင်ဆီ၊နောက်ခိုင်းမှီလျက်၊ ရောင်နီချစ်ချစ်၊ နေတက်သစ်ယို၊ လျှပ်စစ်ရောင်နှယ်၊ ရောင်ခြည်ခြယ်လျက် [1]၊ ကျင်စွယ် မုတ်ဆိတ်၊ မည်းမြိတ် မုတ်နား၊ သားရဏားတည့်၊ မေးပါးအာစပ်၊ ကြာပွင့်ချပ်သို့၊ နှာရုပ် နှာယောင်၊ မော့မော့ထောင်လျက်၊ မျက်တောင်ခပ်လှည့်၊ ခံသို့မှည့်၍၊မျှော်ကြည့်မလှုပ်၊ စောင့်ချုပ်ထိုင်နေ၊ ဣန္ဒြေနှင့်၊ သံခြေမိန့်ဆို၊ ပုံပုံချိုမျှ၊ ကြာညိုဝတ်ပန်း၊ လိမ်းဖျော်ဖျန်းလျက်၊ ထွေဆန်းဝတ်ရည်၊ ရွှေလည်ကျင်းကျင်း၊ နားရင်းနားခွက်၊ မျက်နှာ်မျက်ဖြူ၊ ငါနတ်ဟူသို့၊ ကြုံဆုံမထင်၊ ရွှေရင်ကားကား၊ ကျောသားလုံးထွက်၊ ပခုံးထက်လည်း၊ ရိုးဆက်မစေ့၊ ကြပတေ့သို့၊ မြေ့မြေ့ရကြောင်း [2]၊ မောင်းနှင့်လက်ရုံး၊ သလုံးဆစ်ဖု၊ ရွှေကိုပြုသား၊ ရုပ်တုပီပြင်၊ ဟူစချင်တည့်၊ သွေးရှင်တက်သက်၊ အောက်ထက်မြင်မြော်၊ ဆယ်လျော်နှိုင်းခုတ်၊ တိုင်းမယုဘ်နှင့်၊ ဂါဝုတ်ပြည့်အောင်၊ လုံးရုပ်

---

(၁) လျှပ်စစ်ခေါင်နှယ်၊ သုဘားရောင်ခြယ်လျက်-က၊
(၂) မြေမြေ့ရကြောင်း-က၊

ဆောင်သား၊ ကိုယ်ရောင်ထွန်းလတ်၊ မွန်းမတ်မတ်သို့၊ ကြီး မြတ်အားခွန်၊ ပြင်းထန်တန်းခိုး၊ ဘုန်းရိပ်မိုးလျက်၊ ရန်ငြိုး ရန်ဘက်၊ မထွက်တစုံ၊ အုံလည်းအုံညီ၊ နတ်ပြိုပြိုလျှင်၊ နာရီ လျှောက်ဆို၊ ပဟိုရှိခေါင်းလောင်း၊ ကြေးနောင်းစည်ပတ်၊ လက်ခတ်မြောက်တင်၊ သံလွင်ခွက်ခွင်း၊ အဲအန်ချင်းနှင့်၊ စောင်းငြင်းမှုတ်တီး၊ နာမငြိုးလျှင်၊ဝေးနိုးဝန်းရံ၊ သဘင်ခံ၏။ လှစံမိုးသူ၊ ရူပနိကာယ်၊ ဆဲခြောက်ခွယ်သား၊ ကိုယ်သွယ် လျခြည်း၊ ဖြင်ပေါပည်းတွင်၊ စုလည်းရှေ့၊ နောင်နှင့်ကြုံက၊ စုပုံခန်းဝါ၊ နန်းတောင်ညာဖြင့်၊ လက်ျာအုံးခု၊ သက်လုံးစု သား၊ ပြင်နှဆိုဆို၊ နောင့်ချစ်ထိုလည်း၊ ကုံကုံငြိမ်သက်၊ သဘင် ထွက်က၊ အိမ်ထက် ရှေချ။။၊ ပစ္စ။။ရှေသွယ်၊ မျက်တိ ခြယ်လျက်၊ မှန်ကြယ်တံဆိပ် (၁)၊ ရှေလိပ်စည်ပေါင်း၊ နား တောင်း လက်ကောက်၊ စံမြောက်ရည်လေး၊ ရိပ်ရိပ်ပြေးမှု၊ ဖွေးဖွေးလက်လက်၊ ညောင်ရက်လူးလာ၊ ကမ္ဘူကာလျက်၊ ညီလာဝန်းပြည့်၊ မှည့်မှည့်ရွမ်းရွမ်း၊ မင်းခမ်းမင်းနား၊ စဉ် ကာထားလျင်၊ ပုံရှားလှောင်းလှောင်း၊ ဖယောင်းနုံသာ၊ ကြိုင်ပုံစွာနှင့်၊ ညိုပြာလဲ့လဲ့၊ မွဲမျှမစွန်း၊ ရှေညှင်းဖျန်းလျက်၊ ထက်ဝန်းပြောင်ပြောင်၊ လောင်လလိလိ၊ ကိုယ်လုံးညီမျှ၊ မျက်စိမျော်ရာ၊ မယ့်ကိုသာလျှင်၊ ဘယ်ညာမလှည့်၊ မိန်းမူး ကြည့်က၊ တည့်တည့်ဖြောင့်ဖြောင့်၊ ဂတိစောင့်လျက်၊ နတ် မောင့်ကြင်ရာ၊ လှမောစွာသည်၊ ။သူဇာမိဖုရားပြီလော။

---

(၁) မုန်ကြယ်တန်ဆိပ်-က၊

၆၇။ ဤသို့ဟူ၍၊ ပြည်သူမျက်ရှု၊ စောနတ်တုကားး၊ ဝေဠုရိယာ၊ ကြောင်မျက်သာလျင်၊ ယူဇနာကျယ်ပြာ၊ မိုးလယ်ကြောတွင်၊ ဖောဖောလတည်၊ ပြည့်နှန်သည်ကို၊ မျက်ခြည်နောက်နောက်၊ မြင်လတ် မြောက်က၊ လှဲဘောက်ကြမ္မာ၊ လူ့ပြည်ကွာသော်၊ ငါလည်းသို့လျင်၊ မျိုးလွန်းကြင်နှင့်၊ ပဥ္စင်ရိုက်မြည်၊ စံရမည်ကို၊ ကြံစည်ဝမ်းက၊ ထင်မောလှ၏၊ ဒါနပေါင်းစုံ၊ ဂူကျောင်းရုံမျှ၊ သုံးပုံကျမ်းတတ်၊ ဘယ်သူမြတ်၌၊ ကြည်ညှတ်လှဘိ၊ တော်လေမိ၍၊ တောင်ရှိဟူတန်၊ ဝေဇယန်နှင့်၊ ပန်းမာလ်သစ်သီး၊ ဖြင်ညီးမှည့်ရွှမ်း၊ မြကန်ချမ်းဝယ်၊ ချစ်ဝမ်းသာမြူး၊ ကေကျူးလျင်၊ ဟူးဟူးလောင်ဆူ၊ အရှိန်ပူမျှ၊ ရွက်ဖြူတိုင်မြောက်၊ ပြိုင်ကာဆောက်လျက်၊ နှစ်ယောက်ဘော်နည်း၊ ပျော်ရာပည်းမျှ၊ တစည်းတပေါင်း၊ သောင်းသောင်းရုံခြွေ၊ စံရလေဟု၊ ရှာဖွေစိုးစဉ်၊ ကျိုးပြစ်မြင်ထောက်၊ ရွေနောက်မြော်လှမ်း၊ ခဲစိတ်ခြမ်းသား၊ မှုထမ်းဝဲခို၊ မာတလိကို၊ ၊နေမိမင်းမြတ် မေးတုံလာ်တည်း။

ဇာဿ ပုဒ္ဓော ဗျာကာသိ၊ မာတလိ ဒေဝသာရထိ။
ဝိပါကံ ပုညကမ္မာနံ၊ ဇာနံ အာကွာသိ ဇာနတော ။ပ။
စာတုဒ္ဒသိံ ပဉ္စဒသိံ၊ ယာ စ ပက္ခသ်ာ အဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌဂ်ံ ၂ သုသမာဟိတံ။ ။

---

(၁) ယာပက္ခဿ-က၊ (၂) အဋ္ဌဂ်ါ-က၊

ဥပေါသထံ ဥပဝသီ၊
သဒါ သီလေသု သံဝုတော။
သံယမော သံဝိဘာဂါ[၁] စ။
သော ဝမာနသ္မွ မောဒတိတ။ ။

၆၉။ ထိုသို့မင်းမြတ်၊ မေးတုံလတ်သော်၊ မိုးနတ်သိကုံ၊ ပြန်လတ် တုံ၏။ ပိုက်ခြုံ ဝန်းလည်၊ ရွှေနန်း တည်လျက်၊ ရွာပြည်ချမ်းငြိမ်း၊ တုတ်ခွန်သိမ်းသား၊ ပြည့်ရှိမ်းမာန်တက်၊ မင်းဘုံထက်လည်း၊ ကျက်တျက်ထစ်ထစ်၊ စက်မှန်ပစ်သို့၊ နှစ်သစ်မပြန်၊ တန်းခိုးအန်ကြောင့်၊ နင်းလှန်ထုပ်ထွေး၊ မှည့်ပုပ်ဆွေးမျှ[၂]၊ စာရေးကျွန်ခံ၊ လွန်ကြောက်ရှံတိ၊ နိုင်ငံကျယ်ပြား၊ ရှည်သောအားဖြင့်၊ စွန်းနားဖျက်ဖြုန်း၊ မျက်လိုမုန်းလည်း၊ ဘုန်းသာဆို့ပိတ်၊ ရန်လုံးတိတ်သည်[၃]၊ ဘိသိက်ခံဆွတ်၊ စောရန်သတ်၊ ၊တမွတ်မင်းကျော်၊ မေးတုံသော်လျှင်၊လှစ်ဘော်ကြောင်းခြင်း၊ ရွှေနားသွင်းအုံ၊ လောင်းမင်းစိပ်စိပ်၊ နားတော်သိပ်လော့၊ နင်းနှိပ်ဘင်ဂ်၊ ဗြဟ္မာသက်က၊ အဆက် နောင်လာ၊ ယခေါင် ကြာသား၊ နတ်ရှာ ထွန်းစ၊ နေဝန်းပလျက်၊ လလည်းနောက်လိုက်၊ မှောင်ရိပ်မိုက်တွင်၊ တိမ်တိုက်နင်းဖဲ့၊ ဝင်းဝင်းခဲ့လျက်၊ ကြယ့်အတိသာ၊ ပေါ်လတ်ရာ၌၊ ဘုံသာပေါ်ထွန်း၊ ထိုမျှကျွန်းတွင်၊ လိုင်နှင်း

---

(၁) သံယမော သံဝိဘာဂေါ စ-က၊ (၂) မြည့်ပုပ်ဆွေးမျှ-က၊
(၃) ရန်တင်းထိတ်သည်-က၊

ကျယ်ဆို၊ မြင်းမိုရ့ တောင်လွှဲ၊ ကြောင်မျက်ရွဲဖြင့်၊ ယှဉ်ခွဲစံပျော်၊ ဗိမာန်ကျော်ထက်၊ ရှေတော်တည့်ဆီ၊ ကြည့်အင်ညီသား၊ သီရီမျက်ခြည်၊ ဤနတ်သည်ကား၊ ရေကြည်စီးဖြာ၊ တောင်နန်းသာလည်း၊ လက်ယာရံဆီး၊ တပြည်ထီးဖြင့်၊ ဝေးနီးမှီရာ၊ မိဝိလာဟု၊ မည်သာဆိုကြ၊ နဂိုရ်မဉ်၊ မိဘမျိုးဆွေ၊ မွေးချက်ကြွေလျက်၊ သန္ဓေစွဲစွဲ၊ ပစ္စည်းခဲမျှ၊ ဆင်းရဲသားစစ်၊ ဖြစ်လတ်သရော်၊ ရှင်ဘွယ်မြော်လည်း၊ မနော်စိတ်ထိုင်း၊ စိုးရိမ်မှိုင်းသည်၊ ၊နေ့တိုင်းငြိုငြိုငြင်ငြင်တည်း။

၇၀။ ငြိုငြင်လှဘိ၊ ဆင်းရဲတိလျက်၊ ကြံမိလေတွန်၊ ရေတွင်သွန်သော်၊ တဘန်လှုံလ၊ ကျုံးမရသို့၊ သောကညှဉ်းဆိုး၊ ကြောင့်ကြမျိုးကို၊ ကောင်းကျိုးပေးနောင်၊ ဝေးလေအောင်ဟု၊ မဲ့မောင်ဝမ်းက၊ ကြိမ်းသံပလျက်၊ ချင်းတပြန်ဟန်၊ ထုံးနည်းညွှန်မူ၊ ရန်အပုံတွင်၊ ခွံ့ခွံ့ဝင်၍၊ သံရှင်ချတ်နုတ်၊ ဦးလည်ခုတ်သား၊ မည်ထုတ်စွမ်းခက်၊ သူရဲထက်လည်း၊ အိမ်နက် မဲ့ပဲ၊ ဝမ်းစား ခဲလျက်[၁]၊ စွန့်ကြဲ ပေးလွှတ်၊ ယောကျ်ားမြတ်ကား၊ ပတ်ပတ်ဘွေရှာ၊ ရခဲစွာရှင့်၊ သဒ္ဓါစေ့ပေါက်၊ ဤတယောက်လျှင်၊ မင်းမြောက်တန်ဆာ၊ ပြည်ရွာဗိုလ်လူ၊ ထီးဖြူသံလျှင်း၊ ဆင်မြင်းလိုပြည့်၊ ရမည့်အကြောင်း၊ အိပ်မက်ကောင်းသို့၊ ကျဉ်းမြောင်းစွာငြား၊

---

(၁) ဝံ့စားခဲလျက်-ဟ၊

စီးပွါးနောင်ခန့်၊ စိတ်ပြန့်ပြန့်လျှင်၊ ကောင်းညွှန့်တိတ်ထုံ၊ ယုံသည်ပီပီ၊အဘိုလက်တို၊ တဘက်ယိုနှင့်၊ ကိုယ်၏ဖြစ်လား၊ ဆင်းရဲသားလျက်၊ တန်တားရေတွင်း၊ ဇရပ်ကျင်းနှင့်၊ ထမင်းသင်ပုတ်၊ မျက်သုတ်ပုဝါ၊ ဆယ်ဖြာပန်းခက်၊ ဦးစွန်းရွက်၍၊ လက်ဘက်ကွမ်းစည်း၊ နည်းနည်းများများ၊ သဖန်းခါးဝေး၊ ခရမ်းကျွေးတို့၊ ချိုလေးမြိန်ရှား၊ ချောက်ကမ်းပါးဖြင့်၊ တောလားဆွတ်ယူ[၁]၊ ဒန်ပူတချောင်း၊ ထင်းယောင်းတခြမ်း၊ ပဲနှမ်းရောပြောက်၊ လက်ကောက်မုန့်လွှာ၊ သကာထန်းလျက်၊ တံမြက်ချိုးရေ၊ ကြိမ်ခွေတသွယ်၊ သက်ငယ်တပျစ်၊ ဝါးတဆစ်က၊ မဖြစ်ခေါက်ရက်၊ အလှူထက်လည်း၊ ဂုဏ်နှက်ပြည့်လွန်း၊ ကျေးဇူးထွန်းသား၊ ရဟန္တာမွန်၊ ပုဂ္ဂိုလ်သန်၍၊ ချသွန်ရေစက်၊ ဆုပန်နက်၏၊ အိုးခွက်ခံစောက်၊ တံစက်အောက်သို့[၂]၊ မလောက်မကုံ၊ ကြံမိတုံလျက်၊ နှုတ်ငုံခြသယ်၊ တောင်ပို့နှယ်လျှင်၊ ကုန်စယ်လုပ်သင့်၊ လယ်နက်ချင့်၍၊ နင့်လင့်မူကား၊ နှစ်ဘို့ခြားလျက်၊ တပါးလက်လွတ်၊ ပိဏ္ဍပါဘ်ဖြင့်၊ ရည်ညွတ် ဆွမ်း ပန်း[၃]၊ သင်္ကန်း သပိတ်၊ ပရိက္ခရာ၊ ကမ္ပလာအုံး၊ ပိတ်ဖုံးဖွေးဖွေး[၄]၊ တောင်ဝေးလက်ကိုင်၊ ကပ်ဖထိုင်နှင့်[၅]၊ ကရိုဏ်ပဲခွပ်၊ ဘိနပ်တပင်း၊ အပ်မကြွင်းလျှင်၊ လှူခြင်းဒါန၊ ကျင့်သီလတုံ၊ စိတ်ကြွယဉ်မြတ်၊

---

(၁) လျှာခြောက်ပါးဖြင့်၊ တောသွားဆွတ်ယူ-က၊ (၃) ရည်သွတ်ဆွမ်းပန်း-က၊
(၂) စစက်ပေါက်သို့-က၊ (၄) လိပ်ဖုံးဖွေးဖွေး-က၊
(၅) ကပ်ဖန်တိုင်နှင့်-က၊

ယှဉ်တုံလတ်၍၊ ပဉ္စဒ္ဒသီ၊ လက်ချီလေးတွဲ၊ ရှေးကဘွဲ့သား၊ နှစ်ဆဲ့လေးလုံး၊ ဥပုသ်သုံးလျက်၊ နှလုံးရှန်းရှန်း၊ လဆန်းလဆုတ်၊ နှုတ်မင်္ဂလာ၊ အင်ရှစ်ဖြာနှင့်၊ သမ္မာသင်္ကပ်၊ စောင့်ကြပ် ပံသုကူ၊ စွန့်ကြဲဟူသား၊ အလှူဆယ်မည်၊ တံချူရှည်နှင့်၊ နတ်ပြည်ဘုံကြီး၊ အမြိုက်သီးကို၊ လက်နှီးရမှတ်၊ မြေကဆွတ်၍၊ ပြာသာဒ်နန်းဆောင်၊ မိန်းမူးယောင်မျှ၊ မိုးခေါင်ထက်ပြည့်၊ စံရလှည့်သည်၊ ၊ကွမ်းထည့်ကြမ္မာ စီရင်တည်း။

၇၁။ အထွေ အထွေ၊ ခဲ့ဝေဆိုချိမ့်၊ နားတော်စိမ့်လော့၊ နက်တိမ့်ထဲဝှမ်း၊ နှိုက်နဲ့လှမ်းလျက်၊ စူးစမ်းခြင်းရာ၊ သူလိမ္မာဖြင့်၊ ခန္ဓာအာယု၊လူ့အသက်ကား၊ လည်ထက်ဓားသို့၊ မြက်ဖျားနှင်းကြွေ၊ ကမ်းခြေရောက်မိ၊ ဝဲနှင့်ထိသား၊ မြစ်ရှိမြင့်သွယ်၊ သစ်ပင်နှယ်လျှင်၊ ဝန်းကျယ်ဖြဖြ၊ ထရာ့တစင်း၊ လက်နှက်သွင်းသား၊ မင်းလျှင်လည်းဖြစ်၊ သေမင်းစစ်ကို၊ မလှစ်နိုင်ချေ၊ ကိုယ်သက်သေက၊ လေဗွေခတ်သွင်၊ အင်ကြင်းပင်သို့၊ ကလင်ကတ၊ ဖြင်မျှရှိရစ်၊ မြေးမြစ်မြိတ်စွန်၊ ကျေးကျွန်တထူး၊ သားဦးသားထွေး၊ ပည်းမျှဝေးလျက်၊ သူဌေးသူကြွယ်၊ ကုံကယ်ညှိုးညှာ၊ မျိုးလေးဖြာတို့၊ ဥစ္စာမာန်ကြောင့်၊ တရောင့်ရောင့်လျှင်၊ နေသောင့်နေသာ၊ ဇရာမရဏ၊ ယက္ခစွယ်ပြူး၊ တောဘီလူးကို၊ ကျေးဇူးသိတတ်၊ ဆွေမျိုးမှတ်၍၊ ဝတ်ဝတ်စားစား၊ ပျော်ပါးနေဟန်၊ ဘယ်မေ့

(၁) လည်ထားသို့-ဟ၊

ကျန်အံ့၊ မျိုးမွန်နှစ်ဆွေ၊ ကြံဇထွေဖြင့်၊ စာပေသင်ခြင်း၊ သီတင်းသုံးမြေ့၊ ရသေ့ရဟန်း၊ ခင်ပွန်းမိတ်ဖြစ်၊ သားနှယ် ချစ်လျက်၊ ဘက်ထစ်မြဲခ၊ ဆုံးမနာလို၊ ခြေရင်းခိုး၍၊ ကုသိုလ် ကောင်းမှု၊ အကြောင်းပြုသော်၊ ဝေဠုရိယ၊ ဘုံနန်းမထက်၊ ပေါက်ပြကြားထင်၊ အိမ့်ရှင်ရိုက်ကြိုး၊ အိုင်သားမိုးသို့၊ ဖြိုးဖြိုးအင်ခြိုက်၊ ပဉ္စင်ရိုက်လျက်၊ လိုက်လိုက်တင့်ခေါင်၊ ဝတ်စားရောင်လည်း၊ လောင်လဘနန်း၊ တောက်ပထွန်းသည်၊ ၊ကျယ်ဝန်းမိုးရပ် တခွင်တည်း။

၂၂။ ဤသို့ဟူ၍၊ ဇမ္ဗူဝန်းချုပ်၊ အုပ်လတုံပြီး၊ ဘုန်းတော်ကြီးသား၊ စောဓိးရန်နင်း၊ နေမိမင်းကို၊ သီတင်းသုံးသား၊ နှလုံးတချောင်း၊ ကောင်းသားအမှု၊ အလှူပြုလည်း၊ ဝတ္ထုပစ္စည်း၊ သန့်စင်ဆည်းလျက်၊ မယ်နည်းလင်ဘွား၊ ပုည အားဖြင့်၊ ထင်ရှားနတ်ရွာ၊ ဖြစ်တုံလှာဟု၊ ၊ကြောင်းခြာစေ့ရေ ပြန်တုံလေတည်း။

ဝေဠုရိယဝိမာနခန်း ပြီး၏။

(၈) ကဉ္စနဝိမာနခန်း

အထဿ ပုရတော ရထံ ပေသေတ္ဝာ ဗာလသူရိယသနိဘံ
ကနကဝိမာနံ[၁] ဒသေတ္ဝာ တတ္ထ နိသိန္နော ဒေဝပုတ္တသ
သမ္မတိံ ပုဋ္ဌော ဣတရော ပိသ အာစိက္ခိ---

ယသာ ဥဒယမာဒိစ္စော[၂]၊
ဟောတိ လောဟိတကော[၃] မဟာ။
တထူပမံ ဣဒံ ဗျမ်ံ၊ ဇာတရူပသ နိမ္မိတံ။ ။
ဝိတ္တိ ဟိ မံ[၄] ဝိန္ဒတိ သုတ ဒိသ္ဝာ၊
ပုစ္ဆာမိ တံ မာတလိ ဒေဝသာရထိ။
ဒအယံ နု မစ္စော[၅] ကိံ မကာသိ သာဧုံ[၆]၊
ယော မောဒတိ သဂ္ဂပတ္တော ဝိမာနေတိ[၇]။ ။

၇၃။ ထိုရောအခါ၊ ဘုန်းပညာနှင့်၊ ပြည်ရွာသိမ်းခွဲ၊ လက်နက်ဖွဲ့လျက်၊ ရုပ်သဲ့ခွန်တုတ်၊ ရန်လုံးခုတ်က၊ သမုဒ္ဒရာဇ်၊ မြစ်လျှင်အခြား၊ နိုင်ငံထားသား၊ ထိပ်ဖျားမှန်ကုံ၊ စောတဆူကို၊ တိမ်ဖြူရိပ်ဖြာ၊သူစိမ်းရွာတွင်၊ ကြည့်ကာမျက်စိ၊ညောင်းလိလိနှင့်၊ ရှိပေခဲ့နိုး၊ ငါလည်းစိုးစွဲ၊ နေမျိုးရဲကျော်၊ ရှုစ

---

(၁) ကနကဝိမာနံ-က၊
(၂) အာဒိစ္စော-က၊
(၃) လောဟိတကော်-က၊
(၄) ဝိတ္တိဟိမံ-က၊
(၅) အယံနုမစ္စော-က၊
(၆) သာဓု-က၊
(၇) ဝိမာနသ္မိံ မောဒတိ-က၊

ပျော်လည်း၊ ကြာတော်မူခဲ့၊ တန့်ဆွဲလျှင်၊ တွဲတွဲလေးသိပ် [၁]၊ နှိပ်နှိပ်လည်းကောင်း၊ မြင်းဆက်ညောင်းခဲ့၊ နှစ်ထောင်းရှင်မြူး၊ သည့်ထက်ထူး၍၊ ရန်ငူးရှင်စော၊ မြင်စိမ့်မောဟု၊ ဖြန်းတောနှင်ခတ်၊ သိန္ဓောလွှတ်လျက်၊ မတ်မတ်ရှေဆောင်၊ မိုးလယ်ကောင်ဖြင့်၊ ရှေတောင်သဏ္ဌာန်၊ ကျူလျှင်ချန်သို့၊ နင်းလှန်ကွန့်ခြေ၊ နှင်တုံလေသော်၊ ရှေသတိပက်၊ အောက်ထက်ခန်းဝါ၊ ဆန်းကြယ်စွာသား၊ ဘုံသာနန်းမ၊ ညွှန်းလတ်ပြက၊ ရှင်ပျစိတ်လန်း၊ ဘိသိက်သွန်းသို့ [၂]၊ ကြငှန်းထွတ်ထား၊ မင်းမြတ်ဖျားလျှင်၊ ဝန်းလျားခန့်ချုံး၊ မျက်စိဆုံးမျှ၊ နှလုံးသြော်လဲ၊ မြင်ပြီးရဲမှ၊ နက်နဲကြံတွေး၊ ရှေးနှင့်အတူ၊ မေးမြူအလို၊ ကြားလတ်ဆို၏၊ ကုသိုလ်ကောင်းမှု၊ တောင်းသည်ဆုနှင့်၊ သာဓုခေါ်ဟစ်၊ သူတော်စစ်လျှင်၊ ဖြစ်လှည့်လေကျင်၊ သူ့ကိုမြင်သော်၊ ငါ့တွင်ဖြင်ပည်း၊ အင်ပစ္စည်းကို၊ ဆွေနည်း မောင်မင်း၊ အကုန်ကျင်း၍၊ ၊ရှင်းရှင်း စွန့်ပေတော့မည်တည်း။

၇၄။ စကြဝဋ္ဌာ၊ ကျယ်စွာဝန်းလျား၊ လူ့ပြည်သွား၍၊ သိကြားလူယောင်၊ အမှုဆောင်လည်း၊ ရှေတောင်နဂိုရ်၊ ထားခဲ့သိုက၊ မြင်းမိုရ်မဏ္ဍိုင်၊ မောင်သာပိုင်လျက်၊ ကြံ့ခိုင်ဖြိုးကျည် [၃]၊ နတ်သားရည်တွင်၊ ကြံစည်နှုတ်မြန်၊ စွမ်းအား

---

(၁) တင့်ငဲ့မူ၊ တွဲတွဲလေထိပ်-က၊ (၂) ဘိသိက်ဖျန်းသို့-က၊
(၃) ကြံ့ခိုင်ဖြိုးကျည်-က၊

အန်ရှင့်၊ ငြမ်းသန်ကျေးသီး၊ မင်းထံနီးသည်၊ ရေးကြီး မြင်သိ၊ မာတလိ၊ ၊တောင်ရှိမက၊ ထွန်းထွန်းပလျက်၊ ထွက်စထွန်းထင်[1]၊ ရောင်ခြည်သွင်သို့၊ မြင်လည်းမရဲ၊ အံ့အဲ့ တုံတုံ၊ ဤနတ်ဘုံကား၊ လူကြုံလူဆု၊ နှစ်ပါးသူလျှင်၊ မတူ ကြပါ၊ ဆင်းဝါကဲ့သို့၊ နတ်ပွဲစည်နှက်၊ ရှေးဖျားထက်လည်း၊ စုံမက်ခန့်ကျူး[2]၊ သည်လွတ်ဆုံးတည့်၊ မိုးလုံးပြောင်ပြောင်၊ လောင်တို့ရှာခဲ့၊ လျှံဝါညွှဲစိမ့်၊ ပတ်လုံ့ထီးထိုင်း[3]၊ အံ့ကာ မှိုင်းလျှင်၊ မုန်တိုင်းလေပြင်း၊ နှင်းနှင့်မြူကြေး၊ ပင့်ကူမြွေ လည်း၊ ထွေးထွေးမဖြင်၊ ညစ်ညစ်နွမ်းလို၊ မည်းသမ်းညိုဟု၊ မဆိုရကျင်၊ လှမြဲပင်ထက်၊ ရှင်ရှင်တက်လျှမ်း၊ နေခြည်ဆမ်း သော်[4]၊ ရွှမ်းလည်းရွှမ်းဟည့်၊ ငရွှေမှည့်သို့၊ ကြည့်လည်း မငြီး၊ ငါစောခိုးကို၊ သက်ကြီးတပို၊ အံ့စေလို၍၊ တကိုယ် ချစ်ကြည်၊ ပြလတ်သည်ဖြင့်၊ ရွှေရည်သွန်းပုံ၊ နန်းနိုတုံကို၊ ဒေ့စုံပြင်ပ၊ မြင်လတ်ကလျှင်၊ ရွှင်ပျညွတ်ပျော်၊ ပြတ်မိန်း မော၏၊ ကျယ်ပြောမိုးခေါင်၊ ဤနတ်မောင်သို့၊ မြန်ဘောင် အဝှန့်၊ ကျွန်းလုံးလန့်သား၊ ရန်ညှန့်နုတ်ချိုး၊ ငါသတိုး လည်း[5]၊ ကောင်းရိုးအင်စုံ၊ ချစ်ရိပ်မြုံလျက်၊ ရွှင်ဂုံရွက်စည်း၊ ပေါ်ကတည်းက၊ ခေါက်ရည်းခေါက်တင်၊ နောင်သာကြင် သား၊ ပြာစင်ညက်ဖြူ၊ ဇာတ်ချစ်သူနှင့်၊ အတူနှစ်ထောင်း၊

---

(၁) ထွန်းစချည်မြင်-က၊
(၂) စုံမက်ခန့်ခဲ့ကျူး-က၊
(၃) ပတ်လုံ့ထီတိုင်း-က၊
(၄) နေခြည်သမ်းသော်-ဟ၊
(၅) ရည်သန်နှုတ်ချိုး၊ ငါမင်းစိုးလည်း-က၊

ပျော်ရကြောင်းကို၊ ဖုန်းတောင်းအမျှား၊ ပုဏ္ဏားစင်ကြံ၊ စိမ့်ယံပတီ[၁]၊ ဇော်ဂီကြမ်းမန်၊ သုတ္တန်ဘင်္ဂါ[၂]၊ ကျည်းခဝါနှင့်၊ အောအာခုံစင်၊ ကချင်ကသည်း၊ မျက်နှာမည်းတို့၊ သက်ကျည်းစည်တိုင်း၊ သူရိုင်းသူပဲ့၊နဖဲ့သူလျောင်[၃]၊ ပလောင်လဝ၊မိတ်ဆွပွန့်၊ ပက္ခရာသီ၊ ဝေနရီတို့၊ စောလီသထုံ[၄]၊ ပြူမြို့လမြင်၊ ကရင်မနု၊ လဟုဖက်ရွာ[၅]၊ သက်သာကမ်းယမ်း၊ ဂျမ်းနှင့်ကန်စက်၊ လဟက်လဟောက်၊ ဆည်ကျောက်ရေထွက်၊ သရက်ရေသီး၊ အဖြိုးဖြိုးလျင်[၆]၊ ဝေးနီးမရှား၊ ရောက်လှာငြားလည်း၊ တံခါးကျစ်ကျစ်၊ သံကောက်လှစ်လျက်၊ ပြစ်ပြစ်ရုံးပြု[၇]၊ လုံးလုံးစုရှိ၊ ကောင်းမှုကိုယ်ချည်း၊ တမတ်တည်းလျှင်၊ ဖြင်ပည်းငါတွင်၊လှည်းသာတင်၍၊ မြေပြင်တင်းကျမ်း၊ ရှင်သာဝမ်းဖြင့်၊ ၊ပေးကမ်းဖြန့်ပေ တော့မည်နည်း၊

၂၅။ ခပ်သိမ်းခြင်းရာ၊လေးမျက်နှာမှ၊ လေးဖြာမျိုးမည်၊ မိုးမမြည်၍၊ မိုးရည်မစုတ်၊ မိုးကြောင့်မုတ်လျက်၊ ဥပဒ်ဘေးတိ၊ ဒုက္ခရှိမူ၊ မြင်သိန့်ပတ်၊ ပဇ္ဇုန်နတ်တည့်၊ လက်လှတ်ထောင်ထူ[၈]၊ မောင်တမူကား၊ လူရဟန်းက၊ ထက်ဝန်းစ၍၊ ကိစ္စမြင်ထွေ၊ ပြီးလျင်းစေက၊ လူ့မြေမှုကုံ၊ သိကြားယုံသည်၊ အင်စုံညီလွန်း၊ မိတ်ခင်ပွန်း၊ ၊ထက်ဝန်းကျယ်လပ်၊ မိုးလယ်

---

(၁) စိန်ခဲ့ပတိ-က၊ (၅) လဟုသက်ရွာ-က၊
(၂) သုတ်တန်ပင်ကာ-က၊ (၆) ဆည်ကျောက်ရေသီး၊ အဖြိုးဖြိုးလျင်-က၊
(၃) နပဲ့သူလောင်-က၊ (၇) ပျစ်ပျစ်ရုံးပြု-က၊
(၄) မန္တပွန့်၊မက္ခရာသီ၊ဝေနရီတို့၊ဇော်ဂီဆထုံ-က၊ (၈) လကလှတ်တောင်သူ-က၊

ရပ်တွင်၊ ကွပ်ညှပ်နတ်မင်း၊ ထီးတစင်းနှင့်၊ ဆင်မြင်းရထား၊ လေးလွှားကာစွဲ၊ သူရဲစစ်ဆင်၊ လူမင်းတွင်သို့ ၁၊ ကောင်းကင်ဆိုပိတ်၊ ပြည့်မှမ်းညိတ်မျှ၊ စိတ်ကရှင်ရှင်၊ နတ်အင်ခွင်ကို၊ မြင်လပြီးတုံ၊ ရှားကျီးပုံသို့၊ ရွှေဘုံခြင်းခြင်း၊ ရွှေဘုံချင်းတွင်၊ ထွန်းဝင်းကဲဝှန်၊ သည်လျှင်လွန်၏၊ အဟန်သော်ကား၊ မိုးသိကြားနှင့်၊ တူသားတော်စုံ၊ ကြည့်မျှော်ငုံလည်း၊ မအုံနိုင်ဘူး၊ မိန်းမှိုင်မူးစွ၊ ကျေးဇူးသခင်၊ ငါ့ကိုကြင်သား၊ ကျွမ်းဝင်မြောက်သား၊ ရင်ခွင်ထား၍၊ ပျော်ပါးရှင်ပျ၊ မမြင်ရတည့်၊ ဒေဝသမ္ပတ်၊ စည်းစိမ်မြတ်ကား၊ စွတ်စွတ်စွေးစွေး၊ တွေးတွေးရည်လောင်း၊ တမောင်းမောင်းလျှင်၊ ရုပ်ဆောင်းရေးနှိပ်၊ ရွှေတံဆိပ်နှင့်၊ ဖက်လိပ်ခံနစ်၊ စောင်းတန်းထစ်လည်း၊ အဆစ်ကိုးရာ၊ ရွှေပင်သာလျှင်၊ နီလာမြခဲ၊ မရောပဲတည့်၊ ဖိုထဲပြောင်းမှုတ်၊ မောင်းမောင်းခုတ်လည်း၊ ဆုတ်ပချေလျက်၊ ကြိမ်ရာချက်သား၊ တက်သက်မှီခိုင်၊ ကျင်ဖုတိုင်က၊ စွဲကိုင်လုံးလုံး၊ ရွှေလက်သုံးနှင့်၊ ရွှေကုံးရှင်ပျို၊ တင်၏သို့လျှင် ၂၊ နှစ်လို့ဖွေရှာ၊ ထွေဆန်းစွာတုံ၊ မျက်နှာဦးရည်၊ ခပ်ဖြူးရှည်လျက်၊ လည်ကားနဂါး၊ ပါးကားခြသေ့ ၃၊ သွားတွင်ရွှေမူ၊ ကြွေ့ကြွေ့ပြူးတူး၊ စွယ်ဘီလူးနှင့်၊ ထူးလတ်စေငြား၊ စောင်းတန်းဖျားဝယ်၊ ပတ္တမြားတောက်ညိ၊ ဆင်ပေါက်ရှိသား၊ မျက်စိတပ်ထား၊ နှစ်ဘက်နားတည့်၊ ဖလားစီမှောက်၊ ရောင်နီတောက်လျက်၊ အောက်လည်း

(၁) တို့မင်းတွင်သို့-က၊ (၂) တင့်၏သို့လျှင်-က၊

ထူးဆန်း၊ သောက်ရှူးထွန်းသို့၊ စောင်းတန်းထုပ်ဆင့်[1]၊ မုတ်ကျယ်ဖွင့်၏၊ ကြမ်းပြင့်အလုံး၊ မျက်စိဆုံးမျှ[2]၊ မိုးခိုး မိုးသောက်၊ မိုးခါရောက်လည်း၊ တောက်သည်အပ၊ လောင်လကလျှင်၊ ကြောင့်ကြဖွစ်လွန်း၊ ချစ်ဘနန်းတည့်၊ စွတ်ဖျန်းနန်းခေါင်၊ တပြောင်ပြောင်လျှင်၊ ရွှေတောင်နှယ်ဘက်၊ ရွှေရောင်ထွက်က၊ စက်စက်စိုမော၊ ယိုမည်လောဟု၊ တွေးတောခိုမ့်မည်၊ နှစ်သိမ့်စည်လျက်၊ ခိုင်ကျည်မိုးမြင့်၊ ဘုံကိုးဆင့်ထက်၊ စွင့်ဒွင့်မှန်ရောက်၊ မိုးကိုဖောက်လျက်၊ လွှင့်ဆောက်တမ်းခွန်၊ အတန်တန်လျှင်၊ ဗိမာန်သရစ်၊ ကျစ်လျစ်မြင့်ခြယ်[3]၊ သဝင်းကျယ်လျက်၊ ခြူးနွယ်ခြူးခက်၊ ခြူးရွက်ခြူးသီး၊ ရုပ်ကြီးရုပ်လတ်၊ စွတ်ရရွှတ်လျှင်၊ လက်တတ်ရေးချ၊ ကွေးပလိမ့်နည်း၊ တဆင်းတည်းလျှင်၊ ခြည်းခြည်းသပ်သပ်၊ စေ့စပ်လည်ဆီး၊ သဘောပြီးလျက်၊ လက်တီးကွန်းစင်၊ မာရဘင်နှင့်၊ တုရင်ကမောင်း၊ ရွှေသာကောင်း၏၊ လိုင်ခေါင်း ခေါင်မြောက်၊ ကိုးတောင် လောက်တွင်၊ အောက်မှကြည့်လည်း၊ ထပ်ရှည့်တည်၊ အထက်ဆီလည်း၊ မျက်စီပြောင်လွန်း၊ မှောင်ကိုတွန်းလျက်၊ တောင်နန်းညာတင်၊ မျိုးလွန်းကြင်နှင့်၊ နတ်ရှင်နှစ်ဘုန်း၊ စံစတုန်းဖြင့်၊ ပြုတ်ပြုန်းရှင်ရေး၊ ပဥ္စင်ကြွေးလျက်၊ နီးဝေးဝပ်တွား၊ ငါမင်းဖျားလည်း၊ ရထားယူငင်၊ နတ်ရပ်ခွင်ကို၊ ထင်ထင်

---

(၁) စောင်းတန်းထုပ်သင့်-က၊ (၂) မျက်စီဆုံးမျှ-ဟ၊
(၃) ကျစ်လျစ်ခြင်းဝယ်-က၊

မျက်စိ၊ မြင်ရပြီသော်၊ မရှိမည်တည်း၊ စိုးကြောင့်သည်း၏။ ဖြင်ပည်းလှည့်တုံ၊ ညစ္စာပုံကို၊ ကိုယ်ယုံမင်းဖြူ၊ ဘစာမူအုံ၊ အလှူတံစိုး၊ ဥရွေးထက်ကြိုးပိမ့်၊ သတိုးရာဇာ၊ သဒ္ဓါခေါက်ရက်၊ အထက်မြင့်သွယ်၊ ကုသိုလ်ကယ်၍၊ မိုးလယ်ထွန်းပ၊ ဘုံနှန်းမကို၊ ၊အရခန့်ပေ တော့မည်တည်း။

၇၆။ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ စီးဝင်လှာသား၊ မဟာသမုဒ်၊ ရေကိုတုတ်လည်း၊ နည်းယုတ်ခန်းလျှာ၊ တိမ်ပြိကောဟု၊ ပေါလောကြီးမင်း၊ ငါးခြောက်စင်းကို၊ လက်ရင်းစမ်းထိ၊ ဖမ်းမိသို့၊ ရှိစကောင်းလျက်၊ အာကြောင်းရှက်၍၊ မိုးထက်ချောက်ချင်း၊ ငါအောက်မင်းနှင့်၊ သတင်းမနိမ့်၊ ဖူးတွေ့စိမ့်ဟု၊ နှစ်သိမ့်ကြည်လင်၊ ယူလှာတင်သည်၊ စွမ်းလျင်အန်အား၊ မောင်နတ်သား၊ ၊ထောင်ထားတည်ခြင်း၊ တပြည်မင်းသို့၊ ထန်ပြင်းတေဇ၊ ခြံရံမလည်း၊ ပြင်ပပိတ်လှမ်း၊ ထိတ်ထိတ်မှမ်းမျှ၊ မင်းခမ်းစုံလှည့်၊ လုံးစုံပြည့်လျက်၊ တော်တည့်ဖြောင့်သား၊ တပါးမယွင်း၊ ဘော်ရွှေချင်းတွင်၊ တစင်းရှက်ဖြူ[1]၊ ဆောင်းဘက်မှလည်း၊ ရှေးရှုမျက်မြင်၊ ဘယ်သို့ထင်၍၊ ကြင်ပရလိမ့်၊ တစိမ့်စိမ့်လျှင်၊ ငြိမ့်ငြိမ့်ချမ်းအေး၊ လွှမ်းဘက်ဝေးလျက်၊ ဆီးသေးကျွန်း၊ ဆောင်းတည်းသွင်းမှု၊ နှောင်းတင်းမပြန်၊ မယ့်ဖြစ်ဟန်နှင့်၊ ဓိဋ္ဌာန်ဂတိ၊ လောင်လိလိသား၊ တောင်ရှိသစ္စာ၊ နောင့်

---

(၁) တစင်းရိပ်ဖြူ-က၊

မေတ္တာလည်း၊ ထပ်ကာလိမ်းကျံ၊ ရှိမ်းရှိမ်းမံလျက်၊ ဆက်ဆံ
ကျွမ်းချစ်၊ လွှမ်းကြသစ်လည်း၊ ပြစ်တည့်မထင်၊ ဆင်းအင်
စုံကြွယ်၊ ရူပကာယ်ဖြင့်၊ ပင်လယ်ဝှမ်းမ၊ စမ်းချေရသား၊
မုတ္တဖြုထွား၊အာနီသားသို့၊ သနားခေါက်ချိုး၊ ပိုက်ထုပ်ပိုးက၊
မြတ်နိုးတုံတုံ၊ သက်လုံးပုံလျက်၊ယုံကျုံပြတ်ပြတ်၊ ရှစ်သောင်း
ထွတ်ဖြင့်၊ အံပတ်ဇဝါ၊ နှံ့သာ ကြက်မောက်၊ လှိုင်ပေါက်
ရှင်းရှင်း၊ ဗိမာန်တွင်းဝယ်၊ သောက်လင်းစက်မွေ့၊ ရွှေရင်ငွေ့
ဖြင့်၊ ယနေ့ထက်တိုက်၊ ရှုအင်ခြိုက်လျက်၊ ခေါ်စိုက်ပျံ့ပျူး၊
ပိုက်ဘက် ကျူးသား၊ နှစ်ဦး မုနော၊ နတ်မင်းစောတို့၊
သဘော်ပါဟူ၊ အဖြူလှပ်လှပ်၊ သနဘပ်ရောင်ကီ၊ မည်သရီ
နှင့်၊ ရည်နီပြောက်လွင်၊ မိုးတိမ်ပြင်လည်း၊ ရုပ်ရှင်စွန်းဝါ[၁]၊
ဒုက္ကစာက၊ အက္ခရာတိကျူး၊ အထူးထူးကို၊ နှံ့မြူးမခန်း၊
ပန်းလည်းမပြယ်၊ ဝတ်စံပယ်လျက်၊ တင့်တယ်မွေ့လျော်၊
ရွှေရံဘော်ကို၊ မြော်လတ်တုံလည်း၊ တပုံတည်းလျှင်၊စုလည်း
ယဂင်၊ စီဆင်ပြောက်ကွက်၊ ဘယက်သရဘူ၊ ရွှေချူသင်
တိုင်း၊ ဆိုင်းရရိုင်းလျင်၊ မိုက်မှိုင်းညနေ၊ မှောင်တိဝေလည်း၊
ရွှေရွှေဝါဝင်း၊ တလင်းလင်းတည့်၊ ရောင်ဆင်းပုံသွန်း၊ လုံးစုံ
ထွန်းလျက်၊ လွှင်နန်းထွက်ပေါ်၊ ရှုငြိမ်းပျော်မျှ၊ မနော်ဟရီ၊
နတ်ပီပီလျှင်၊သီသီမျက်စိ၊ကြည့်မိမိက၊မချိတိမ်းညွတ်၊မိန်းမူး
ပြတ်၏၊ မွေဓာတ်လည်းထား၊ ဘယ်ဘုရားဝယ်၊ မှတ်သား
တောင်းဆု၊ ဘယ်ကောင်းမှုဖြင့်၊ ပြုလေခဲ့ဘူး၊ ဘယ်ကျေးဇူး

(၁) ရုပ်ရှင်စိမ်ဝါ-က၊

ကြောင့်၊ တန်းခူးရက်နွေ၊ ပွင့်ဆံရှေနှင့်၊ ပဒေသာပင်၊ ဝန်းကျင်ဆိုင်းဆိုင်း၊ တံတိုင်းရံပတ်၊ ရောင်လှဲလွှတ်က၊ စွတ်စွတ်ရည်မောင်း၊ ရှေလည်းကောင်းတည့်၊ ညောင်းညောင်းကြွေးရှင်၊ နတ်သဘင်ကို၊ မြင်ရလေသော်၊ ငါမင်းကျော်လည်း၊ တွေးခေါ်ဆဲရှိ၊ မဟိလျှင်တည်း၊ နိဿရည်းဖြင့်၊ ဖြင်ပည်းမင်းဝယ်၊ တင်းနှစ်ဆယ်လျှင်၊ ကျင့်နှယ်ကျင့်ထုံး၊ နေ့တိုင်းသုံးလျက်၊ ပြည်လုံးချေးငှါး၊ ရှေငွေများကို၊ မထားလည်းကောင်း၊ ဆုမြတ်တောင်း၍၊ တစလောင်းနက်၊ တသောင်းထွက်သား၊ စိတ်ထက်ယုံကြည်၊ စွန့်တော့မည်တည့်၊ ဝဲလည်ဆစ်ပိုင်း၊ အဖြစ်တိုင်းလျှင်၊ ဆုံကျိုင်းပြင်နှု၊ ငင်၍လုသို့၊ လူ့ဓမ္မတာ၊ စုတော့ခါသော်၊ ပေစာစကား၊ တရားခေါင်းရင်း၊ နားပါးသွင်းမှ၊ ခပင်းနတ်လူ၊ ဖြစ်သောဟူလည်း၊ အလှူကြီးစွာ၊ သတိုးငါလျှင်၊ ကြမ္မာသွေးဆောင်၊ ဆွေမြရောင်နှင့်၊ ကုန်အောင်လုံးလုံး၊ အခေါင်ကျူး၍၊ ၊လက်ရုံးဆန့်ပေ တော့မည်တည်း။

၇၇။ ဤသို့ဟူ၍၊ ဇမ္ဗူမြေထက်၊ အာဏာစက်လည်း၊ ဝဂဝကကွပြု၊ ရသားကုယနှင့်၊ ကုသုလဖွဲ့ရှာ၊ ဘုရားလျာကား၊နတ်ရွာနတ်မှန်၊ ရွှေဗိမာန်ကို၊ ပြည့်နှန်မျက်မှောက်၊ မြင်လမြောက်က၊ နည်းထောက်ပုံပြု၊ လုံးစုံစုလျက် [၁]၊ ကောင်းမှုစွန့်ကြဲ၊ ရွှေးထက်ကဲ၍၊ လက်စွဲမှန်စွာ၊ ငါလည်း

---

(၁) လုံးလုံးစုလျက်-ဟ၊

ဤတူ၊ အရချူအံ့၊ အယူကြံမျှော်၊ အလိုတော်ဖြင့်၊ သိမြော်ဝန်းကျင်၊ မိုးလုလင်ကို၊ ၊နတ်ရှင်စောလှ မေးလတ်ထတည်း။

တဿ ပုဋ္ဌော ဗျာကာသိ၊ မာတလိ ဒေဝသာရထိ။
ဝိပါကံ ပုညကမ္မာနံ၊ ဇာနံ အက္ခာသိ ဇာနတော။ ။
သာဝတ္ထိယံ ဂဟပတိ၊ သေ ဒါနပတီ အဟု[၁]။
အာရာမေ ဥဒပါနေ စ၊ ပပါ သက်မနာနိ စ။
အရဟန္တေ သီတိဘူတေ[၂]၊ သက္ကစ္စံ ပဋိပါဒယိ။ ။
စီဝရံ ပိဏ္ဍပါတဉ္စ၊ ပစ္စယံ သယနာသနံ[၄]။
အဒါသိ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။ ။
စာတုဒ္ဒသီ ပဉ္စဒသီ။ပ။ မောဒတိတိ။ ။

၇၈။ ထိုသို့စေစုံ၊ မေးလတ်တုံသော်၊ လုံးခြုံသိမူ၊ ပြန်ပွက်ဟူ၏၊ ဇမ္မူဝန်းထင်၊ ကျွန်းအပြင်ဝယ်၊ သံရှင်ချန်းစက်၊ အာဏာထက်က၊ရန်ဘက်အလုံး၊ တန်းခိုးတုံးလျက်၊ လက်ရုံးစိန်ကျောက်၊ ဘုန်းရှိန်တောက်လည်း၊ လက်အောက်မယိမ်း၊ ညွှတ်ညွှတ်တိမ်းမျှ၊ ခပ်သိမ်းစိုးဆောင်၊ လန့်ဖျပ်ရှောင်သည်၊ ရန်ခေါင်နှိပ်ချိုး၊ ရှင်သတိုး၊ ၊ကောင်းကျိုး ဘော်ဘော်၊ ဇာတာတော်လည်း၊ နှိုးဆော်အကြောင်း၊ တသာကောင်း၍၊ သန်တောင်းရောက်က၊ ဂြိုဟ်ကြီးကြွသို့၊ ကာလ

---

(၁) အာဟု-က၊ (၂) သီတုပါတေတု-က၊
(၄) သယနာသယနံ-က၊

ကျိန်းခန်း၊ ဆန်းလည်းတန်းခူး၊ ဓာတ်လည်းဦးတွင် [၁]၊ ကျေးငှားတော်အား၊ ရွှေရထားနှင့်၊ သိကြားပင့်ခေါ်၊ လိုက်တင့်တော်၌၊ မမြော်ဘူးသည်၊ ရွှေဘုံပြည်ကို၊ စည်ရှည်ပြောဆက်၊ မေးနှုတ်ထွက်ဖြင့်၊ နှစ်သက်သံချို၊ ကြားလျှောက်ဆိုအံ့၊ ဆီစိုဝါဂုမ်း၊ ပီတိရွှမ်းလော့၊ မွှမ်းမွှမ်းပြည့်နှက်၊ ကြည့်စဉ်ဘက်တည့်၊ ပြုံးပြက် ရောင်နွယ်၊ အသွယ်သွယ်လျှင်၊ ရှုဘွယ်တည်ဦ၊ တွေးတွေးနီမျှ၊ သိဂီနတ်နန်း၊ ရိပ်ကျယ်ဝန်းထက်၊ ကြဉ်နန်းတိုင်ဖု၊ ခိုင်းမှီစုလျက်၊ ရှစ်ခုထောင့်ပတ်၊ မြောင့်ကဓတ်တိ၊ မျက်မြတ်ငင်းဝါ၊ တင့်တယ်စွာဖြင့် [၂]၊ ပွင့်ချပတ္တမြား၊ စိန်ကြောင်ခြားလျက်၊ ပြယားသန္တာ၊ ခြယ်စကာသား၊ ရတနာနီတုံ၊ ပလွင်ခုံထက်၊ ထီးအုံထီးချက်၊ ထွက်သားအရောင်၊ လောင်လိန်းနီး၊ စိုးလဘိဘိ၊ လက်တည်းထိမှု၊ မီးကျီးသဘော၊ ပူခန့်လောဟု၊ ဆိုဆောလန့်လန့်၊ ရိပ်ဖြူဖြန့်လျက်၊ ရံသန့်ဝန်းလျား၊ ဤနတ်သားကား၊ ထင်ရှားလူ့မြေ၊ ဖြစ်တုံလေသော်၊ သန္ဓေဇာတိ၊ သာဝတ္ထိဟု၊ ပြည်ကြီးမည်ပင်၊ ထိုရပ်ခွင်၌၊ မိခင်မွေးဘ၊ ဆွေမျိုးစသား၊ ဟက္ခဘေးဘိုး၊ အသည်ရိုးဖြင့်၊ ထိုစိုးထိုမင်း၊ သတင်းကြောက်ရုံ၊ ဘုန်းရိပ်ခံလျက်၊ လုပ်ကြံပစ္စည်း၊ ရှာဖွေဆည်းခို၊ ကျင့်နည်းကျင့်ထုံး၊ ကျင့်မှန်သုံးသည်၊ ၊နှလုံးမွေ့မွေ့ သိမ်သိမ်တည်း။

---

(၁) ဓာတ်လည်ဦးတွင်-က၊ (၂) တင်းတရာဖြင့်-က၊

၇၉။ မဟာနဂရ၊ ဒေသသရစ်၊ မင်းနေဖြစ်၍၊ ခုနစ်ကုဋ္ဌေ၊ အိမ်ခြေပြည့်နှက်၊ တုတ်ခွန်ဆက်သား၊ ရွာလက်ရှစ်သောင်း၊ မူးမြစ်ချောင်းနှင့်၊ ပြည့်ကောင်းထွန်းပ၊ ဝန်းသည်လဝယ်[1]၊ ဖြဖြထွက်ပြ။။ မိုးလုံးဖြ။သို့၊ လူသူဖြင်ပဉ်း၊ ရှင်တော်စည်းတုံ၊ ဝိနည်းမကျန်၊ သုတ္တန်မလွတ်၊ ပရမတ်မကြွင်း၊ ဟောခြင်းတွတ်တွတ်၊ ရွတ်ရွတ်ကျဲကျဲ၊ သဘော်ခံလျက်၊ နတ်ထံစပ်နည်း၊ ထိုရပ်သီးတွင်၊ လင်မှီးစုံလစ်၊ အသည်စစ်တည့်၊ ဖြစ်လစ်သရော်၊ ငယ်ကသော်လည်း၊ သူတော်ပေါင်းယှဉ်၊ ကောင်းစွာယဉ်လျက်၊ ဆင်စဉ်ထုံးစံ၊ ကျင့်နှုန်းခံ၍၊ တရုံညစ်ကြမ်း၊ စိတ်မသွမ်းတည့်၊ ပေးကမ်းသတို၊ စွန့်ကြဲချို၏၊ မမျိုမည်သာ၊ ငမ်းနက်စွာဝယ်၊ သံသရာနောင်ခန့်၊ ပဉ်းအောင်ဖြန့်လည်း၊ ရဟန်းအပါ၊ ယာစကာအမျိုး၊ ကျိုးကျိုးကဲ့ကဲ့၊ လက်ဝါးခံက၊ ချေငံသက်ကြည်၊ နှုတ်ထွက်ရည်နှင့်၊ မည်သည့်ခရီး၊ ရှုံစီးရှောင်ရှား၊ သည်ကယားချ၊ မောင်ဘွားမယ်ပင်၊ ငါ့အိမ်ဝင်ဟု၊ အလျင်လက်ထည့်၊ နှုတ်လည်းဖြည့်လျက်၊ တည့်တည့်ဖြောင့်ဖြောင့်၊ နတ်ပြည်ကြောင့်သည်၊ ၊စိတ်ထောင့်မကွေ့ မလိမ်တည်း။။

၈၀။ ငြိမ်းချမ်းဂနိုင်၊ ဝှမ်းရိပ်မြိုင်သား၊ ထုံးအိုင်ကျယ်ခွက်၊ တောကြီးချက်ဝယ်၊ မည်းနက်ဆင်ညို၊ မဖြူလိုသို့၊ လူဗိုလ်တွက်ရော၊ တကုဋ္ဌေဝယ်၊ ရွာဖေ့ပတ်နှောက်၊ သဒ္ဓါ

---

(၁) ပြည်ကောင်းထွန်းပ၊ ဝန်းသည်လဝယ်-ဟ၊

ပေါက်သား၊ တယောက်ရဲရဲ၊ ရစခဲစွ၊ လှောက်လှဲမဟုတ်၊ ဆင်းရဲထုတ်၍၊ နှုတ်သာမဆို၊ ဆွေနှစ်ကိုယ်လျှင်၊ မင်ဖိုလ်ရှစ်တန်၊ နိဗ္ဗာန်သုံးဖြာ၊ အင်္ဂါကိုးသွယ်၊ ဓိပွါယ်နက်တောင်း၊ နည်းသိန်းသောင်းကို၊ နှုတ်ကောင်းလျှင်လျှား၊ မလောက်လား၍၊ ဘုရားမွေချစ်၊ ရင်သွေးစစ်သား၊ ဂုဏ်နှစ်ထည့်ထည့်၊ ပြည့်လတုံစွာ၊ ရဟန္တာ၌၊ မာလာဂန္ဓ၊ ကြိုင်ပျလျက်၊ နံ့သာ့အဘက်၊ နှင်းစက်ရည်ရု[၁]၊ စတုမဓူ၊ ဆွမ်းဆန်ဖြူနှင့်၊ ပံ့ကြူထုံလှိုက်၊ ဒုကိုဋ္ဌသင်္ကန်း၊ ခါးပန်းရင်ဖွဲ့၊ လဲ့လဲ့သစ်သစ်၊ ပြေပြစ်ချောမော၊ ရောင်ကျောဘိတ်ဘိတ်၊ သပိတ်ကရား၊ ယမားဆောင်းထီး၊ ဖုံးပတီးနှင့်၊ အုံးကြီးပြောက်ထိုး၊ ကတိုးထုံကာ၊ ကမ္ဗလာက၊ နေရာသလွန်၊ ကောင်းမွန်လုပ်ဆန်း၊ ကပ်ဆောင်ပန်းကို၊ ထုတ်သန်းသွားလား၊ တံတားလျှောက်ခပ်၊ စရပ်တန်ဆောင်း၊ ဂူကျောင်းဥမင်၊ ကောင်းကင်ဆီမီး၊ ညဉ့်ကြီးမိုက်လင်း၊ သီတင်းဆွမ်းကျွေး၊ မီးဖုံးပေးလျက်၊ ရေဆေးသင်္ကြန်၊ နွေသန်ပြင်းလွန်း၊ ညောင်ရေသွန်းလည်း၊ ရွက်လန်းစိမ်းမြ၊ လှူဒါနနှင့်၊ ကာလမိုးဆောင်း၊ သွေးသံပြောင်း၍၊ ဦးခေါင်းလည်းနာ၊ ရင်ဆာရင်လှိုက်၊ ဖိုတိုက်ဇရုံး၊ ဆေးလုံးလျက်ဆား၊ ဟင်းခါးပါဝဉ်၊ အချဉ်အချို၊ ရှိန်းခိုသိန္ဒော၊ ကြစုနှောလျက်၊ ဗိန္ဓောဆိုညွှန်း၊ လျက်မန်းလျက်မြိတ်၊ ကြိတ်ကြိတ်ညက်ညက်၊ ဓာတ်ပျက်ဓာတ်ကျိုး၊ လေမိုးဝပ်ဝပ်၊ ကလပ်နှုတ်မြိန်၊ အချိန်အခါ၊ သူနာရတု၊

(၁) နှင်းစက်ရည်စု-က၊

ကက္ကုကမျည်း၊ မျက်စဉ်းနှာနှတ်၊ ဦးယဉ်းလွတ်သား၊ ဆေးမြတ် ကြမ်းနု၊ ရှင်ပြုပဉ္စင်၊ သံလွင်စည်ကြီး၊ ပန်းထီးဗိတာန်၊ တမ်းခွန်မကြွင်း၊ ကုပ်ကားကျင်းက ၊ ရေတွင်းရေအိမ်၊ ဥပုသ်သိမ်နှင့်၊ ကထိန်ဥ တ်တင်၊အလှူရှင်ဖြင့်၊ မိုးပြင်ရုပ်သူ၊ ဘုံဘဆူထက်၊ အတူမကွ၊ တိုန့်စဆွဲလျှင်၊ ဖြစ်လေရာရာ၊ တရက်ကွာက၊ တရာသက်စေ့၊ လွမ်းရှိန်ငွေ့ဖြင့်၊ အောက်မေ့ဆိုတမ်း၊ ပြိုက်ပြိုက်ရွမ်းမျ၊ ယှဉ်ကျမ်းလူးလည်း၊ တကိုယ်တည်းဟု၊ ပစ္စည်းလှူနှောင်း၊ ဆုပန်တောင်းသည်၊ ။ စုံပေါင်းခေါးသွား ခေါးအိမ်တည်း။

၇၁။ ဇာတိမြင့်ရှည်၊ တဏှာချည်၍၊ စက်လည်ဝဲလှိုက်၊ ဘုံသုံးတိုက်ကား၊ မြက်မှိုက်သဘွယ်၊ အကယ်ကယ်သို့၊ ရယ်စချင်စ့ဲ၊ လူရှင်စသား၊ ဖြင်မျသိပ်နှက်၊ ပြည့်ဖြိုးလျက်တည့်၊ ခက်ယက်ဘိသည်၊ သေရမည်ကို၊ ကြံစည်ကြည့်ရေး၊ အထွေးထွေးလျှင်၊ စိစွေးဖင့်ကြား၊ ဖလားဆန်ခွက်၊ စိတ်ပန်နက်မျ၊ ရက်ရက်ခဲငြို၊ မစ့ုန့်လိုတည့်၊ ဝန်တိုကိစ္စ၊ မဆွေးရဖြင့်၊ မယှဉ့ကပ်ပျံ၊ ရမှက်ကျံနှင့်၊ ဆက်ဆံလုံးချန်၊ သူမလွန်မျ၊ ခိုက်ရန်ဖြစ်မှု၊ သားတစ်လုသား၊ ရုရှုသောင်းသောင်း၊ ငှက်အပေါင်းတွင်၊ အကြောင်းကဲ့လျက်၊ ပျံခဲ့ထွက်သား၊ သက်သက်စွန့်ဘိ၊ ဘေးမထိသို့၊ မြင်သိစိမ်းဌ၊ ထဲဝမ်းပိုက်ဖြင့် ၂၊ မမိုက်မမဲ၊ မစဉ်းလဲတည့်၊ ဆင်းရဲသော်လည်း၊ တထည်တည်းနှင့်

---

(၁) ကုန်ကိုကျင်းက-က၊ (၂) မြင်သိစိတ်ဌ၊ ဝမ်းထဲပိုက်ဖြင့်-ဟ၊

အနည်းဝမ်းစာ၊ တခွက်သာဖြင့်၊ ခန္ဓာလုံးဓာတ်၊ ကိုယ်လုံမှတ်၍၊ မြတ်တည့်ဟူက၊ လျှုဒါနနှင့်၊ သီလထုံရိုး၊ နုံသာအိုးသို့၊ သည်မျိုးခင်ကြွယ်၊ ကြင်မိမယ်တို့၊ စင်ကြယ်တူကြ၊ ဖြူဆွဆွတို၊ ဘုရားနှုတ်နက်၊ ဓမ္မစက်ဖြင့်၊ ရခက်ခဲတောင်း၊ ခန့်တွက်ပေါင်းသား၊ ရှစ်သောင်းလေးထောင်၊ ကုန်အောင်ပြည့်စုံ၊ လုံးခြုံနှုတ်ရွာ၊ ပိဋကတ်လည်း၊ လတ်လတ်ပေထက်၊ ရေးစေလျက်တည့်၊ စိတ်ထက်ပြတ်ပြတ်၊ ညွတ်ဝပ်ကိုင်းကိုင်း၊ နေကတိုင်းလျှင်၊ ဗိုင်းကထွက်ယို၊ ဆီရည်စိုသို့၊ ကြည်ညို သက်ရှည်၊ နတ်အိမ်တည်လျက်၊ မည်ရည်ထူးခြား၊ ဗူးကရား နှင့်၊ ဆေးဝါးမကု၊ ကောင်းမှုဆယ်ဖြာ၊ ရတနာသုံးပါး၊ မြတ်ဖျားဤသာ၊ ကိုးကွယ်ရာဟု၊ သဒ္ဓါသောကြောင့်၊ စိတ်ဖြောင့်ဖြောင့်လျှင်၊ သားထောင့်မြေးရံ၊ ဆက်ဆံဆွေဝါး၊ ကျေးကျွန်အားလည်း၊ စကားသံချို၊ ဆုံးမဆိုလျက်၊ ကိုယ်၏ဖြစ်ထုတ်၊ ရက်စုံသတ်သား၊ လမြတ်ထင်ထင်၊ ဆန်းပြင်ပြင်၌၊ ကြင်ကြင်နာနာ၊ ရောဂါမသိပ်၊ အိပ်သောယောကျ်ား၊ နိုးသောလားသို့၊ တရားအလျောက်၊ ခန္ဓာဘောက်လည်း၊ ထုတ်ချောက်နတ်ရွာ၊ ရောက်တုံလှာသော်၊ ယူဇနာသုံးဆယ်၊ မြင့်ဖြူးသွယ်သား၊ ဆန်းကြယ်လှည့်တွန်၊ ရွှေဗိမာန်၌၊ နေ့သန်ချမ်းဆောင်း၊ ရွှေးလွှမ်းဟောင်းနှင့်၊ ရိုက်ညောင်းပဉ္စင်၊ ဝိညာဉ်ရှင်သို့၊ သဘင်နတ်ပွဲ၊ မဆိတ်ပဲတည့်၊ အုံအဲ့တန်းခိုး၊ နတ်တမျိုးတို့၊ ညှိုးညှိုးပိန်အောင်၊ ဘုန်းရှိန်လောင်မျှ၊ ကိုယ်ရောင်ထက်ပြည့်၊ ပြောင်ပြောင်

မှည့်လျက်၊ ရှုကြည့်မစောက်၊ ရှေနောက်ဝန်းရံ၊ ထွန်းဝါလှုံလည်း၊ ကွန်ပျံထွေထူး၊ ရှုချေမှုးမျှ၊ ရွယ်လူးပျိုသက်၊ အိုသည့်ရက်နှင့်၊ ရောင်ပျက်ဆင်းဝါ၊ ဝေးလှစွာလျှင်၊ ရတနာကြွယ်ဝ၊ လိုမတ၍၊ စံပလွန်ကြင်၊ ပျော်ပျံ့ရွှင်သည်၊ ၊ဘယ်တွင်မစိုး မချိမ်တည်း။

၈၂။ ဤသို့ဟူ၍၊ ဗိုလ်လူဝန်းဖြာ၊ ကျွန်းညိုမြတွင်၊ ခွန်သရွာတီ၊ သာဝတ္ထိ၌၊ ပေးချိစွန့်ရဲ၊ ဖြင်ပြဲကောက်ကြီး၊ ရွှေသာသီး၍၊ ဝေးနီးလှူဖြန့်၊ နိဗ္ဗာန်ခွန်းကောက်၊ ကျောင်းကန်ဆောက်လျက်၊ စောင့်ရှောက်မကင်း၊ ကျင့်သီတင်းနှင့်၊ ရှင်ရင်းဟောရွတ်၊ ပိဋကတ်ရေးပြု၊ ကောင်းမှုဖြင့်အား၊ သိကြားမြင်ပြု၊ မျက်စိဖိုးဘွယ်၊ မိုးထက်ကယ်၍၊ ခြည်သွယ်တဆောင်၊ ရှားကျိုးတောင်လည်း၊ ပေါင်မြောင်ကြောက်ရှက်၊ ပြေးဆုတ်ထွက်မျှ၊ ရစ်စက်ပတ်ပတ်၊ နက္ခတ်တသီး၊ ပြိုဟ်ကြီးရှစ်ခု၊ ရာဟုသူရိန်၊ကောဝိန်ကောဇာ၊ ခရီးခွါလျက်၊ တိမ်ပြာတိမ်ညစ်၊ ပယ်လှစ်ကျယ်တိုင်း၊ မိုးတပိုင်းထက်၊ ရိုင်းစိုင်းလိုင်မြင့်၊ နှိုင်းပြိုင်ချင့်လည်း၊ ကောင်းကင့်ခါးပန်း၊ ဘုံသာနန်း၌၊ သိန်းသန်းထောင်သောင်း၊ အပေါင်းဝန်းလျား၊ ရံနတ်သားနှင့်၊ ပျော်ပါးတသီး၊ နတ်သမီးလည်း၊ ရောင်ဖြိုးညံ့ဖြည်း၊ တွန့်တွန့်ခြည်းလျက်၊ စုလည်းမြိတ်ကွေး၊ ရိပ်ရိပ်ပြေးမျှ၊ လေးဆေးပျူငှါ၊ ဂုရုသာတီ၊ သခ်ၤာတွက်ရေ၊ သိန်းကုဋေလျှင်၊ တူနေယှဉ်စက်၊ ဆင်းညက်ညက်တွင်၊

ငြိမ့်ငြက်ဖွဲ့နွဲ[၁]၊ လဲ့ရရဲ့တိ၊ မိုးကြယ့်အလား၊ ရွှေညက်သားနှင့်၊ ထွားထွားထွတ်ထွတ်၊ မွတ်ရရွတ်လျှင်၊ ရုပ်နတ်ပီပီ၊ စီရရီလည်း၊ နန်းဘီနန်းလျောင်၊ နန်းချောင်နန်းခန်း၊ မှောင်ရိပ်ထွန်းလျက်၊ ပုံသွန်းကျစ်လျစ်၊ ရွယ်သစ်လတ်လတ်၊ လှမြတ်မြတ်ကို၊ ပြာသာဒ်ခေါင်ဖျား၊ ကြောင်နှယ်တွား၍၊ လူသားမြင်လို၊ ခဲအင်ငြိုမျှ၊ ငယ်ပျိုသက်နု၊ ကြမ္မာပြုသား၊ ဆင်တုရုပ်ယောင်၊ ပြောင်ရရောင်တွင်၊ စွမ်းခေါင်စွမ်းတုန်း[၂]၊ ယောက်ကျားဘုန်းဖြင့်၊ ဖြုန်းဖြုန်းစဉ်လျက်၊ ဆွယ်ယှဉ်ဘက်လည်း၊ မထွက်လန့်ရှောင်၊ တမ်းခွန်ထောင်သား၊ ဆွေမောင်လင်စော၊ ကြင်တင့်မောက၊ ပျောပျောခွေညွတ်၊ မိန်းမိန်းပြတ်မျှ၊ သက်မှတ်နောင်သာ၊ ချစ်တင့်စွာမူ၊ သုဒ္ဓါမွေးနှံ့၊ လက်တော်ခွံ့လျက်၊ ပျံ့ပျံ့ချစ်ပန်း၊ ကြိုင်ကြိုင်မွန်းမျှ၊ ရွှေနန်းရတု၊ လှုလှုရှင်းရှင်း၊ ဒုံမင်းနောင်းပတ်၊ ခတ်ခတ်တီးတီး၊ ချီးချီးဝှဲဝှဲ၊ နွဲနွဲရင့်ရင့်၊ ဆင့်ဆင့်ရိုက်ရိုက်၊ လိုက်လိုက်ညီညီ၊ တချီတချ၊ပေါက်ပြစည်မောင်း၊ သံရှင်လောင်းလျက်၊ ခြောင်းခြောင်းခြိမ့်ခြိမ့်၊ မုဒိမ့်းသံဝါ၊ ခရာလက်မြှောက်၊ တီးထောက်ရှင်စိမ့်၊ ထွက်ဝင်ငြိမ့်မျှ၊ နှစ်သိမ့်ခြွေရံ၊ ဆွေစုံစံဟု၊ ဝေးလံကြွင်းမဲ့၊ ရှင်းရှင်းချဲ့သို့၊ ပြဲ့ပြဲ့ထင်ပေါ်၊ လှစ်ဘော်မိုးမြေ၊ တန်းခိုးမွေလျက်၊ ကြည်းရေအောက်ထက်၊ ဘဝဂ်လွှမ်းမိုး၊ ရုက္ခဇိုးနှင့်၊ ပိဿနိုးသူရာ၊ ကဝါလမိုင်း၊ အပိုင်းအဆစ်၊ ကျိုးပြစ်မြင်သိ၊မာတလိကား၊ ဗောဓိပွင့်ချာ၊

---

(၁) ငြိမ်သက်ဖွဲ့နွဲ-က၊ (၂) စွမ်းခေါင်ရွယ်တုန်း-က၊

ရင့်ပြီးစ္စာသား၊ တကာစိုးနှိပ်၊ မင်းများထိပ်ကို၊ စိပ်စိပ်နားဝ၊ ပြန်ချင်းတဖြင့်၊ ပြောပနောင်ကြား၊ အမျိုးသားတို့၊ ရှည်လျားမပျက်၊ အဆက်ဆက်လျှင်၊ ကွက်ကွက်ကွင်းကွင်း၊ ကျောက်ကိုထွင်းလည်း၊ မိုးနှင်းမြူမြေး၊ ပင့်ကူထွေးအုံ၊ ကြေးပုရပိုက်၊ သိုက်သိုက်ချုပ်ချုပ်၊ အုပ်အုပ်ဖုံးဖုံး၊ စာလုံးကြွေ့ကြွေ့၊ မင်သေ့လှလှ၊ ပီသအက္ခရာ၊ မင်းစဉ်စာသို့၊ သာသနာငါးထောင်၊ တည်စေအောင်ဟု၊ စာစောင် နိဿရည်း၊ ဆိုန္နတ်တည်းသည်၊ ၊ကမ္ဘည်းမကျေ မတိမ်တည်း။

ကဉ္စနဝိမာနခန်း ပြီး၏။

(၉) အာကာသဌဝိမာနခန်း

ဧဝံ တေန ဣမေသံ အဌန္ဍံ ကထိတကာလေ သက္ကော ဒေဝရာဇာ မာတလိ အတိစိရာယတိတိ[၁] အပရံပိ ဇဝနဒေဝ-ပုတ္တံ ပေသေသိ။ သော တဿ ဝစနံ သုတ္ဝာ နဲ သက္ကာ ဣဒါနိ စိရာယိတုန္တိ ဧကပဟာရေနေဝ ဗဟူ ဝိမာနေ[၂] ဒဿေသိ။

၈၃။ ထိုသို့ခြင်းရာ၊ ချိုမြက်စွာလျှင်၊ လက်ာပ္ဒဲကျမ်း၊ မြရေချမ်းဖြင့်၊ ရွှမ်းရွှမ်းဆွတ်ချိုး၊ ရွှင်ဝမ်းနိုးလည်း၊ စရိုးကျည်ခန့်၊ ထုံးပုံဖြန့်လျက်၊ ညွှန့်ညွှန့်ညက်ညက်၊ တိုးတက်ရည်ကောင်း၊ ရွှေအုပ်ဆောင်းသို့[၃]၊ အပေါင်းဝန်းချုပ်၊ တကျွန်းအုပ်သား၊ ဇုတ်ရုပ်ထွန်းပွါး[၄]၊ မင်းမြတ်ဖျားကို၊ ရွှေနားထောင်ထောင်၊ မှုများဆောင်လည်း၊ ရန်အောင်မင်္ဂလာ၊ အစစ္ဆာက၊ ကေသာရွက်နွယ်၊ မြမြသွယ်လျက်၊ ချစ်ဘွယ်လွန်ကြင်၊ ဆင်းရုပ်ပြင်နှင့်၊ အင်ခွင်ပြန့်ပြော၊ မိုးလယ်ကျောတွင်[၅]၊ ကျော်စောဘိသည်၊ မိန်းမရည်ကြောင့်၊ တပြည်ထောင်ခန့်၊ ဖြူရောင်ဖြန့်လျက်၊ လန့်လန့်ကြားညီ၊ ဗီရဏီဟု၊ မြှောက်ချီဝဲ့ချီး၊ နတ်သမီး၏၊ ထွန်းညီးရောင်ထင်၊ ဗိမာန်ပြင်က၊ စသည်တသွန်၊ ဘုံရှစ်တန်ကို၊ ညွှန်တုံလသော်၊ ထိုသရော်လျှင်၊ နတ်ကျော်သိကြား၊

---

(၁) အတိစိရာယတုတိ-က၊ (၂) ဧကပဟာရေဝိမာနာနိ-က၊ (၃) ရွှေဥဒေါင်းသို့-က၊ (၄) စုတ်ယုပ်ထွန်းပွါး-က၊ (၅) မိုးတကြောတွင်-က၊

မြင်းမိုရ်ဖျားက၊ ကိုယ်စားမှုချို၊ မာတလိကား၊ နေမိကျော်ထင်၊ ရထားတင်၍၊ လျင်လျင်မလာ၊ ဘဲ့ကြောင့်ကြောဟု၊ လုံ့ဓာတူရွှ၊ ကြည့်တော်မူသော်၊ ရှုံ့ရှုံ့ပြေးလွှတ်၊ သိန္ဒော သတ်လျက်၊ လက်ခတ်ညွှန်ပြ၊ ထိုချင်းတကို၊ ဧဏထင်ပေါ်၊ သိလစ်မြော်လည်း၊ မျက်တော်မထွက်၊ ချစ်အင်တက်၍၊ စွမ်းခက်လျင်ကြွ၊ ဇဝနဟု၊ မည်ရမှတ်ထား၊ နတ်တပါးကို၊ ထင်ရှားချီငေါ်၊ လက်ခတ်ခေါ်လျက်၊ သံတော်တပ်တပ်၊ စေလိုက်ထပ်သည်၊ ၊လျပ်လျပ်ရောက်စိမ့် သောကြောင်းတည်း။

၈၄။ ကျေးဇူးဝန်၍၊ နိဗ္ဗာန်ချန်းရိုး၊ တကျန်းစိုးသား၊ နေမျိုးစောကောင်း၊ မင်းမြတ်လောင်းကို၊ လက်ညောင်းပုတ်ညက်၊ ဘိတ်ဘိတ်ထွက်သား၊ ချက်ချက်ရောင်ထင်၊ ကြေးမုံပြင်သို့၊ မြင်ချင်သောဟန်၊ စေထပ်ပြန်က၊ မြန်သန်စွမ်းအင်၊ နတ်ခြေလျင်လည်း၊ နတ်ရှင်နှုတ်နက်၊ ဦးထိပ်ထက်ဝယ်၊ ရွက်၍လာတုံ၊ ပတ်နှံ့စုံလျင်၊ အာရုံကျယ်ဝန့်၊ ရှုမျှော်ဆန့်မှု၊ ရပ်တန့်ထက်ဝက်၊ ကောင်းကင်ချက်တွင်၊ တကသားနေတို့၊ ဘုတဆူဋ္ဌ၊ နေပူမသက၊ ရထားထက၊ မြင်းဆက်ချုပ်ကာ၊ မင်းကြီးစွာနှင့်၊ မေတ္တာထပ်ရှိ၊ မာတလိကို၊ တစိမြင်ငြား၊ ခြိမ်းစကားနှင့်၊ လှားလှားစက်ချွန်၊ သိကြားကျွန်လည်း၊ မှန်သည်အပ၊ မတွေးဆတည့်၊ ဒေါသပြင်းလတ်၊ မျက်ရှိန်လွှတ်လည်း၊ ရှုပြတ်တောင်းလောင်း၊

မခံကောင်းသား၊ အကြောင်းခပင်း၊ မသိလျှင်းသို့၊ ဆန်ပြင်း လှန်ကန်၊ ငရဲညှန်လည်း၊ ယမန်တခါ၊ မိန့်တော်စာနှင့်၊ စေပါရောက်ကြုံ၊ ယခုတုံလည်း၊ ရှောဘုံကြည့်မျှော်၊ မနော်ရမှု၊ ကွကြွစိတ်ရှင်း၊ တငင်းငင်းလျှင်၊ မြင်းလည်းညောင်းညာ၊ မိမိရှာသို့၊ ကြာကြာတင်တင်၊ သူ့ရပ်ခွင်ဝယ်၊ သို့စင်နေ့စုံ၊ ညံ့ညံ့သက်သက်၊ ရယ်အက်နှုတ်ကျိုး၊ စကားအိုးနှင့်၊ ပြိုးပြိုး ပြည်ပြည်၊ ပြောပရှည်လျက်၊ ဘယ်မည်ကြာမြင့်၊ ဖင့်ဘိ သနည်း၊ ရောက်ချင်သည်း၍၊ အိမ်းအည်းသံဟစ်၊ မိုးကြိုး ထစ်သို့၊ ကျောက်ဆစ်ကုန်းကုန်း၊ ပြင်းပြင်းရှန်းလျက်၊ ဖြန်းဖြန်းထွက်ပို့၊ ဂဠုန်သံသို့၊ ခွံ့ခွံ့နှုတ်တည့်၊ လျင်ပေ လှည့်ဟု၊ လပြည့်ခန့်ရော်၊ ပင့်လတ်ခေါ်သည်၊ ၊သံငေါ် ခြိမ်းခြိမ်း မောင်းမောင်းတည်း။

၇၅။ မှုတော်ရေးရာ၊ ထွက်သောခါလျှင်၊ ညီညာ ချပ်ချပ်၊ တချောင်းအပ်ကို၊ ကြပ်ကြပ်ဦးပဲ့၊ ထမ်းသကဲ့သို့၊ သူရဲသတ္တိ၊ ခေါက်ခေါက်ထိလည်း၊ မျက်စိမလှဲ၊ ခဲခဲ ဝက်ဝက်၊ ထက်ထက်ရှရှ၊ ကျွဲနှယ်လည်းဆုပ်၊ ကြောင်နှယ် ခုပ်မျှ၊ သုပ်သုပ်ညီညွတ်၊ ကျဲနှယ်ခတ်သား၊ အမှတ်ထင်ပြဲ့၊ ဆိုရေးခဲ့လျက်၊ ကြယ့်အတိသာ၊ မိုးတိမ်လွှာကို၊ လှစ်ခွါ နှင်းထောက်၊ ထိုးချုတ်ဖောက်၍၊ ရောက်စိမ့်သမျှ၊ နှင် ဆော်ပြုက၊ ယခုမြင့်ကြာ၊ မတတ်သာဟု၊ ပညာဖြန့်ချို၊ မာတလိကား၊ မင်းကြီးနှလုံး၊ ရွှင်ပြုံးစေလျက်၊ စိတ်မပျက်

တည့်၊ မိုးထက်ပည်းဖြင်၊ ဗိမာန်ပြင်ကို၊ ထင်ထင်ပက်ပါ၊ ဝေးမျက်နှာက၊ ကွန်ချာရှုပ်စည်း၊ တဆုပ်တည်းသို့၊ ကမ္ပည်းလိပ်ဖုံး၊ စာတလုံးက၊ တွက်ကျုံးဓိပ္ပါယ်၊ အနက်ကျယ်သို့၊ ပင်လယ်မြစ်နက်၊ ရေတစက်ကို၊ လျှာထက်ခါးငန်၊ သိစဟန်ဖြင့်၊ ယဉ်ထန်လောက်ငံ့၊ ကျယ်ဝန်းနှံ့သို့၊ အံ့လည်းဝှန်ကဲ၊ စောသူရဲကို၊ မြင်ခဲစွာလျက်၊ တပြိုင်နက်ဖြင့်၊ တပြက်ပြီပြွန်[၁]၊ ပြလည္ဆန်သည်၊ ၊ဗိမာန်လုံးလုံး ပေါင်းပေါင်းတည်း။

ရညော စ တတ္ထ သမ္ပတ္တိံ အနုဘဝန္တာနံ ကမ္မံ ပုဋ္ဌော[၂]၊
ဣတရောပိဿ အာစိက္ခိ[၃]။ ။
ဝေဟာယသာ မေ ဗဟုကာ[၄]၊ ဇာတရူပဿ နိမ္မိတာ။
ဒဒ္ဒဋ္ဌမာနာ[၅] အာဘေန္တိ၊ ဝိဇ္ဇုဝ'ဗ္ဘဃနန္တရေ[၆]။ ။
ဝိတ္တီ ဟိ မံ[၇] ဝိန္ဒတိ သူတ ဒိသ္ဒာ။ပ။ ဝိမာနေတိ။

၈၆။ တသီးတသီး၊ ဗိမာန်ထီးဖြင့်၊ မင်းကြီးမင်းမြတ်၊ မြင်တုံလတ်လျက်၊ ထက်နတ်မိုးရွာ၊ ရှစ်မျက်နှာမှ၊ ရတနာကိုးမည်၊ အရိုးတည်လျက်၊ ရောင်ခြည်လွှတ်ထိုး၊ ရှုဖြိုးဖြိုးတိ၊ ညိုးညိုးညီးညီး၊ ဖြီးဖြီးခိုင်ခိုင်၊ အဆိုင်ဆိုင်ကို၊ ရန်နိုင်မင်းကျော်၊ မြင်တုံသော်တည့်၊ ထိုရော်သိလို၊ နှုတ်ရည်ချိုနှင့်၊

(၁) တ ချက်ပြီးပွန်-က၊
(၂) သမ္ပတ္တိအနုဘဝန္တိကမ္မံပုဋ္ဌော-က၊
(၃) အာဝိက္ခိ-က၊
(၄) ဗဟုကာဝိမာနံ-က၊
(၅) နိမ္မိတံ၊ ဒဒလ္လမာနာ-က၊
(၆) ဝိဇ္ဇုဝအဗ္ဘန္တရေ-က၊
(၇) ဝိတ္တိဟိပံ-က၊

မြက်ဆိုသံလေး ၁၊ ကြောင်းခြာမေး၏၊ မြင့်ဝေးရှည်ဆက်၊ တစမ်းထွက်သို့၊ စုံမက်ရှေးနှောင်း၊ မိတ်ဝင်ဟောင်းဖြင့်၊ ဆင့်လောင်းချစ်ကျမ်း၊ မေတ္တာလွှမ်းလျက်၊ ခဲခြမ်းစိတ်ဖြာ၊ တတ်လိမ္မာသည်၊ ပညာနက်ကျိ၊ မာတလိ၊ ၊တောက်ညီမစဲ၊ မီးကျီးခဲတွင်၊ ယင်ရဲယောင်ယောင်၊ ချဉ်းချေလောင်ခုံ၊ ကုန်အောင်ချင်းတို့၊ ထင်၏သို့လျှင်၊ လူမျိုးသဘော၊ ရှိမည်လောစုံ၊ ဘွေးတောမစစ်၊ အားခွန်သစ်သား၊ ကရော်မင်း၊ ဘုန်းရှိန်ပြင်းဟု၊ သတင်းမည့်၊ တန်ခိုးဖုံ လျက်၊ အုံလစေတုံ၊ ရှေးရှစ်ဘုံမှ၊ လုံးစုံရုတ်ရက်၊ တစုပက်ကို ၂၊ ပြက်ပြက်ဝေးနီး၊ တချက်ပြီးဖြင့်၊ ခရီးမိုးဝ၊ ယိုးယိုးယသား၊ နှမမပါ၊ ငါကိုသာလျှင်၊ ကြင်နာနှစ်သိမ့်၊ ဝမ်းကွဲစိမ့်သို့၊ မိုးတိမ့်ဒဗရိပ်၊ အလိပ်လိပ်တွင်၊ ပြည့်သိပ်ကွဲဆန်း၊ တက်နေထွန်းသို့၊ ဘုံနန်းဘုံထွတ်၊ ဘုံပြာသာဒ်တိ၊ ရွှေပုတ်ရွှေတိုင်၊ ရွှေလိုင်ရွှေခါင်း ၃၊ ဇရတိဒမောင်းလျက်၊ လက်စောင်းလက်တီး၊ အဆိုးအတား၊ ကဲလားနံရံ၊ ရွှေမှည့်ခံထက် ၄၊ စိမ်မျက်တည့်၊ ပြည့်လစ်သောတိ၊ မှတ်သော်ညီမျှ၊ တစိမည်ိုး၊ ဘယ်ကောင်းကျိုးဖြင့်၊ ရိုးရိုးရဲရဲ၊ တိမ်ထဲဝါလျှပ်၊ အထပ်ထပ်လျှင်၊ နှံ့စပ်ဝန်းကျင်၊ မျှော်လိုက်မြင်သည်၊ ၊ကောင်းကင်ပြည့်ပြီ တော့မည်လော။

---

(၁) ကျိုက်မျိုရှင်လေး-က၊
(၂) လုံးစုံရှုရက်၊ တစုပက်လျှင်-က၊
(၃) ရွှေလိုဏ်ရွှေခေါင်း-ဟ၊
(၄) ရွှေမှည့်ခုံဆက်-က၊

၈၇။ အထူးအထူး၊ မျှော်ကမူးတိ၊ ဟူးဟူးလောင်တောက်၊ ရွှေတောင်ပေါက်သို့၊ ရွှေလျောက်ရွှေထုပ်၊ ရွှေမိုးအုပ်လျက်၊ ရွှေရုပ်ရွှေဆန်း၊ ကွေးကွေးလွန်းမျှ၊ ထွန်းလတ်သည်ကား၊ အပါးပါးတွင်၊ ပြယားသန္ဓာ၊ မြနီလာနှင့်၊ မသာရဂလ်၊ မျက်မွန်ငါးစုံ၊ ထိုတဘုံလျှင်၊ နိတုံချတ်သစ်၊ ပန်းတောင်းစစ်သား၊ ကျစ်လျစ်လည်ဆီး၊ ရွှေလက်တီးနှင့်၊ မကြီးမငယ်၊ တင့်တယ်ညီညွတ်၊ ဆန်းကြယ်မြတ်မူ၊ လွတ်လိမ့်မည်ပင်၊ ဝေးကထင်၏။ ထမ်းစင်သံလျင်း၊ ရွှေကကျင်းနှင့်၊ ခြင်းခြင်းနီစွန်း၊ ရွှေပေါင်းနန်းလည်း၊ ခြယ်သန်းခြယ်ကွက်၊ ခြယ်သန့်ဘက်၍၊ ချက်လက်မြူးရာ၊ သောက်ရှူးဝါတည့်၊ ရည်ပြာရည်နီ၊ စုံစီစွန်းရွှေ၊ ရွှေနန်းနေတို့၊ စိစွေရှုမြင်၊ လှလှရွင်မျှ၊ ရှင်ရှင်လတ်လတ်၊ လောကနတ်လည်း၊ ဆွတ်ဆွတ်ဆက်ဆက်၊ လွင်မှာထွက်၍၊ နှစ်သက်ရှိမ်းရှိမ်း၊ အပေါ်လိမ်းလျက်၊ သူစိမ်းမြင်ဘို့၊ ဆိုအံ့သို့တည့်၊ နှစ်လို့မျော်ကြည့်၊ ပျော်စလှည့်သား၊ ရုပ်တည့်ရုပ်စောင်း၊ မျက်နှာလျောင်းနှင့်၊ ကယ်ကောင်းထင်ငြား၊ နှုတ်ဆက်မှား၏။ ရထားပိတ်သန်း၊ မြောက်စောင်းတန်းမှ၊ ပုံသွန်းလှော်မျည်း[1]၊ ရေလှောင်ဖျည်းလည်း၊ မချည်းဝှေချေ၊ မီးစတေသူ၊ ဆေးရေလောင်းအိုး၊ ရွှေမှုတ်ရိုးနှင့်၊ မင်းစိုးဝေးက၊ တွေးဆိုဆ၏။ သိဂ်နီချစ်၊ ဇမ္မူရာဇ်ဖြင့်၊ ကျစ်လျစ်မွေသိမ်၊ ငွေပန်းထိမ်လည်း၊ အလိမ်အကွေ့၊ စုံစေ့ပြောက်ရှက်၊ တတ်စခက်နှင့်

(၁) ပုံသွန်းလှော်ပျည်း-က၊

မုတ်ဆွတ်လွင်ပြင်၊ ကျည်းရွက်ရှင်လည်း၊ တွန်းငင်လှစ်ဖည်၊ ရွှေငှက်မြည်သို့၊ ရောင်ခြည်ယိုလျက်၊ တစက်စက်လျှင်၊ တက်သက်နှတ်ပုံ၊ ပန်းတည်ခုံထက်၊ ရုပ်ခုံကျေးငှက်၊ ရွှေခြူး ခက်လည်း၊ ပြက်ပြက်ရောင်ဘိတ်၊ ညိုးညိုးညိတ်မျှ၊ စိတ်စိတ် ဖြာဖြာ၊ ခြယ်စီမြှောသား၊ ဂီဝါတက်နေ၊ ထွန်းပစေလျက်၊ ရွှေခြေချနင်း၊ ရွှေတံပျင်းနှင့်၊ လေညင်းဖြည်းကျ၊ ဘုံနန်းလှ ဟု၊ ပြောပရိုးရိုင်း၊ သာစွန်ငှက်ကို၊ ၊နေ့တိုင်းကြည့်အံ့ တော့ မည်လော။

၈၈။ မျှော်ရှု မျှော်ရှု၊ ပျော်လှုလှုလျှင်၊ အထုအထ၊ တောက်ပပတည့်၊ မိုးလုံးပည့်မျှ၊ ကြည့်လည်းထင်ထင်၊ သူ့ကိုမြင်သော်၊ ရှင်ရှင်ဆွတ်ဆွတ်၊ ချွတ်ချွတ်လဲ့လဲ့၊ မရှိပဲလျှင်၊ နတ်ပဲ့နတ်ဘောင်၊ ငါရန်အောင်လည်း၊ ပြောင် ပြောင်ထွန်းညို၊ စံရုလိသို့၊ ပီတိရွှမ်းစို့၊ ဝမ်းထဲသို့၏၊ ရွက်ညို မြခေါက်၊ ကြာတိလှောက်သား၊ ပေါက္ခရဏီ၊ ချမ်းအိုင်ရိန္ဒင့်၊ နဒီမြစ်မ၊ ရစ်သွယ်ကျလျက်[1]၊ နှစ် လ စပ်ကူး၊ ပွင့်ငုံဖူးတိ၊ ပင်လူးညွှန့်ဖား၊ သားရဏားသား၊ တပြားတလျှဉ်၊ နတ် ဥယျာဉ်လည်း၊ ချိုချဉ်နွယ်ဆူ၊ မှန်ကူမှန်သီး၊ လက်နီးစေ့ ချဉ်း၊တင်ပျဉ်းတင်ဆို့၊ နရွဲထောက်ရှာ၊ ကမ္ဘလာနှင့်၊ သမ္ဘာ ချည်ကြမ်း[2]၊ ကျွေးခရမ်းတီ၊ စင်ပြွမ်းသဖန်း၊ လင်းလွန်း ရွှေတည်၊ ပိတ်တကျည်နှင့်၊ ပျားရည်လျှာနို့း၊ ချဉ်ချိုမျိုးကို၊ နှိမ်ချိုးဖွတ်ဖွတ်၊ လက်ဆေတ်ညှတ်၍၊ ဆွတ်ပါရမည်၊ မိုးနှတ်

(၁) နဒီမြစ်ဝ၊ရှစ်သွယ်ကျလျက်-က၊ (၂) နရွဲတောက်ကဲ့၊သံပရာချည်ကြမ်း-က၊

ပြည်ဝယ်၊ ထူးလည်ဝမ်းက၊ မကျွမ်းကြတည့်၊ ချမ်းမြနှင်း ပေါက်၊ တဖြောက်ဖြောက်လျှင်၊ စွတ်ခြောက်မြစ်ထိုး[၁]၊ မညစ်ညှိုး၍၊ ရိုးကားသန္တာ၊ အညှာမြပက်၊ အရွက်ပတ္တ မြား၊ ခက်ဖျားခက်ရင်း၊ ပုလဲဝင်းသို့၊ မြစ်ဆင်းနွယ်ကျ၊ သွယ်သွယ်လှလျက်၊ ပေါက်ပြလှိုင်မှုန်း[၂]၊ ဂမုန်းဖြူထွား၊ ချရားကံ့ကော်၊ ရွှေလှော်သရက္ခန်၊ ပန်းမာလ်စုံနှံ့၊ တပ့ုံပ့ုံ လျှင်၊ ရနံ့ထုံကြူး၊ ငှက်ပုံမြူးလျက်၊ တွန်ထူးတွန်ဆင့်၊ တွန်က ရင့်၍၊ တွန်နှင့်တွန်ထောက်၊ တွန်သံကောက်လည်း၊ လဲ ဘောက်တုံလေ၊ နာစချေတိ၊ သန်နွေဆန်းဆမ်း၊ မြောက် လေချမ်းနှင့်၊ ချစ်လွမ်းနှိုးဖွင့်၊ မိုးတိမ်မြင့်ဝယ်၊ မိခင့်မောင် ကြီး၊ ဦးရီးသွေးစစ်၊ ရှင်ထွေးချစ်နှင့်၊ တောင်မြစ်သွားလား၊ သနားပိုက်ဘက်၊ လည်ချင်းရှက်၍၊ စုံမက်လူးလည်း၊ တကိုယ် တည်းဝယ်၊ ခမည်းမင်းလွင်၊ ဆွေမမြင်သော်၊ ကောင်းကင် သာခန်း၊ မရွှင်လန်းခဲ့၊ နှင်းဖျန်းပျောက်စင်၊ ထ-မင်းလွင် နှင့်၊ မိုးပြင်မှိုင်းဝေ၊ ရွက်ဟောင်းကြွေသော်၊ တထွေထွက် သန့်၊ ညွှန့်ရရွန့်လျှင်၊ တွန့်တွန့်ခပ်ကော့၊ ဝတ်ဆံဖြော့နှင့်၊ သို့သော့အခါ၊ သီးရင့်မာ၍၊ မှာမှာကြည့်ပျော်၊ လှည့်ကာ မျှော်လျှင်၊ ထင်ပေါ်ဝေးနီး၊ ညီးရရီးသား၊ လုံးကြီးလုံးငယ်၊ ချစ်ဘွယ်ရှိတို့၊ ပျှိုရရို့လျှင်၊ ညို့ညို့မြမြ၊ သို့ကာလ သည်၊ ၊မွမ်းမျှမှည့်ညီ တော့မည်လော[၃]။

---

(၁) စွတ်ခြောက်မြစ်တိုး-က၊ (၂) ပေါက်ပြလှိုင်ဆုန်း-ဟ၊
(၃) ပြွမ်းမျှမှည့်ညီ တော့မည်လော-က၊

၈၉။ ဤသို့စောလောင်း၊ မမြင်တောင်းတည့်၊ မြို့ငှက်ကောင်းရိပ်ချမ်း၊ ဥယျာဉ်ဝမ်းတိ၊ မှည့်ရွှမ်းမရှား၊ အပြားပြားနှင့်၊ မှာပါးမှာထူ၊ မဟူရပဲ၊ ကျော်ထိတ်သဲမျှ၊ နတ်ပဲ့စည်ပြည့်၊ မျော်ကာကြည့်လည်း၊ မလှည့်နိုင်ချေ။ အထွဋ်ထွဋ်လျှင်၊ စိမ်းရွှေညိုလွင်၊ ထွဋ်ထွဋ်ဆင်မှ၊ ကောင်းကင်အလုံး၊ မျက်စိဆုံးလည်း၊ ပြိုးပြုံးပြိုးပြက်၊ လက်လက်လင်းလင်း၊ ဝင်းဝင်းပြောင်ပြောင်၊ အဆောင်ဆောင်ကို၊ မင်းခေါင်နတ်တို့၊ မြင်တော်မူသော်၊ အလှူကောင်းမှု၊ ပြုပြုပျိုးပျိုး၊ ကောက်မျိုးလှန်းသွေ့ရသော့သူဟောင်း၊ ရှင်ကောင်းရှင်မြတ်၊ မွေ့ဓာတ်မြုပ်ရာ၊ သဃ်ာကျောင်းရုံ၊ ဘယ်စည်းခုံဝယ်၊ ရုပ်ပုံလှညို၊ ဘယ်စေတီမှာ၊ မြောက်ချီကျော်ဟိုး၊ ဘယ်ပုထိုးဌာ၊ မြတ်နိုးသွန်းပြု၊ ဘယ်ဆင်းတုဝယ်၊ စုစုစုံစုံ၊ ဘယ်အကျင့်နှင့်၊ ဘယ်မင့်းလက်ထက်၊ ဘယ်ပြည်ချက်ဝယ်၊ ခွန်ဆက်တိုင်းကျပ်၊ ဘယ်ရွာရပ်ဝယ်၊ ဖွံ့ပွံ့မြထက်၊ ချရေစက်နှင့်၊ ပန်နက်စိတ်ကောင်း၊ မိုးနတ်ပေါင်းတို့၊ အကြောင်းယုံကြည်၊ ပြုလေသည်ဟု၊ ရွှေတည်ပင့်ခေါ်၊ မိုးနတ်တော်ကို၊ မင်းကျော်စေ့ရေ မေးတုံလေတည်း။

တသ ပုဋ္ဌော ဗျာကာသိ၊ မာတလိ ဒေဝသာရထိ။
ဝိပါကံ ပုညကမ္မာနံ၊ ဇာနံ အက္ခာသိ ဇာနတော။ ။
သဒ္ဓါယ သုနိဝိဋ္ဌာယ၂၊ သဒ္ဓမ္မေ သုပဝေဒိတေ၃။

---

(၁) တွေ့တွေ့ဖြင့်မျှ-က၊ (၂) သဒ္ဓါယ သုဝိနိဒ္ဓါယ-က၊
(၃) သဒ္ဓမ္မေ သုပဝေဒိတော-က၊

အကံသုံ သတ္ထုဝစနံ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။
တေသံ ဧတာနိ ဌာနာနိ၊ ယာနိ တွံ ရာဇ ပဿသီတိ။ ။

၉၀။ ထိုသို့မေးမြူ၊ ရှေးအတူလျှင်၊ ဧကြူနှံ့သစ်၊ ရွှေကြုတ်လှစ်သို့၊ ချစ်ချစ်ကွမ်းစား၊ နှုတ်ခမ်းထွားနှင့်၊ လျှာပါးရွရွ၊ သြဇချေငံ၊ ထွက်သံညင်းညင်း၊ သာချင်းခြေးခြေး၊ ရေးရေးပွင့်ကား၊ ဖွင့်လတ်ကြား၏၊ မင်းဖျားနေမိ၊ ဇာတိသေဋ္ဌ၊ ရာဇညဖြင့်၊ ကာလသင့်ဆုန်း၊ ရင့်တုန်းတုန်းလျှင်၊ ဘုန်းနှင့်တန်းခိုး၊ အမျိုးမြတ်စွာ၊ မင်းတကာထက်၊ ပညာရင့်ညီ၊ ဂုဏ်ချင်းဆီနှင့်[၂]၊ ပါရမီကျယ်ဝှန့်၊ ဆယ်ပါးဖြန့်လျက်၊ နိဗ္ဗာန့်ငြမ်းသန်၊ စွမ်းအားအန်လည်း၊ လက်မှန်ရည်ရည်၊ မျက်ခြည်ဆီးဆီး၊ ချလိုက်ပြီးက၊ တောင်ကြီးကော်ရွက်၊ ယွက်ယွက်ပစ်လွှား၊ မိုးကြိုးသွားသို့၊ ကြောက်အားလန့်ဟုန်၊ ခဲ့ချဲ့တုန်မျှ၊ ဝသုန္ဓရာ၊ မြေမျက်နှာထက်၊ စကြာပွင့်ဝန်း၊ တပွင့်ပန်းနှင့်၊ မြန်ခန်းနွယ်ဆက်၊ ထိပ်လယ်ချက်၌၊ ရွှေစက်တမွတ်၊ စက်ပုံလွှတ်က[၃]၊ မန္ဓာတ်ဆိုဘွယ်၊ စိုးစံပယ်သည်၊ ဆင်းရွယ်လှမော၊ သတိုးစော၊ ၊မုနောဘိသိက်၊ အောင်နိမိတ်နှင့်၊ ထိတ်ထိတ်ဆူဝေ၊ ရေမြေအုပ်စိုး၊ ရှင့်ဘေးဘိုးကို၊ မြတ်နိုးသောအား၊ ရွှေတောင်ဖျားက၊ သိကြားကိုယ်စူး၊ မခေါ်ဘူးတည့်၊ ကျေးဇူးတော်လျောက်၊

---

(၁) သကံ-က၊ (၂) ပညာရင့်သီ၊ ဂုဏ်ပြည့်ဆီနှင့်-က၊
(၃) စာပုံလွှတ်က-က၊

ရှင်တယောက်ကို၊ မျက်မှောက်ရုံပတ်၊ ဖူးမည်တတ်ဟု၊ နတ်ဝေဇယန်၊ ရထားမှန်နှင့်၊ အကျန်ပင့်လှာ၊ အရှင်သာလျှင်၊ ကြမ္မာရှိသည်၊ မင်းကြီးရည်ကို၊ စဉ်ရှည်ပြောပ၊ နားတော်ဝ စိမ့်၊ ပြသလုစ်ဘော်၊ ပြဲ.ပြဲ.ပေါ်မျှ၊ မျှော်လေရာရာ၊ ဗိမာန် သာတိ၊ သည်မှာကားပါး၊သည်မှာများဟု၊ ဘုရားဥာဏ်လွန်၊ မတွက်ခန့်တည့်၊ အဝှန့်ရှင်ပျ၊ ပဉ္စင်္နှင့်၊ ချီချအန်ထောက်၊ စောင်းငြင်းကောက်လျက်၊ လက်မြောက်ထွက်ဝင်၊ သံခြေ လွှင်မှ၊ အိမ့်ရှင်စည်ကြီး၊ ဝန်းကျင်တီးလည်း၊ ငေးနီးကြား ပြန့်၊ မိုးလုံးလန့်မျှ၊ ဗုဇ္ဈန့်လက်မ၊ မြည်လတ်ကလည်း၊ ပေါက် ပြသည်းထန်၊ မိုးသောက်တန်၏၊ မလွန်စတောင်း၊ ကြေးနင်း မောင်းလည်း၊ ခြောင်းခြောင်းဝှန်ကဲ၊ ကောင်းကင်ကဲ့မျှ၊ သနဲပိတ်ကျည်၊ မြည်လည်းတကြောင်း၊ ရှေခေါင်းလောင်း တုံ၊ ညောင်းညောင်းခြည်းခြည်း၊ ရှေဆည်းလည်းနှင့်၊ နရည်းမြူးကွန့်၊ ကျူးဆန့်လျက်၊ ဗိမာန်သတင်း၊ အဲ သီချင်းတီ၊ ထမင်းစားတော်၊ နုံမွေးခေါ်သား[1]၊ အဖျော် ယာမကာ၊ သုဒ္ဓါ ထောပတ်၊ သြဇာမြတ်ကို၊ စွတ်စွတ် စွေးစွေး၊ နားရေးသားသား၊ ပတ္တမြားလင်ပန်း၊ လက်တော် ဆန်း၏[2]၊ ငုံသွန်းမာရင့်၊ အညှာဖွဲ့လျက်၊ တံသင့်းသဘွယ်၊ ဆံညောက်လယ်၌၊ လှစ်သွယ်ချပ်ကာ[3]၊ လက်သန္တာနှင့်၊ အသာဆွတ်မြောက်၊ လက်ကောက်ညီးညီး၊ ပုတီးဝင်းဂင်း၊

---

(၁) နုံမွေးကျော်သား-က၊ (၂) လက်တော်ဆွန်း၏-က၊

(၃) လှစ်ပယ်ချပ်ကွာ-က၊

ခြေချင်းရဲရဲ၊ ပုလဲကုံးနှစ်၊ မျက်စစ်စီတင်၊ ဆံကျင်ရွှေကြာ၊ မဟာလတ၊ တောက်ပရည်ကောင်း၊ ရွှေနားတောင်းနှင့်၊ ရွှေဗောင်းရွှေဖျင်၊ ရွှေတုရင်လည်း၊ သက်တင်ရည်ချိုး၊ စိမ်းရွှေဆိုးလျက်၊ ထုံရိုးသင်းသင်း၊ သလင်းရောင်တူ၊ အဖြူတချို၊ ပြာညို့လဲ့လဲ့၊ ရွှေဘွဲ့ကျစ်လျစ်၊ အသစ်လတ်လတ်၊ နတ်ဝတ်နံထောင်၊ အတောင်ကိုးရာ၊ ပုံကြ။စွာလျှင်၊ ကြည်လှောင်းလှောင်း၊ နုံသာပျောင်းလဲ့၊ လှည်းကောင်းငါးဆယ်၊ လိမ်းသတ်နယ်၏၊ ကသယ်မုံကား၊ ထုံနှယ်လည်းထွား၂၊ ကွမ်းနုစားလျက်[၃]၊ နုံရှားမခန်း၊ မလှကျွန်း၌၊ ကျယ်ဝန်းထူပြော၊ နုံသာတော်သို၊ သဘောလေးမူ၊ ကြေ။မျှ၊ မဋ္ဌ။နုံရှင်း၊ ခံပွင်းပျံချို၊ နတ်ထိုထိုကား၊ မှိုခို နေတတ်၊ လူ့ပြည်လူ့ရွာ၊ဖြစ်သောခါက၊ ချမ်းသာရေကန်၊ ရှာဖွေညွှန်သား၊ ရှင်မွန်ရှင်ကောင်း၊ ရှင်မြတ်လောင်း၌၊ တပေါင်းတဘော်၊ ကော်ရော်ညွှတ်နူး၊ ရှိခိုးဖူး၍၊ မိုးနူးမြေမှုန်၊ လယ်ကောင်းထွန်သို၊ တမလွန်စာ၊ ရိက္ခာထမ်းပိုး၊ ပခုံးကျိုးမျှ၊ သူခိုးမယူ၊ မီးရေဟူသား၊ ရန်သူမနိုင်၊ မင်းမပိုင်တည့်၊ မြေခိုင်တခု၊ တောင်းသားဆုနှင့်၊ ၊ကောင်းမှုပြုကုန်သောတိတည်း။

၉၁။ အရပ်အရပ်၊ နိုင်ငံစပ်၌၊ ခပ်မကောင်းနိုး၊ မျက်စောင်းထိုးလျက်၊ တန်းခိုးနှံနှိပ်၊ ကောက်လက်လိပ်မျှ[၄]၊ သူ့

---

(၁) မဟာတလ-က၊ (၃) ကွမ်းနှင့်စားလျက်-ဟ၊
(၂) ကသယ်မှုန့်ကား၊ ထုန့်နှယ်လည်းထွား-က၊ (၄) ကျောက်လက်လိမ်မျှ-က၊

ရိပ်နှိုင်းထောက်[၁]၊ လေးတထောက်က[၂]၊လန့်ကြောက်ဝေးလံ၊ ပြေးထပျံသား၊ မြည်သံသီးသီး၊ ငှက်တင်ကျီးသို့[၃]၊ ပြည်ကြီးထောင်တင်း၊ ထိုထိုမင်း၏။ ဦးကင်းထိပ်ဘောက်၊ ရင်သွေးသောက်လျက်၊ မိုးအောက်ကျွန်းလုံး၊ ရှင်သာကျိုးသည်၊ လက်ရုံး စက်တည်း၊ စောရန်လှည်း၊ ၊တိမ်မည်း တိမ်ပုပ်၊ တိမ်ပြာချုပ်၍၊ ကုပ်လုပ်ကွေးလွှဲ၊ ဘုံသလေးနှင့်၊ နီးဝေးမမြင်၊ ရောင်ထင်ရှန်းရှန်း၊ နေ့ညဉ့်ထွန်းလျက်၊ ကျယ်ဝန်းစံပ၊ နတ်ထိုမျှကို၊ စစဆိုသော်၊ အိုလည်းမဆုံး၊ အကျဉ်းရုံး၍၊ ကြုတ်ဖုံးပိတ်လျက်၊ လက်ဆောင်ဆက်အံ့၊ ကြင်ဘက်စုံလျောင်း၊ နတ်ပုံပေါင်းတို့၊ အကြောင်းရှေးခါ၊ လူ့ပြည်ရွာတွင်၊ ကြမ္မာပင်စည်၊ ကောင်းတာရှည်၏၊ ဝန်းလည်ထင်ရှား၊ မမြင်စားတည့်၊ နာဖျားနှိပ်စက်၊ လူ့အသက်လည်း၊ ယုတ်ယုတ်ယွင်းယွင်း၊ နေပူပြင်းသော်၊ အိုင်အင်းသငယ်၊ ခန်းခြောက်လွယ်သို့၊ သွတ်လှယ်ယက်များ၊ ခူကိုလွှားသော်၊ ယဉ်သွားနှတ်လျှို၊ ချည်စတိုသို့၊ မြက်စိုနှင်းပေါက်၊ နေခြည်ကျောက်သော်၊ သွေ့ခြောက်လျှောကျ၊ တဓာတ်သို့၊ မြစ်မလယ်ရှိုး၊ ဗလုံထိုးသော်၊ တံပိုးကံယက်[၄]၊ ရေပွက်ပမာ၊ တသက်လျှောတည့်၊ တံဏှာကိုင်ချုပ်၊ နှောင်တုပ်ရစ်ထွေး၊ ကွာကွင်းဘေးနှင့်၊ ဆုပေးဖလား၊ လက်ကောက်ကြားလျှင်၊ ပါးပါးလွှာလွှာ၊ သာဘင်းသာသို့၊ ခန္ဓာငါးခွံ၊ ရုပ်နှင့်

---

(၁) သူဗိုန်နှိုင်းတောက်-က၊
(၂) လေးတကောက်က-က၊
(၃) ငှက်တွင်ကျီးသို့-က၊
(၄) တံပိုးတံရက်-က၊

နံကို၊ တရံတဆစ်၊ အနှစ်စတေ၊ မရချေသော်၊ ရိုသေလေး မြတ်၊ ထီမမှတ်တည့်[၁]၊ တတ်တတ်လိမ်လိမ်၊ စည်းစိမ်ကြီးမ၊ မီးပုံဝသို့၊ ကြောင့်ကြနှောင့်စိုး၊ ဆယ်ထမ်းပိုးဖြင့်၊ သေမျိုး သတ္တဝါ၊ ပါယ်လေးရွာကို၊ သည်းချာခုန်ဆွေ့၊ ကြောက်ကုန် ၍လျှင်၊ ကိုယ်စေ့မေတ္တာ၊ ဘာဝနာနှင့်၊ အာဃာငြိုးရန်၊ ခက်ချော်မာန်ကို၊ လေးတန်ပယ်ချွေ၊ ကျေးဇူးတွေ့လျက်၊ မြေကပေါ်ထွက်၊ မုဒ္ဓေါ်ဘက်သား[၂]၊ ရမ္မက်စင်အန်၊ ပုဂ္ဂိုလ် မွန်၌၊ အလွန်ကပ်ဆည်း၊ မဂ်ဖိုလ်ရည်း၍၊ စောင့်စည်း သီတင်း၊ ဖြူရောင်ဝင်းလျက်၊ သန့်ရှင်းစိတ်ကြည်၊ လှူ ဆောက်တည်သည်၊ ၊နတ်ပြည်တံချူ ကျော့မိတည်း။

၉၂။ ဤသို့ခြင်းရာ၊ ဟုတ်မှန်စွာလျှင်၊ သဒ္ဓါစာဂ၊ လှူ ဒါနနှင့်၊ သီလစင်မွန်၊ ပစ္စုပ္ပန်လည်း၊ အလွန်ချီးမွမ်း၊ ဇာတိ ကမ်းကို၊ လောက်လမ်းသဖွယ်၊ ဝိညာဉ်တွယ်လျက်၊ အပါယ် နရက်၊ အောက်မသက်တည့်၊ ကျည်းရွက်လှစ်ထား၊ ရွှေ တံခါးဖြင့်၊ သိကြားလက်ယပ်၊ အထပ်ထပ်လျှင်၊ မဏ္ဍပ် တခြား၊ ရုံးကန္နားတွင်၊ လျှောက်ကြားနာရီ၊ သံမြောက်ချီ လျက်၊ ဗီဇနာပါဒ်၊ အခါမှတ်၍၊ မိုးနတ်ရွှေပြည်၊ ရွမ်းစည် ချုန်းချုန်း၊ မောင်းညုန်းညုန်းလျှင်၊ ရှုန်းရှုန်းတန်းခိုး၊ ခေါင်းလောင်းထိုး၍၊ နှင်းမိုးမစွေ၊ လေလည်းမသည်း၊ ညရီ ဆည်းဝယ်၊ ဖြုတ်ခြည်းကြည့်ကွက်၊ ကြယ်လပက်တည့်၊ ပြိုး

---

(၁) တီမမှတ်တည့်-ဟ၊ (၂) သုဒ္ဓေါ်ပက်သား-က

ပြက်ရောင်လျပ်၊ မိုးလုံးထပ်မျှ၊ နှံ့စပ်ဝန်းကျင်၊ အင်လည်း အင်ပြည့်၊ သာဒျင်လှည့်တည့်၊ နတ်တည့်သဘော၊ စံကုန်သောဟု၊ သာမောမြည်တတ်၊ ကျောက်စည်ခတ်သို့၊ နတ်မာတလိ၊ မင်းဘုန်းရှိကို၊ မြင်သိကောင်းတေ၊ အကြောင်းဘွေ၍၊ ၊စေ့ရေခြင်းစုံ ပြန်လတ်ဘုံတည်း။

အာကာသဌဝိမာနခန်း ပြီး၏။

(၁၀) အာကာသဋ္ဌပဗ္ဗတအားဖြင့်ပြားသော စတုမဟာရာဇ်ဘုံခန်း

ဧဝမဿ အာကာသဋ္ဌကဝမာနာန ဒဿေတွာ သက္ကဿ သန္ဒိကံ ဂမနတ္ထာယ ဥဿာဟံ ကရောန္တော အာဟ။

၉၃။ ဤသို့လျှင်တည့်၊ စက်ရှင်ရထား၊ သိန္ဓောအားနှင့်၊ လှဲးလှဲးထိုးချစ်[၂]၊ သတိုးမြစ်ကို၊ အဖြစ်မြတ်စွာ၊ နတ်လိမ္မာကား၊ မျက်နှာမြင်မြင်၊ မေတ္တာဝင်၍၊ ကောင်းကင်တည်ထွန်း၊ အခန်းခန်းသား၊ ထက်ဝန်းပြိုးပြက်၊ ဘုံစဉ်ဆက်ကို၊ နှစ်သက်လွေလွေ၊ ပြပြီး၍လျှင်၊ ချမ်းမြေ့မြစ်အောက်၊ မြေကပေါက်သား၊ ခုံလောက်သုံးစုံ၊ ပန်းတည်ခုံထက်၊ ထွတ်ဘုံကြီးမား၊ လေးထိပ်ခြားဝယ်၊ သိကြားတည်ထောင်၊ မြင်းမိုရ်တောင်သို့၊ ရောက်အောင်မကြာ၊ သွားစိမ့်ဥလျှင်၊ ပြင်လျာထွတ်ကျိုင်း၊ စောနတ်နှိုင်းကို၊ ညွတ်ကိုင်းခပ်သိမ်း၊ ကိုယ်လက်ယိမ်းလျက်၊ သည်းငြိမ်းအူချာ၊ ထုံသီဒါသို့[၃]၊ ဝါစာနှုတ်မြွာ၊ နာဘုယ်ဟ၍၊ ၊လျင်ကြွတောင်းပန် ဆိုလတ်တည်း။

ဝိဒိတာ တေ မဟာရာဇ၊ အာဝါသာ ပါပကမ္မိနံ။
အထော ကလျာဏကမ္မာနံ၊ ဌာနာနိ ဝိဒိတာနိ တေ။
ဥယျာဟိ ဒါနိ ရာဇိသိ၊ ဒေဝရာဇဿ သန္တိကေတိ။ ။

---

(၁) အာသာသဋ္ဌဝိမာနဒဿေဘာ့-က၊ (၂) လားလှဲးဖိုးချစ်-က၊
(၃) ထုံသီတွာသို့-က၊

၉၄။ ဇာတိဟူသည်၊ ဥစ္စာမည်၍၊ စက်လည်မရဏာ၊ သန်လျက်ရှုနှင့်၊ လောဘခိုးသတ်၊ ထိုးခုတ်ဖြတ်လျက်၊ ဥပဒ်ဆင့်လောင်း၊ ဒုက္ခထောင်းသား၊ ခြောင်းခြောင်းလောင်ပူ၊ ကုန်အောင်လူကို၊ ရင်တူဖက်လို၊ ချမ်းရာသို့လျှင်၊ ကူးတို့လေခံ၊ ပို့မည်သံ၍၊ ဓမ္မံစရ၊ ကျင့်ဘာဝဖြင့်၊ လို့လကြီးပြင်း၊ သတိုးမင်း၊ သားချင်းမျိုးဘော်၁၊ ဆွေဖြစ်သော်လည်း၊ ကျော်ကျော်ထင်ထင်၊ ဂုဏ်အင်ပါးတို့၊ ကောင်းလေနိုးက၊ အကျိုးဆိုဆို၊ ရှစိတ်လိုလျက်၊ ကြည်ညိုဝမ်းထဲ၊ ရှိစဲ့စဲ့၊ မျိုးကဲ့တပါး၊ ငါနတ်သားမူ၊ သိကြားဧစပန်း၊ မှကုန်ဆန်းပြီ၊ ထုတ်သန်းရောက်လွယ်၂၊ မြောက်ကိုရွယ်လိမ့်၊ ကျင်စွယ်ဖားဖား၊ မုတ်နားသွယ်သွယ်၊ မျက်လုံးကျယ်နှင့်၊ ချစ်ဘွယ်လည်းရောက်၊ ရှေကြာပေါက်သို့၃၊ လုံးထောက်တန့်ရပ်၊ ဖိုးဖိုးသပ်သား၊ ကျော်ထပ်လှံ့ပင်၄၊ မင်းကြီးမြင်ကို၊ ပြတ်ပြတ်ဝမ်းမှာ၊ ချစ်ကြည်စွာ၍၊ ကမ္ဘာသရစ်၊ တူးလှစ်ဘောက်ခဲ့၊ အောက်မြေထဲ၌၊ ငရဲလားဟန်၊ ငါပြည့်နှန်မှ၊ တဘန်လမ်းထောက်၅၊ မြင်းဦးခေါက်လျက်၊ ထိုးဘောက်လှစ်ထွင်း၊ နဂါးမင်းသို့၊ လင်းလင်းပေါ်ထွက်၊ နတ်ပြည်တက်၍၊ ပြက်ပြက်ညွှန်ကြား၊ ဗိမာန်များကို၊ ပျော်ပါးလှည့်ထိုက်၊ ကြည့်အင်ခိုက်မှ၊ မှာဘိုက်ပည်းသီ၊ မြင်ရပြီတည့်၊ ပင့်ချီ

---

(၁) သားချင်းမြေးဘော်-က၊ (၅) တဘန်လမ်းကောက်-က၊
(၂) သိကြားဧဖန်၊ မှကုန်ဆန်ပြီ၊ ထုတ်သန်ရောက်လွယ်-ဟ၊
(၃) ချစ်ဘွယ်လည်ရောက်၊ ရှေကြာပေါက်သို့-ဟ၊
(၄) ကျောက်ထပ်ချောက်ပတ်-က၊

နှစ်လို၊ ယခုဘို၀ယ်၊ ငါတို့လိုရာ၊ မြင်းမိုရ်ရွာသို့၊ ယာဉ်သာ
စီးစီး(၁)၊ ၀င်စည်တီး၍၊ ၊မင်းကြီးကြွတော် မူလှည့်တော့။

၉၅။ အထူးအထူး၊ ကြည့်မျှော်ရူးလည်း၊ မူးမူးလည်ပတ်၊
မျက်ခြည်ပြတ်ခဲ့၊ မှတ်လော့တကြောင်း၊ ကြံတချောင်းမျှ၊
ရှင်ကောင်းတို့အား၊ လှုမိငြားမျှ၊ ကြီးမားမြင့်ထွတ်၊ ဘုံ
ပြာသာဒ်နှင့်၊ ရုံပတ်သီးသီး၊ ရိပ်ကြီးဆွဆွ၊ စံစားရ၏၊
ထွန်းပသာဖြူး၊ ရေတပူးမျှ၊ကြည်နူးရိုသေ၊ လှုမိလေသား၊
ကောင်းတေမူလ၊ အိမ်ကျွန်မလျက်၊ မိုး၀ထောင့်စွန်း၊ တန်းခိုး
ထွန်း၍၊ ကျယ်၀န်းလှည့်စွာ၊ ရွှေဘုံသာနှင့်၊ သွယ်ဖြာရောင်
လှျံ၊ ရှင်ပျော်စံ၏၊ ခြံရံကြည့်လည်း၊ မပြည့်စတောင်း၊ စော
ယောင်ကောင်းမျှ၊ ရွက်ညောင်းသွယ်သွန်း၊ ကောက်ရိုးပန်း
ဖြင့်၊ ထက်၀န်းပူဇော်၊ စည်းခုံတော်ကို၊ ကော်ရော်တင်မိ၊
ရောင်ထင်ညိလျက်၊ မကိုမြဲခဲ၊ ပုလဲပျစ်ရွက်၊ ဘယက်
ပြောင်ပြောင်၊ ဘုံတဆောင်နှင့်၊ မိုးခေါင်ကယ်တက်၊ စံပယ်
လျက်တည့်၊ စိတ်ထက်သုံးတန်၊ ကြည်စိတ်သန်က၊ အလွန်
ပွါးစီး၊ ကောင်းကျိုးကြီး၏၊ ၀ဲချိုးနတ်လူ၊ မှတ်တော်မူဟု၊
ပျှံပျှံငှါငှါ၊ ခြင်းရာထွလဲ၊ အထဲအဖုံး၊ ဆိုပြီးဆုံးမှ၊
အားလုံးပိုင်သ၊ မင်းတိုင်းခသား(၂)၊ ဇ၀နနတ်၊ အခဲဆတ်ကို၊
မင်းမြတ်ရှောင်းရှောင်း၊ ခြေလက်ကောင်း၏၊ ထောင်း
ထောင်းရောက်ထွ၊ လျင်လတ်စေဟု၊ သံခြန္ဒုတ်ထပ်၊

---

(၁) ယာဉ်သာစထီး-က၊ (၂) မင်းတိုင်ခသား-က၊

မကြာအပ်ခဲ့၊ လျပ်လျပ်နှင်စိုင်း၊ ငှက်ဥဖျိုင်းသို့၊ ထိုင်းထိုင်းခုန်ပြေး(၁)၊ တိမ်ဖွေးဖွေးကို၊ ရေးရေးမျှော်တည့်၊ အရော်ကြည့်လျက်၊ နောက်လှည့်ငဲ့စောင်း၊ မရှိကောင်းတည့်၊ လေကြောင်းဟူးဟူး၊ ရထားဦးဖြင့်၊ စူးစူးဆောလျင်၊ ရွှေပြည်ဝင်အံ့၊ သွင်ပြင်သဏ္ဌာန်၊ ထူးကဲလှန်လျက်၊ သုဝဏ္ဏလိပ်၊ ရွှေတံဆိပ်နှင့်၊ သုံးကျိပ်သုံးယောက်၊ သိကြားမှောက်ဝယ်၊ တောင်ညောက်မြင်းမိုရ်၊ မြရည်ယိုသို့၊ ပွက်ဆိုသွယ်နည်း၊ မှတ်ဘွယ်ချည်းတိ၊ ကမ္ဘည်းရွှေစောင်၊ ရေးရအောင်နှင့်၊ ခြောက်ဘောင်နတ်ပြည်၊ ကျော်လိမ့်မည်ကြောင့်၊ ကျည်သရာပင်၊ ထင်ထင်မင်းပွဲ၊ တင်းတင်းရဲလျက်၊ နက်နဲနှိုက်စမ်း၊ ပိုက်သားဝမ်းဖြင့်၊ မွှမ်းမွှမ်းကုဋ္ဌေ၊ သခွေ့သိန်းသန်း၊ နတ်အဝန်းဘွင်၊ မထွန်းစရာ၊ ရတနာခြယ်မြောင်၊ တန်းခိုးဆောင်သား၊ တထောင်မျက်စိ၊ တို့ဘုန်းဟိကို၊ ရှိလည်းမခိုး၊ နေရာတိုးလျက်၊ တန်းခိုးမလွှတ်၊ ရှင့်ကိုယ်မြတ်ကို၊ ၊ဆွတ်ဆွတ်ပြောဘော် မှူလှည့်တော့။

ဝေဠု ပန ဝတ္ဌာ ပုရတော ရထံ ပေသေတာ သိနေရုံ ပရိဝါရေတ္ဌာ ဌိတေ သတ္တာ ပရိဘဏ္ဍပဗ္ဗတေ ဒဿေသိ။ တေ ဒိသ္ဝာ စ ရညော မာတလိဿ ပဋ္ဌာဘာဝံ အာဝိ-ကရောန္တော သတ္ထာ အာဟ။

---

(၁) တိုင်းတိုင်းခုန်ပြေး-က၊

၉၆။ ဤသို့မြောက်ချီ၊ ရွှေနောက်ညီလျက်၊ စီစီလျှဉ်လျဉ်၊ အစဉ်သင့်လှ၊ စီရင်မသား၊ သိကြွးမျက်ဆန်၊ နတ်တမန်ကား၊ လျင်ထန်ရောက်ဌ၊ ရွှေတံဖျာနှင့်၊ အရာတဆယ်၊ ရွှေကြိုးသွယ်ကို၊ လက်ဝယ်ရစ်ပတ်၊ ငင်လှုပ်ခတ်လျက်၊ ကျင့်ဝတ်ဖြည့်ဖြူး၊ ရဲတင်းကျူးသို့၊ ရှေးဦးမလွန်၊ နောက်မကျန်သား၊ အားအန်ညီမူ၊ ချီပင့်တူ၏၊ ဆူသော်ရိုးမြင့်၊ ကြုံသော်တင့်လျက်၊ တို့ရှင့်ချစ်ဘွယ်၊ ရင်ပြင်ကျယ်နှင့်၊ ဆွယ်သွယ်မြီးရောက်၊ ခေါင်းသို့ကောက်သား၊ ကျောက်ကားနိမ့်လို၊ ကိုယ်ကားတို့၍၊ ယဉ်ပျိုကတင်၊ ရေသားဖျင်သည်၊ မွေးမှင်လှချေ၊ ထောင်သိန္ဓောတို့၊သန်ကျောအားလွန်၊ တခသောင်းခန့်၏၊ သက်စွန့်ဖြုန်းဖြုန်း၊ တက်တုန်းတုန်းဖြင့်၊ ရုန်းကုန်လသေး၊ တို့အရေးကား၊ ယက်ပြေးလူလူ၊ စဉ့ငူပြင်ကျွန်း၊ မထွန်းစဖူး၊ လေဟူးဟူးဝယ်၊ တန်ရှူးတချောင်း[1]၊ တံငါလောင်းနှင့်၊ ဗူးတောင်းကိုးကွယ်၊ တဘက်ရွယ်သို့၊ ရောက်လွယ်ခွံခွံ၊ မူဝံကြယ်မှိုး၊ ခရိုးမတ်မတ်၊ မိုးကြောင်းဖြတ်လျက်၊ ညီညွတ်တရှည်၌၊ ကြိုးကုန်လှည့်ဟူ၊ တည့်ဘည့်သွားလား၊ ရှည်သုံးပါးနှင့်၊ ရထားရွက်ဆောင်၊ မြင်းတထောင်ဝယ်၊ အဆောင်မြောက်မြား[2]၊ ကျောက်ကုန်းကျားလျက်၊ စွယ်ဖျားပေါက်ကဘ၊ တပွင့်ကြာလည်း၊ လှစ်ခွါဖောက်ထိုး၊ သည့်ထက်တိုး၍၊ ဆက်ရိုးတျင်းတျင်း၊ ခွံခွံ

---

(၁) လေဟူးဟူးကို၊ ထွန်းရှူးတချောင်း-ဟ၊ (၂) သန်ခေါင်မြောက်မြား-က၊

နင်းလေ့၊ ကျွန်ချင်းကျွန်ဘော်[1]၊ ကြမ်းကြမ်းငေါလျက်၊ ခေါ်တော်ဟူက၊ ကြောက်ရွံလှ၏၊ ဆွေစပြင်သူ၊ နတ်လျှင်ဟူလည်း၊ အမူကောင်းသည်၊ ထီးနှင့်စည်တည့်၊ မည်မသင့်ငြား၊ လည်နှင့်ခားဟု၊ မှတ်သားဝမ်းမှာ၊ စိတ်ရွက်ကာလျှင်၊ တံဖျာခတ်လတ်၊ နှင်လေလွှတ်သည်၊ ၊တောင်ထွတ်မြင်းမိုရ် တူရှုတည်း။

၉၇။ သုံးလူ့သနင်း၊ တရားမင်းဘုရား၊ ဟောခဲ့ထားသား၊ ရှည်လျားကျမ်းပို၊ ခဲစွာနိုးလျက်၊ အမျိုးလေးဘော်၊ နာတုံသော်လည်း၊ ရှင်ပျော်လှည့်ဘွယ်၊ အသွယ်သွယ်တို၊ ပင်လယ်ဝမ်းချိုင်း၊ စမ်းလေတိုင်းလျှင်၊ ငသိုင်းကိုသာ၊ ဆုပ်မိကာသို့၊ နည်းနာလှောက်ပါး၊ အောက်တခြားမှ၊ စကားဆစ်ခက်၊ အသစ်တက်အံ့၊ လှော်ချက်သိဂီ၊ နိုလဝယာ၊ အဋ္ဌကာနှင့်၊ နာလာမုတ္တာ၊ မည်ထုတ်စသား၊ ကမ္ဘာ့ကျက်သရေ၊ ဆယ်ပါးရွှေဖြင့်၊ လုပ်ထွေကျစ်လျစ်၊ ပြီးသစ်သစ်သား၊ သရစ်လှဆန်း၊ ရထားနန်းကို၊ ခေါင်ရန်းရည်တင့်၊ တောလုံးပွင့်လည်း၊ နှိုင်းချင့်မတောက်၊ ထွန်းတောက်ရောင်လှျံ၊ ရွှေတောင်ပျံသို့၊ ဟီသံသဲသဲ၊ ကွန်ကြဲလမ်းကျယ်၊ မိုးဝှမ်းလယ်ဖြင့်၊ ကယ်လေသရော်၊ အထက်မော်လျက်၊ ထင်ပေါ်ဝန်းခြုံ၊ လေးကျွန်းဆုံ၌၊ လေးစုံရောင်ဖြန့်၊ ဝေးခေါင်တွန့်၍[2]၊ တိမ်ညွှန့်မတ်မတ်၊ မြင်းမိုရ်လတ်ကို၊ ရုံပတ်

---

(၁) ကျွန်ရင်း ကျွန်ဘော်-က၊ (၂) ဝေးခေါင်ဖြန့်လျက်-က၊

သီးသီး၊ ရစ်ဆီးခြဲးခြား၊ ခုနစ်ပါးဖြင့်၊ ဝန်းလျားနိမ့်မြင့်၊ တောင်စဉ်ဆင့်ကို၊ နတ်ရှင့်မျက်ဖျော်၊ ပြတုံသော်လည်း၊ ရှုမြော်ထွေပြား၊ ရွှေရထားက၊ ဘဘွားဘေးလောင်း၊ မမြင် ထောင်းတည့်၊မိုးကြောင်းသွားစံ၊ ညွှဲကြီးခံသို့၊ တရုံထင်နိုး၊ ရှင်ဖြိုးဖြိုးလျှင်၊ နေမျိုးစောဓိး၊ မေးငဲ့ချိုးသား၊ အတိုးလွန် ဝေး၊ ဖြစ်ဟန်ရွေးကို၊ ကျွေးနှင့်ခရမ်း၊ သရက်ပြွမ်းမျှ၊ မှည့် ရွမ်းညီးညီး၊ ပင်တိုင်းသီးသား၊ မြို့ကြီးယှဉ်ကာ[1]၊ ဥယျာဉ် သာဠ၊ မြတ်စွာဟောလို့၊ ဂါထာဆိုလျက်၊ သံချိုနှုတ်တော်၊ ဤသို့ဘော်က၊ ပူဇော်နှစ်ထောင်း၊ ကြွေးကြော်ညောင်း သည်၊ ၊သောင်းသောင်းသာဓု နတ်လူတည်း။

သဟဿယုတ္တံ ဟယဝါဟိ ံ၊ ဒိဗ္ဗယာန မဓိဋ္ဌိတော။
ယာယမာနော[2] မဟာရာဇာ၊ အဒ္ဒါ သီဒန္တိရေ နဂေ။
ဒိသွာန၁[3] မန္တယီ သူတံ၊ ဣမေ ကေ နာမ ပဗ္ဗတာတိ[?]။

၉၈။ အစမထင်၊ သသ်ရာဟု၊ ဗလဝါမြစ်မ၊ ဝဲသြဃတွင်၊ မွန်းချတဏှာ၊ အဝိဇ္ဇာတုံ၊ မျက်လှာချုပ်ချုပ်၊ လက်ဝါး အုပ်လျက်၊ ရွှပ်လစ်စေကာ၊ မိုက်မှိုင်းစွာလျှင်၊ ကြမ္မာ ဆောင်ကြဉ်း၊ ဆင်းရဲညှဉ်းလျက်၊ သေမျဉ်းလန့်ဆုံး၊ အညှန့်

---

(၁) မျှို့.ကြီးယှဉ်ကာ-ဟ၊
(၂) သဟဿယုတ္တံဝဟယဝါဟိ၊ ဒိဗ္ဗယာနိတိဓိတော၊ ယာမာနော-က၊
(၃) အဒဿသိတန္တရေ နာဂေ၊ ဒိသွာ နာမံ တတိနုတံ၊ ဣမေ ကေနာမ ပဗ္ဗတေ တိ-က၊

တုံးသား၊ နှလုံးပူဆာ၊ ငြီးငွေ့စွာမှ၊ လွတ်စာကိုယ်ယုံ၊ ငါ့မှာ ပုံက၊ မာန်ဟုံကျန်းလျက်[1]၊ မိုက်ရမှက်ကို၊ ပယ်ဖျက်စင်ကြယ်၊ ရှင်စံပယ်သည်၊ မျိုးနွယ်လေးပါး၊ တပည့်သား တို့၊ ၊တိုင်းကာလှစ်ဘွင့်၊စည်ပင်မြင့်လျက်၊ ယခင့်သောခါ၊ မိဓိလာဟု၊ မည်သာခေါ်ပင်၊ဤပြည်ထင်၌၊ ရှင်တို့ဆရာ၊ ဘုရားငါကား၊ သမ္ဘာဖြန့်ခို၊ ကောင်းညွှန့်ရှိသား၊ နေမိမင်းကျော်၊ ဖြစ်သရော်လျင်၊ သာပျော်ခန်းဝါ၊ မြင်းမိုရ်ချောက၊ သူဇာမြောက်သား၊ မိုးသိကြားကား၊ ငါ့အားချစ်တပ်၊ လပ်လည်းကြီးစွာ၊ ပေးလိုဌါဖြင့်၊ ဆက်စာလိပ်ရွှေ၊ ကမ္ဘည်းခွေလျက်၊ ဝေဇယန္တာ၊ မည်သာတမွတ်၊ ယာဉ်ကျော်မြတ်ကို၊ လွတ်လျင်စိမ်းမား၊ မြရွှစ်ပါးတွင်၊ ကြွားကြွားရောင်ညို့၊ ပေါက်အုံသို့သား၊ နှစ်လို့ရှုအခါ၊ မူလီမူလာ၊ ကက္ကရာနှင့်၊ သာခါခန်းမြတ်[2]၊ ဝင်သဝတ်ကို၊ ပတ်ပတ်ဝန်းလည်၊ စီမြောင်ချည်လျက်၊ ထုံရည်တင့်ပေါင်း၊ ရောင်မောင်းတခြား၊ ကတဲသားဟု၊ ပတ္တမြားမျိုး၊ တန်းခိုးကြီးမြတ်၊ တုတ်တုတ်နီနီ၊ ဇီဝရက္ခာ၊ ဂေါမူလာက၊ စသည်ခြောက်မည်၊ တောက်နေခြည်သို့၊ မွန်ရည်နှိုင်းစံ၊ ဆစ်ပိုင်းရံလျက်၊ ပန်းမမြောက်၊ စိန်စစ်ကျောက်ကား၊ ခုံလောက်ခွထက်[3]၊ နားပန်းနှက်၍၊ ဝန်းရှက်နောက်ညောင်း[4]၊ ပုံတောင်းနန်းအိုး၊

---

(၁) လွတ်ခါတိုးမှုန်း၊ ငါမှာပုန်းက၊ မင်းဘုန်းချမ်းလျက်-က၊
(၂) သာခွါဖန်မြတ်-က၊ (၃) ခုံလောက်စွန်းထက်-က၊
(၄) ဝန်ရွက်နောက်ညောင်း-က၊

ထမ်းပိုးစပ်တိုင်၊ မြဲခိုင်လက်ရုံး၊ ခါးပန်းဖုံးထက်၊ ရွဲလုံးကြွေ့ကြွေ့၊ ခြသေ့ထောင့်နား၊ မားမားနေထိုင်၊ ရှေ့စိုင်လုံးထွင်း၊ နှိုင်းနှုန်းခင်းချ၊ တူချင်းမထင်၊ ရှေ့ဆက်ငင်လျက်၁၊ ကရုကျင်ကရနို့၊ ရှေ့တချိန့်၊ ဆယ်မြို့မက၂၊ ပြန်တာချသော်၊ တရှဉ်းငါးဆယ်၊ ရထားကျယ်ကို၊ ဆန်းကြယ်ထွလာ၊ ရူးမူးရှာမျှ၊ မျက်မြှာစိတည့်၊ တညီကြည့်သော်၊ ဝန်းပြည့်ဖိုးဖြိုး၊ ရှေ့ပေါင်းမိုးလျက်၊ သတိုးစောလောင်း၊ မိုးတကြောင်းထက်၊ကောင်းစလှည့်သည်၊ ငါ့အရည်ကြောင့်၊ ရွက်ရှည်လှတင့်၊ တမ်းခွန်လှင့်လျက်၊ ကြီးမြင့်ဆင်ပြောင်၊ ထောင်ကားသိန္နေဝ၊ လေဟောဟောကို၊ နတ်စောဘုန်းလျှင်၊ ရုန်းကင်သည်၊ ၊ပင်စွန်းအံ့ မဟူတည်း။

၉၉။ ထောက်ကန်လှမ်းပြေး[2]၊ တိမ်ညွှန့်နွေးသို့၊ ကွေးကွေးလက်မြောက်၊ မေးဖျားပေါက်လျက်၊ နောက်လည်းဝမ်းပျဉ်း၊ ပခုံးစဉ်းမျှ၊ ယဉ်းတရားပက်၊ ရထားစက်ကို၊ ဆောင်ရွက်ကြွားကြွား၊ သိန္နေဝသွားသော်[3]၊ ဆပွါးရှင်ဝမ်း၊ မိုးပြင်လမ်းခွဲ၊ ညချမ်းနေငြိမ်း၊ ရထားထိမ်းလျက်၊ ရှိမ်းရှိမ်းညိုရောင်၊ တောင်၏အလျဉ်၊ ခုနစ်စဉ်ကို၊ စက်ယာဉ်စီးလျက်၊ မင်းကြီးတက်၍၊ နှစ်သက်နာလို၊ မေးနှုတ်ချို၏၊တိမ်ညိုတိမ်ဝါ၊ တိမ်ပြာတိမ်နှမ်း၊ လက်နှင့်လှမ်းလည်း၊ ရမ်းရမ်းမှိုန်ဝိုး၊ ချုပ်ချုပ်မိုးလျက်၊ အခိုးမိုက်မိုက်၊ ကောင်းကင်ဆိုက်မျှ၊

---

(၁) ရွှေစက်ငင်လျက်-ဟ၊
(၂) ဆက်သံလန့်ပြေး-က၊
(၃) ဆယ်မျိုးမက-ဟ၊
(၄) သိန္နေဝလှဉ်းသော်-က၊

သိုက်တူမြင်တူ၊ ပရဘူတိ*၊ ဝါး ကျူ ခယင်၊ တုံကရင်နှင့်၊ ရှိုက်လင်ဝါးပို[၁]၊ ကြလိုကြခပ်၊ ရောထပ်အပေါင်း၊ သိုက်ကြသောင်းတိ၊ နှံ့ကောင်းလှိုင်ခြင်း၊ ဧကြိုင်ပြင်းသား၊ အင်ကြင်းဘက်ဆွတ်၊ ရင်ခတ်ပျဉ်းသိမ်၊ ထိမ်နှင့်မအူ၊ သစ်ဆူကြောင်လျှာ၊ ဇီသဝါမှ၊ ဇလတ္တာမြစ်ကိုင်း၊ ဒဝယ်မှိုင်းတို့၊ ရွှေနှိုင်းပိတောက်၊ ကြက်မောက်စွယ်တော်၊ ကံ့ကော်ချရား၊ စံကားထင်းရူး၊ စန္ဒကူးတိ၊ ပင်လူးအိမ်ဆီး[၂]၊ ချစ်ဘွယ်ကြီးလျှင်၊ သမီးလုလင်၊ ဖြုတ်ခြည်းထင်မျှ၊ ကညင်ဓနုန်း၊ ထန်းအုန်းပင်စောက်၊ ကျွေးရှောက်စောင်းရှား၊ သဖန်းခါးလည်း၊ ကြီးမားပေါပည်း၊ အိုးစရည်းသို့၊ မည်းမည်းရိပ်ရိပ်၊ တောင်ထိပ်မောက်မောက်၊ လူတယောက်မျှ၊ မရောက်တစုံ၊ ငါသာဝံ့၍၊ လူညံ့တပြီ့၊ ပျံ့ဘွယ်ရှိ၏၊ မျက်စိသီရီ၊ ရှုတိုင်းအီသည်၊ ၊ငါ့ညီအဘယ် တောင်တည့်နည်း။

၁၀၀။ အကြားအကြား၊ ခြားရှိစီးသား၊ မြစ်ကြီးသီဒါ၊ ခုနစ်ဖြာနှင့်၊ ကျယ်စွာနိမ့်မြင့်၊ စိုးစိုးစွင့်တည့်၊ မြေနှင့်တစပ်၊ တောင်အထပ်၌၊ တန့်ရပ်စောဓီး၊ ဂဲ့ချီးဆိုနှုတ်၊ ဥဿဖယား၊ ပြယားဂေါ်မိတ်၊ သပိတ်ရောင်ကျင်း၊ သလင်းကစ၊ သိကြာ့ပေါက်ပေါက်၊ ရွှေသွေးကျောက်လည်း၊ ကောက်သော်ဤတွင်၊ ပည်းမျှဖြင်၏၊ ကွမ်းပြင်တပ်စွန်း၊ မံသခန်းနှင့်၊

---

* မုံရွှေးမှတ်စုတွင် - ရခိုင်ပြည်၌ သရဂူဝါးရှိကြောင်းပြထားသည်။ 'သိုက်တမြင်တူ၊ သရဂူတည့်။ ရှိက ပိုကောင်းမည်ထင်သည်။

(၁) ရှိုင်းလင်ဝါးပို-က၊ (၂) ပင်လူးဆိတ်သီး-က၊

ရည်မြန်းရှိန်းခို[၁]၊ လိုလည်းမရှား၊ ပတ္တမြားပြည်ထိ၊ မြအတိ နှင့်၊ ဇော်ဂီ့ဆေးရိုး၊ သမိုင်းမျိုးလည်း၊ နှင်းမိုးဖျန်းချ၊ ပင်ဝန်းလှလျက်၊ တာလဗီဇ၊ ဩသဓဖြင့်၊ ညသော်သိပ်သိပ်၊ ရွက်အိပ်ဆယ်ပါး၊ အိမ်တော်ယားတို့၊ ဆေးဝါးအစုံ၊ ရွှေငွေ တုံလည်း၊ ပြည့်ပုံတွင်ချည်း၊ ဖြင်မျှပည်း၏၊ ကြည်းကြည်း ကျက်ကျက်၊ မြကျောက်စက်ဖြင့်၊ ကြာဘက်ဘောင်ဘင်၊ ရေရှင်ကမ်းတောင်း၊ ချောင်းမြောင်းစီးကွန်၊ ရေတမ်းခွန် လည်း၊ ပြင်းဝှန်ဖြူးဖြူး၊ အထက်မြူးမှ၊ ဟူးဟူးထန်လှ၊ သွန်း လျှံကျလျက်[၂]၊ ဖိုမ ပျံဝေး၊ မြည်ကြွေးမဆိတ်၊ ကရဝိက် ကြက်တော၊ သောသော သောင်းသောင်း၊ ဥဒေါင်း ကြိုးကြာ၊ ဟင်္သာဝမ်းဘဲ၊ စွန်ရဲငဟစ်၊ ယစ်နှင့်လင်းဝက်၊ ဆက်ရက် ခါ ငုံး၊ အိုင်ထုံးယံနား၊ ပျံကာလွှားတည့်၊ ကုလား တမာ၊ သာဋ္ဌိကာလည်း၊ ခြင်းရာဆင့်ဆင့်၊ ရင့်ရင့်ကျူးကျူး၊ ဝမ်းနူးဝမ်းညွတ်၊ ဆွတ်ဆွတ်ဆက်ဆက်၊ သံမြက်ချေစွာ၊ ရွှင်ဘွယ်သာလျှင်၊ ရုပ်ဝါနတ်ယောင်၊ မိထွတ်ခေါင်နှင့်၊ တောတောင်ရတု၊ ရှုရမူကား၊ မပျော်ပါးလော၊ ထားခဲ့ ပေမိ၊ မင်းရည်ရှိသား၊ဇာတိထွတ်ဖျား[၃]၊စောတရားကို၊ နတ် သားညွှန်ပြ၊ မြင်တုံကလည်း၊ ပြောပလှည့်ကျင်၊ ငါ့ပြည်ဝင် သော်၊ အောင်မြင်တန်းခိုး၊ စာရင်းထိုး၍၊ ငါ့မျိုးငါ့ဆွေ၊ မှတ် ပစေအုံ၊ ထိပ်ဗွေလွေးလွေး၊ အောက်သို့ပြေးလည်း၊ ရေးရေး

---

(၁) ရည်မြန်းသိန်းခို-က၊ (၂) သွန်းလချလျက်-ဟ၊
(၃) သတိမာဖျား-က၊

ရက်ရက်၊ နိမ့်နိမ့်သက်၍၊ တက်လေသည်ကား၊ ထိပ်ဖျား သွန်းသွန်း၊ ဦးစွန်းမော်မော်၊ မျှော်လတုံထွေ၊ မြင်လေလေ လျှင်၊ ဖန်ဝေစီရင်၊ ဘယ်နတ်ပြင်၍၊ သို့စင်ပေါ်ထွန်း၊ ကြောက်ဘနန်းမျှ၊ ကျယ်ဝန်းနှံ့စပ်၊ အထပ်ထပ်တုံ၊ မိုးလျှပ် ရည်ရှင်၊ စို့သက်တင်သို့၊ တုရင်ကမောင်း၊ မွန်ခေါင်းကျစ် လျစ်၊ စုလစ်ကျင်းကျင်း၊ မှန်ကင်းဖူးငုံ၊ ရူးမူးတုံမျှ၊ လူ့ဘုံ ဖြစ်၍၊ အခလေ့ဖြင့်၊ လက်ဝှေ့မသတ်၊ အန်ခတ်မကြိုက်၊ ကြက်တိုက်မခေါ်၊ ကုသိုလ်ဖျော်၍၊ မွေ့လျော်စေဘို့၊ ကောင်းမှုတို့နှင့်၊ နှစ်လို့သဖြင့်၊ မှန်စွာကျင့်သား၊ ချီပင့် မိုးမှာ၊ ကိုးကွယ်ရာကြောင့်၊ ချမ်းသာစံမှတ်၊ သာကုန်မြတ် လျက်၊ တောင်ထွတ်နှိပ်နင်း၊ ဘယ်နတ်မင်းတို့၊ ၊နေခင်း ဗိမာန် ဆောင်တည့်နည်း။

ဧဝံ ရညော ပုဋ္ဌော မာတလိ ဒေဝပုတ္တော အာဟ—
သုဒဿနော ကရဝီကော၊ ဤသဓရော ယုဂန္ဓရော။
နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ဂိရီ ဗြဟာ။ ။
ဧတေ သီဒန္တရေ နဂါ၊ အနုပုဗ္ဗသမုဂ္ဂတာ။
မဟာရာဇာန’ မာဝါသာ၊ ယာနိ တံ ရာဇ ပဿသီတိ။ ။

၁၀၁။ စိုစိုပြည်ပြည်၊ မေတ္တာကြည်က၊ ဆိုမည်ခြင်းရာ၊ မရွံ့ရှာတည့်၊ သီဒါမြှောင်ရစ်၊ ထဲချောင်နစ်လျက်၊ ကမ်း ထစ်နံလျောင်၊ စောင်းတန်းထောင်သို့၊ တောင်၏ဖြစ်ထွေ၊

ခုနစ်ထွေကို၊ ကောင်းတေမျှော်ရှု၊ ပျော်သမှုဖြင့်၊ လှုလှုလှက်လှက်၊ မေးမြှုပွက်သော်၊ ထက်ထက်နှုတ်မြန်၊ နတ်တမန်လည်း၊ ပြန်လတုံခြင်း၊ သောင်းတိုက်တွင်းဝယ်၊ တစင်းပြည်ဘက်၊ မကြည်သက်လည်း၊ အမျက်မပန်း၊ မေတ္တာဖျန်းလျက်၊ ဘုန်းတန်းနှုတ်ထွက်၊ အာဏာစက်ကြောင့်၊ ပယ်ဖျက်ထဲနစ်၊ တူးထွင်းလှစ်လျက်၊ နွယ်မြစ်ခုတ်ဖြတ်၊ ရန်လုံးသတ်သည်၊ စောထွတ်ဘုန်းဟေ့၊ ရွှေခြသေ့်၊ ၊ငါရွှေမဆို၊ ငါ့ကိုလွန်ကြင်၊ ငါ့ချစ်ရှင်က၊ ပည်းဖြင်နတ်ပုံ၊ ခေါ်ဝေါ်တုံ၏၊ ယုံလော့ရှေးခါ၊ ကမ္ဘာပေါ်စ၊ လကားတပေါင်း၊ ရက်လည်းကောင်းလျက်၊ ထီးဆောင်းစည်တီး၊ မင်းကြီးနက်သတ်၊ အခါမြတ်၌၊ ရစ်ပတ်နေလ၊ ကြယ်ထိုမျှနှင့်၊ တကွမြင်းမိုရ်၊ နဂိုကျွန်းမော်၊ တည်ထွန်းပေါ်က၊ ထိုရော်ယှဉ်လျက်၊ တပြိုင်နက်ဖြင့်၊ ပျက်လည်းအတူ၊ ဖြစ်မူအညီ၊ နာရီဘဝါး၊ ဆံဖျားမယုတ်၊ တံတိုင်းဟုတ်ဖြင့်၊ ခြုတ်ခြုတ်ဝမ်းပိုက်၊ အကြားနှိုက်လည်း၊ ဝဲလှိုက်စီးဖြာ၊ ထုံနှံ့သာနှင့်၊ ဗိုင်းဝါဒေါင်းမွေး၊ နစ်ကျဆွေးလျက်၊ ချမ်းဧကြည်စွာ၊ သီဒါယဉ်ဘောင်၊ ခုနစ်မြောင်ဖြင့်၊ မြရောင်ညို့ညို့၊ ထိုတောင်တို့သည်၊ ၊မြင်းမိုရ့်အရံအကာတည်း။

၁၀၂။ ရာဇနက်သတ်၊ ပါဒ်မစီးတိ၊ ရွှေထီးမဆောင်း၊ စကားဟောင်းဖြင့်၊ အကြောင်းခံလျက်၊ ဂဏန်းချက်သော်၊ စဉ်းလက်သန့်ငှါ၊ နေ့မြတ်စွာနှင့်၊ ကောင်းခါယှဉ်ယှဉ်၊

ခုနစ်လျှင်ကား၊ အစဉ်အတိုင်း၊ နိမ့်နိမ့်ချိုင်း၍၊ ဆိုင်းဆိုင်းဆို့ဆို့၊ မြို၏သဖွယ်၊ ဝန်းလျားကျယ်လျက်၊ မြင့်သွယ်ခိုင်ကျည်၊ ခေါ်ဆိုမည်မူ၊ မွန်ရည်လတ်လတ်၊ သုဒဿန၊ ရွှေတောင်လှန့်၊ ကရဝိက၊ လျှောပျံကျလျက်၊ သာရကလျာ၊ နှံသာပန်းစုံ၊ ရကုံသာနိုး၊ တောင်အမျိုးတွင်၊ တန်းခိုးမပိန်၊ ဝင်းဝါထိန်သား၊ ဣသိန္ဓရ၊ ယုဂန္ဓရတို့၊ တောက်ပနေရှိန်၊ ကျောက်လေးစိန်နှင့်၊ နေမိန္ဒရ၊ ဝိနတဟု၊ နာမခေါ်မှန်၊ ဤခြောက်တန်မှ၊အဿကဏ်ကား၊ အစွန်းနားဖြင့်၊ ငန်ဆားခပ်ပြွမ်း၊ မြစ်ရေချမ်းလည်း [1]၊ တင်းကျမ်းဖြင်ညီး၊ ပြင်ကစီးလျက်၊ ပိတ်ဆီးရန်းရန်း၊ ပြင်ကထွန်း၏ [2]၊ သိမ်းမြန်းစိုးချုပ်၊ အုပ်သည်တမူ၊ အကြင်သူတို့၊ အလှူကောင်းမှု၊ ဆင်းတုဂူကျောင်း၊ ဆုတောင်းပတ္တနာ၊ မသဒ္ဓါမှု၊ မိစ္ဆာစာရ၊ ဝမ်းကလိုက်လိုက်၊ ကျင့်စရိုက်ကို၊ ပုရပိုက်လေးစောင်၊ ရေးချေဆောင်လျက်၊ ဘုန်းခေါင်နတ်သို့၊ ဆက်လှာပို့၏၊ ရဲမျိုးစတေ၊ ရဲနေကျကျ၊ ရဲလှခြင်းရာ၊ ရဲပညာနှင့်၊ လှဘားကာရင်းတည်၊ လုံရှည်အဲမောင်း၊ ကျွန်ကောင်းထောင်သင်း၊ ဆင်မြင်းလှောက်ဖြည့်၊ မှုတော်ရှည့်မှု၊ အလှည့်အတိုင်း၊ ခိုင်းခိုင်းခက်ခက်၊ လုပ်ကြံဘက်ဟု၊ စကြဝတေးအပါး၊ သားအကြီးသို့၊ သီးသီးခြားခြား၊ လေးပါးခန်းငါ၊ လေးမျက်နှာကို၊ လေးဖြာခွဲပြု၊ လေးဘို့စုလျက်၊ စတုမဟာ

---

[1] (၁) မြစ်ရေကြမ်းလည်း-က၊ (၂) ကျယ်စွာလန်း၏-က၊

ရာဇ်၊ သင်းကျစ်နွဲ့နွဲ့၊ ရွှေဘွဲ့ရေးရေး၊ အမည်ပေးသား၊ ကျော်သွေးနှံ့ချောက်၊ နတ်လေးယောက်တည့်၊ စောင့်ရှောက်နေမှတ်၊ ဘုံပြာသာဒ်နှင့်၊ နတ်အမတ်ကြီး၊ နတ်ခိုင်ဖြိုးနှင့်၊ နတ်ထီးဖြန့်လွှား[၁]၊ လွန်ပျော်ပါး၏၊ မြိုင်ပြားရိပ်လွှမ်း၊ ကျေးငှက်ပြွမ်းမျှ၊ ချမ်း၏မဟူ၊ ပူ၏မထင်၊ သန်လွင်မိုးဆောင်း၊ ရတုကောင်းလျက်၊ နီမောင်းပတ္တမြား၊ ပြယားမြခဲ၊ ပုလဲသန္တာ၊ နီလာမြုတေ၊ ရွှေငွေရောရု၊ ကျောက်သေတ္တုဖြင့်၊ ယခုတိုင်အောင်၊ ရှည်မြင့်ဆောင်သည်၊ ၊ဤတောင်ကမ္ဘာ့တန်းဆာတည်း။

၁၀၃။ ဤသို့ဟူ၍၊ ဆင်ဖြူကိုးရာ၊ ထကပါလျက်၊ ရံခါဗိုလ်ချဲ၊ တဆဲ့ရှစ်ခေါ်၊ ရေကြောင်းသော်တုံ၊ လှေလှော်အဲထောက်၊ပင်လယ်နောက်မျှ၊ လန့်ကြောက်ရွှံ့ရှာ၊ ဥခွံခွါသား၊ ဘဝနာဒိတျ၊ ပဏ္ဍိတဖြင့်၊ ပဝရမေ့ရာဇ်၊ စောရန်လှစ်ကား၊ ကမ်းထစ်လှေကား၊ မြင်းမိုရ်ခါးဖြင့်၊ လေးခြားဝေနှင်း၊ နတ်လေးမင်းတို့၊ နေခင်းလည်းဆို၊ ယုဂန္ဓိုရ်က၊ စသည်နောက်ဆုတ်၊ ရွှေရွှေယုတ်လျက်၊ သမုဒ်မြစ်ကျယ်၊ သီဒါချယ်သား၊ တင့်တယ်ရောင်ညို၊ တောင်တို့ကိုလျှင်၊ သိလိုခဏ၊ မေးချင်းတနှင့်၊ မာဃမင်းစေ၊ ဖြေလတုံငြား၊ ရှေးကြောင်းလျားကို၊ ဘုရားနှုတ်ထွက်၊ ပေထက်ရေးပွါး၊ မှတ်သားစေငှါ၊ မြိုက်ရသာနှင့်၊ မိဓိလာမြို့ကြီး၊ အနီးစပ်ယှဉ်၊

(၁) နတ်တီးမှုတ်သွား-က၊

မင်းညယျာဉ်၌၊ သဗ္ဗညုဘုန်းထူး၊ နေတော်မူသော်၊ အူအူ
ဧသောင်းသောင်း၊ စည်းပေါင်းထူပြော၊ သဃ်နောက၊ စသည်
တပည့်၊ နာကုန်လှည့်ဟု၊ မျှော်ကြည့်ဆုတ်ဆုတ်၊ ပရိသတ်
ကို၊ ၊ချေချတ်ရှင်တော် ဟောလတ်ဘော်တည်း။

အာကာသဌပဗ္ဗတအားဖြင့်ပြားသော

စတုမဟာရာဇ်ဘုံခန်း ပြီး၏။

(၁၁) စိတ္တကူဋ္ဌဒ္ဓါရခန်း

ဝေမဿ စာတုမဟာရာဇိကဒေဝလောက် ဒဿေတ္ဌာ ပုရတော ရထံ ပေသေတ္ဌာ တာဝတိံသဘဝနံ စိတ္တကူဋ္ဌဒ္ဓါရ-ကောဋ္ဌက် ပရိဝါရေတ္ဌာ ဌိတာ ဣန္ဒပတိမာ ဒဿေသိ။ တံ ဒိသ္ဌာ ရာဇာ ပုစ္ဆိ။ ဣတရောပိဿ အာစိက္ခိ။ ။

အနေကရူပံ ရုစိရံ၊ နာနာစိတြံ ပကာသတိ။
အာကိဏ္ဏံ ဣန္ဒသဒိသေဟိ၊ ဗျဂ္ဃေဟေဝ ပုရေက္ခိတ္တံ။ ။
ဝိတ္တိံဟိမံ ဝိန္ဒတိ သုတဒိသ္ဌာ၊ ပုစ္ဆာမိ တံ မာတလိ ဒေဝသာရထိ။
ဣမံ နု ဒ္ဓါရံ ကိမတညမာဟု။ ။
တဿ ပုဋ္ဌော။ပ။ ဘူမိပက္ကမာတိ။ ။
တဿ ပုဋ္ဌော။ပ။ ဘူမိပက္ကမာတိ။

၁၀၄။ ထိုသို့သံချို၊ ပြန်ပြီးဆိုသော်၊ တကိုယ်တည်းပက်၊ ချစ်ကြည်သက်လျက်၊ လက်နှင့်ဆောလျင်၊ ငင်ဘိမတတ်၊ တမန်နတ်ကား၊ ယာဉ်မြတ်တဆူ၊ ရှေတူရူဖြင့်၊ နေပူချီးချီး၊ ခရီးချိုးချိုး၊ မြင်းဆက်ညှိုးလည်း၊ ရေမိုးမချ၊ စာဝကျောက်ကန်၊ တောင်ကိုလွန်လျက်၊ နှုတ်မြန်လက်ပါ၊ တံဖျာခတ်နှိုး၊ ရွှေကြိုးကလျှော့၊ လည်မော့မော့လျှင်၊ ကြော့ကြော့ဟန်ပန်၊ ကရားသွန်သို့၊ ထန်ထန်သည်းသည်း၊ မောင်ခမည်းဟု၊ ဆည်းလည်းရွှေချူ၊ လူလူအောင်းသား၊ ကဲလားလက်ထောက်၊ လေနန်းဘောက်၍၊ နောက်ကပိတ်ထား၊ ပတ္တမြား

စီလျက်၊ ညောင်ရွက်သွင်သွင်၊ ခဏမြင်သော်၊လျင်လသော လျောက်၊ မနည်းပေါက်မျှ၊ ရောက်မိရောက်စေ၊ နှင်တုံလေ သော်၊ ရွှေငွေမျက်ရောင်၊ တပြောင်ပြောင်သား၊ တောင် မျှာ့ဓိပတိ၊ ဂီရိဗဟို၊ မြင်းမိုရ်တွင်မည်၊ သိကြားပြည်၌၊ ရောင် ခြည်ယိုဘိတ်၊ ညိုးညိုးညိတ်မျှ၊ စိတ္တကူဋ္ဌ၊ တံခါးမနှင့်၊ ထလတ် ဘန်း၊ ဦးစွန်းသျှောင်ရွက်၊ စိမြောင်ကွက်လျက်၊ ဘယက် လည်မာ၊ ရတနာစိမြုပ်၊ သိကြားရုပ်လျှင်၊ အလုပ်သင့်မျှ၊ ဆိုလှုလှုမျှ၊ ရွှလည်းနှစ်လို၊ အရှင်သို့ကို၊ မင်းစိုးမျက်စိ၊ မြင် သည်ရှိက၊ မာတလိအား၊ မေးလတ်ကြားလည်း၊ ကြောင်း လျားစေ့ရေ၊ ပြန်တုံလေ၏။ တက်နေရိုးရဲ၊ ဖြိုးဖြိုးကြဲ လျက်၊ ပြောင်ဖြိချိုးချက်၊ လက်ရရက်လျှင်၊ ကျည်းရွက် ကန့်ထောက်၊ ရက်ဘောက် ရွှေတိုင်၊ တုရိုင် ဆန်းပြား၊ နန်းတံခါးဖြင့်၊ သိကြားထွက်ဝင်၊ ရွှေစင်မှည့်ပျော်၊ စောင်း တန်းတော်လည်း၊ အရော်တည့်ထင်၊ ကြည့်သော်မြင်သား၊ ရုပ်ရှင်တမူ၊ ရှုရှုဝရဇိန်၊တာဝတိန်ထက်၊ ထိန်ထိန်တောက် လောင်၊ လက်နက်ဆောင်လျက်၊ ကုန်အောင်ထိပ်မိုး၊ ဦးနှိမ် ချိုးလည်း၊ စိုးစိုးနှောင့်နှောင့်၊ ရန်ဘက်ကြောင့်လျှင်၊ ။ ကိုယ်စောင့်ထားသည်တည့်ဘုရား။

၁၀၅။ ဓနုစေ့စုံစုံ၊ ဆိုကုံရေးရာ၊ အစစ္စာက၊ တာဝတိံ သာ၊ နတ်ရွာသခင်၊ ချစ်ရှင်သိကြား၊ တို့ဘုရားလျှင်၊ ရှေး ဖျားဘဝ၊ လူ့ပြည်ကၡ်၊ မိဘကျင့်နည်း၊ သူ့ပစ္စည်းကို၊

မရည်းစပါ၊ သဘောသာဖြင့်၊ ကြမ္မာယုံကို၊ လှူကုသိုလ်မူ၊ ဆိုသော်အနည်း၊ တတွင်းတည်းတွင်၊ အလှည်းကိုးထောင်၊ ထွက်သောယောင်လည်း၊ နှိုင်းဆောင်မဆွယ်၊ အမှတ်ရွယ်၍၊ ကြွယ်ကြွယ်ဝဝ၊ ကုံငသောလျောက်၊ စရပ်ဆောက်သား၊ ဝမ်းမြောက်စိတ်ဖြောင့်၊ အလှူကြောင့်လျှင်၊ ရှစ်သောင့်းလေးထောင်၊ အစောက်ဆောင်သား၊ ရွှေတောင်ထိပ်ထက်၊ အလယ်ချက်၌၊ နှုတ်နက်မောင်းဆို၊ တောင်းလောင်းတိုမျှ၊ ထိုထိုပစ်လွှတ်၊ လက်ရှိန်သတ်လည်း၊ လွှတ်လွှတ်ပြေးထွက်၊ စက်၏တန်းခိုး၊ မြည့်မြည့်ကျိုးလျက်၊ စိုးမိုးအသစ်၊ သိကြားဖြစ်၏၊ စုလစ်ဘုံဆင့်၊ စွင့်စွင့်စိုးနှိမ်၊ စည်းစိမ်ကြာညောင်း၊ သိကြားဟောင်းမူ၊ သေကောင်းသောက်တတ်၊ နတ်မှူးမတ်နှင့်၊ မြတ်မြတ်နိုးနိုး၊ လျှာရှည်ကျိုး၍[၁]၊ နှိုးလည်းမရ၊ အိပ်ပျော်ကြလျက်၊ ဘု ဘ မသိ၊ မျက်စိမှိုင်းဝေ၊ ဖြစ်ကုန်ချေကြောင့်၊ ခြေကိုကိုင်လစ် ၊ ငင်၍ပစ်လျှင်၊ မြစ်သို့ရိုက်ကျ၊ ဖြဖြအားလုံး၊ စည်းစိမ်ဆုံးလည်း၊ တရုံးတစည်း၊ ဖြင်ပည်းတက္ခ၊ ကမ္မဇကြောင့်၊ ဌာနသင်းသီး၊ တစင်းထီးနှင့်၊ ပြည်ကြီးလည်းကောင်း၊ တသောင်းယူဇနာ၊ နိုင်ငံတာလျက်၊ ချမ်းသာမညှိုး၊ တန်းခိုးမစယ်၊ ဘုန်းမပြယ်တည့်၊ စံပယ်စလျက်၊ အသက်ခန္ဓာ၊ မြင့်ရှည်ကြာသော်၊ အူချာသည်းပွတ်၊ မွတ်မွတ်ထွားထွား၊ ရေသားနစ်နစ်၊ ကောက်ကျစ်ကွေ့လည်၊ လုပ်ကြံရည်ဖြင့်၊ ဆွေသည်ဖြစ်ကြောင်း၊

(၁) လျှာရည်ကျိုး၍-က၊

တို့ရှင်ကောင်းလျှင်၊ ချောင်းနောင်းသင့်တုံ၊ နှစ်ပွင့်စုံသို့၊ ရွှေဘုံဝင်ထွက်၊ ကြင်ကြလျက်တည့်၊ အမျက်ပြောစည်၊ ဤနှစ်တည်ကြောင့်၊ မကြည်လျှင်းပဲ၊ မြင်းမိုရ်ထဲက စွမ်းရဲညီညွတ်၊ စစ်မက်လှတ်၍၊ နတ်နှင့်မတန်၊ လူ့ဖြစ်ဟန်သို့၊ ၊ခိုက်ရန်ပွါးသည်တည့်ဘုရား။

၁၀၆။ တယောက်စကား၊ တယောက်ပွါး၍၊ ထင်ရှားမျက်မြင်၊ ကောင်းကြွယ်ချင်လည်း၊ ပဲ့ပြင်ကြမှာ၊ အရင်းစွာကို၊ စိတ်ဖြာမကြံ၊ နှလုံးပျံနှင့်၊ ဝေးလံရပ်မြေ၊ သွားရှာချေလည်း၊ ပန်းခြေကျလျက်၊ အင်မတက်တည့်၊ နှောင့်ယှက်ငြိုးစိုက်၊ မီးအိုးပိုက်သို့၊ ကိုယ်၌အမျက်၊ ချုပ်ချုပ်ထွက်မျှ၊ တိတ်တက်ခေါ်ခေါ်၊ ဖြစ်တုံသော်လည်း၊ သူတော်ဇာတိ၊ သည်းခံဘိက၊ မိမိနှစ်သက်၊ နေကာပက်လျှင်၊ တိုးတက်တုံလှည့်၊ လုံးစုံပြည့်၏၊ နတ်တည့်သဘော၊ ဆင်းရဲသောဟု၊ ကျော်စောညံ့စဲ၊ မရှိပဲလျက်၊ ကိုက်ခဲမတတ်၊ သူရာနတ်တို့၊ သခွတ်ပွင့်က၊ စိတ်ကြွကြွလျှင်၊ ဒေါသမုန်ယို၊ ဖပ်ဖပ်စိုမျှ၊ မျက်လိုမျက်စည်၊ ပြည်နှင့်သမီး၊ ရန်ကြီးနှစ်ပါး၊ ဖြစ်သောအားဖြင့်၊ ရှည်လျားငြိုးဆုန်း၊ စီးပွါးပြုန်းလျက်၊ အမုန်းဆက်ဆံ၊ လောကခံကြောင့်၊ မြဲမြံပြုအပ်၊ လုပ်ကြံထပ်လျက်၊ ရွပ်ရွပ်ကိုက်ဝါး၊ ပခုံးသားကို၊ စားလတ်လိလိ၊ မျက်စိမျက်မှောင်၊ နှာယောင်လည်ဘင်း၊ တင်းတင်းမလှည့်၊ စောင်းကာကြည့်က၊ မြည့်လတ်ဘနန်း၊ ရွှေသာသွန်းသို့၊ ရုပ်ဆန်း

လှထူး၊ ဘီလူးသံဘက်၊ ကြောက်မက်သူရဲ၊ တောထဲမြိုင်နက်၊ လွှတ်လွှတ်ထွက်၍၊ လည်ထက်စီးကိုင်၊ လက်နိုင်ကလူ၊ ငခူလည်ချိုး၊ အရိုးသွင်သွင်၊ အရင်ခဲခဲ၊ သွေးရဲရဲလျှင်၊ ပေါက်ပြဲဟင်းလင်း၊ ခံတွင်းကြုတ်ကြုတ်၊ တုတ်လတ်ချင်ဘွယ်၊ ကယ်ကယ်အလား၊ သစ်ကျားခြသေ့၊ ဇရသတိပင်၊ အရှင်တရထည်၊ ဟောက်လာ်မည်သို့၊ ရဲရည်ထောင်ကန့်၊ ဟန့်လတ်တုံငြား၊ ရန်စောင့်များနှင့်၊ လက်နားလက်စောင်း၊ ရှေတိကောင်းသား၊ ရဲလောင်းကျင်းမြောင်၊ ကြွက်တည့်ထောင်ရှင့်၊ တောကြောင်လက်တွင်း၊ ပြေးလှာဝင်သို့၊ အောင်မြင်နိမိတ်၊ ရန်ဆိုပိတ်လျက်၊ စိတ္တကူဋ္ဌ၊ တွင်ထမည်ပင်၊ တံခါးလှင်၌၊ တို့ရှင်ရုပ်တော်၊ ရန်ဘက်မြော်က၊ ဟော်ဟော်ပြေးဟုန်၊ ခွဲခွဲတုန်မျှ၊ ဂဠုန်တန်းခိုး၊ နဂါးလျှိုးသို့၊ ငြိုးငြိုးဖျင်းဖျင်း၊ ချင်းလတ်သဖြင့်၊ ဘုန်းသာလှင့်၍၊ သူနှင့်ဦးကို၊ မတွေ့လိုဟု၊ ၊ရန်ကိုတားသည်တည့်ဘုရား။

စိတ္တကူဋ္ဌဒါရခန်း ပြီး၏။

(၁၂) သုဓမ္မာသဘာယခန်း

ဧဝဉ္စ ပန ဝတ္ထာ မာတလိ ဒေဝသာရထိ နဂရံ[၁]
ပဝေသေသိ။ တေန ဝုတ္တံ။ ။

သဟဿယုတ္တံ ဟယဝါဟိ[၂]၊
ဒိဗ္ဗယာနမဓိဋ္ဌိတော။

ယာယမာနော မဟာရာဇာ၊
အဒ္ဒါ ဒေဝသဘံ ဂဒန္တိ[၃]။ ။

သော ဒိဗ္ဗယာနေ ဌိတော ဂစ္ဆန္တော[၄] သုဓမ္မာဒေဝသဘံ ဒိသွာ။ပ။ ဒေဝါနံ အနုမောဒနတ္ထံ[၅]။

၁၀၇။ ဤသို့နတ်သား၊ မင်းမြတ်ဖျားကို၊ ခြောင်းလျားဟုတ်မှန်၊ နှုတ်ရည်မွန်နှင့်၊ ပြန်လတံ့သော်၊ ခြေတော်စက်စုံ၊ ကြာပဒုံသို့၊ ရွှေဘုံဟူပြီ၊ ရွှေသတိဖြင့်၊ ဘုန်းရှိပီစွာ၊ ဤအခါဝယ်၊ ငါသာယောကျား၊ ဘဝါးချနင်း၊ တင်းတင်းရည်ငံ၊ ကြိမ်းသံဝင့်ဝင့်၊ ဖျင်လက်ပင့်လျက်၊ လှတင့်မင်းစော၊ ဝင်စေသောဟု၊ သဘောကျမ်းဝင်၊ မစပြင်၍၊ ကောင်းကင်တထောက်၊ ထောင့်လေးယောက်နှင့်၊ သာလျောက်မွေ့ညက်၊ ရွှေကာပက်လျင်၊ ရွှေဆက်တည်းကျပ်၊ ငံ့နွဲ့ရပ်လျက်၊

---

(၁) ဒေဝသာနဂရံ-က၊ (၂) ဂဒံ-က၊
(၃) ဟယဝါဟိ-က၊ (၄) သောဒိဗ္ဗမာနော ဌိတောဂစ္ဆန္တော-က၊
(၅) ဒယောန္တိ။

မဏ္ဍပ်မည်သာ၊ သုဓမ္မာဟု၊ စကြာဝဠာတသောင်း၊ နေလ ပေါင်း၍၊ ရောင်ကောင်းမှန်းတည့်၊ ထွန်းလှာစည့်သို့၊ ရှု ကြည့်ဖြိုးဖြိုး၊ ရွှေမိုးရွှေခြင်၊ တုရင်ကမောင်း၊ ဥဒေါင်းကျေး ငှက်၊ ရွှေပင်ပက်လျှင်၊ ချက်လက်ရောင်လှံ့၊ မျက်မြောင်ရံ တိ၊ ဝတ်ဆံသကဲ့၊ မျက်အိမ်ဖွဲ့လျက်၊ သုံးဆဲ့ရှစ်ဖြာ၊ ရတနာ စုံလွန်း၊ လုံးပုံထွန်းလျက်၊ ကျယ်ဝန်းသာခေါင်၊ စရပ်ဆောင် ဖြင့်၊ ရွှေတောင်ကျက်သရေ၊ မြင်တုံလေကာ၊ မင်းခြေကိုယ် ရည်၊ ရှင်အားစည်သည်၊ ၊သာကြည်ဆွတ်ဆွတ် ပျံ့ပျံ့ တည်း။

၁၀၈။ ဆွတ်ပ့ျ ဆွတ်ပ့ျ၊ မျှော်ကာအံ့လျက်၊ ကျယ်နှံ့ မြင်သီး၊ နန်းထက်ကြီးသား၊ ဝေးနီးလှည့်ပတ်၊ တမန်နတ်ကို၊ ထွတ်ထွတ်ထွားထွား၊ ဝတ်ဆံသွားနှင့်၊ နှုတ်ဖျားငုံရင့်၊ ရွှေ ကြာဖွင့်လျက်၊ သံဆင့်မေးမြူ၊ မွေးမွေးကြူသော်၊ ဆောင် ယူပင့်ခေါ်၊ ပြန်ပွက်ဘော်၏။ နားတော်ထောင်စိမ့်၊ ကုန် အောင်နှိမ့်လျက်၊ ငြိမ့်ငြိမ့်ရုပ်တ်၊ မွမ်းမွမ်းညိတ်မျ၊ ဘုတ်ပြိတ် မလွတ်၊ နတ်များသနင်း၊ သိကြားမင်း၏၊ သတင်းကြငြာ၊ လူသူ ရွာက၊ သဒ္ဒါထက်ထက်၊ ရေစက်ချချ၊ ဒါနစွန့်စွန့်၊ စိတ်သန့်ဆွဆွ၊ သီလစောင့်စောင့်၊ ကုသိုလ်ကြောင့်လျှင်၊ ရှစ်မြောင့်မိမိ၊ ပဉ္စမိန္ဒ်၊ မျက်စိခြယ်လျက်၊ ကိုးယောက် ဘက်သား၊ အထက်လိုင်ခေါင်း၊ ရွှေတိုင်ပေါင်းကို၊ သိန်း သောင်းခန့်တွက်၊ ရေသော်ခက်၏၊ ဝန်းရက်ဆင်စွယ်၊ ရနယ်

ခြင်ကြား၊ မြရှင်တွားလျက်၊ ကိုးပါးမျက်မြတ်၊ နဝရတ်တွင်၊ စွတ်စွတ်ရည်ညို၊ သိန်းခိုပဲဝတ်[1]၊ ကိတ္တပတ်ကို၊ စီခတ်ရံလည်[2]၊ မြောင်ကာချီလျက်၊ ပုန်းရည်တောင်စာ၊ လည်ကုပ်ဝါလည်း[3]၊ ကြက်လျှာစုလစ်၊ စီကာနစ်တည့်၊ သရစ်သွန်းချိုး၊ မှန်ကင်းရိုးနှင့်၊ ကြာမျိုးစုံလျက်၊ ခြူးပုံရှက်တွင်၊ မွန်မျက်ဘိုးကောင်း၊ တင်းကိုးသောင်းကား၊ နီမောင်းရုံးစည်း၊ မျက်လုံးချည်းတည့်၊ အလှည်းထောင်ပြည့်၊ ကုန်အောင်ထည့်သော်၊ မဖြည့်ရပဲ၊ ဖိုလင်ကဲဖြင့်၊ ပြောင်ပြဲတောက်ပ၊ မျှော့မယ်နကား၊ ပတ္တမြားအတိ၊ ရောင်ချင်းထိုသော်၊ ညိုလလုလု၊ မျက်ရှူတခဲ၊ ကြောင်မျက်ရွဲကား၊ ကြာဆွဲလှဆူး၊ မျက်စိမူးမျှ၊ လန်ဘူးတိန်ညင်း[4]၊ ဖလ်ရောင်ဝင်းလျက်၊ ရုပ်ဆင်းလှဖောက်၊ ထုပ်လျောက်သန္ဓာ၊ မဿာရဂလ်၊ နီလာပြန်တိ၊ ရွှေမုန်လက်တီး၊ လည်ဆီးရေးရေး၊ သကျည့်ပြေးလျက်၊ ကျေးနှင့်ရင်ဆိုင်၊ ပန်းတိုင်သွန်းသွန်း[5]၊ ကျီးရန်းသက်တင်၊ မဏ္ဍပ်ခွင်ဝယ်၊ ချစ်ခင်မကွာ၊ မိုးသူဇာကို၊ ရံကာရိုင်ရိုင်၊ လက်တော်ကိုင်၍၊ ငါးဆိုင်ရွှေစည်၊ သံရှည်မောင်းကျော်၊ စောင်းငြင်းဖျော်လျက်၊ ဝင်တော်မူမြဲ၊ သဘင်ပွဲတည့်၊ ဝတဲဘွင့်ထား[6]၊ ရွှေတံခါးဖြင့်၊ လှဘားလှဘားမင်းဖြူ၊ ဝင်တော်မူလော့၊ နှင်းမြူမနား၊ ဘဝါးမ

---

(၁) သိန်ခိုပဲဝတ်-က၊
(၂) စံခတ်ရောင်လည်-ဟ၊
(၃) လည်ရောင်ဝါလည်း-ဟ၊
(၄) လွန်ဘူးတိန်ညင်း-ဟ၊
(၅) ကျေးနှင့်ရိုင်းစိုင်း၊ ပန်းတိုင်းသွန်းသွန်း-ဟ၊
(၆) ဥတဲဘွင့်ထား-က၊

ကြမ်း၊ ခြေမ်းလျက်၊ ရှမ်းရှမ်းဝင်းဝင်း၊ ဖလ်သာခင်း သည်၊ ၊တလင်းသာထွေ ညှံညှံတည်း။

၁၁၉။ ထိုသို့နတ်မောင်၊ လေးမြတ်ဆောင်လျက်၊ စော ခေါင်ပွင့်လျာ၊ ရင့်ပြီးစွာကို၊ နှုတ်သာခွန်းကောင်း၊ ရေ့ ညောင်းလျက်၊ လည်ချောင်းသက်သံ၊ ရှေနားခံသော်၊ တရံ ရှင်လွယ်၊ နာချင်ဘွယ်တိ၊ မြင့်သွယ်မိုးချိန်၊ တာဝတိန်ထက်၊ စိန်နှင့်မြကြောင်၊ တပြောင်ပြောင်လျှင်၊ တက်ရောင်နေမြူး၊ မမြင်ဘူးတည့်၊ မီးရှူးသောင်းထောင်၊ တန်ဆောင်သိန်း သန်း၊ ထွန်းသော်တပင်း၊ မတူလျှင်းတည့်၊ မြူထင်းစင်လှ၊ ဖွေးဖွေးဆွသား၊ သရဒအခါ၊ ဆန်းသော်တာ၌၊ တံငါဋ္ဌံ၊ ရောင်ပံ့ဖျောက်ဆိပ်၊ ရိပ်ရိပ်နဂါး၊ ကြယ်လျောင်းလျားနှင့်၊ များပြားထင်ပ၊ ကောင်းကင်ဝယ်၊ သက္ကဒေဝိန်၊ ကျော်သံ ရှိန်နှင့်၊ ပုဆိန်မိုးကြိုး၊ လက်နက်ကိုးလည်း၊ တန်းခိုးထွ ဆန်း၊ ဘုန်းကြောင့်ထွန်းသား၊ အဝန်းကိုးရာ၊ ယူဇနာဖြင့်၊ သည်မှာမင်းတဲ့၊ ဝင်းပြဲ့ပြဲ့လျှင်၊ တုံ့ဆဲလွတ်စင်၊ သဘင် ခံမြဲ၊ စရပ်ပွဲကို၊ သူရဲမင်းစော၊ တပျော်ပျော်တည့်၊ မော မောမိန်းရှာ၊ ခပ်သိမ်းစွာထက်၊ သာယာဆုံးသော်၊ မိုးချိုး မျှော်လည်း၊ မပျော်စတောင်း၊ ပျော်စတောင်းလျှင်၊ အ ကြောင်းသင့်သင့်၊ ဘုန်းနှင့်ကြမှာ၊ ညီသောခါဝယ်၊ ပက်ပါ တည့်ထင်၊ ရှုကြည့်မြင်က၊ ဆောလျင်မေးငြား၊ ကြောင် လျားဖြစ်ဟန်၊ ရှေးဖြစ်လွန်ကို၊ နိဗ္ဗာန်သခင်၊ မြတ်ချစ်ရှင်

ကား၊ သိမြင်ပြဲ့ပြဲ့၊ ဂါထာဘွဲ့လျက်၊ ရွက်လွဲရှုန်းရှုန်း၊ ငုံသွန်းထွားထွား၊ ပွင့်ကားလူလူ၊ နုံကြူးမွှေးမွှေး၊ ဗေဒြိမ်းချမ်း၊ ဥယျာဉ်ဝှမ်းခြံ၊ ရှေကျမ်းတစောင်(၁)၊ ဟောချတ် ဆောင်သည်၊ ကုန်အောင်ကျတည် နှံ့နှံ့တည်း။

ဒေဝါပိဒေါတသကမနမဂ္ဂံ သြလောကေန္တောဝ နိသိန္နော။ တေ ရာဇာ အာဂတာတိ သုတ္ဝာ ဒိဗ္ဗဂန္ဓဝါမပုပ္ဖဟတ္ထာ ယာဝစိတ္တာကူဋဒွါရကောဋ္ဌကာ ပဋိမဂ္ဂံ ဂန္တွာ မဟာသတ္တံ ဂန္ဓမာလာဒီဟိ ပူဇေတ္ဝာ သုဓမ္မာဒေဝသဘာယံ အာနယိံ- သု၊ ရာဇာ ရထာ သြတရိတ္ဝာ ဒေဝသဘာယံ ပါဝိသိ။

၁၁၀။ ထိုရောအခါ၊ မဟာသမယ၊ ရွှေတောင်မင်္ဂ၊ ကာလကျိန်းခန်း၊ လကောင်းဆန်းလျက်၊ ကြင့်နှန်းထုတ်တင်၊ စောလွန်းကြင်ကို၊ ချစ်ခင်ဝမ်းသာ၊ ကြည်ညွတ်စွာလျှင်၊ လာရာဘူရှု၊ မျက်နှာမူလျက်၊ ဆုယူတသုန်၊ မျှော်လင့်ကုန်သား၊ ပဋိန်ဒေဝ၊ ဣန္ဒကန္ဒင့်၊ သောမယမ၊ ဝိရူဠ္ဍက၊ စသည်မကြွင်း၊ နတ်ခပင်းတို့၊ ဘော်ချင်းနောက်ပိတ်၊ ရုတ်ရုတ်ထိတ်မျှ၊ စိတ္တာကူဋ္ဌ၊ တံခါးဝသို့၊ လာကြနှံ့စပ်၊ နပန်းထပ်မျှ၊ ဇလပ်တဆင်း(၂)၊ အင်ကြင်းပိတောက်၊ ကြက်မောက်ကြောင်လျှာ၊ ပရဝါနှင့်၊ ကြံစာဘက်ဆွတ်၊ ရင်ခတ်အနန်း၊ ခေါင်ရန်းစွယ်တော်၊ ကံ့ကော်သရဘီ၊ ကတ္တရီမြစ်ကိုင်း၊ ဆိုင်းရရိုင်းလျှင်၊ ပန်းတိုင်းခတ္တာ၊ မလွှာရောက်ခါး၊ ရွှေစံကားနှင့်၊

---

(၁) ရွှေကျမ်းစာစောင်-ဟ၊ (၂) ဇလပ်တံဆင်း-ဟ၊

ဆပ်သွားဂမုံး၊ ကြက်ရုံးပျဉ်းဖြူ၊ အူရရူတိ၊ ဇမ္ဗူနရီ၊ မြှောက်က ချီ၍၊ ညီညီညာညာ၊ လူသော့ခါက၊ မေတ္တာဖြန့်ငှ၊ နိယာမဖြင့်[၁]၊ နိစ္စမြဲပင်၊ လိမ္မာသင်လျက်၊ ကောင်းကင်ပိတ်ဆို၊ နတ်ရွာပို့သား၊ ငါတို့ခမည်း၊ ချစ်ရှင်နည်းဟု၊ ပေါပည်းဖြင်ညီး၊ အဖြိုးဖြိုးလျှင်၊ ခရီးဦးကြို၊ ဖူးလင့်ဆိုသည်၊ ၊ကြည်ညိုနတ်ပုံ သောင်းသောင်းတည်း။

၁၁၁။ ဝန်းလျား ဝန်းလျား၊ များပြားသဖြင့်၊ အဆင့်ဆင့်လျှင်၊ အပွင့်အငုံ၊ ဖြူနီစုံလျက်၊ အထုံနှံ့သာ၊ ရှစ်မျက်နှာမှ၊ အံ့အာသရဲ၊ ပူဇော်ကြဲ၍၊ သဲသဲနတ်ပေါင်း၊ ရိုက်ရိုက်ညောင်းမျှ၊ သောင်းသောင်းကြော်ဟစ်၊ ဖျော်ဖျော်ပစ်သား၊ ပုဆစ်တပဲ၊ နစ်မရဲတည့်၊ ပြည်ထဲသခင်၊ နတ်ရှင်မွေးဘ[၂]၊ စောသူရလျှင်၊ တေဇဝှန်တောက်၊ ရွှံကြောက်လန့်သည်း၊ ယှုံယှုံချည်းတည့်၊ ရိုက်ကြည်းကျော်ဝှန်၊ မင်း၏မာန်လည်း၊ ပြင်းထန်မရှိ၊ သည်းခံချိလျက်၊ ပေးမိလတ်က၊ ကြွယ်ဝချမ်းသာ၊ သဒ္ဓါညွှန့်ရှင်၊ အလှူရှင်တည့်၊ ရင်ခွင်ပိုက်ဝှက်၊ နို့ရည်စက်နှင့်၊ ထိပ်ထက်နမ်းဖြား၊ မွေးသည့်သားသို့၊ စီးပွါးရွက်ဆောင်၊ တမျက်တောင်မျှ၊ ပျက်အောင်မကြံ၊ ရှင့်နိုင်ငံဝယ်၊လောကဇံယုံလှ၊ ထုံးပုံပြလျက်၊ နောင်တဆယ်ကြိမ်၊ စိုးရိမ်ဆယ်ထွေ၊ မရှိစေလျှင်၊ မင်းခြေနတ်ပြည်၊ တင်လိုက်သည်ကြောင့်၊ ရွှေစည်တီးချိုင်၊ အိမ့်ရှင်

(၁) ဒယာမဖြင့်-က၊ (၂) ပြည်ထဲသနင်း၊ ရှင်ရင်းမွေးဘ-က၊

အိုင်မျှ၊ ဖြိုးခိုင်ကြီးကျယ်၊ အသွယ်သွယ်လည်း၊ ရောင်နွယ် ထွက်ပြိုင်၊ အဆိုင်ဆိုင်လျှင်၊ ရှေတိုင်ရှေရိုး၊ ရှေမိုးရှေအိမ်၊ ရိပ်ငြိမ်ချမ်းကြီး၊ စံမငြိုးတည့်၊ ဝဲ့ချိုးလှစ်ဘော်၊ ကျေးငှူး တော်ကို၊ ချိငေါ်ဆိုတမ်း၊ နေ့တိုင်းလွှမ်း၏၊ မွှမ်းမွှမ်းထက် ပြည့်၊ ဝန်းကျင်ကြည့်လော့၊ အံ့လှည့်တုံပြီး၊ ချရားသီးနှင့်၊ ရှေထီးသဘွယ်၊ လွန်တင့်တယ်သည်၊ ပေါယယ်ထွပြား၊ တို့နတ်များကို၊ မင်းဖျားမြတ်နိုး၊ သည့်ထက်တိုး၍၊ ထမ်းပိုး ထောင်သောင်း၊ မန္ဒိုင်းကောင်းသား၊ ညွှန်ပျောင်းတဏှာ၊ ကိလေသာမှ၊ စင်ခွါလှစ်တွန်း၊ ဆေးကြောသွန်းလျက်၊ သိမ်း မြန်းပိုက်ခြုံ၊ နိဗ္ဗာန်ဘုံသို့၊ ရောက်ရုံလှမ်းကိုင်၊ ငြမ်းကိုးတိုင် က၊ နေထိုင်ဝံ့ရှူ၊ ယာယီပြုသို့၊ စတုသဋ္ဌိ၊ ဝိမုတ္တိကြောင့်၊ ငြိုငြိ ရှက်ရှက်၊ ရမွှက်ကြွက္ခ၊ အမတကို၊ ရအံ့သောဌါ၊ ဒေသနာ ဖြင့်၊ ဂါထာဟောရွတ်၊ ငါတို့နတ်ကို၊ ၊ချွတ်လှည့်သခင် ကောင်းကောင်းတည်း။

၁၁၂။ ဤသို့ဟူ၍၊ အူအူသဲသဲ၊ နတ်ခပဲတို့၊ လက်ဆဲ့ လက်ငင်၊ ဘဝရှင်ကို၊ ချစ်ခင်ညှတ်ရည်၊ ဆွတ်ဆွတ်ကြည်မျှ၊ ငါးမည်မာရ်ဖျောက်၊ ရှင်တော်ပေါက်၍၊ ရောက်လတ်သော့ လား၊ မင်းတရားဟု၊ ရှေဖျားဦးတွ့၊ ဖူးလင့်၍လျှင်၊ သုံး ကုဋေ့ခြောက်သန်း၊ နတ်ထက်ဝန်းတွင်၊ သွန်းလည်းသွန်း သစ်၊ ပုံပြင်ဖြစ်လည်း၊ ကျစ်လျစ်တန်းခိုး၊ ကဲလွန်တိုးမျှ၊ ခြူးရိုးခြူးခက်၊ ခြူးရွက်သူလူ၊ သရဘူရောင်ချက်၊ စီမြောင်

ကွက်သား၊ ဘယက်ဝတ်စား၊ ပတ္တမြားအင်းပျဉ်၊ ထက်ဝန်း ယှဉ်လျက်၊ ယဉ်သား စိတ်တော်၊ မပေါင်းဘော်သော်၊ သလျော်ချင်ဘွယ်၊ ပေါင်းဘော်လွယ်စ၊ စံပယ်ထူးခြား၊ သိကြားနေရာ၊ သုဓမ္မာသို့၊ မျက်နှာတောင့်တင်း၊ ရှင့်ရောင် ဆင်းနှင့်၊ ရှင်းရှင်းကြည်လင်၊ ပြည့်ရှင်မင်းဖြူ၊ ဝင်တော်မူဟု၊ ပျူပျူငှါငှါ၊ နှုတ်သာချီငေါ်၊ သွင်းလေခေါ်၏၊ ထိုရော် မင်းဖျား၊ ရွှေရထားက၊ ဘဝါးခြေစက်၊ ရိုသေသက်၍၊ အနှက်ပြည့်ဖြိုး၊ တိုးလည်းမအား၊ နတ်များနေကျင်၊ မဏ္ဍပ် ခွင်သို့၊ ၊ဆောလျင်မနေ ဝင်တုံလေတည်း။

အထ နံ ဒေဝါ အာသနေန နိမန္တယိံသု၊ သက္ကော အာသနေန စ ကာမေဟိ စ နိမန္တေသိ။ တမတ္ထံ ပကာ-သေန္တော သတ္ထာ အာဟ။

၁၁၃။ နံလျားသုံးရာ၊ ယူဇနာဖြင့်၊ ဆယ်ဖြာရောင်လူး၊ ရွှေတောင်ဦး၌၊ သောက်ရှူးသောင်းထောင်၊ ညှဉ်သန် ကောင်ဝယ်၊ တိမ်တောင်လှစ်တန်း၊ တပြိုင်ထွန်းသို့၊ ကျယ်ဝန်းတင်းကျမ်း၊ မဏ္ဍပ်ဝှမ်း၌၊ ရှမ်းရှမ်းနီမြန်း၊ ကသစ် ပန်းထက်၊ တသန်းဘိုးကောင်း၊ မမြင့်တောင်းတည့်[၁]၊ စော လောင်းအရန်၊ ထိုက်တန်ညှံ့စွာ၊ ကံမွှလာလည်း၊ ခန်းဝါ သင့်တင့်၊ ခင်းလင့်သောအား၊ နေတုံငြားမူ၊ ခမ်းနား

---

(၁) မမြင်တောင်းတည့်-က၊

ဆောင်ယောင်၊ နတ်များဘောင်ဝယ်၊ လှုံရောင်ထွက်ပြုံး၊ ကြယ်တလုံးသို့၊ မင်းသုံးဘွယ်ရာ၊ တင့်တယ်ပါလျက်၊ ပြင်လျှာရုပ်သွင်၊ တရုံမြင်ကို၊ သဘင်ဖြိုးပြည့်၊ တိုးကကြည့်လျှင်၊ နတ်တည့်စည်းစိမ်၊ မွေ့သိမ်ချမ်းသာ၊ စံစေ့ငါတုံ့၊ ပန်ထွာကုံကုံ၊ နတ်ဆိုသံကား၊ တောင်ယံတောင်အောက်၊ ပဲ့တင်ပေါက်၏၊ ရောင်တောက်ဝင်းဝင်း၊ နတ်မင်းမာဃ၊ ဝါသဝလည်း၊ နရတမ္ပတ်၊ ပြည်ကြီးနတ်ကို၊ လေးမြတ်တုံတုံ၊ မေတ္တာပုံလျက်၊ စုံစုံမက်မက်၊ နှုတ်တော်ဆက်မှ၊ နှစ်သက်လွန်ပြင်း၊နတ်ရှာနှင်း၍၊ ခပင်းဝန်းချုပ်၊ ကိုယ်လုပ်မောင်းမ၊ သောင်းမကသား၊ ဖြင်မျှရုံဆီး၊ နတ်သမီးတည့်၊ ရွှေထီးပြိုင်လျက်[1]၊ မဏ္ဍိုင်ချက်၌၊ ကောင်းဘက်ကြွယ်ဝ၊ စံပယ်ကြလျက်၊ ကာမချမ်းသာ၊ စံပါစေလို၊ ဘိတ်မန်ဆို၏၊ မြင်းမိုရ်ကသည်၊ နတ်ပြည်ထက်ရှာ၊ ဗြဟ္မာထုတ်ချင်း၊ ထိုကြောင်းခြင်းကို၊ ရှင်ရင်းရှင်ချစ်၊ ဘုရားဖြစ်မှ၊ နှံသစ်လှိုင်မှန်း၊ ကြိုင်ကြိုင်သွန်းသား၊ ပန်းလည်းပွင့်ခါ၊ ဥယျာဉ်သာ၌၊ ဂါထာနက်ကျယ်၊ နည်းနာသွယ်၍၊ ၊ဓိပ္ပါယ်ပြည့်စုံ ဟောလတုံတည်း။

---

(၁) ရွှေထီးပြိုင်ဘက်-က၊ (၂) ရာဇမာဂတံ-က၊

(၃) အဂတောတေ-က၊

နိသီဒ ဒါနိ ရာဇိသိ၊ ဒေဝရာဇဿ သန္တိကေ။ ။ သက္ကောပိ ပဋိနန္ဒိတ္ထ(၁)။ပ။ ဘဥ္ဇကာမေ အမာနုသေတိ။ ။

၁၁၄။ ဇာတိရွည်စွဲ၊ သံသာရဟု၊ ဩဃခနောင်း၊ ဝဲလေးကြောင်းတွင်၊ တပြောင်းလည်းလည်း၊ နစ်သည်ချည်းကို၊ လက်တည်းယှဉ်လျက်၊ ကိုင်ကာဘက်၍၊ ကြည်းထက်မတင်၊ ငါသာလျှင်တည့်၊ အဋ္ဌင်္ဂိမဂ်၊ နိဗ္ဗာန်ဘက်သို့၊ ငြိမ်သက် ချမ်းကယ်၊ ပို့ကာသယ်၍၊ ဖုံးကွယ်မောဟ၊ ချောက်ထဲကျသော်၊ ဒေါသရောင့်တက်၊ ဆောင့်ညှစ်လျက်တည့်၊ ရမွှက်ပေါ်လျှပ်၊ အာရုံတပ်က၊ ကြပ်ကြပ်လည်းနှောင်၊ တပ်ဘွင်းလှောင်သား၊ သူလောင်ခိုးသား၊ ဟင်းမျိုးစားကို၊ ဥာဏ်ခားထက်ဆုံး၊ သတိတုံးထက်၊ တုံးလုံးအကောင်၊ စဉ်းပြီးနောင်သော်၊ ရန်အောင်ပြီပြီ၊ ခြေချီဘဝါး၊ သွားသွားသမျှ၊ တရုံမှလျှင်၊ ကြွကြွလန့်စိတ်၊ သက်မထိတ်တည့်၊ ဘိသိုက်ရပြီ၊ ဘေးမထိသား၊ သာရိပုတြား၊ လက်ယာနေတန်၊ မောဂ္ဂလာန်နှင့်၊ အာနန် ရာဟုလာ၊ မဟာကဿပ၊ ကောဏ္ဍညက၊ ထေရလုံးပေါင်း၊ တပည့်ကောင်းတို့၊ ။ အခြောင်းဝေးလှ၊ ရှေးဘဝဝယ်၊ သာစဉ်ဆိုညီ၊ ဝေးနီးမှီသာ၊ ဤမိဓိလာ၊ ပြည်မြတ်စွာ၌၊ သမ္ဘာရွှမ်းပြင်း၊ နေမိမင်းဟု၊ ထထင်းကြက်သီး၊ ခြေချပြီးက၊ မြေကြီးနှံ့နှံ့၊ တလှံ့လှံ့

---

(၁) သက္ကောတိ ပဋိနန္ဒိယ-က၊ (၂) အမာနုသော-က၊

လျှင်၊ အဝုန့်မှိုင်မှိုင်၊ ကျွန်းလုံးပိုင်သား၊ ရန်နိုင်စောကျော်၊ ငါဖြစ်သော်လျှင်၊ ထိုရောင်ငါဘုန်း၊ တချက်ဟုန်းက၊ ပျက်ပြုန်းကြေနိုး၊ နဂါးလျိုးလျက်၊ တောစိုးသစ်ကျား၊ လန့်တကြားလျှင်၊ မြစ်သားမိကျောင်း၊ ပင်လယ်အောင်း၍၊ ထောင်းရှာလတ္တံ့ ၊ မပေါ်ဝံ့တည့်၊ ရွံ့ရွံ့ရိုးရှောင်၊ ငါမင်းခေါင်ကို၊ ညီနောင်မတော်၊ သိကြားသော်မှ၊ ယာဉ်ကျော်လွှားလွှား၊ သိန္ဓောအားနှင့်၊ ရထားတဆူ၊ တင်လှာယူသော်၊ ကျောက်ဂူထွက်က၊ ခွန်အားပြသား၊ သီဟရဲထွေ၊ ငါရောက်ချေ၍၊ ရှေ့ငေ့ရောင်ပုံ၊ မြင်းမိုရ်ဘုံသို့၊ ခြေစုံနင်းဘူး၊ တန်းခိုးမြူးသည်၊ ၊ကျေးဇူးမိုးခေါင် လထိတည်း။

၁၁၅။ ထိုသူမိုးထ၊ ကျော်ဝုန်တလျှင်၊ မုန်တဆူ၊ အရှချူသည်၊ ဇမ္ဗူနင်းခဲ့၍၊ ဤမင်းတဲ့ဟု၊ ပြဲ.ပြဲ.ဖြင့်ပြေမ်း၊ မြင်းမိုရ်ကျမ်းမျှ၊ ချီးမွမ်းပုဂ်ဟ၊ ဆိုကုန်ကြလျက်၊ ဒေဝဝန်းလျှား၊ ဘော်ရုံမျှားနှင့်၊ သိကြားနတ်မင်း၊ တောင်းပန်ခြင်းကား၊ လေးစင်းမြစ်စောက်၊ ငါးကြီးနှောက်၍၊ မသောက်ကောင်းပါ၊ ရေမဲ့မဲ့ဟု၊ မင်းလွဲစိုးကျူး၊ မရှိဘူးသို့၊ ဟူးဟူးလောင်ဆူ၊ အရှိန်ပူလည်း၊ ပြည်သူထိန်းကျောင်း၊ သူမြတ်လောင်းတို့၊ ကျင့်ကောင်းသွေ့ကွဲ၊ မရှိပဲလျှင်၊ ဆင်းရဲနစ်စုပ်၊ စိုးရိမ်မြုပ်စိမ့်၊ ပိုက်ထုပ်မြန်းသိမ်း၊ ထက်ဝန်းငြိမ်းက၊ ကြိမ်းကြိမ်းမထ၊ အမျှစခွက် ၊ စည်စေလျက်တည့်၊

---

(၁) အမျှားစားခွက်-က၊

ပုခက်တွင်းဝယ်၊ သနားဘွယ်သား၊ သူငယ်ကိုမျှ၊ နို့ရည်တရှ်၊ မိဘခေါ်ထွေ၊ မငိုစေလျှင်၊ ညာကြေနှောင်ရှုပ်၊ ကုန်အောင်ချုပ်သည်၊ စိုးအုပ်ပွါးပြန့်၊ ဘုရားညွှန့်၊ ၊လန့်လန့်တသီး၊ ရှားနှစ်ကျီးသို့၊ ဘုန်းမီးတောက်ရှိန်၊ တာဝတိန်၌၊ စိန်တရထည်၊ လက်ရုံးရည်ကြောင့်၊ နတ်ပြည်စားကျေး၊ စုနှင်းပေး၏၊ ငယ်သွေးလတ်လတ်၊ ထွတ်ထွတ်ထွားထွား၊ ပါးပါးချပ်ချပ်၊ သပ်ရရပ်လျှင်၊ လှပ်လှပ်ဝင်းဝင်း၊ သံညင်းမြက်မြက်၊ ညက်ညက်ကြည်းကြည်း၊ ခြည်းရရည်းသား၊ စုလည်းမနိမ့်၊ စိမ့်ရရိမ့်နှင့်[၁]၊ နှစ်သိမ့်မကွာ၊ နတ်ချမ်းသာဖြင့်၊ ရောင်ဝါလျှံပြည့်၊ စံတို့လှည့်လော့၊ ရွက်မှည့်ကြွေပျောက်၊ နွေတည်းရောက်မူ၊ လှိုင်ပေါက်ဝေးက၊ မွေးမွေးလှသား၊ ပေါ်စဘက်ဆွတ်၊ ပန်းရင်ခတ်နှင့်၊ ရှင်လတ်နေရာ၊ လူ့ပြည်မှာလည်း၊ မျှော်ရှာမျှော်ကြည့်၊ မျက်ရည့်အတိ၊ မချိညှိုးပြင်း၊ ဆွေစိုးမင်းကြောင့်၊ မိုးကြွင်းနှင်းသည်း၊ မြောက်လေဖြည်းမူ၊ မယ့်ချည်းချမ်းစွ၊ လွမ်းဘော်တအံ့၊ နောင်မြရည်ရောင်၊ မင်းကြီးခေါင်ကို၊ မယ့်မောင်ချီငေါ်၊ နှမဖျော်လျက်၊ မပျော်စရာ၊ ရှင့်ပြည်ရွာလျှင်၊ ယူဇနာကျယ်ဝန်း၊ ရွှေနန်းကျော်စော[၂]၊ လွန်သာမောလည်း၊ တောင်တောမျှတည်း၊ ပျော်ရာနည်းဖြင့်၊ ထောင်လည်းမက၊ တုတ်ခွန်သသား၊ ရတနာ့အတိ၊ ရှိလင့်ကစား၊ မြင်းမိုရ်ဖျားဝယ်၊ ပတ္တမြားရည်သန့်၊ တချည်ခန့်တည့်၊ ဆန့်၍ကျုံးသော်၊ အားလုံး

(၁) ငြိမ့်ရရိမ့်တည့် က၊ (၂) ရွှေနန်းခေါခေါ-က၊

လှိုင်းပုံ၊ထိပ်မိုးခြုံဟု၊ စုံစုံမက်မက်၊ မေတ္တာသက်၍၊ ချိန်းချက်တကိုယ်၊ တောင်းပန်ဆိုသည်၊ ၊ကြည်ညိုနတ်ပုံ အတိတည်း။

၉၀ သက္ကေန ဒိဗ္ဗကာမေဟိ နိမန္တေန္တေဝပိ ရာဇာ ပဋိက္ခိပန္တော အာဟ။

၁၁၆။ ဤသို့ဝန်းလျား၊ ငါဘုရားကို၊ လေးပါးစစ်ဆင်၊ စတုရင်ဖြင့်၊ မြေပြင်ရိုက်လှည်း၊ ကျော်လှိုက်သည်းသား၊ ခမည်းဘကောင်း၊ ဘိုးလောင်းဘေးစဉ်[1]၊ နတ်ယာဉ်စီးစီး၊ ခရီးလမ်းကျယ်၊ မိုးဝှမ်းလယ်ဖြင့်၊ မကွယ်ချောက်ချောက်၊ ကိုယ်ထင်ရောက်ဟု၊ မျှလောက်နတ်များ၊ မဆိုစားတည့်၊ တရားမင်းကျော်၊ အရှင်သော်မူ၊ဘုန်းတော်ရှိန်ပြင်း၊ တန်းခိုးချင်းသား၊ ရန်နင်းသတိုး၊ ရှေးကောင်းကျိုးဖြင့်၊ စိုးမိုးခါင်နိုပ်၊ ရွှေတောင်ထိပ်၌၊ စက်ရိပ်ခြေစုံ၊ ချဘူးတုံ၍၊ နတ်ဘုံလူ့ပြည်၊ အရှည်နောင်လာ၊ ပြောခြင်းရာကား၊ ကမ္ဘာသုဉ်းကြေ၊ မဆုံးလေတည့်၊ တွေးခြေရုပ်နတ်[2]၊ လတ်ရရတ်၍၊ ဆတ်ဆတ်ပျံမျှ၊ မြိုးမြိုးမြလျက်[3]၊ ဆင်းလှပြင်နွဲ့၊ လဲ့လဲ့လှပ်လှပ်၊ အထပ်ထပ်လျှင်၊ နှံ့စပ်ကျယ်ဝန်း၊ ကြယ်လဆန်းသို့၊ သိန်းသန်းကုဋေ၊ သခွေ်သခွေ်၁၊ မြမြဝါတွင်၊

---

(၁) ဘေးလောင်းဘိုးစဉ်-ဟ၊ (၂) ဒွေးခြေရုပ်နတ်-ဟ၊
(၃) ဆတ်ဆတ်ပျိုမျှ၊ ညိုညိုမြလျက်-က၊

သူဇာရည်ပြင်၊ ငါးမည်အင်လည်း၊ ဆံမျှင်လုံးခွဲ၊ မရှုံးပဲလျှင်[1]၊ စောရဲကြင်ဘက်၊ ရင်ချင်းရှက်၍၊ ညောင်ရှက်လူလူ၊ ထီးဖြူဝေဝေ၊ ရွှေကားအချက်၊ မျက်ကားမြောင်စိ[2]၊ ကုန်အောင်ညီသော်၊ သီရိလှည့်ကာ၊ ပြိုချသရစ်၊ မှောင်ကိုလှစ်သား၊ လျှပ်စစ်ရောင်ထွန်း၊ ရွှေတောင်နန်းထက်၊ အဝန်းသုံးသောင်း၊ လုံးလုံးပေါင်းလျက်၊ ရိုက်ညောင်းရှင်ရှင်၊ ပဉ္စင်ငါးဖြာ၊ ချမ်းသာပြည့်ဟုန်[3]၊ ကာမဂုဏ်ဖြင့်၊ စုန်စုန်ဆန်ဆန်၊ ကျော်ဝန်ဆူလှိုက်၊ ဘဝင်ဆိုက်မျှ၊ နတ်တိုက်နတ်တွန်း၊ နတ်ခင်ပွန်းဖြင့်၊ ချစ်ပန်းမလျှံ၊ မင်းမူတော့ဟု၊ လော့လော့နတ်များ၊ တောင်းပန်ကြားလည်း၊ မင်းဖျားနှုတ်လှယ်၊ မလိုပယ်သား၊ သုံးသွယ်ဂါထာ၊ ချေငံစွာလျှင်၊ ထိုခါခတ်သွတ် ရွှတ်ဘိလတ်တည်း။

ယထာ ယာစိတကံ ယာနံ၊ ယထာ ယာစိတကံ ဓနံ။
ဧဝံ သမ္မဒမေဝေတံ၊ ယံ ပရတော ဒါနပစ္စယာ။ ။
နစာဟ[4] မေတံ ကုစ္ဆာမိ။ပ။ န စ ပစ္ဆာနုတပ္ပတိတိ[5]။ ။

၁၁၇။ ရွှေငွေနီလာ၊ ဖလ်မြတ်စွာနှင့်၊ လေးဖြာရောင်နွယ်၊ ရွှေတောင်ကျယ်ထက်၊ မိုးကြယ်အတူ[6]၊ ဖွေးဖွေးဖြူမျှ၊

---

(၁) ဆံမြှင်လုံးကွဲ၊ မရှိပဲနှင့်-က၊ (၃) ချမ်းသာပြည်ပုဏ်-က၊
(၂) ရွှေကားအချည်၊ မျက်လည်မြောင်စီ-က၊ (၄) နဝါဟ-က၊
(၅) ယံ ပရတော ဒါနပစ္စယာ၊ သယံ ကဘာနိ ပုညာနိ။ပ။ နဓပစ္စာနုတပ္ပတိ-က၊
(၆) မိုးကြယ်သေးတူ-က၊

ထွက်ပြူးမျှားစွာ၊ စကြဝဠာဆိုက်ဆိုက်၊ အရှင့်တိုက်ဖြင့်၊ သိုက်သိုက်မိုးလုံး၊ တန်းခိုးဖုံးလျက်၊ ပိုက်ကျူးယူပိုင်၊ ရန်သူဆိုင်လည်း၊ မနိုင်စတောင်း၊ ဝဲကြောင်းထိပါး၊ ရေကျုံလွှား လျှင်၊ ထွားထွားပျက်ကြ၊ မြည့်ညက်သေတိ၊ လေဗွေထိုင်းထိုင်း၊ ခတ်ချသိုင်းသော်[1]၊ ဆစ်ပိုင်းကျိုးနွဲ့၊ ကြက်ပေါင်ပဲ့၍၊ နဲ့နဲ့ရုံးစည်း၊ ပင်လုံးလည်းသို့၊ ညည်းညည်းပတ်ပတ်၊ စုယ်လုံးခတ်က၊ သည်းပုတ်ထိမ့်ထိမ့်[2]၊ တသိမ့်သိမ့်လျှင်၊ ဖိမ့်ဖိမ့်ကြောက်ညောင်း၊ တုန်ခဲ့ပျောင်းသည်၊ နတ်ပေါင်းဝပ်တွား၊ ရှင်သိကြား၊ ၊ဝန်းလျားအောင်မြင်၊ ရွှေတောင်ရှင်နှင့်၊ မိတ်ဝင်မမှား၊ တဘသားသို့၊ စီးပွါးဆောင်ရွက်၊ ပြည်ထောင်ဘက်လျှင်၊ ရှေးဆက်ကျူးခေါင်၊ ဖြစ်ဘူးယောင်တည့်၊ ညီနောင်ချီငေါ်၊ ဟူပါသော်လည်း၊ မျက်တော်ရှိမည်၊ မထင်သည်နှင့်၊ ဝန်းလည်အင်ခွင်၊ ဝေးနီးဖြင်မျှ၊ မမြင်ဘူးလှည့်၊ ရူးမူးကြည့်လျက်၊ သို့သည့်ဘုန်းတန်း၊ ထွန်းလတ်ထူးကဲ၊ တုမဲ့ပဲတည့်၊ ပြောင်ပြဲလှည့်ကာ၊ အဖြာဖြာလျှင်၊ မဟာသင်္ကာ၊ ဒေဝနတ်ဖျား၊ မူထားကောင်းလိုက်၊ ဝမ်းတော်ခြိုက်စွ၊ ပျော်ပိုက်ကြင်နဲ့၊ ရွှေဘုံထဲတွင်၊ တပဲ့တလက်၊ တူစားဘက်သို့၊ စုံမက်ချစ်ဘော်၊ ဖြစ်တုံသော်လည်း၊ သူတော်ထုံးကြန်၊ အောက်မေ့တွန်သော်၊ အလွန်မြတ်လေး၊ ဆုလျှင်ပေးသား၊ စားကျေးကျွန်ရှာ၊ ရတနာရွှေငွေ၊ ဗိုလ်ခြေဆင်မြင်း၊ သတင်းမဲ့ပါ၊ တသက်လျှာတွင်၊

---

(၁) ခတ်ချဆိုင်းသော်-က၊ (၂) သည်းပုတ်ထိန့်ထိန့်-ဟ၊

ရံခါမအား၊ သူ့ရထားကို၊ ငှါးရှိစိုပို၊ စီး၏သို့လျှင်၊ အင်တို့မတက်၊ သူ့အိမ်ထက်ဝယ်၊ အိပ်မက်သဖွယ်၊ တန်းခိုးငယ်မူ၊ စံပယ်ပျံ့ပျူး၊ မရှင်မြူးခဲ့၊ စုန်းကြူးပိုးတောက်၊ တမိုးသောက်က၊ ပျောက်လသောလား၊ ဘုန်းတော်အားသည်၊ ၊များများမကျော် မထင်တည်း။

၁၁၈။ လူမင့်းပြည်ရွာ၊ နန်းသိဂ်ါလျှင်၊ သာစပါသော၊ တစ္ဆေတောသို့၊ ကျော်စောနည်းလျော့၊ ချီးမွမ်းပေါ့လျက်၊ ကြောစပါလေ၊ အပေါ်ရေကို၊ မင်းခြေကျိုင်းမြ၊ ဘဇာတအုံ့၊ မာဃယိုးမှား၊ မိုးထက်ဖျားဝယ်၊ သိကြားထိုးပစ်၊ မိုးကြိုးထစ်သော်၊ အလှစ်ယုံကွက်၊ ငုံကုန်လျက်တည့်၊ စက်ဝရဇိန်၊ လက်ရုန်းရှိန်နှင့်၊ အရိန္ဒမ၊ မင်းကြီးလှလျှင်၊ တောက်ပခမ်းနား၊ ပြည့်မွမ်းထားလျက်၊ ဝတ်စားနီရွှေ၊ အထွေထွေလျှင်၊ ကချေသဘင်၊ မြင်လည်းထူးဆန်း၊ ရှိုးရှိုးရှန်းသား၊ သိန်းသန်းနတ်သား၊ ခြွေရံခြားလျက်၊ ထွားထွားထွတ်ထွတ်၊ မွတ်မွတ်မွေ့ညက်၊ ငယ်သက်လတ်လတ်၊ ဆွတ်ဆွတ်ကြင်ဘော်၊ မြင်လစ်သော်တည့်၊ ရှင်တော်မူစွာ၊ နန်းတောင်ညာက၊ သူဇာနှိုင်းရှိ၊ တိုင်းမိမိသား၊ ဇာတိမျိုးဖြူ၊ မိမိုးသူနှင့်၊ ပျံ့ကြူထုံသင်း၊ ဗိမာန်တွင်းဝယ်၊ လေညင်းထစဉ်၊ သန်ကောင်ညဉ်ဌ်၊ ထပ်ရဉ်ခြုံလောက်၊ ရထည်းခေါက်ကို၊ တယောက်ဘပိုင်း၊ ကိုယ်ချင်းခိုင်းလျက်၊ အဘိုင်းထက်ကား၊ အလွန်ပွါးမျှ၊ သနားပန်းတောင်၊ ကျိုင်းလှယောင်သား၊မယ့်

မောင်လှမ်းလျက်၊ မယ်လှမ်းလျက်တည့်၊ ပိုက်ဖက်ယုယ၊ နှမဖျော်ဘုံ၊ မောင်ဖျော်တုံဖြင့်၊ ရိပ်မြုံမက္ခာ၊ ရွှေဟသ်ာသို့၊ ကြမ္မာတိုက်ညွှန်၊ ချစ်ထိုက်ရန်လည်း၊ အတန္တကား၊ သူ့မြောက်သားကို၊ ချစ်အားရမ်းထိ၊ နမ်းမှားဘိသော်၊ မျက်စိဖျော်ရာ၊ အပေါ်သာသို့၊ နတ်ရွာနတ်အိမ်၊ သူ့စည်းစိမ်ထက်၊ ရိပ်ငြိမ်တန်းခိုး၊ အင်မတိုးသည်၊ ၊မင်းစိုးမပျော်မရှင်တည်း။

၁၁၉။ ဇမ္မူဝန်းရုံး၊ တုတ်ခွန်ကံူးသား၊ ရန်လုံးနင်းချိုး၊ ငါသတိုးကို၊ ငြိုးငြိုးငြိမ့်ငြိမ့်၊ ရှုဖြိုးစိမ့်ဟု၊ နှစ်သိမ့်ဘွယ်ချည်း၊ အပည်းပည်းတွင်၊ စုလည်းရှေ့ရှက်၊ ထွေးခြေညက်နှင့်(၁)၊ စက်လည်းမကွေ၊ နေလည်းမယှင်း၊ ဝိုးဝိုးဝင်းတည့်၊ လွန်ပြင်းချစ်သည်း၊ ဆွေရှင်နည်းဟု၊ ခမည်းမင်းပြာ၊ ထို့ရွှေကွာက၊ သန္တာလက်စမ်း၊ တဖျင်ယမ်းလျှင်၊ ရှမ်းရှမ်းနုးနုး၊ မူးမူးမော်မော်၊ မျှော်ရှာချေချေ၊ မျက်စိဖွေမျှ၊ ရွှေမြေနတ်ပြည်၊ မေတ္တာချည်လျက်၊ ကျင်လည်လူးလည်း၊ တကိုယ်တည်းနှင့်၊ နရည်းမြောက်စည်၊ မြည်လည်းဝမ်းမြောက်၊ အလှမ်းဖျောက်လျက်၊ တီးထွောက်ပဉ္စင်္၊ ကျူးထကျင်လည်း၊ ရှင်လတ်စေတုံ၊ ဆွေနှစ်စုံဖြင့်၊ ရွှေဘုံနန်းထိပ်၊ ထက်ဝန်းနိပ်သား၊ တံဆိပ်ထင်မော၊ တို့ရှင်သောဟု၊ ဆိုပြောရီးရိုင်း၊ ပင်လယ်လှိုင်းသို့၊ နေ့တိုင်းခံတွင်း၊ မဆုံလျှင်းတည့်၊

---

(၁) ဒွေးခြေညက်နှင့်-ဟ၊

သတင်းရှိန်စော်၊ ထိန်ရိုက်ကျော်မျှ၊ ဘုန်းတော်တိုးဘောက်၊ မိုးကိုလျှောက်၍၊ အောက်လည်းကျိုက်ပုက်၊ အထက်လိုက်ဝေ(၁)၊ ထိပ်ဗေဒူတ်ခြာ၊ ရတနာစည်းစိမ်၊ ရိပ်ငြိမ်ချမ်းနေ၊ စံပယ်ထွေဖြင့်၊ ရိုသေညွှတ်နူး၊ ဆွတ်ပုံ့ပျံပျူးမျှ၊ မင်းလူးမင်းလွှင်၊ ကိုယ်ထင်မျက်မှောက်၊ နတ်ပြည်ရောက်က၊ စားသောက်ပျော်ပါး၊ ကစားမြူးခုန်၊ ကာမဂုဏ်နှင့်၊ ပဇ္ဇုန်သခင်၊ နတ်ရှင်ဒေဝါ၊ မင်းမာယာဖြင့်၊ လျှာကာမဆို၊ သွေးသားချိုလျက်၊ အဟိုပြောနှုတ်၊ သဘောဟုတ်ဖြင့်၊ ယူထုတ်ပြွမ်းပြွမ်း၊ လက်နီးကမ်းသို့၊ မျက်မှမ်းစီမြောင်၊ သီရိအောင်လျှင်၊ မြင့်ခေါင်မောက်မောက်၊ ပြောင်ပြောင်တောက်မျှ၊ အစောက်ခုနစ်ရာ၊ ယူဇနာဖြင့်၊ နတ်ရွာတမ်းခွန်၊ ဝေဇယန်ဟု၊ ဗိမာန်ပြာသာဒ်၊ လွှတ်ကြီးလွှတ်သား၊ ပတ်ပတ်ခန့်ခံ့၊ နန်းလုံးလုံးကို၊ သက်ဆုံးမြတ်နိုး၊ ငါ့နှယ်စိုးဟု၊ ချစ်ကြိုးနှောင်ရှုပ်၊ အရှင်ချုပ်လည်း၊ ကျွန်ုပ်အမှတ်၊ လောကဝတ်တွင်၊ လှော်ချတ်ပုံသွန်း၊ လောင်ဘနန်းတည့်၊ လင်ပန်းဖလား၊ သူ့ဝတ်စားကို၊ ပလွှားပါချင်၊ လူပေါ်လွှင်တို့၊ ချစ်ခင်မိတ်ဘွဲ့၊ ငှါးပါခဲ့၍၊ လေးတွဲထိုးကြွင့်၊ တယောင့်ယောင့်လျှင်၊ ဝမ်းသောင့်ဝမ်းသာ၊ စံစားရှာသို့၊ ပမာသွေးသီ၊ တပြေးညီသော်၊ စီစီလျှဉ်လျှဉ်၊ အစဉ်စကား၊ ဟုတ်ယောင်အားဖြင့်၊ ဖြူထွားဘိခြင်း၊ သူ့ထမင်းကို၊ ခံတွင်းမမြိန်၊ တာဝတိန်ထက်၊ ထိန်မျှကျော်ပြီး၊ မပျော်

(၁) အထက်ဆူဝေ-ဟ၊

သီးသို့၊ စောမိုးပွင့်ညို့၊ မတင့်နိုးသည်၊ ၊ရည်တိုးမမြော် မမြင်တည်း။

၁၂၀။ ထို့ကြောင့်ရကား၊ လူ့ပြည်သွား၍၊ သိကြားစောင်မ၊ မင်းခေါင်လှလျင်၊ ဒါနဆည်းပူး၊ ငါ့နည်းကူး၍[1]၊ ပေးကြူးအလှူ[2]၊ မိုးနှယ်ဖြူလျက်၊ လှမ်းချူနတ်ပြည်၊ ဂူကျောင်းတည်၍၊ ဆယ်မည်တည်းသိပ်၊ ကမ္ဘည်းလိပ်တွင်၊ တံဆိပ်ဖွင့်ကြည့်၊ မင်းကျင့်တည့်လည်း၊ မပြည့်စုံး၊ ဆတက်တိုး၍၊ ကြိုးလတုံတုံ၊ ဖြိုးဖြိုးပုံလိမ့်၊ တောအုံမျက်မည်း၊ ငါ့တိုက်စည်းတွင်၊ ငါလှည်းငါန့ား၊ ငါလက်သားနှင့်၊ ငါအားတိထွင်၊ ငါလယ်ပြင်ကို၊ ငါလျင်ထွန်ယက်၊ ငါ့လုပ်နက်ဖြင့်၊ ခွန်ထွက်သီးမှည့်၊ ကျီကြထည့်လျက်၊ ပြည့်ပြည့်ဝဝ၊ ကုံခြင်းရာ၊ မြိန်သုဒ္ဓါဖြင့်၊ သြဇာပျံ့ပျံ့၊ ရနံ့ချင်းချင်း၊ ဟင်းလည်းဟင်းငံ၊ သူမဆံသို့၊ ကျော်သံမစဲ၊ ငါမင်းရဲလျင်၊ ပုလဲစင်ဖြူ၊ အယူတင့်ဆုံး၊ သီတင်းသုံးလျက်၊ နှလုံးသင်းသီး၊ အလှူကြီးဖြင့်၊ ဝေးနီးလူဗိုလ်၊ အံ့ကြဆိုတိ၊ အိုလစ်သောခါ၊ ပစ္စာနောင်တ၊ မကြောင့်ကြလျင်၊ ပုညစုံပေါင်း၊ ဤအကြောင်းဖြင့်၊ ညောင်းညောင်းညုန်းညုန်း၊ ငါ့ကိုန္နုန်းလည်း၊ ဘုန်း၏အကျိုး၊ ငါမညှိုးလျင်၊ တန်းခိုးရောင်လှံ၊ နတ်ဘောင်စံအံ့၊ မြဲမြံတချက်၊ စိတ်ကြံထက်သည်၊ ၊လိမ့်လက်မပေါ် မလွှင်တည်း။

---

(၁) ငါ့နယ်ကူး၍-ဟ၊ (၂) ပေးကျူးအလှူ-ဟ၊

ဧဝံ မဟာသတ္တော ဒေဝါနံ မဓုရသဒ္ဒေန ဓမ္မံ ဒေသေသိ။ ဓမ္မံ ဒေသေန္တောပိ မနုဿဂဏနာယ သတ္တဒိဝသာနိ ဌတ္ဝာ ဒေဝဂဏံ တောသေတ္ဝာ ဒေဝဂဏမဇ္ဈေ ဌိတောဝ မာတလိ-သ ဂဏကထံ ကထေန္တော အာဟ။ ။

၁၂၁။ ဤသို့ဟူ၍၊ လူမျှားအရှင်၊ ဘုရင်နရပတိ၊ နေမိသတိုး၊ ကျွန်းလုံးစိုးသား၊ နေမျိုးစောဓိး၊ ထိုမင်းကြီးကား၊ ဖြင်ညီးစံထွန်း၊ နတ်အဝန်းကို၊ ခင်ပွန်းဆယ်ပါး၊ ပြစ်မှားတစိ၊ မရှိလေကောင်း၊ မေတ္တာလောင်းလျက်၊ ဦးခေါင်းညွှတ်ချ၊ ကြည်မြတ်လှတိ၊ နတ်ရှာ့တံချ။။၊ အလှူပေးစွန့်၊ သီလသန့်မူ၊ ဗိမာန်သခင်၊ ကောင်းကင်တင်းကျမ်း၊ ကြယ်နှယ်ပြွမ်းသား၊ ယှဉ်ကျွမ်းယှဉ်ဘော်၊ မွေ့လျော်တူကွ၊ ငါမြင်ရသော်၊ ရှင်ပျစနိုး၊ ဝမ်းတော်ဖြိုးစွ၊ ကောင်းကျိုးအလျောက်၊ ကောင်းရာရောက်၍၊ ကောင်းမြောက်စည်ပင်၊ ကောင်းအင်ခွင်နှင့်၊ ကောင်းထင်ကောင်းကျော်၊ ကောင်းတုံသော်လည်း၊ မူးမော်လှည့်တွန်၊ မမေ့ကျန်နှင့်၊ တဘန်ဒုက္ခ၊ ယုတ်ရာကျအံ့၊ ဘဝလွန်မြတ်၊ ဥပပါတ်ဖြင့်၊ အထွတ်လျှမ်းလျှမ်း၊ မြတ်ရာလှမ်းလည်း၊ ယမ်းယမ်းမှိုင်ဂါ၊ ဘာဝနာနှင့်၊ မေတ္တာနှုတ်မှန်း၊ အခွန်းခွန်းလျှင်၊ ကမ္မဋ္ဌာန်းထက်ကြပ်၊ သတိကွပ်ဟု၊ အပ်နှုတ်သီးဖျား၊ မြို့(၁)ကြီးသားကို ၊ တရားပိုက်လွှမ်း၊ အမြိုက်ချမ်းဖြင့်၊ ရွှမ်းရွှမ်းထိပ်ပြင်၊ ဘိသိက်

---

(၁) မျိုကြီးသားကို-ဟ၊

တင်သိ၊ ကြားထင်နီးဝေး[၁]၊ ဆုံးမပေးသည်၊ ၊ဆောင်သွေး နိဗ္ဗာန် ချမ်းသာတည်း။

၁၂၂။ အထက်မြင့်စွာ၊ နတ်ဗြဟ္မာလျက်၊ ချမ်းသာမမြဲ၊ ဒုက္ခဝဲတွင်၊ ဆင်းရဲကြပြန်၊ အဖန်ဖန်လျှင်၊ ဧကန်စွဲသုံး၊ နှလုံးတချောင်း၊ နတ်ပုံပေါင်းတို့၊ မကောင်းစရာ၊ ကောင်းစရာကို၊ မှန်စွာတည်၊ မြင်ရပြီတည့်၊ ဤဘဝထက်၊ နောင်ခါတက်၍၊ ဖြစ်ဆက်ရှည်လျား၊ နတ်ပြည်ပွါးလျက်၊ မြေးသားစည်ပင်၊ ဖြစ်စေချင်၏၊ သာရှင်လျစ်လျူ။ နတ်လျှင်ဟူလည်း၊ လူသူ့နှယ်ပါ၊ ဓမ္မတာဖြင့်၊ ခန္ဓာဖြစ်ပျက်၊ အသက်ရှရက်၊ စုတေရလျက်၊ အနိစ္စချည်း၊ ဖြစ်သတည်းဟု၊ ထုံးနည်းထွေပြား၊ တရားဟောပွက်၊ လူ၏ရက်ဖြင့်၊ တွက်လတုံ၍၊ ခုနစ်နေ့တည့်၊ စေ့စေ့စုံစုံ၊ အနှစ်ပုံသား၊ လုံခြုံဝိပ္ပါယ်၊ နက်စံလှယ်လျက်[၂]၊ နည်းသွယ်ဖြန့်ဖြန့်၊ ငင်ထုတ်ဆန့်မူ၊ အဝှန့်ပြောလစ်၊ ပင်လယ်မြစ်တည့်၊ နှစ်နှစ်လို့လို့၊ နတ်တို့ဘောင်ဝယ်၊ မင်းခေါင်စံပ၊ နေပြီးမှလျှင်၊ ဓမ္မနာပဲ့[၃]၊ ဟောပြီးရဲမှ၊ လက်ဝဲလက်ယာ၊ မျက်နှာကြည့်မော်၊ ဝေးနီးမျှော်လျက်၊ မှုတော်ထမ်းချို၊ မာတလိ၏၊ တောင်ရှိမက၊ ဖြင်မျှလွှန်ထူး၊ ဂုဏ်ကျေးဇူးကို၊ ချီးကျူးပင့်ထောက်၊ မြှောက်လိုရကား၊ မိုးသိကြားအား၊ ဝမ်းပါးနှစ်ထောင်း၊ ဂါထာကောင်း

---

(၁) ကြာတင်နီးဝေး-က၊ (၂) နက်လှကြယ်လျက်-ဟ၊

(၃) နတ်တို့ဘောင်ဝ၊ မင်းခေါင်လှလျှင်၊ ဓမ္မနာပဲ့-က၊

ဖြင့်၊ သံညောင်းတုတ်တုတ်၊ ဤသို့ရွတ်က၊ ဆုတ်ဆုတ်ဆက်ဆက်၊ နာကုန်လျက်သည်၊ ။နှစ်သက်အလွန် တရာတည်း။

ဗဟူပကာရော နော ဘဝ၊ မာတလ ဒေဝသာရထ။
ယော မေ ကလျာနကမ္မာနံ၊ ပါပါနံ ပဋိဒဿယိ[1]။ ။

၁၂၃။ သုံးကုဋေ့ခြောက်သန်း၊ ရံကာဝန်းလျက်၊ ထွန်းလသောအား၊ လေးကျွန်းသားကို၊ စီးပွါးဆောင်ရွက်၊ ရှင်စေလျက်တည့်၊ မွန်းချက်တည့်လှ၊ ပြည့်သည့်လသို့၊ နတ်မျာ့းဘောင်ဝယ်၊ ပြောင်ပြောင်ကယ်မျှ၊ တင့်တယ်ဝင်းဝါ၊ အရှင်သာလျှင်၊ ကြည်ညာထော်လော်၊ ရန်စပေါ်လည်း၊ မျက်တော်ခြောင်းခြောင်း၊ လည်တောင်းလောင်းလျှင်၊ ရှိုံညောင်းကြောက်၏၊ ဝပ်ဝပ်ကွေးမျှ၊ နီးဝေးအဝှန့်၊ တေဇလှုန့်သည်၊ တောင်ညွှန့်ထိပ်ဖျား၊ ရှင်သ်ကြား၊ ။များပြားအိပ်ဖန်၊ ငယ်ကျွန်အစုတ်၊ ဝပ်ကာတုတ်မူ[2]၊ ကြုတ်ကြုတ်မျှိသောက်၊ ပင်လယ်ချောက်မျှ၊ လောက်စဟန်တုံ၊ နတ်ကျွန်ပုံတွင်၊ မှုကုံရွေးကောက်၊ လူရည်ထောက်လျက်၊ ရွှေမှောက်ယုံကြည်၊ ရဲစွမ်းရည်နှင့်၊ ကြံစည်နက်ကျိ၊ မာတလိကား၊ မျက်စိတထောင့်၊ ဘုန်းတော်ကြောင့်လျှင်၊ ဖြစ်ခေါင့်ဖြစ်ခဲ၊ လိမ္မာကဲသည်၊ ။လက်စွဲတောင်ဝှေး တချောင်းတည်း။

---

(၁) ပါပါနိုပဝိဋ္ဌံသယိ-က၊ (၂) ဝပ်ကာတုတ်သည်-ဟ၊

၁၂၄။ ဥပမာဖြင့်၊ သိသာစေလို၊ ကြားလျှောက်ဆို လည်း၊ ကျီးကိုနောက်လည်၊ သာကြည်နောက်စွမ်း၊ ကိုင်ဖမ်းမတတ်၊ ပျံခဲ့လွတ်သား၊ ရဲမြတ်ယောကျ်ား[1]၊ လူသူ့အားသို့၊ သိကြားလက်အောက်၊ ပေါက်မြောက်ခွန်အား၊ ကျေးသန့်စားသား၊ ထင်ရှားနတ်မောင်၊ ဟန်ပန်ဆောင်လျက်၊ သျှောင်တချောချော၊ စကားပြောနှင့်၊ သံကျောလုံးစည်း၊ အပည်းပည်းတွင်၊ ဖြုတ်ခြည်းအကျိုး၊ မပြီးနိုး၍၊ ကွယ်ကိုးကြံဘက်၊ စေခေါက်ရက်လျှင်၊ မိုးထက်ကသည်၊ လူမင့်းပြည်သို့၊ ဓွန့်ရှည်ခရီး၊ မနီးထုတ်ချောက်၊ ညဉ့်ကိုရောက်၍၊ ဝမ်းမြောက်နှစ်ခြိုက်၊ မလိုက်လိုက်လို၊ ချိုချိုမွန်မွန်၊ ပန်ပန်ထွာထွာ၊ အတူပါက၊ လိမ္မာသဖြင့်၊ မြေကိုဖွင့်၍၊ အရှင့်တမန်၊ ငရဲညွှန်လည်း၊ အကျွန်ကြောက်လှ၊ သံဝေရ၏၊ ထိုကတတည်၊ မြင်းဦးဖည်လျက်၊ ရွှေစည်သံလွင်၊ ကြွေးရှင်ရှင်တို၊ မိုးပြင်တန့်နား၊ ဗိမာန်များကို၊ ရထားမချတ်၊ ပြတို့လတ်လည်း၊ ဆွတ်ဆွတ်မနည်း၊ ရှင်မောသည်းမျှ၊ ငါလည်းသို့လျှင်၊ ဖြစ်ပါချင်ဟု၊ ပြာစင်မင်းခြေ၊ ဆိုရှာချေလျက်၊ ရှိသေပျံ့ပျူး၊ ကိုယ့်လိုထူးဖြင့်၊ ကျေးဇူးလေးနင့်၊ ချစ်ဘွယ်ကျင့်သည်၊ ၊အရှင့်ကျွန်တွင် ကျွန်ကောင်းတည်း။

၁၂၅။ ကျွန်တွင်ကျွန်ကျော်၊ ကျွန်သူတော်နှင့်၊ ကျွန်ဘော်တကာ၊ ချီးမွမ်းရာဖြင့်၊ လိမ္မာတတ်ပွန်၊ အများဝန်

---

(၁) ရယ်ဘတ်ယောကျ်ား-က၊

လည်း၊ မကျန်တုံစွာ၊ အဖြာဖြာ၌၊ စာနာဆီးဆ(၁)၊ သိုတတ်လှ၏၊ မင်းခမင်းနီး၊ မင်းဝယ်ကြီးလျက်၊ မင်းထီးအထွဋ်၊ မင်းစေပိပိ၊ မင်းညီမင်းသား၊ မင်းဆွေဝါးနှင့်၊ စီးပွါးနိမ့်ကာ၊ ညှို့ထက်ထွာသို့၊ ဖြစ်ပါစေခြင်း၊ တို့လူမင်းလည်း၊ လက်ရင်းသုံးစွဲ၊ ညာကြရဲသား၊ ပန်းပဲညှပ်တူ၊ သို့သည့်သူကို၊ လူလူကြီးကျပ်၊ ထီးစလွယ်နှင့်၊ စံပယ်လက်အောက်၊ မှူးမတ်မြောက်၏၊ ရန်ထောက်အောက်ကျိုး၊ ရွှေတောင်စိုးက၊ မိုးကြိုးစက်ရှိန်၊ မကျိန်ကြဝံ့၊ လူသူအံ့သား၊ သိန့်ထင်ပေါ်၊ အရှင်မြော်လျှင်၊ မြော်တော်မူလျောက်၊ ကျေးမက်လှောက်လျက်၊ နောက်နောက်သော်လည်း၊ သည့်နှယ်ချည်းလျှင်၊ ခမည်းကြိုးပမ်း၊ မှုတော်ထမ်းက၊ ရမ်းရမ်းစုံး၊ ရွှေငွေကျိုးလျက်၊ စွဲသုံးရွေခား၊ ဖလားလက်ကောက်၊ ခွက်ယောက်လင်ပန်း၊ တကျွန်းဝတ်လုံ၊ ရကြုံဆင်မြင်း၊ ကျွန်သင်းထိတ်ထိတ်၊ ဖုံးပိတ်စည်မောင်း၊ ရဲလှေလောင်းနှင့်၊ ပဲ့ပေါင်းညီးညီး၊ ကြီးကြီးမမ၊ ကြွယ်ဝမချတ်၊ ရမည်မှတ်ဟု၊ ချစ်မြတ်လေးကျင်၊ ရဲဆေးတင်လျက်၊ ရဲချင် ရဲလို၊ ရဲဆိုရဲခေါ်၊ ရဲတင်းဆော်လော့၊ ဝမ်းတော်သာစွာ၊ မင်းမာယာနှင့်၊ ပျူငှါရွေးဦး၊ ချီးမွမ်းဖြူးသည်၊ ၊ကျေးဇူးဖြစ်သစ် ဖြစ်ဟောင်းတည်း။

၁၂၆။ ဤသို့ဟူ၍၊ ဇမ္ဗူကျွန်းလော၊ ကျွန်းငယ်လောလျှင်၊ သောသောသောင်းသောင်း၊ စောင်းစောင်းငဲ့ငဲ့၊

(၁) ဇာနားဆီးဆ-ဟ၊

တုန်လဲ့ဝန်းကျင်၊ ထိန်ထိန်ရှင်မျှ၊ ပဲ့တင်တော်လည်း၊ မြေကြီး ကြည်းသား၊ တင့်ရည်းဗေဒါ၊ စောနေမိကား၊ ဖိဖိလည်း ကြိုး၊ ရှာသည့်မိုးသို့၊ ကောင်းကျိုးပည်းဖြင်၊ ဖြစ်စေချင်၍၊ ထင်ထင်မျက်စိ၊ မာတလိကို၊ ၊ဘုန်းရှိစောလှ ချီးပင့်ထ တည်း။

သုဓမ္မာသဘာယခန်း ပြီး၏။

(၁၃) မိဓိလနဂရပဝေသနခန်း

အထ ရာဇာ သက္ကံ အာမန္တေတွာ ဣစ္ဆာမဟံ ဒေဝရာဇ မနုဿလောကံ ဂန္တုန္တိ အာဟ။ သက္ကော တေန ဟိ သမ္မ မာတလိ နေမိရာဇာနံ တတ္ထေဝ မိဓိလံ နေဟိတိ အာဟ။ပ။ မိဓိလံ ပါပုဏိ သု။

၁၂၇။ ထိုရောအခါ၊ အောင်မြေချာ၌၊ သစ္စာလေးမည်၊ ပွင့်ဆောက်တည်က၊ ကြံစည်လှိုင်းဖြိုး၊ နေ့တိုင်းကြိုးလျက်၊ ဟိုးဟိုးကျော်ချောက်၊ ပြိုင်ရည်ထောက်လည်း၊ နှစ်ယောက်မဲ့အောင်၊ တင်းတင်းထောင်သည် [၁]၊ မြန်ဘောင်ပိုက်ထုပ်၊ စောပြည်ချုပ်ကား၊ တိမ်ပုပ်လှစ်ငင်၊ လျှပ်ခြည်သွင်သို့၊ ရယ်ရှင်စိမ့်ခြေ၊ ဣန္ဒြေနှင့်၊ ပြေပြေပြစ်ပြစ်၊ လွန်ကျစ်လျစ်လျက်၊ ဧကရာဇ်ဇာတိ၊ ကြည်ဘွယ်ရှိမျှ၊ သိဒ္ဓိထွတ်ဖု၊ ဝမ်းလှူလှူလျှင်၊ သာမုဟစ်ခေါ်၊ တရားဖျော်လျက်၊ ပျော်ပျော်ပါးပါး၊ မိုးသိကြားနှင့်၊ နတ်များရံထပ်၊ ရွှေမဏ္ဍပ်က၊ အရပ်မဟုတ်၊ ယာယီဆုတ်သို့၊ ရန်ခုတ်မင်းဖျား၊ ကြာသောအားတည့်၊ ရက်များညောင်းရှည်၊ ပြန်တော့မည်ဟု၊ လူ့ပြည်သွားလို၊ ချိန်သင့်ဆိုသော်၊ မြင်းမိုရ်သခင်၊ လွန်ကြင်လေးမြတ်၊ တဆွတ်ဆွတ်လျှင်၊ ညွတ်သည်အပ၊ စုံမက်လှလည်း၊ ချစ်ဘမင်းစော၊ ကောင်းကြီးဟု၊ လျင်ဆောလွယ်မှု၊ အခွင့်ပြု

---

(၁) တင်းတင်းဆောင်သည်-က၊

လျက်၊ နုနုနဲ့နဲ့၊ မှုမပြဲ့နှင့်၊ လေးတွဲမရှည်၊ ကြည်လတ်တုံဘိ[၁]၊ မာတလိကို၊ မိမိလည်းကောင်း၊ ပျော်နှစ်ထောင်းမျှ၊ ရပ်ဟောင်းပြည်သာ၊ မိဓိလာသို့၊ သိင်္ဂါခန်းတိုက်၊ နန်းဆိုက်ဆိုက်လျှင်၊ ဘက်ပိုက်ပျံ့ပျူး၊ ရေင့်ကျူးလျက်[၂]၊ သာမြူးပျော်ရွှင်၊ ပြည်တော်ဝင်က၊ အောင်မြင်ဘိသိက်၊ ကျွန်းလုံးထိတ်မျှ၊ ညိတ်ညိတ်ထွက်ပြူ၊ လူလည်းဘေးမဲ့၊ စောင့်ကြပ်ပဲ့လျက်၊ တဆဲ့ငါးရက်၊ ဖြူရောင်စက်နှင့်၊ ထွက်လတ်သောလား၊ လူမင်းဖျားကို၊ လျောက်လျားနေရာ၊ ထုံပျံ့စွာသား၊ ကမ္ဘလာညှံ့ပေါ့၊ ရွှေအုံးပျော့နှင့်[၃]၊ သို့သော့အခါ၊ ကိန်းပကာလျှင်၊ ပြုဗ္ဗာပက်ပည်၊ နေခြည်မထိုး၊ ရွှေစောင်မိုးလျက်၊ သည်မျိုးကြင်ဘက်၊ တနံနက်မျှ၊ နန်းထက်စံဦး၊ မကွာဘူးမူ၊ မယ့်ထူးမပြေ၊ ရက်များရေလျက်၊ မင်းခြေစောမောင်၊ အိပ်မက်ယောင်လိမ့်၊ ရောက်အောင်မနေ၊ ပို့ပါချေဟု၊ စေလတ်တုံလျက်၊ နှုတ်တော်နက်ကို၊ ဦးထက်ထားတင်၊ ရထားငင်၍၊ စီရင်မပျက်၊ ရှေးနှယ်ဘက်လျှင်၊ တက်စိမ့်သော့ဟန်၊ ကပ်လတ်ပြန်သည်၊ ၊တဘန်ကြိုးကြိုး စားစားတည်း။

၁၂၈။ ထိုသို့နတ်သား၊ ရွှေရထားကို၊ မင်းဖျားထံမှာ၊ ကပ်လစ်ခါတုံ၊ ကြင်နာတဆို၊ ထိတ်မွမ်းပြိုလျက်၊ မြင်းမိုရ်ကြည်းမျှ၊ နတ်မယ်လျတို့၊ ပဝရသိဒ္ဓိ၊ စောနေမိကို၊ မျက်စိ

---

(၁) လှမဲ့မရှည့်၊ ကြည့်လတ်တုံဘိ-က၊ (၂) ချေင်းးကျူးသို့-က၊
(၃) ကမ္ဘလာညှံ့ပြော့၊ ရွှေအုံးမော့ထက်-က၊

မြင်ကျွမ်း၊ ပျူငှါဆမ်းလျက်၊ နတ်ကွမ်းနတ်ရွက်၊ နတ်လက်ဘက်နှင့်၊ မြိန်ရှက်သုဒ္ဓါ၊ ကြိုင်စွာသား၊ နံ့သာဖျော်ရည်တွက်နပ်တည်၍၊ ရွှေပြည်သခင်၊ နတ်ရှင်ပျံမှုန်း၊ စံပယ်တုန်းလျက်၊ ဘုန်းချင်းမချည်၊ ဆွေသည်မဖြစ်၊ နောက်နစ်ရှင်ရင်း၊ ပြန်လေမင်းဟု၊ ညင်းညင်းခြေးခြေး၊ သံလေးညောင်းညောင်း၊ နွဲနောင်းခေါက်ချိုး၊ ငြိုးငြိုးငြိမ့်ငြိမ့်၊ စိမ့်ရရိမ့်၍၊ နှစ်သိမ့်ရုပ်ဓာတ်၊ ပြာလတ်လတ်လျှင်၊ ထွတ်ထွတ်ထွားထွား၊ ရေသားညက်ညက်၊ မက်မက်မောမော၊ မွတ်မွတ်ချောတိ၊ ပျောပျောတိမ်းညွတ်၊ မိန်းမိန်းပြတ်မျှ၊ မိုးနတ်သမီး၊ ညီးရရီးလျှင်၊ ပွဲကြီးရင်ပြင် ၊ ဆင်ယင်တုပ၊ ယိုးယိုးယသား၊ အလှထွေပြား၊ ရွှေရွှေတွားသို[၁]၊ နှုတ်ဖျားသန္တာ၊ အာကားတံလည်း၊ မျက်မည်းရောင်ညို့၊ ဝင်းပြောင်ပျှိလျက်၊ နှစ်လို့လေးတွဲ၊ နွဲရခွဲ့လျှင်၊ လဲ့လဲ့မြမြ၊ပွပွလှပ်လှပ်၊ သွယ်သပ်သပ်မူ၊ ချစ်တပ်ချင်ဘွယ်၊ ပြုံးရွှင်ရယ်လျက်၊ ကေသွယ်ရွက်ညှာ၊ မြဆံကြာနှင့်၊ ပြင်လျာ ဆုံစည်း၊ ခြည်းရရည်းသည်၊ ၊ စုလည်းရွှေငုံ ရွှေငုံတည်း။

၁၂၉။ အသီးအသီး၊ ဆိုဝဲချီးနှင့်၊ ဦးဖြီးကျိုင်းထွား၊ လူမင်းသားကို၊ ပျော်ပါးစေကြောင်း၊ လှည့်ဖြားယောင်းလျက်၊ နှစ်ထောင်းအင်ခြိုက်၊ ရင်ခွင်ပိုက်၍၊ ကြိုက်ကြိုက်မှတ်မှတ်၊ မြင်းမိုရ်ထွတ်ဝယ်၊ နတ်နှင့်လူကား၊ မတရားဟု၊

(၁) ရွှေရွှေထားသို-က၊

ခက်သားမထိုး၊ မိုးမကြိုးတည့်၊ တန်းခိုးကြီးလွန်း၊ ဘုန်းမီးထွန်းလျက်၊ တကျွန်းစိုးဆောင်၊ မယ့်သည်မောင်ကို၊ အို အောင်ချစ်ဘော်၊ မဖြစ်သော်လည်း၊ မတော်မရ[1]၊ နတ်မိန်းမတို့၊ ယွင်းခွလိမ်လစ်၊ ကောက်တကျစ်နှင့်၊ ပွင့်သစ်ညှိုးခြောက်၊ ရနံ့ပျောက်သို့၊ ကသောက်ကသက်၊ ပေါ့ပြက်ပေါ်လံ့၊ ကဲ့ရဲ့ခံ၏၊ လှစ်မင်းခြေ၊ မှတ်တို့လေဟု၊ ရိုသေပြယာယ်၊ ချစ်ရိပ်သွယ်၍၊ ကြီးငယ်မြင်ချင်၊ တလျက်ပင်တည့်၊ လွန်ကြင်နှစ်လို၊ နတ်သားတို့မူ၊ မြင်းမိုရ့်ထိပ်ညောက်၊ တို့ရှေမှောက်သို့၊ ရောက်လတ်တော့သည်၊ ရှင့်ရုပ်ရည်ကို၊ ကြံစည်စမိ၊ လုံးယပ်ရှိလျက်[2]၊ တရှိမြင်နည်း၊ တဆင်တည်းလျင်၊ ရှေချည်းသိန်းသန်း၊ သတိသွန်း၍၊ ဥဒါန်းနောက်နောင်၊ ပြောရစ်အောင်နှင့်၊ ရှေတောင်မြင်းမိုရ်၊ ထားခဲလိုသည်[3]၊ ၊ကြည်ညိုဆွဲပုံ ဆွဲပုံတည်း။

၁၃၀။ သွားမည်ငမ်းငမ်း၊ ရှေစည်ရွမ်းလျက်၊ မွမ်းမွမ်းဖြင်ပေါ်၊ မောရရောလျှင်၊ သောသောသောင်းသောင်း၊ ညောင်းညောင်းကြွေးကြွေး၊ နီးဝေးပဲ့တင်၊ ကောင်းကင်အုတ်ကျက်၊ အထက်မြင့်ဝှန်၊ အလွန်တရာ၊ ညွှတ်ကြည့်စာဖြင့်၊ ညီညာတကိုယ်၊ နတ်ထိုထိုတို့၊ သံချိုနှုတ်မှာ၊ နာလည်းမငြီး၊ ထုံးပုံမှီးလျက်၊ မီးကျီးဟူက၊ လောင်တတ်

---

(၁) တော်တော်မရ-က၊ (၂) လုံးရပ်ရှိလျက်-ဟ၊

(၃) ထားခဲ့သိုသည်-ဟ၊

စွဟု၊ မိဘဆိုလျက်၊ သူငယ်လက်ဖြင့်၊ တချက်ထိမူ၊ သည်းချာဆူသို့၊ ပြည်သူစိုးခြာ(၁)၊ မင်းတကာတို့၊ အာဏာစက်သွား၊ သတင်းကြားလျက်၊ နွားနှယ်မိုက်မဲ၊ မုန်းဆေးကြဲလည်း၊ ဆင်းရဲမရှာ၊ ချမ်းသာချီခဲ့၊ မျက်တော်မဲ့လျှင်၊ ကြီးငဲ့မိုရာ၊ သမ္ဘာရင့်ထွေ၊ ကျင့်လေလေဖြင့်၊ ဖြစ်စေချင်လှ၊ စည်ပင်ဝလျက်၊ ပြောပပြည်လုံး၊ ဘိုးဘေးထုံးလည်း၊ လက်သုံးပုရပိုက်၊ ရှင့်ဝယ်နိုက်လျှင်၊ ကျင့်ထိုက်ကျင့်တန်၊ မင်းမွန်ဟူပြီ၊ တုမရှိသား၊ ဗေဓိပင့်လောင်း၊ တို့မင်းကောင်းဟု၊ စည်မောင်းရုရှု၊ မေတ္တာပြုသည်၊ ၊ချစ်မှုကျေကုံ ကျေကုံတည်း။

၁၃၁။ မဟာရာဇ၊ သမ္မတဖြင့်၊ ဒီပကျွန်းခေါင်၊ ထက်ဝန်းဆောင်က၊ ဘုန်းရောင်လွှလွှ၊ တဆွဆွလျှင်၊ စကြဲ့လက္ခဏာ၊ လက်တွင်ပါသည်၊ ကြမ္မာမချို၊ ပြည်သူမြို့လည်း၊ စိမ်းညို့ရောင်ဝါ၊ ရွှေတောင်သာ၌၊တကာနတ်ပုံ၊ အလုံးစုံကို၊ တတ်ကုံချစ်ထို့၊ မေတ္တာလှို့၏၊ အံ့ကာအံ့ကာ၊ မရွာတုံပဲ၊ နှင်းသေးဖွဲ၍(၂)၊ ပြည်ထဲမှတ်က၊ ခိုးသားထလျက်၊ ကြောင့်ကြမီးပွါး၊ အတီးကြားလည်း၊ တရားစောင့်တည်၊ ဖြောင့်ဖြောင့်ကြည်မူ၊ ဝန်းလည်ဝေးလံ၊ ဆယ်ပါးသံနှင့်၊ နိုင်ငံအဝှန်၊ ရှင်လူဖြန့်က၊ ခင်ပွန်းကိစ္စ၊ နတ်တို့မဟု၊ ဝမ်းကကြွေ့

---

(၁) ပြည်သစိုးချာ-က၊ (၂) နှင်းသာဖွဲ၍-က၊

ကြွေ့၊ ငါအောက်မေ့ရှင့်၊ ဖူးတွေ့ခေါက်ရက်၊ ကြင်စုံမက်က၊ နှစ်သက်ပုံလှောက်၊ ဝမ်းတို့မြောက်စွ၊ စောင့်ရှောက်သီလ၊ ထွန်းဝါပလျက်၊ မာဃနတ်မင်း၊သက်လုံးနှင်းသား၊ သည်ရင်းမြောက်သား၊ မိဖုရားက၊ စသည်ဖြင်ညီး၊ နတ်သမီးနှင့်၊ ဝေးနီးမျှားပြား၊ မောင်နတ်သားတို့၊ ဆပ္ပါးလွန်ချစ်၊ နေတုံရစ်ဟု၊ ဖွင့်လှစ်နုံ့ကျော်၊ ခံတွင်းတော်က၊ ထွေငေါ်ချိုမြိန်၊ သွားမည်ချိန်သည်၊ ၊အရိန္ဒမ စောဓီးတည်း။

၁၃၂။ သာရှင် သာရှင်၊ အလွန်ကြင်မျှ၊ ချစ်ခင်လေးတွဲ၊ နှုတ်ဆက်ခဲ့မှ၊ မင့်မကွက်၊ ရထားထက်သို့၊ ရှေစက်မြုတေ၊ တက်တုံလေမူ၊ ညာကြေမလွဲ၊ မှုထမ်းမြဲသား၊ ရဲရဲစုတ်စုတ်၊ ခြုတ်ခြုတ်တိုးထိ၊ မာတလိကား၊ သီရိရတန၊ ရှေတောင်ကသော်၊ သိကြာ့းယာဉ်ရှင်၊ ဧဝဏ်ဆင်နှင့်၊ ထမ်းစင်သံလျှင်း၊ မြင်းလည်းမွန်ရည်၊ ရှေတော်ချည်သား၊ အမည်ထွေပြား၊ အပါးပါးတွင်၊ နတ်သားစီးလှည်း၊ တဆူတည်းကို၊ ဖြည်းဖြည်းလည်းကောင်း၊ နောက်ညောင်းလှည့်လှည့်၊ ကြည့်လည်းမရဲ၊ မြောက်သို့ဝဲမှ၊ ဝမ်းဘဲသဘွယ်၊ လက်ယာနွယ်မူ၊ တင့်တယ်ဘိသည်၊ နေရောင်ခြည်တွင်၊ ရှေလည်ထောင်ထောင်၊ ရှေတောင်ညီးညီး၊ ရှေမြီးဖြန့်ဖြန့်၊ တန့်လတ်တုံလျက်၊ ဂဋ္ဌုန်ငှက်သို့၊ တချက်လည်ကွေ့၊ အရှေတူရူ၊ အဖြောင့်ယူလျက်၊ တိမ်ဖြူဆိုင်းဆိုင်း၊ ကောင်းကင်တိုင်းဖြင့်၊ ဆစ်ပိုင်းခရီး၊ မနီးခွန့်ရှည်၊ လူမင်းပြည်ကား၊ ရေ

ကြည်စီးသွယ်၊ ပင်လယ်ဝှမ်းက္ခ[1]၊ မြစ်မပြက်ပြက်၊ ဘုံချက်နန်းဆောင်၊ ပြောင်ပြောင်နေနှယ်၊ လက်ညှိုးရွယ်လျက်၊ စီးသွယ်ငါးထွေ၊ တိမ်ခြေနင်းကြွ၊ သိန္ဓဝထက်၊ အလှမွေညက်[2]၊ စောင်းတန်းသက်ဖြင့်၊ ခွါလက်ဆန့်ညောင်း၊ ကွန်ကဟောင်းတွင်[3]၊ လောင်းလတ်သဖြင့်၊ သဘော်လှင့်သို့၊ မိုးမြင့်လိပ်ကြေး၊ ရိပ်ရိပ်ပြေးမျှ၊ စွေးစွေးစွတ်စွတ်၊ လတ်လတ်တန့်နိုး၊ နှုတ်ချိုပျိုးလျက်၊ ရွှေကြိုးလျှော့တုံ၊ မလျှော့တုံလျင်၊ လုံးစုံရိပ်နေ၊ စံစားစေလျက်၊ စာရေမငတ်၊ နှင်လေလွှတ်က၊ ပြည်မြတ်ထုတ်ချောက်၊ ဘေးမဲ့ရောက်သည်၊ ။ အောင်မြောက်မင်္ဂလာကြီးတည်း။

မဟာဇနော ရထံ ဒိသွာ ရာဇာ[4] အာဂစ္ဆတီတိ ပမုဒိတော အဟောသိ၊ မာတလိ မိဓိလံ ပဒက္ခိဏံ ကတ္ဝာ။ပ။ သကဋ္ဌာနမေဝ ဂတော။ ။

၁၃၃။ ဦးနှက်ဦးဖြူ၊ သောင်းသောင်းအူမျှ၊ ပြည်သူတကာ၊ အရွှာရွှာလည်း၊ မျက်နှာဖြိုးလန်း၊ နှင်းမိုးဖျန်းမူ၊ ရွှန်းရွှန်းရှိမ်းရှိမ်း၊ ဧငြိမ်းသို့၊ ခပ်သိမ်းနှစ်လို့၊ တဖြစ်သို့လျှင်၊ ငါတို့ရှင်စော၊ လာပြီသြဟု၊ မောမောမိန်းရူး၊ ကြည့်ကမူးလျှင်၊ ကျေးသင်းချို[5]၊ ပြောကဆို၏၊ ယာဉ်ပျို့

---

(၁) ပင်လယ်ပစ်ကျ-က၊ (၃) ကွန်ကဟောင်းတွင်-က၊
(၂) သိန္ဓဝသို့၊ သာလှမွေညက်-က၊ (၄) ရာဇာနော-က၊
(၅) ကျေးဆင့်ချို-က၊

ထောင့်ရှင်၊ ရပ်ထင်ဝေးမြေ၊ စေကကုံဘီ၊ မာတလိလည်း၊ မိဓိလာဟု၊ ယာမာနှိုင်းရည်[၁]၊ ထိုရွှေဖြည်ကို၊ ဝန်းလည်မြင်းချစ်၊ လက်ယာရစ်မှ၊ တွန်လှစ်ကြိုးကြာ၊ သာနိုးစွာနှင့်၊ သီဟာဂူထဲ၊ ထွက်ချဝဲသို့၊ မှင်ရဲခုန်ဆွေ၊ ခြသော့ခံနား၊ နန်းတံခါး၌၊ ဘုရားဆုတောင်း၊ သူမြတ်လောင်းကို၊ ချောင်းနောင်းယုယ၊ သက်စေမ၍၊ မိုးဝဲခြေထပ်၊ ခုပ်လျပ်လျပ်လျင်[၂]၊ တွက်နပ်မင့်၊ ပြန်တောဇံဟု၊ ဖြည်းညှံနှုတ်နက်၊ တောင်းပန်ပွက်၍၊ မစက်မကျိန်း၊ ဂုထားထိန်းလျင်၊ သိန်းလည်းမတူ၊ လွှားလွှားဖြူမျှ၊ ရှူရှူဝပြားဝတ်၊ လေပုန်းလွှတ်သို့၊ တောင်ထွတ်ခန်းဝါ၊ မိမိရွာဖြင့်၊ မျက်နှာတည့်တည့်၊ မြောက်သို့ကြည့်လျက်၊ မှုရှည့်ပီစွာ၊ ကြည်သံသာနှင့်[၃]၊ ၊မြင့်ကြာမနေ ပြန်ပြန်လေတည်း။

မိဓိလာနဂရပဝေသနခန်း ပြီး၏။

---

(၁) မာယာနှိုင်းယှဉ်-က၊ (၂) ခုန်လျပ်လျပ်လျှင်-ဟ၊
(၃) ဟီသံသာနှင့်-က၊

(၁၄) မဟာဘိနိက္ခမနခန်း

**မဟာဇနော နေမိရာဇာနံ ပရိဝါရေတွာ ကိဒိသော ဒေဝ-
လောကော‌တိ ဒေဝလောကံ ပုစ္ဆိ။ မဟာသတ္တော ဒေဝါနဉ္စ
သက္ကဿ စ သမ္ပတ္တိံ ဝဏ္ဏေတွာ တုမ္ဟေပိ ဒါနာဒီနိ
ပုညာနိ ကရောထ။ပ။ ပဗ္ဗဇိဿာမိ‌တိ ဝုတ္တေ၂။ ။**

၁၃၄။ ဇာတ်နေခန်း၊ မြင်းမိုရ်ကျန်းသို့၊ စွန်းစွန်းလည်း ကောင်း၊ ပြန်လေရှောင်းမှု၊ တသောင်းမြောက်ထောင်၊ ဘော်ကုန်အောင်တွင်၊ လှခေါင်နတ်ပြင်၊ အထွတ်တင်သား၊ မြှောစင်ညက်ထွား၊ မိဖုရားက၊ မတ်များတသွန်၊ ကလန် သံပျင်၊ တိုင်ပင်ပြုဘော်၊ သားတော်မင်းလျာ၊ တကာ ပြည်သူ၊ ပင်လယ်ဆူသို့၊ အူအူသောင်းသောင်း၊ စည်းဝေး ပေါင်းလျက်၊ စောလောင်းရန်နင်း၊ ပြည်ကြီးမင်းကို၊ ထုံသင်း ပန်းသတ်၊ ဆန်းကြယ်မြတ်သား၊ မင်းဝတ်မင်းစား၊ ကွဲနွှား ဆန်ရေ၊ ရွှေငွေမြင်းဆင်၊ လက်ငင်တွဲရွက်၊ ဆက်လက်တုံပြိုး၊ ဝဲချိုးမြတ်နိုး၊ ရှုအင်ပြိုးမျှ၊ တိုးလည်းမဆုံ၊ ရံကာခြုံ လျက်၊ ပျံပျံမှေးမှေး၊ လေတသည်ကား၊ တောင်ထပဖျားဝယ်၊ စံကားရွှေမှည့်၊ ကဆုန်ပြည့်၌၊ နတ်တည့်ရထား၊ စွမ်းအားရည်ငံ၊ သိန္ဓောပျံနှင့်၊ ရောင်လှံမောင်းမောင်း၊ ရွှေရည်ချောင်းသို့၊ ကျန်ကောင်းအရှင်၊ အရှင်ကောင်းကျန်၊ ပစ္စုပ္ပန်

---

(၁) တုမ္ဟေဃိ-က၊ (၂) ပဗ္ဗဇိဿာတိ ဝုတ္တေ-က၊

နှင့်၊ တမလွန်နောင်လာ၊ ပြောခြင်းရာဖြင့်၊ နတ်ရွာနတ်ခွင်၊ ကြွလေကျင်သား၊ ရုပ်သွင်လှကျိုင်း၊ စောရန်ပိုင်းကို၊ နေ့တိုင်းဆိုတမ်း၊ ရူတလွမ်းလျက်၊ ရွမ်းရွမ်းညှိုးနေ၊ ကြာ့နှယ်ခွေမျှ၊ ရက်ရေနှင့်ကာ၊ ရှင့်ကိုသာလျှင်၊ မျှော်ရှာမျှော်ကြည့်၊ နေကုန်လှည့်သည်၊ ၊ပျောင်းချည့်ကြုံလှီ ကြုံလှီတည်း။

၁၃၅။ နေ့တိုင်းမချာ၊ မင်းကြီးစွာကို၊ ညီညာပေါင်းရု၊ တောင်းသည့်ဆုဖြင့်၊ ယခုတမူ၊ ဇမ္ဗူကြားထင်၊ ပြည်တော်ဝင်၍၊ ကြည်လင်တည်ပ၊ နေခြည်ရသော်၊ အလှတရာ၊ ပွင့်သည်ကြာသို့၊ မျက်နှာထိုးထင်း၊ ဝိုးဝိုးဝင်းတည့်၊ ကျိုးကျင်းရွင်ပြုံး၊ အားလုံးလူပုံ၊ နိဂုံကျေးမက်၊ ရွာလက်ဖြီးခိုင်၊ ခရိုင်မြို့ပြ၊ စျေးနာစသား၊ သူဝသူရှား၊ ကုန်သွားလယ်လုပ်၊ ဟုပ်ဟုပ်ထွန်ယက်၊ ရဲခက် ရဲရူး၊ ထောင်မှူးထောင်ကွပ်၊ ရွပ်ရွပ်တိုက်ခွဲ၊ ကာစွဲလေးသား၊ ယောကျ်ားမဟုတ်၊ ရွှေခြေဆုတ်က၊ ဦးနုတ်ခံခံ၊ ဝေးလံမှုထမ်း၊ ရုကပြွမ်းလျှင်၊ ရမ်းရမ်းရက်ရက်၊ နှစ်သက်ပြောဆို၊ မုဆိုးဖိုက၊ ရွယ်အိုရွယ်ကျ၊ မုဆိုးမနှင့်၊ ရွရွသွားလား၊ ပုဏ္ဏားရဟန်း၊ စိတ်ပျံ့လန်း၏၊ ရွှေနန်းစိုးဆက်၊ မှီခိုဘက်တွင်၊ ပြောချက်လွန်လစ်၊ တို့ရှင်ချစ်လျှင်၊ သစ်သစ်နတ်ပြည်၊ ရောက်လေသည်ဖြင့်၊ ယုံကြည်မှတ်ထင်၊ နတ်ဘုံပြင်ကို၊ မြင်လတ်သော်တည်း၊ ဘယ်သို့နည်းဟု၊ ဖြင်ပည်းမေးမြောက်၊ မင်းရေးထောက်လည်း၊

စံကျောက်ဘိုးများ၊ ပတ္တမြားဝယ်၊ စပါးဆန်ရေ၊ နောက်ဖြစ်ချေသို့၊ သာထွန်နိုင်းရဲ့ ၊ ဆိုရာမဲ့လျှင်၊ အံ့ဘွဲ့အပါ၊ မမြင်ရဟု၊ ဒေဝသမွတ်၊ နတ်နှင့်သိကြား၊ ပျော်ပါးစဘို့၊ ဗိမာန်တို့ကို၊ ဤသို့ထွေပြား၊ အကျယ်ကြားမူ၊ နားပါးစိတ်ထက်၊ ရှက်လှည့်ပေကာ၊ အကျဉ်းသာလျှင်၊ နရာဓိပ၊ ပြန်ပွက်ဟလျက်၊ ဖြင်မျှပည်းထူ၊သင်တို့မူလည်း၊ အလှူမကင်း၊ သီတင်းမကွာ၊ ဖြစ်ကုန်ပါက၊ နတ်ရွာနတ်ရပ်၊ ကပ်ရလတ္တံ့ ၊ အံ့လည်းမနိုင်၊ ရိပ်မြိုင် ချမ်းသာ၊ အာဏာ ကြောက်ရွံ့၊ စံရ မည်ချည်း၊ တမှတ်တည်းဖြင့်၊ နိဿရည်းရရ၊ လူ့ပြည်ကလျှင်၊ မိဘဘိုးဘွား၊ ဆွေဝါးကုန်အောင်၊ ကောင်းမွေနှောင်လျက်၊ ကျိုင်းကောင်မသား၊ ငန်းတော်ကျားသို့၊ မူထားဆိုးပစ်၊ စိတ်မညစ်နှင့်၊ ဆန်နစ် မုန့်ဖဲ့၊ ဆင်းရဲသောလျှက် [1]၊ တတောက်ပတ်ပတ်၊ ရတတ်သမျှ၊ ဒါနပေးစွန့်၊ ဝေခြမ်းဖြန့်လျက်၊ သန့်သန့်သက်သက်၊ စိတ်ထက်ဖြောင့်ဖြောင့်၊ သီလစောင့်ဟု၊ မင်းကောင့်းအရိုး၊ စောသတိုးလျှင်၊ စေ့ပျိုးဝန်းလျား၊ လူအများကို၊ တရားထိန်းကျောင်း၊ ညှိရုံးပေါင်းသည်၊ ၊ကျိုးကြောင်းစုံညီ စုံညီတည်း။

၁၃၆။ ဇနပုဒ်တိုင်းကား၊ ပွါးပွါးစီးစီး၊ ရှိုးရှိုးရှန်းရှန်း၊ ဝန်းဝန်းလည်လည်၊ ပြည်ပြည်ရွာရွာ၊ ညာညာကြကြ၊ အလှေအလှော်၊ လူပုံပေါင်းကို၊ နှစ်ထောင်းအင်ခိုက်၊

---

(၁) ဆင်းရဲသားလျှက်-က၊

ရင်ခွင်ပိုက်သို့၊ ရည်မြိုက်လေးချို၊ သောက်စေမျိုရှ်၊ ကုသိုလ်မကြွင်း၊ သီတင်းခြိုးခြံ၊ ဒသဓံနှင့်၊ မြဲမြံအလှူ၊ ကျင့်တော်မူလျက်၊ ပြည်သူမျက်ပွင့်၊ စောရန်လွှင့်ကား၊ မြင့်မြင့်ကြာကြာ၊ ခန္ဓာသက်ကြွယ်၊ ခေါင်းတော်ဝယ်လျှင်၊ သွယ်သွယ်မြိတ်ဖွံ့၊ မွေးမွေးပျံသား၊ ရနံ့တည့်ချည်း၊ သျှောင်ရွက်စည်းကား၊ နက်မည်းရောင်ချက်၊ ဖြစ်တုံလျက်တည့်၊ တစက်ဆီရည်၊ မစိုသည်သို့၊ ထူးလည်တချို၊ အဖြူတို့ကို၊ နှစ်လို့ရှင်မင်း၊ နှလုံးသွင်းသား၊ ကျွန်ရင်းကျွန်ချာ၊ ဆတ္တာသမား၊ မှတ်သားထင်ပေါ်၊ မြင်လသော်လျှင်၊ အော်တို့ဘုရား၊ ဘဝါးတော်အောက်၊ ကြားလတ်လျှောက်က၊ ခပ်ကောက်ညွှတ်ညွှတ်၊ မျက်ခတ်ညီးညီး၊ နှုတ်သီးသပ်သပ်၊ ရွှေမွေးညှပ်နှင့်၊ ချဉ်းကပ်နေရ၊ ယုယုယလျှင်၊ မွမွပါရုံ၊ နုတ်စေတုံရှ်၊ အမုံထွားထွား၊ ရွှေလက်ဝါးထက်၊ ထားလတ်သရော်၊ မြော်တော်မူပြီး၊ သက်ကြီးရှိုက်ငင်၊ မရွှင်ညှိုးလျ၊ သံဝေဂဖြင့်၊ ထဲပယုံကြည်၊ ဆတ္တာသည်အား၊ မင်းဖျားဆုကျေး၊ ချက်ခြင်းပေးလျက်၊ ရည်လေးတောက်ထွန်း၊ ဤဘုံနန်းမှ၊ ရဟန်းလျင်ဆော၊ ပြုတော့မောဟု၊ ရဲစောနတ်တူ၊ ကြံတော်မူက၊ သည်းအူရင်းစစ်၊ ဥပရာဇ်ကို၊ သစ်သစ်ခပင်း၊ ပြည်ကြီးနှင်းမူ၊ စောင်းပင်းမြေကြီး၊ ကျော်စောပြီးသား၊ ဘုန်းမီးတောက်ရှင်၊ ငါတို့သျှင်ကား[၁]၊ ချစ်ခင်မုန်းလို၊ လွှဲ့လက်အိုလျှင်၊ မဆိုစရာ၊ ဆိုစရာတည့်၊ တကာပြည်ထောင်၊

(၁) ဘုန်းမီးတောက်လွှင်၊ ငါတို့ရှင်ကား-ဟ၊

ကြားလေနောင်ကား၊ ကုန်အောင်ရှက်သည်း၊ ဘယ်ကြောင့်နည်းဟု၊ ဖြည်းဖြည်းသံမွေ့၊ မေးတုံ၍လျှင်၊ စေ့စေ့မကျန်၊ ဤသို့ပြန်က၊ တဘန်နောင်တ၊ မရှိရသည်၊ ၊ကိစ္စကုံပြီ ကုံပြီတည်း။

ဥတ္တမင်္ဂရုဟာ မယှံ၊ ဣမေ ဇာတာ ဝယောဟရာ။
ပါတုဘူတာ ဒေဝဒူတာ၊ ပဗ္ဗဇ္ဇာသမယော မမန္တိ။ ။

၁၃၇။ သမုဒြာ၊ တောင်ညာရစ်ချောင်၊ စီးသွယ်မြောင်လျက်၊ ရွှေတောင်နန်းထိပ်၊ မြကျွန်းရိပ်တွင်၊ ရန်နှိပ်နင်းချိုး၊ ငါသတိုးလျှင်၊ ဆွေမျိုးဆွေစ၊ ပြင်ပခပ်ရိုင်း၊ တူရှည့်ခိုင်းလည်း၊ ပိုင်းပိုင်းစက်လွှ၊ ဘုန်းသာရှလျက်၊ တေဇကွန်လှန့်၊ ဝှန်လေဖြန့်လည်း၊ မခန့်သီးပဲ၊ မြေကြီးကွဲရှင့်၊ ပုလဲမောင်ပင်၊ မျက်နှာမြင်လည်း၊ မာတင်ထွားထွား၊ ဆဒ္ဒန်သားလျှင်၊ ခွန်အားပြည့်ထိုက်၊ ရောက်လှာဆိုက်၍၊ တိမ်တိုက်မိုးမြင့်၊ တန်းခိုးလွင့်သည်၊ ဘခင့်လက်ရုံး၊ သားရွှေတုံး၊ ၊ပတ်ကုံးအောင်နိုင်၊ အခေါင်တိုင်စိမ့်၊ ဝှမ်းအိုင်ကြီးကျယ်၊ ပင်လယ်ချက်ခြင်း၊ ရွက်ဖြူနှင်းက၊ ဒုံမင်းကြားထင်၊ သံလွင်လက်မြှောက်၊ ချောက်ချောက်ကျော်စော၊ မြေကြောရုတ်ရုတ်၊ ထုတ်ထုတ်ဆတ်ဆတ်[၁]၊ ပြတ်ရှာဘိနိုး၊ တံပိုးခရာ၊ ကျာကျာမှုတ်မြည်၊ ရွှေစည်ရွှေမောင်း၊ ရွှေခေါင်းလောင်းနှင့်၊ ရွှေ

(၁) မြေကြောရှုပ်ရှုပ်၊ တုပ်တုပ်ဆတ်ဆတ်-က၊

စောင်းရွှေငြင်း၊ သာချင်းစည်းဆုပ်၊ လက်ခုပ်လက်ရှစ်၊ မင်းသစ်ပီလာ၊ သို့သောခါဝယ်၊ ကြမ္မာပွင့်မှုန်း၊ ယောကျ်ား ဘုန်းဖြင့်၊ ရှုန်းရှုန်းဖြိုးဖြိုး၊ တိုးတိုးတက်တက်၊ ပျိုငယ်သက်က၊ ကြင်ဘက်ရောင်နု၊ ရံဗိုလ်ထုနှင့်၊ လှုလှုပျော်ဘွယ်၊ စံအံ့ရွယ်လော့၊ တာတွယ်နည်းစွ၊ မောင့်ချစ်ဘလျှင်၊ ဝမ်းကနှောင့်နှေး၊ ကြောင့်ကြမြေးမျှ၊ ငယ်သွေးလွန်ပြီး၊ သက်ရွယ်ကြီး၍၊ ရွှေဖြီးချောလျက်၊ မည်းကျောနက်သား၊ မြရွက်နံ့ကျော်၊ ဥသျှောင်တော်လျှင်၊ မမြော်မချစ်၊ ရောင်ဝါညစ်နှင့်၊ အဖြစ်ထူးလဲ၊ သဘောကွဲလျက်၊ တကွဲဖတ်ဖွေး၊ ကြာညှောက်နွေးသို့၊ လေးငါးပင်ရွှေ၊ ဖြူသွေ့သွေ့ကို၊ ယနေ့နုတ်စေ၊ မြင်တုံလေက၊ မွေးရေမပြန့်၊ စိတ်တွန့်တွန့်လျှင်[၁]၊ လန့်လန့်ရှိမျှ၊ သံဝေဂဖြင့်၊ ၊မောင့်ဘရွင်မြဲ မရွင်တည်း။

၁၃၈။ နိုင်ငံချဲချို၊ မင်းဇာတိဝယ်၊ နေမိကျော်သဲ၊ ဆူလှိုက်လှဲလျက်၊ ဆကဲလည်းကောင်း၊ ငါ့သားလောင်းမူ၊ ပျောင်းလတ်တုံခဲ့၊ ဧတုန်လဲ့မျှ၊ နဲ့နဲ့နုန့်နုန့်၊ မုန့်မုန့်ညက်ညက်၊ ဘုန်းစက်လောင်မီး၊ ငါမင်းကြီး၏၊ သီးသီးသွယ်သွယ်၊ လှတင့်တယ်သား၊ မြနှယ်မည်းရောင်၊ ပိတုန်းတောင်သို့၊ မယ့်မောင်ချစ်ဘက်၊ ရှင်မလက်နှင့်၊ ညှံ့သက်ထုံးသတ်၊ လှဆုံးလွတ်သား၊ နတ်တရထည်၊ ဟူစသည်နှင့်၊ ထူးလည်နောင်ကို၊ သူထုံးဆိုသို့၊ မအိုသေးပဲ၊ တဝက်လဲက၊ မွဲမွဲသေနာ၊ အဖြူ

(၁) မွေးရေတွန့်တွန့်၊ စိတ်မပြန့်လျှင်-က၊

ပါမူ၊ မေတ္တာမဲ့လျှင်း၊ ရက်ရောပြင်းသား၊ သေမင်းမုန်းထား၊ ငါတို့အားမူ၊ စကားမတတ်[1]၊ တမန်လွှတ်တည့်၊ ရွတ်ရွတ်ဖမ်းဆီး၊ လည်ထက်စီးချ၊ မီးမျှမမြိုက်၊ အစိမ်းကြိုက်သား၊ ငမိုက်ကြောင်ဘား၊ တောသစ်ကျားထက်၊ တရားမစောင့်၊ မာန်ရောင့်ရောင့်လျှင်၊ ငင်ဆောင့်ငင်ညှစ်၊ နို့အစ်မစင်၊ လုလင်လတ်သူ၊ ဦးဖြူကြိုးကျယ်[2]၊ ယူလေသယ်သား၊ ကြီးငယ်ဖြစ်တမ်း၊ ဤဘေးဘျမ်းမှ၊ ငြိမ်းချမ်းသာကြွယ်၊ ရှောင်လွဲပယ်လျက်၊ ဘယ်နှင့်မနှုန်း၊ နိဗ္ဗာန်ကုန်းသို့၊ ပြေးပုန်းမှီခို၊ အောင်းလေလို၍၊ ကုသိုလ်ဖြန့်ဖွေ၊ စွန့်လတ်ထွတည့်၊ ပရမေတန်းခိုး၊ တကျွန်းစိုးသား၊ နေမျိုးရင်သွေး၊ ရှင်ထွေးနေရာ၊ ကြမ္မာကုန်မူ၊ ဘုန်းချင်းတူ၍၊ မဉ္ဇူငုံစ၊ ထက်ဘုံကလျှင်၊ ရေချွန်းဖြူး၊ ပင်ခြေနူးသို့၊ ဆယ်ကျူးခန့်တွက်၊ နှောင့်အသက်တွင်၊ တရက်မကျော်၊ ငယ်ကျွမ်းဘော်နှင့်၊ မွေ့လျော်တုံလျက်၊ မိချစ်သက်ဟု၊ ရင်ထက်လည်းမြဲ[3]၊ နှလုံးကွဲ၍၊ ယှဉ်နွဲ့ယှဉ်ချင်း၊ သည်ရင်းသည်ပင်၊ ကျွမ်းဝင်လှစွာ၊ မြဲသစ္စာနှင့်၊ မကွာဆွတ်ဆွတ်၊ မိမျိုးမြတ်ကို၊ နတ်နှင့်နှိုင်းလည်း၊ ၊အဝိုင်းကြင်မြဲ မကြင်တည်း။

၁၃၉။ မကွေမကွာ၊ ဝါသနာဖြင့်၊ ခန္ဓာအသက်၊ ဆက်ဝိုမတတ်၊ သေပြတ်ကြွဘွယ်၊ ရှေးသော့နှယ်ကို၊ နောင်မယ်

---

(၁) စကားမတ်မတ်၊ တမန်လွှတ်တည့်-ဟ၊ (၂) ဦးဖြူကြိုးကြယ်-ဟ၊
(၃) ရင့်ထက်လည်းမြဲ-ဟ၊

စိုးမင်း၊ မျိုးသည်ရင်းဟု၊ ကိုယ်ချင်းနွဲမှီ၊ လွမ်းရှာအီလျက်၊ တညီချစ်စွာ၊ ရှင်နှင့်သာဟု၊ မေတ္တာပုံစု၊ တရုရုလျှင်၊ ကိုယ်မှုမြင်လစ်၊ တာသည်ဖြစ်အံ့၊ နုတ်ပစ်ငင်ယူ၊ ဆံပင်ဖြူလျှင်၊ ကလူလေနိုး၊ အရှင်ကိုး၍၊ ရောင်ညှိုးကျဉ်းမြောင်း၊ ကြွက်ကယ်လောင်းကို၊ မိန်ညောင်းကွယ်ထောင့်၊ခုပ်မည်စောင့်သို့၊ ညစ်ညောင့်ညစ်ညမ်း၊ ဝမ်းလည်းကျားတား၊ စားလည်းဂလိုင်၊ လည်ချောင်းကိုင်လျက်[၁]၊ လက်နိုင်နှိမ့်ချ၊ အားရှိလှသား၊ မရဏခိုးကြီး၊ မရှက်သီးမှ၊ ခရီးကျုံးဖြတ်၊ နှလုံးလွတ်လျက်၊ ရိမဒ် ရွှေမြို့၊ နေမည် ဘို့ဖြင့်၊ နှစ်လို့ ရှင်လန်း၊ ကမ္မဋ္ဌာန်းနှင့်၊ ရဟန်းဆောက်တည်၊ ပြုလိမ့်မည်တည့်၊ ငယ်ရည်ငယ်သွား၊ နုထွတ်ထွားသား[၂]၊ ငါ့သားတမူ၊ ငါ့အတူလျှင်၊ အယူဘောက်လဲ၊ မဖြောင့်ပဲတည့်[၃]၊ ငရဲမကြောက်၊ သောက်သောက်စားစား၊ တရားတိမ်းတင်း၊ သားချစ်ယွင်းမူ၊ သီတင်းသုံးသား၊ မူထားကျင့်ညစ်၊ သူမိုက်ဖြစ်ဟု[၄]၊ အပြစ်တင်ပြဲ့၊ သူကဲ့ရဲ့အံ့၊ ပန်းပဲ့ဖိုပါး၊ မီးပွါးစဉ်ကျ၊ ပြေးဆုတ်ထသို့၊ ဒေါသခြောင်းခြောင်း၊ မရှည်ကောင်းလည်း၊ တောင်းလောင်းပြတ်တို၊ ချောပစ်ဆိုက၊ မျက်လိုလှတတ်၊ မင်းရေးချတ်မူ၊ မှူးမတ်နည်းတုံ၊ ပြည်ကြီးကြုံသော်၊ အုံ၍ရန်သူ၊ ချံချံယူလိမ့်၊ မမူစအပ်၊ မူစအပ်လျှင်၊ ရွပ်လသဖြင့်၊

---

(၁) စားလည်း အင်ဂလိုင်၊ လည်ချောင်းတိုင်လျက်-က၊
(၂) နုထွားထွားသား-ဟ၊ (၃) အယူနောက်လဲ၊ မဘောက်လွဲတည့်-က၊
(၄) သူခိုးဖြစ်ဟု-က၊

မကျင့်စကောင်း၊ ကျင့်စဟောင်းနှင့်၊ အကြောင်းမျှော်ရှု၊ မပြုစရာ၊ ပြုစရာလည်း၊ လိမ္မာရစ်စေ၊ ချမ်းသားရေသို၊ တိုင်းခြေလူသူ၊ အလှူချကျွေး၊ မိဘမွေးချ၊ နီးဝေးသွေးရာ၊ အရိပ်ပါသို၊ ပြည်ရွာကုပ်သို၊ ပဲ့ပြင်ဆိုလျက်၊ ထိုထိုပြည်ထောင်၊ ချစ်ခင်အောင်လျင်၊ နောက်နောင်ဘေးမဲ့၊ မိတ်ဆွဖဲ့၍၊ ပြည်ထဲ့သနင်း၊ မင်းတို့ဘုယ်ရာ၊ ကျင့်တံထွာဖြင့်၊ ဆန္ဒာဒေါသာ၊ ဘယာမောဟာ၊ မရှိရလျင်၊ တိုင်းတွကြံသီး[1]၊ ရွှေးအတီးနှင့်၊ ရေးကြီးသမား၊ မြို့စွန်စားလျက်၊ လက်နားလက်စောင်း၊ ကျွန်ကောင်းငယ်ဘော်၊ မှုထမ်းကျော်ကို၊ မျက်မြော်လက်နှိပ်၊ ပြည်လယ်သိပ်၍၊ အိပ်လည်းငြိမ်စေ၊ နေလည်းငြိမ်လျက်၊ တိုင်ပင်ဘက်ကား၊ တက်သက်ခစား၊ မတ်ကြီးအားကား၊ ထံပါးမကင်း၊ နှလုံးသွင်း၍၊ မုန်းတင်းမဆို၊ ရွှေနှုတ်ချိုနှင့်၊ တင်လိုသည်ရှု၊ သင့်အောင်မှုသား၊ လူ၏အဖြစ်၊ ကောင်းတုံလစ်သည်၊ ၊အပြစ်တင်မြဲ မတင်တည်း။

ဝတ္ထာ ပုရိမရာဇာနောဝိယ[2] ပဗ္ဗဇိတ္ထာ တသ္မိံ ယေဝ အမ္ဗဝနေ ဝိဟရန္တော ဗြဟ္မဝိဟာရေ ဘာဝေတ္ထာ ဗြဟ္မလောကပရာယနော အဟောသိ။ တဿ ပဗ္ဗဇိတဘာဝံ အာဝိဂဘရောန္တော သတ္ထာ ဩသာနဂါထမာဟ။

၁၄၀။ ဤသို့ဟူ၍၊ ဇမ္မုကျွန်းလုံး၊ ကျယ်ဝန်းရုံးက၊ မင်းဧဝုံးနေမိ၊ သိရိဂဇနာ၊ ဒီတျာသား၊ မဟာသီဟရာဇ်၊

(၁) ထိုင်းတွကြံသီး-ဟာ၊ (၂) ပုရိမရာဇာဝိယ-က၊

သဘိုးမြစ်လျှင်၊ ပယ်လှစ်ဘျင်းတျင်း၊ ဘုန်းသာခွင်းက၊ ရန်တင်းမြုပ်ဘိမ်၊ သူ့စည်းစိမ်လည်း၊နင်းနှိမ်မကျိုး၊ ပွါးတိုးခိုင်ကျည်၊ မိမိပြည်လည်း၊ အရှည်ချမ်းသာ၊ ဖြစ်စေငှါလျှင်၊ လိမ္မာကျစ်လျစ်၊ သားတော်ချစ်ကို၊ ထစ်ထစ်ထက်ထက်၊ နှုတ်ရွှေစက်နှင့်၊ ပြက်ပြက်ပြဲ့ပြဲ့၊ မင်းရေးပဲ့၍၊ နွဲ့နွဲ့ပုံပြင်၊ ပေါ်ရုံတင်လျက်၊ နတ်ပင်ရည်ရောင်၊ မြချည်နှောင်သို့၊ တထောင်ကြောစိမ်း၊ပြည့်ရှိမ်းရှိမ်းမျှ၊ တိမ်းတိမ်းညွတ်ညွတ်၊ ဆွတ်ဆွတ်ပျောပျော၊ မောလတ်သည်ချည်း၊ အပည်းပည်းသား၊ စုလည်းဝေဝေ၊ ဖြင်မျှရွှေဝယ်၊ လှနေမယုတ်၊ လှော်ခုတ်စဲစဲ၊ ရဲရဲမြူးမြူး၊ သောက်ရှူးဝင်းဝင်း၊ ရှင်းရှင်းတွံ့တွံ့[၁]၊ ဖွံ့ဖွံ့မွတ်မွတ်၊ သူဇာနတ်သို့၊ မျိုးမြတ်လွန်ကြင်၊ တောင်နန်းရှင်နှင့်၊ တိုင်းခွင်ပည်းထူ၊ ထီးဖြူရတနာ၊ ပြည်ကြီးစွာကို၊ အာသာလုံးပြတ်၊ ထီမမှတ်၍၊ မြတ်ထွတ်ရှာမှီး၊ မဂ်ခရီးဖြင့်၊ သစ်သီးချိုချဉ်၊ ထိုဥယျာဉ်၌၊ မင်းစဉ်မင်းဆက်၊ တောလျှင်ထွက်၍၊ ပျက်စလိုတိုင်း၊ စိတ်ဆင်ရိုင်းကို၊ လက်ခိုင်းညွှဉ်းဖြတ်[၂]၊ စိုးမြန်းသတ်လျက်၊ နေမှတ်ငြိမ်းချမ်း၊ သူတော်တမ်းဖြင့်၊ သင်္ခမ်းကိန်းငှါ၊ နေရာဘူရူ၊ ဝင်တော်မူက၊ အဖြူလဲချတ်၊ လျှော်တေဝတ်နှင့်၊ လူနတ်ချစ်မှု၊ ရဟန်းပြု၍၊ စတုမခူ၊ သြဇာဟူလည်း၊ မယူဝမ်းစာ၊ သစ်သီးသာလျှင်၊ ခန္ဓာမျှတ၊ အနိစ္စနှင့်၊ ဒုက္ခဖြစ်ပျက်၊ လည်ကာပက်လည်း၊ လေ့ကျက်ရွတ်ဆို၊ ဗြဟ္မစိုရ်သီတင်း၊ ဖြူဝင်းလှပ်လှပ်၊ နေ့

(၁) ရှင်းရှင်းတွန့်တွန့်-ဟ၊ (၂) လက်စိုင်းဥာဏ်မြတ်-က၊

တိုင်းဖွပ်၍၊ ရုံထပ်ရှရှ၊ တဆွဆွလျှင်၊ သီလစင်မှန်၊ ကသိုဏ်း စျာန်ဖြင့်၊ အလွန်သာစည်၊ ဗြဟ္မာ့ပြည်သို့၊ ၊တလည် ရောက်လေ တုံသတည်း။

၁၄၁။ ဗြဟ္မဝိဟာ၊ ဘာဝနာနှင့်၊ အရိယာသူတော်၊ နေမွေ့လျော်လျက်၊ မြိုက်ဖျော်ရှာဆည်း၊ တယောက်တည်း လျှင်၊ မည်လည်းသွားလား၊ ဘဝါးစပ်ကျင်၊ ခြင်ယင်ကိုက်ခဲ၊ သားငှက်ရဲလည်း၊ တောထဲရပ်မြေ၊ ကျိန်းဝပ်ထွန့်၊ မှည့် ကြေညှာပြတ်၊ လေပြည်ခတ်သား၊ စိမ်းလတ်ကောက်ကွေ့၊ ဖြစ်သရွေ့လည်း၊ ရသေ့တို့ဆွမ်း၊ မြိန်စတမ်းဟု၊ စွတ်ရွမ်း မိုးလ၊ နှင်းဖြိုးကျလျက်၊ ချမ်းမြဟူလောက်၊ ဆောင်း အေးလျောက်လည်း၊ လျော်ခေါက်ခင်းပြန်၊ ပေါ်ရုံဖြန့်လျက်၊ နိဗ္ဗာန်အမြစ်၊ သစ်တပင်ကြီး၊ သင်္ရက်ထီးက၊ ရှာမှီးမပန်း၊ ကျောင်းတခန်းဟု၊ ထွဆန်းမကြုံ၊ စိတ်ကိုန့်လျက်၊သည်းညံ ခန္ဓီ၊ ပါရမီမြတ်ထွတ်၊ ဗောဓိသတ်တို့၊ ကျင့်ဝတ်ဖြောင့် ဖြောင့်၊ သနောင့်သနား၊ သွေးသားဖြော့ဖြော့၊ လျော့ လျော့ကြုံယုတ်(၁)၊ကြာကုမုဒ်ကို၊ နုတ်၍နေပူ၊ လှန်းဘိမူကား၊ လူလူချပ်ရံ၊ ဝတ်ဆံမြရိုး၊သမ်းမည်းညို့သို့၊ တန်းခိုးလွှန်မင်း၊ ဘုန်းတော်ပြင်းလည်း၊ ချက်ခြင်းပြယ်ညံ့၊ တာတွယ်ငံ့မူ၊ ပေ့ါမွေ့ထုံ၊ သီတင်းပုံမျှ၊ သင့်ရုံယုတ်စိုး(၂)၊ နှမြောနိုး၍၊ ကြုံခိုးနေဘက်၊ နှုတ်ပွက်ပြသ၊ နိက္ခမဖြင့်၊ လက္ခဏာရှင်၊ နံပင်

(၁) လျော့လျော့ကြန်ယုတ်-က၊ (၂) သင့်ယုယုတ်စိုး-ဟ၊

နဝင်း၊ စားခြင်းဂြိဟ်နှင့်၊ ကိုယ်လေးပါးလည်း၊ သမားခေါ်ဝေး၊ မဆွေးနွေးတည့်၊ စွန့်ရေးစူးစူး၊ ကိုယ်တော်ထူးဖြင့်၊ ညွှတ်နူးကြည့်စွာ၊ ပြည်ကိုခွါ၍၊ သဒ္ဓါပင်စည်၊ ရှင်ပြုသည်ကို၊ မထေရ်သဃ်ာ၊ မှတ်ကုန်နာဟု၊ သဒ္ဓါခေတ်ရုပ်၊ ဝိဘတ်အုပ်သား၊ နည်းချုပ်အဖုံး (၁) ၊ ဂါထာရုံးလျက်၊ တလုံးဒနက်၊ ခါတွက်ဘိတ်ယို၊ သက်လုံးဆိုလည်း၊ အိုသေအိုစုံ၊ နှုတ်မဆုံလျှင်၊ နုံနုံငယ်ပျိုး၊ သဝေထိုးလည်း၊ ကျမ်းရိုးမပျက်၊ ဝိဒင်ဒဏ္ဍီ (၂)၊ ဆန်းအညီလျှင်၊ ရာသီနှစ်ပိုင်း၊ ထီးထီးထိုင်းတည့်၊ မိုင်းမိုင်းလည်းဆင်၊ မုန်ဝိုင်းရှင်နှင့်၊ မင်းလွှင်ကျူးမည်၊ တန်းခူးလည်က၊ ညွှန်ရှည်သရဖ်၊ ကျေးငှက်ယစ်မျှ၊ နုံသစ်ပျံမှုန်း၊ ပွင့်တုန်းတုန်းသား၊ ဂမုန်းထူပြော၊ ဥယျာဉ်တော၌၊ ရှင်စောမြတ်ဖျား၊ ဤသို့ကြားသည်၊ ၊တရားအနှစ် ပုံသတည်း။

ဤဒံ ဝတ္ဝာ နိမိရာဇာ၊ ဝေဒေဟော မိဓိလဂ္ဂဟော။
ပုထုယညံ် ယဇိတ္ဝာန၊ သံယမံ် (၃) အဇ္ဈုပါဂမိတိ။ ။

၁၄၂။ ရှစ်သောင်းလေးထောင်၊ နက်ချောင်ဝှမ်းကျယ်၊ ပင်လယ်ဝန်းဝန်း၊ သဘောထွန်းသား၊ လေးကျွန်းမျက်နှာ၊ ခေါင်းတည်ရာ၌၊ ကြီးစွာဗဟို၊ မြင်းမိုရ်ရောက်တည့်၊မတ်မတ်တည့်မူ၊ တရှည့်မနီး၊ တောင်ကြီးလက်အောက်၊ ယုဂန်ပေါက်

---

(၁) နည်းချုပ်အဆုံး-က၊ (၂) ဝိတက်ဒဏ္ဍီ-က၊
(၃) ဇိတ္ဝာနံ၊ သယမံပါဂမိ--က၊

သား၊ အောက်လည်းတသွန်၊ ခုနစ်တန်မှ၊ လှည်းသန်အယောင်၊ လူသုံးထောင်ဟု၊ မြရောင်တပ်စွန်း၊ တောင်ညာကျွန်းလျှင်၊ ကူးသန်းပြည့်သိပ်၊ နိဗ္ဗာန်ဆိပ်ဖြင့်၊ အအိပ်နေကျ၊ ပြင်ပတပါး၊ ထွက်၍သွားက၊ လှံထားဆူးငြောင့်၊ ဆီးတားစောင့်သား၊ တထောင့်ငါးရာ၊ ခိုးသူရွာမှ၊ ချမ်းသာတောင်ကိုင်၊ ကောင်းခေါင်တိုင်သို၊ နေထိုင်အောင်မြင်၊ ငါဆောင်တင်၍၊ ပဉ္စင်သာမဏော၊ ငြိမ့်ငြိမ့်ခြမျှ၊ ဣန္ဒြေတည်းချုပ်၊ စိတ်မလှုပ်လျှင်၊ လက်ဆုပ်ရမြော်၊ ဈာန်နုဘော်ကြောင့်၊ ရှင်ပျော်ပံ့ပျိုး၊ ဂုဏ်ရောင်မြူးသည်၊ ကျေးဇူးမှည့်လွယ်၊ တပည့်ကြွယ်တို၊ ပေါယယ်ကုန်အောင်၊ နားတိုထောင်လော့၊ သွေးဆောင်ကြမှာ၊ သတ္တဝါကြီးငယ်၊ ငါးသွယ်ဖျောက်ဖျောက်၊ ပင်ရောက်နုမျစ်၊ အသစ်သစ်ကို၊ အမြစ်မသေ၊ နှာမောင်းခွသား၊ ကိုလေနှယ်ဖြာ၊ သံသရာတွင်၊ သေရွာမပြန်၊ ဓပ်မြောက်လွန်သား၊ ဆဒ္ဒန်ဆယ်အား၊ ငါဘုရားလျှင်၊ လူသားတွင်ပက်၊ ကြောက်မက်လှန့်ဖြို၊ ကျွန်းလုံးဆိုမျှ၊ သံကိုသံချင်း၊ စက်နှင့်ထွင်းသော်၊ သင်းသင်းကြွပ်ကြွပ်၊ ရွပ်ရွပ်နှိုက်ဘောက်၊ လက်နိုင်ပေါက်သို၊ ကျောက်ကိုကျောက်ဘော်၊ ခတ်တုံသော်လည်း၊ တောင်ဟိုက်ဟက်၊ မီးလှဲထွက်သို၊ စက်ဝရဇိန်၊ မိုးပုဆိန်ကို၊ လက်ချိန်ပစ်လွဲ၊ ခြမ်းခြမ်းခွဲလျက်၊ ရဲရဲတောက်လျှဉ်၊ လှံးလှံး စဉ်သို၊ ဆုယ်ယှဉ်ဦးငေါ်၊ မထွက်ပေါ်တည့်၊ ပြည်တော်အချာ၊ မိဓိလာဟု၊ မည်သာဆိုလျက်၊ နဂိုရ်ချက်၌၊ ဘဝင်

ထိထိ၊ ဘုန်းတန်းရှိ၍၊ နေမိလှံ့ထင်း၊ ငါသည့်မင်းလျှင်၊ လက်ရင်းသိပ်ချဉ်း၊ ရာဟုညှဉ်းသို့၊ စဉ်းမသိကြောင့်၊ နှလုံးထောင့်လည်း၊ အောင့်အောင့်ကျတ်ကျတ်၊ ကွယ်ရာတတ်ဟု၊ လွှတ်လွှတ်ပြေးလို့၊ ကြောက်သူသို့လျှင်၊ မင်းစိုးကြံဘက်၊ တန်းခိုးနှက်သည်၊ ၊လက်နက်ဇမ္ဗူ။ လုံးလုံးတည်း။

၁၄၃။ ဗောဓိရောက်ရာ၊ မြေမျက်နှာထက်၊ မိစ္ဆာအောင်ချက်၊ ဖူးခေါင်ဘက်သား၊ ပေါ်ခက်ညွန့်လန်း၊ သစ္စာပန်းကို၊ ဉာဏ်ချန်းဆွတ်ချ၊ သမ္မဒ္ဓဟု၊ အရရွယ်ချောင်း၊ လှုံလကောင်းနှင့်၊ ရင့်ညောင်းသမ္ဘာ၊ ရွှမ်းဝါဝါလျှင်၊ အာဏာထိတော့၊ အိအိပြာ့မျှ၊ ဖျော့ဖျော့ရှိဘွယ်၊ အရှိရွယ်သား၊ အကွယ်အမြင်၊ ဖြစ်တုံကျင်လည်း၊ ရပ်ထင်ပြည်ရှာ၊ မင်းတကာကို၊ ကရုဏာပုံ၊ မေတ္တာထုံလျက်၊ အင်စုံခိုင်ဖြိုး၊ ငါ့ပြည်ကြီး၌၊ ကွမ်းသီးပိုးထိုး၊ ကွမ်းရွက်ညှိုးက၊ မြတ်နိုးလှည့်ဘွယ်၊ အကယ်ကယ်သို့၊ တင့်တယ်အမူ၊ ရှင်ကိုလှူသား၊ လူလည်းငါ့ရှာ၊ မရှိရာဘည့်၊ လိမ္မာပဲ့ပြင်၊ ငါလျှင်သင်က၊ နှတ်ခွင်မှိုးမှိုး၊ ခရိုးပေါင်းစည်း၊ တစကြောင်းတည်းဖြင့်၊ ငါ့ချည်းမသွား၊ ငါ့နောက်ပြားလျက်၊ တံတားလျှောက်လျှောက်၊ လက်ထောက်တောင်ဝှေး၊ ရွှေပြေးဆရာ၊ လမ်းသာသာနှင့်၊ ကန္တာရဂုံ၊ တောအုံမိုက်မည်း၊ ဆူးခဲ့လှည်းလျက်(၁)၊ စောင့်စည်းမြင်သို၊ လွှင်တိတိလျှင်၊ မျက်စိမှိုင်းမှိုင်း၊

---

(၁) ဆူးငြောင့်လှည်းလျက်-ဟ၊

တိမ်နှယ်ဆိုင်းမျှ၊ ထိုင်းထိုင်းထက်ထက်၊ ညဉ့်နက်မှောင်ဝေ၊ မရှိစေတည့်၊ တောင်လေဟူးဟူး၊ ရေလည်းရူးလျက်၊ ကူးလည်း မလွယ်၊ မြစ်ပင်လယ်ကို၊ သွတ်လှယ်ပို့ထား၊ ကူးတို့လားလျှင်၊ တရားနောက်မှီ၊ ပဉ္စသီနှင့်၊ တညီကိုယ်ရုံ၊ ကုသိုလ်ခြုံ၍၊ ပည်းပုံမြားမြောင်၊ လူကုန်အောင်ကို၊ ၊ မင်းခေါင်နတ်ရွာ ရုံးရုံးတည်း။

၁၄၄။ ဝိဒေဟရာဇ်၊ ဇာတိခေတ်၌၊ ဖြစ်စခေါက်ရက်၊ နန်းဆက်နန်းပိုင်း၊ သမိုင်းရှည်လျား၊ မော်ကွန်းထားမှ၊ ဘုရားပွင့်လျာ၊ ထိုရော်ငါလျှင်၊ ကြေညာအံ့ချီး၊ အလှူကြီးနှင့်၊ ပုတီးမကွာ၊ ရတနာသုံးပါး၊ ဦးထိပ်ထားလျက်၊ ကြီးမားသွယ်ခေါင်၊ မြင်းမိုရ်တောင်လည်း၊ မထောင်ထားနိုင်၊ အခါတိုင်က၊ ယွက်ယိုင်လည်းပြို၊ ငါတို့ကိုယ်ကား၊ သူအို သူလတ်၊ သွားတတ်တော့တ၊ အနိစ္စတရား၊ မြဲမှတ်သားလျက်၊ ပျံ့ရှားလေးလေး၊ တဇေလျှင်၊ မွေးစွာသီလ၊ ဖြူဆွဆွနှင့်၊ ငါ့ဦးခေါင်းတော်၊ ဆံဖြူမြော်က၊ မပျော်လှည့်အီ၊ ပြည့်ခွန်ဆီကို၊ ညီညီတောက်တောက်၊တံထွေးပေါက်သို့၊ ရွှေမှောက်စောထွတ်၊ နှလုံးမြတ်၍၊ လဲချတ်ပစ္စူ၊ ခွံထူလျှော်တေ၊ သစ်နက်ရေနှင့်၊ သွယ်ခွေကျစ်ထုံး၊ နှလုံးယဉ်မြေ့၊ ရသေ့ဆောက်တည်၊ ပြုတော့မည်ဟု၊ ရည်လတုံပြီး၊ ငါစောဓီးကို၊ သီးသီးယောင်ယောင်၊ မိထွတ်ခေါင်နှင့်၊ သားမောင်ခမည်း၊ ဆွေနည်းလွန်ကြင်၊ ကျွမ်းဝင်မြောက်သား၊ မယ့်ကို

ထား၍၊ သနားသဖြင့်၊ မစွန့်လင့်ဟု၊ အခွင့်ရကြောင်း၊ တချောင်းချောင်းလျှင်၊ နွဲ့နောင်းခေါက်ချိုး၊ ပြင်ယောင်ညှိုးနှင့်၊ လွမ်းစိုးမိန်းရူး၊ မြေဝယ်လူးမျှ၊ ကျေးဇူးသခင်၊ ငယ်လင်မွေးဘ၊ ရှင်စောလှတည့်၊ ရှုနဘနန်း၊ ဖန်ရည်မြန်းသား၊ သက်နှံးဝတ်ချင်၊ တောချောင်ဝင်က၊ ကောင်းကင်လျက်ကဲ့၊ လတည်းမဲ့မူ၊ ကြဲ့အတိသာ၊ ရှိပလှည့်ကာ၊ မရောင်ဝါသို့၊ ပမာတခု၊ ဒေါင်းအဉကို၊ ပုလုကွေးလွှဲ၊ စာသလေးလျှင်၊ နွေးနွေးရင်ဝ၊ တောင်ဖြန့်ချလျက်[1]၊ ငှက်မပီပီ၊ တည်ဓနေထိုင်၊ မအုပ်နိုင်သို့၊ ခရိုင်သဘင်၊ ပည်းဖြင်မရှား၊ ပြည်ကြီးအားကို၊ ချစ်သားရောင်နု၊ အမှုမခံ၊ ညံ့ညံ့လျစ်လျှ။၊ ယမန်သူနှင့်၊ ပြုမူမတည်၊ ပျက်တော့မည်ဟု၊ မျက်ရည်စုတ်စို၊ လွမ်းဆွတ်ငိုလျက်၊ ကြင်ကိုယ်နှစ်သိမ့်၊ ရောင်ငြိမ့်ငြိမ့်နှင့်၊ ကဲ့စိမ့်မည်တဲ့၊ ဘယ်နတ်ဖဲ့၍၊ လဲ့လဲ့ချစ်တုန်း၊ မိခင်အုန်းကို၊ မုန်းဘိသနည်း၊ မယ်လျချည်းလျှင်၊ အူသည်းလောင်ပို့၊ ရှိရစ်တဲ့ဟု၊ ဝတ်ဆံ့သဘွယ်၊ သွယ်သွယ်ခြည်း၊ ငါ့ဖမိုးထက်၊ ရှိခိုးကြည်ညို၊ ပန်ထွာဆိုလည်း[2]၊ မင်္ဂိုလ်ရှာဟန်၊ အမှဝန်၌[3]၊ နွေသန်ကိန်းအောင်း၊ ကျောင်းကားသခ်ိမ်း၊ သစ်သီးဆွမ်းလည်း၊ နုကြမ်းမရွေး၊ ခံရေနွေးသား၊ ချိုလေးဖန်ခါး၊ နေ့တိုင်းစားလျက်၊ ခွန်အားလုံးလျှော့၊ ငုံ၍ဖျော့မူ၊ ကော့ကော့ဆံဝတ်၊ ရောင်လှုံလွှတ်၍၊

---

[1] (၁) တောင်ပံချလျက်-က၊ (၂) တောင်းပန်ဆိုလည်း-ဟ၊
[2] (၃) အမှဝန်၌-က၊

လှမြတ်တင့်မြဲ၊ မပွင့်ပဲသို့၊ တောထဲဝင်ချဉ်း၊ စိတ်ကိုညှဉ်း လျက်၊ မျဉ်းမျဉ်းမှေးရေ၊ ကျင့်မြတ်ထွဖြင့်၊ ယဉ်တွလိုက် လဲ၊ ပင်လယ်သဲမှု၊ ကြလဲအိမ့်အိမ့်၊ မြေမိုးလိမ့်မျှ၊ သိမ့်သိမ့် အုံ့အော်၊ အလွန် ကျော်သား၊ ဘေးတော် မဂ္ဂဇိုး၊ ရှင် သတိုးက၊ တန်းခိုးဆင့်လောင်း၊ မင်းအပေါင်းဖြင့်၊ ရှစ် သောင်းလေးထောင်၊ ကုန်အောင်မပြည့်၊ နှစ်ယောက်ထည့် တွင်၊ ဖြည့်လတ်တုံလျင်း၊ အကျန်ကြွင်းဖြင့်၊ သီတင်းသုံး လျှဉ်၊ ဤဉယျာဉ်၌၊ ကျင့်စဉ်ကျင့်ချင်၊ ပြည်ကဝင်သည်၊ ။ ငါလျှင်မင်းဖျား အဆုံးတည်း။

မဟာဘိနိုက္ခမနခန်း ပြီး၏။

---

(၁) ကြလဲဖိမ့်ဖိမ့်၊ မိုးမြေသိမ့်မျှ၊ ထိမ့်ထိမ့်အုံ့သြ-က၊

(၁၅) ဇာတ်တော်ပေါင်းခန်း

သတ္ထာ ဣမံ ဓမ္မဒေသနံ အာဟရိတ္ဝာ နှ ဘိက္ခဝေ ဣဒါ-
နေဝ၊ ပုဗ္ဗေပိ တထာဂတော မဟာဘိနိက္ခမနံ နိက္ခန္တော-
ယေဝါတိ ဝတ္ဝာ ဇာတကံ သမောဓာနေသိ။ တဒါ သက္ကော
အနုရုဒ္ဓါ အဟောသိ။ မာတလိဒေဝပုတ္တော အာနန္ဒော
အဟောသိ။ စတုရာသီတိရာဇပရိသာ ဗုဒ္ဓပရိသာ အဟော-
သုံ။ နိမိရာဇာ ပန အဟမေဝ သမ္မာသမ္ဗုဒ္ဓါ လောကေ
ဥဒပါဒိတိ။ ။

၁၄၅။ ဤသို့စေ့စုံ၊ ဟောလတ်တုံလျက်၊ သုံးဘုံမှောင်
လှစ်၊ ဥာဏ်ဧရောင်ထစ်သား၊ ရှင်ချစ်ရှင်ရင်း [1]၊ သကျမင်း
ကား၊ ရှင်းရှင်းအဝိဇ္ဇာ၊ မြေးခွံခွါမှ၊ နိဗ္ဗာရမှဏ၊ မြိုက်ရည်မြ
နှင့်၊ ဖလသမာပတ်၊ စျာန်မြတ်ချမ်းချမ်း၊ တရှမ်းရှမ်းလျှင်၊
မွှမ်းမွှမ်းသွန်းဖြိုး၊ ကိုယ်လုံးချိုးလျက်၊ တန်းဆိုးဆန်တက်၊
ကျော်ဝန်ပုက်မျှ၊ ပယ်ဖျက်မိုက်မှောင်၊ ဂုဏ်တန်ဆောင်
ဖြင့်၊ ပြောင်ပြောင်ထွန်းလှဲ့၊ ထက်ဝန်းပျံသည်၊ ငါထံတသွန်၊
တပည့်မှန်တို့၊ ၊ဗိမာန်တူလျော်၊ ငြိမ်းချမ်း ဖျော်လျက်၊
အခေါ်ဘဏီ၊ ဗိုလ်ပါမှီသား၊ ကပိလဝတ်၊ ပြည်မြတ်
သာခေါင်၊ နန်းသုံးဆောင်ကို၊ ရှောင်ရှောင်ခွါခွါ၊ သံသရာ

---

(၁) ရှင်ချစ်လဝင်း-က၊

ယုံမြောက်၊ ခွါကြုံချောက်သို့၊ပိုးလောက်ညှိသွင်၊ထိမထင်၍၊ ကိုယ်ပင်ပေါက်ကြီး၊ တံယောက်ထီးဖြင့်၊ သီးသီးကြံပြု၊ စွန့် ကြဲမှုကား၊ ယခုမျက်မြင်၊ ဤသာလျှင်ဟု၊ ထင်ထင်ပြောပ၊ မဆိုရတည့်၊ ရှေးကသော်လည်း၊ ပျော်ရာချည်းလျက်၊မနည်း မေ့ဖန်ရ၊ မျဉ်းခွေလေမှ၊ သံဝေလန့်ဆော၊ စွန့်သည် ဩဟု၊ ရှင်စောသတင်း၊ တောထွက်ခြင်းကို၊ အရင်းအဖျား၊ စကား ဆုံးစ၊ ဟောရုံးမှတည့်၊ ဗုဒ္ဓစကျ၊ သဗ္ဗညုဖြင့်၊ ဝတ္ထုနည်းနှိုး၊ ကမ္ဘည်းထိုးမှ၊ ကောင်းကျိုးဝေဘို၊ ရှင်နှင်လိုလျက်၊ ဤသို့ တကြောင်း၊ ဇာတ်တော်ပေါင်းသည်၊ ။ရိုက်ညောင်း ကြားလုံ့ သံဒုန်တည်း။

၁၄၆။ ထိုရောအခါ၊ နတ်ရှာစုံးဆောင်၊ ရုန်ငြိုးရှောင် လျက်၊ ရွှေတောင်ထိပ်စွန်း၊ မြင်းမိုရ်ခန်းက၊ ခင်ပွန်းဝင်းဆွ၊ ချစ်ခွိုသေသော်၊ ဝေဇယန္တာ၊ ရထားသာနှင့်၊ ရုတနာ မျက်ရှင်၊ တန်ဆာဆင်လျက်၊ ခြေလျင်မြင်းဟုန်၊ ဂဠုန် ရွှေဌက်၊ ပျံဖြုန်းထွက်သို့၊နွတ်ဆက်ကြင်သူ၊ တင်ချေဟူသား၊ အယူကောင်းမြတ်၊ သိကြားနတ်ရား၊ ရုဟတ်စက်သွင်၊ ဘုံသုံးခွင်ဝယ်၊ ကျော်ထင်ဝှန်တက်၊ ငါးတက်ထက်၌၊ ဖြစ် ဆက်ကြိုက်လှာ၊ ယခုခါမူ၊ပြင်လျှာလှတ္တား၊ နွယ်မပြားတည့်၊ ထင်ရှားသောတိ၊ ဘုန်းတန်းရှိစု၊ ဖွဲ့မကြုံစည်၊ ရှုခွက် တည်က၊ ဆီရည်ရှမ်းယို၊ အလိုလိုလျှင်၊ မြိန်ချိုလောက် လောက်၊ ကြိုင် ပေါက်မျှ၊ မောက်မောက် စုန့်လှည့်၊

မုန့်အပြည့်တည့်[၁]၊ ခမည့်းဆွေမျိုး၊ ချီပိုးထိမ်းယ၊ ခပ်သိမ်းစသား၊ ပြင်ပတိုင်းခြေ၊ ကြားတုံလေလည်း၊ ချစ်ထွေမောင်ပျို၊ စားငှါဘို့ဟု၊ ကုသိုလ့်ကျိုးဆက်၊ မြတ်နိုးလျက်တည့်၊ ရမ္မက်ကြေးညှော်၊ ဖွပ်ဆေးလျှော်အံ့၊ သူတော်စိတ်ဆွတ်၊ ညွှတ်ကြီးညွှတ်၍၊ မြတ်ထွက်လှမှု၊ ရဟန်းပြုက၊ အနုရုဒ္ဓါ၊ တွင်မည်သာနှင့်၊ ပညာလျင်မြတ်၊ ပန်းနှယ်ဆွတ်မှ၊ ပိဋကတ်သုံးပုံ၊ နှုတ်ဝယ်ငုံလျက်၊ လုံးစုံသိပ်ထည့်၊ ကျေးဇူးပြည့်သည်၊ ၊တပည့်ရှင်ကောင်း ရှင်မွန်တည်း။

၁၄၇။ ထိုရောခါတုံ၊ လေးကျွန်းဆုံက၊ ရွှေဘုံယာဉ်သာ၊ နတ် စကြာနှင့်၊ တင်လှာမှုချီ၊ မာတလိကား၊ ဇာတိဖန်များ၊ ရဟတ်ချားသို့၊ သနားလှည့်ထွေ၊ လည်တုံလေလျက်၊ သန္ဓေတော်လှ၊ ဤဘဝဝယ်၊ ငါ့ဘထွေးသား၊ ရင်သည်းကြားတည့်၊ မပြားမျိုးကြွယ်၊ မင်းရိုးနွယ်၏၊ ဆင်းရွယ်လှနှိုင်း၊ နွဲ့နွဲ့ကျိုင်းလျက်၊ တိုင်းသော်ညီချစ်၊ လက်လေးသစ်သာ၊ စင်စစ်နှစ်သိမ့်၊ငါ့အောက်နိမ့်၍၊ မြိန်ဆိမ့်သာရ၊ မြိုက်မွေကို၊ အရစ္ဓဲစ္ဓဲ၊ နှလုံးထဲက၊ နက်နဲလှည့်တွန်၊ ကြံစဟန်လည်း၊ ယဉ်ထန်သြဃ၊ နစ်မွန်းကျလျက်၊ မောဟမြေးထုပ်၊ စေးချုံရှုပ်တွင်၊ မြဲချုပ်တစ်လစ်၊ ဆင်းရဲနစ်သား၊ အဖြစ်ယုတ်မာ၊ သတ္တဝါကား၊ ချမ်းသာတကြိမ်[၂]၊ စိုးရိမ်တဝ၊ စိတ်ဒုက္ခနှင့်၊

---

(၁) မောက်အောင်စုံလှည့်၊ မုံအပြည့်တည့်-က၊ (၂) ချမ်းသာမငြိမ်-ဟ၊

ကြောင့်ကြနှိပ်စက်၊ ချိုင့်လှောင်ငှက်လျှင်၊ ပျံထွက်လိုလွန့်၊ စိတ်မပြန့်သို့၊ ကျွန်းအဖြစ်ပက်၊ သေမင့်းလက်မှ၊ ခက်ခက်ငြင်းဆန်၊ ခြေစုံကန်လျက်၊ နိဗ္ဗာန်မြော်တုံ၊ ကျွန်းမော်ခုံသို့၊ ကိုယ်ယုံလွတ်ချင်၊ သူတော်ခွင်၌၊ ပြေးဝင်ပူးယှဉ်၊ စိတ်ယဉ်ယဉ်လျှင်၊ စိမ်းချဉ်သံယော်၊ ကျွန်ပျက်ချော်ကို၊ မတော်သော့အား၊ ဥာဏ်စက်သွားနှင့်၊ လွှားလွှားဖြတ်ခုတ်၊ မျက်ကြုတ်ကိုးပါး၊ ကျိုးမဲ့အားလည်း၊ တရားသုတ်သင်၊ သင်းချောစင်သို့၊ ငါ့တွင်ယခု၊ ရဟန်းပြု၍၊ ဆုလည်းရှစ်ပါး၊ လုပ်ကျွေး ထားသား၊ ရှည်လျှား သမှု၊ လုံလ ပြုသော်၊ ညစ်ကျုကိလေ၊ မင်လျှင်ချွေက ၁၊ ရွှေသတိနှယ်၊ သန့်စင်ကြယ်လျက်၊ ပင်လယ်စီးလွှတ်၊ နက်ထုံးမြတ်သား၊ ပိဋကတ်သုံးဆိုင်၊ သူနှင့်ပြိုင်လည်း၊ တတ်နိုင်သည်သာ၊ ရွရွပါမျှ၊ နည်းနာထုတ်ထုတ်၊ နှုတ်မဆုံလေ၊ အုံလေးထွေနှင့်၊ လွတ်နေဧတဒင်၊ ငါးခါပွက်သား၊ ဘဝင်ညိတ်ညိတ်၊ ညာကြေပိတ်မျှ၊ ထိတ်ထိတ် လည်းကောင်း၊ ပဲ့တင် ခြောင်းသည်၊ ၊ရွှေကျောင်းစိုးလျက် အာနန်တည်း။

၁၄၈။ ထိုရော်ကာလ၊ ထိုဌာန၌၊ အမျှားမှီရာ၊ သာမောစွာလျက်၊ ဂင်္ဂါသွယ်ရစ်၊ ပင်လယ်မြစ်လည်း၊ စီးလစ်တုံဘိ၊ ဘုမရှိသား၊ မိဓိလာပြည်၊ မင်းနေပြည်တွင်၊ သာကြည်နှစ်ထောင်း၊ တစုပေါင်းသော်၊ ရှစ်သောင်းလေးထောင်၊

---

(၁) မင်တွင်ကြွေက-က၊

ကုန်အောင်မှူးမတ်၊ ပရိသတ်လည်း၊ ညီညွတ်တကွ၊ ထိုဌာန ဝယ်၊ တရာ့လေးဆဲ့၊ လေးခုဖွဲ့သား၊ တွဲ့တွဲ့လေးဖင်၊ သီလ အင်နှင့်၊ ချိတ်ငင်မဲ့ပဲ၊ စွန့်ရဲရဲလျှင်၊ ဖြန့်ကြဲရေဘိတ်၊ ကုသိုလ် စိတ်နှင့်၊ တိရိစ္ဆာနံ၊ သတံဟောတိ၊ တရားချိသော်၊ သိသိ ယုံယုံ၊ ထုံးနည်းပုံလည်း၊ ကြေးမုံထိပ်ဝယ်၊ အရိပ်နှယ်သို့၊ ချီသယ်ပိုးရွက်၊ စုန့်တက်မြေမိုး၊ ညွန့်ညွန့်ဖြိုးသို့၊ အကျိုး အကြောင်း၊ တချောင်းဆုံးဖြတ်၊ နှလုံးပြတ်သည်၊ မြတ်မြတ် ယုတ်ယုတ်၊ ဆုတ်ဆုတ်တက်တက်၊ ဝဋ္ဌထွက်ခရီး၊ အသီးသီး လျှင်၊ ပြောင်းပြီးပြောင်းပြန်၊ ဘုံသုံးတန်ဝယ်၊ ဖြစ်ဟန် အော်လဲ၊ ငှက်နှယ်ဝဲလျက်၊ ဆင်းရဲကြံမှိုင်၊ မခံနိုင်၍၊ မဏ္ဍိုင်ထိပ်ပြင်၊ ငါအောင်မြင်က၊ ဖြိုနှင်ဥပဒ်၊ ငါ့မှာလွတ်ဟု၊ ညွတ်လတုံရှောင်း၊ ငါ့မှာအောင်းအုံ့၊ ငါ့ကျောင်းရောက် ရောက်၊ ငါ့နောက်လိုက်လိုက်၊ ငါ၌ခခ၊ ဆုံးမနာနာ၊ အနှစ် သာလျှင်၊ ဂါထာသိမ်မွေ့၊ ဟောသနေ့ဝယ်၊ ကြွေ့ကြွေ့ မှတ်လှ၊ အကျွတ်ရ၍၊ မရဏကင်းစောင့်၊ ငင်ညှဉ်း ဆောင့်သား၊ ကွယ်ထောင့်ပုန်းနေ၊ ဥပစ္ဆေကို၊ လာစေ ခြိမ်းနှံ့၊ ကြိမ်းပသံလျက်၊ သည်းခံသက်သက်၊ ရမ္မက်ဆေး ကြော၊ မြစ်တွင်မျှောသို့၊ သဘောဖြူဆွတ်၊ လူနှင့်နတ်ကို၊ ချေချွတ်ရောင်ရောင်[၁]၊ ကယ်ဖိုဆောင်လျက်၊ စောင်းထောင် မြေလွှာ၊ မေတ္တာနှုတ်သီး၊ ဘုန်းမိုးစီးလည်း၊ ဝေးနိုးနှံ့ပြေး၊

---

(၁) ခြေချွတ်ရောင်ရောင်-ဟ၊

ချမ်းဧဧလျှင်၊ မြွေးစရသို့၊ ငါနှစ်လှိုလျက်၊ ရွှေမြို့အောင်ခန်း၊ နိဗ္ဗာန် ကျွန်းသို့၊ စွန်းစွန်း ထုတ်ချောက်၊ လုံးစုံ ရောက်သည်၊ ၊တယောက်မကြွင်း မကျန်တည်း။

၁၄၉။ ထိုရောအခါ၊ ထိုပြည်သာ၌၊ ရာဇာနှင်နှင်၊ ထက်ဝန်းကျင်မှ၊ မွမ်းဖြင်စိုးဆောင်၊ မင်းကုန်အောင်ကို၊ စွယ်ခေါင်ချိုးနှုတ်၊ တန်းခိုး ဖြုတ်လျက်၊ လှီးခုတ် စက်သွား၊ ဘုန်းတော်အားလည်း၊ လန့်ကြားသောတိ၊ စောနေမိကား၊ ဘူရိပညာ၊ လှံ့မေတ္တာနှင့်၊ ဘာဝနာဆက်၊ လှူစွန့်ကြဲလျက်၊ ငရဲလက်မှ၊ လွတ်ချင်စွဟု၊ တလှည့်သော်လည်း၊ သူ့တိုက်စည်းတွင်၊ ချုပ်တည်းငြိလျက်၊ ပိတ်ထိုင်းရှက်သား၊ ကွန်ရွက်ပမာ၊ အဝိဇ္ဇာနှင့်၊ တဏှာနှောင်ချည်၊ ဘုံသုံးပြည်ဝယ်၊ ကျင်လည်ဘုံလျက်၊ ဝဲသည့်ငှက်သို့၊ အောက်ထက်ပြန်ပြောင်း၊ ဘုရားလောင်းတို့၊ မကောင်းတချက်၊ ကောင်းတချက်လည်း၊ ရုန့်ကွက်ရွှေရှုတ်၊ နောက်မဆုတ်တည့်၊ စုတ်စုတ်တိုးဝင်၊ ကြိုးအင်လွန်စွာ၊ သံသရာ၌၊ မိစ္ဆာပြောထူ၊ ပျက်ချော်လူနှင့်၊ ဆယ်ယူဇနာ၊ ဝေးလေကွာလျက်၊ ကြမ္မာသွေးဝင်၊ မတွေ့ချင်ဟု၊ ဘုရင်မင်းကောင်း၊ ဆုလည်းတောင်း၍၊ အကြောင်းစုံစီ၊ ပါရမီဖြင့်၊ အညီသုံးဆယ်၊ ဖြည့်ရေးကျယ်လည်း၊ ပင်လယ်ငုပ်လျှိုး၊ ကြိုးလေခဲ့ပြိ၊ သဲမြေထိသို့၊ မျက်စိဦးခေါင်း၊ တောင်းလောင်းခြေလက်၊ စက်စက်ယိုစီး၊ စွန့်ခြင်းကြီးဖြင့်၊ ကြက်သီးမထ၊ ဘုရာ့

အညွှန့်၊ ဖြန့်သားကျေးငှူး၊ ဖင့်ဖင့်ဖူးသား၊ ဘီလူးမွှတ်ကြိုက်၊ ကြွပ်ကြွပ်ကိုက်လည်း၊ မရှိက်မငင်၊ ဘုံသုံးပြင်ဝယ်၊ ငါလျှင် တစုံ၊ ကိုယ်တော်ဝံလျက်၊ အံ့တိုလှည့်ကာ၊ စကြဝဠာ ထပ်ရှည့်၊ မီးကျီးပြည့်လျက်၊ နင်းတည့်ခွံ့ခွံ့၊ မရှံဖောက် ဖောက်၊ ပေါက်ရောက်သွားလား၊ ငါ့ကိုထား၍၊ ယောကျ်ား မရှိ၊ ရဲသတ္တိနှင့်၊ မြေကြီးနှလုံး၊ သည်းခံထုံးလည်း၊ မြဲဆုံး ကောန်၊ အဓိဋ္ဌာန်မူ၊ ဖြစ်ဟန်သို့ဘက်၊ မြင်းမိုရ်ပက်တည့်၊ ရဲခက် စွမ်းလှ၊ ရွှေဂူ ဝဝယ်၊ ကောသရမျိုး၊ လှုံလ ရိုးဖြင့်၊ ကြိုးလ တုံရှောင်း၊ ဝဲခနောင်းတွင်၊ ဥဒေါင်း ကျေးငှက်၊ ဆက်ရုက်ငုံးခါ၊ ဖြစ်လေရာလည်း၊ သမ္ဘာငုံသန့်၊ ရွက်နုညွှန့် လျက်၊ အစွန့်ရှည်လျား၊ ဘုရားပွင့်လျှာ၊ တုသတာမှ၊ လူ့ရွာ ကျငြား၊ လူမင်းသားလျှင်၊ထင်ရှားဖြစ်လျက်၊ ဤတသက်မူ၊ စွန့်ခက်စရိယာ၊ ခြောက်နှစ်ကြာ၍၊ သုဇာလှူဆွမ်း၊ ဘုဉ်း ပေးတမ်းဖြင့်၊ ယူလှမ်းမြက်စဉ်၊ နေရဥ္ဇရာ၊ ချောင်းသာလှန် လေ၊ အောင်ထိပ်ဖေသား၊ မြေကားအချာ၊ ရတနာပလ္လင်၊ ဗောဓိပင်ဝယ်၊ နေဝင်ရိုးရဲ၊ မာရ်စင်ခဲလျှင်၊ သဲသဲကျော် သံ၊ သူ့ကိုရှုံ၍၊ ငါထံသိကြား၊ ပြေးခဲ့သွားလည်း၊ တပါး မလဲ့၊ ထက်ဝယ်မြဲလျက်၊ ကြက်ပွဲမျှလည်း၊ တယောက် တည်းလျှင်၊ ရိုက်ကြည်းကြော်ဆင့်၊ တန်းခိုးလွှင့်က၊ ပြေး လွှင့်လန့်ဆို၊ ကဲ့ပျက်ပြိုသော်၊ မင်္ဂိုလ်ရဆု၊ သဗ္ဗညုဖြင့်၊ ဘယ်သူ့ရှေနား၊ ငါတရားကို၊ ဟောကြားမိန့်သံ၊ ဆောက် တည်ကြံရွှင့်၊ သဟံဇြဟ္မာ၊ တောင်းပန်ထွာ၍၊ ဒေသနာ

ဟောချွတ်၊ ကျွတ်လတ်သည်ကား၊ ဘုရားတို့တမ်း၊ ခွဲခြမ်း သိလွယ်၊ ဂဏန်းသွယ်မူ၊ နှစ်ဆယ်အနေ၊ လေးသ့ချေ်နှင့်၊ ကုဋ္ဌေခြောက်သောင်း၊ တကွပေါင်းလျက်၊ လူကောင်းခန့် တွက်၊ တသိန်းနက်ကို၊ ပြက်ပြက်ဟောညွှန်၊ ဓမ္မခန်ဖြင့်၊ နိဗ္ဗာန် ရောက်အောင်၊ ငါပို့ ဆောင်၍၊ သုံးဘောင် ရပ် တွင်၊ သိဒ္ဓိတင်သည်၊ ၊ငါလျှင်လူနတ် တမ်းခွန်တည်း။

၁၅၀။ ဤသို့ဟူ၍၊ နတ်လူကြည်ညို၊ ဘုန်းရိပ်ခိုသား၊ ပုဂ္ဂိုလ် မျာ့မင်း၊ တို့ရှင် ရင်းကား၊ လေညှင်း ဖြည်းဖြည်း၊ ပျော်ရာ ချည်းလျှင်၊ စရည်း ကြံစာ[၁]၊ မဟာ လှေကား၊ ဆပ်သွား ကြက်ရုံး၊ ရစ်ကုံးသွယ်မြောင်၊ ပွင့်ရောင်ဝေဝေ၊ နွေလည်းရှင်ရှင်၊ သစ်ပင်ရိပ်စက်၊ သရက်နုကြမ်း၊ ဥယျာဉ် ဝှမ်း၌၊ နေချမ်းရှင်ပျော်၊ လူသုံးဘော်ကို၊ အနော်တတ္တ၊ အိုင်မြတ်ကလျှင်၊ လှစ်ချကတွတ်၊ ယဉ်တွေလွှတ်သို့၊ ကံပတ် ရွှေပေ၊ ဖွင့်လှစ်ဖွေသော်၊ အစ္ဆေရံ ဝတ၊ ဟောစတည်ဦး၊ ဂါထာကျူးလျက်၊ ရန်ငူးပြည့်ရှင်၊ မင်းနှင်နှင်ကား၊ ဆံပင် ဖြူစ၊ မြင်လကလျှင်၊ လှပရှာဆန်း၊ ရနှံ့ခန်းသား၊ ပေါက်ပန်း အတူ၊ သံဝေ ယူ၍၊ ကျွန်းသူ ဝပ်ကြို့၊ တုတ်ခွန် ပို့လည်း၊ နှစ်လို့မခန့်၊ သက်သက်စွန့်လျက်၊ ရဟန့်းဘာဝ၊ နိက္ခမဖြင့်၊ ဆန္ဒကောင်းလျက်၊ တောသာထွက်သား၊ မင်းဆက်ပေါ ယယ်၊ နိဒါန်းသွယ်မှ၊ အလယ်ကမ္မဋ္ဌာန်း၊ ငရဲခန်းလည်း၊

---

(၁) စရည်းကြံ့စာ-က၊

ကျယ်ဝန်းခပ်သိမ်း၊ သံဝေကြိမ်းလျက်၊ မငြိမ်းစရာ၊ အဆုံးမှာမူ၊ ခြမ်းသာအင်စုံ၊ ဗိမာန်ဘုံထက်၊ ရိပ်မြုံကြင်ဘော်၊ မြင်ကမြော်လျင်၊ မနော်ရမ္မာ၊ မွေ့လျော်ကြလျက်၊ ရွှင်ပခြစ်ရမ်း၊ ဘုံခန်းကျမ်းကို၊ ချီးမွမ်းပဲဘောင်၊ ဇာတ်ကုန်အောင်ထက်၊ သာဓုခေါင်သာဖျား၊ သာစကားတည့်၊ တရားကျမ်းရိုး၊ မော်ကွန်းထိုးသည်၊ ။ဖြိုးဖြိုးကျိဘို ပြုးကုန်တည်း။

ဇာတ်တော်ပေါင်းခန်း ပြီး၏။

(၁၆) နိဂုံး

(က) ကြားလော့သွန်းသွန်း၊ မြင်းမိုရ်ထွန်းမှ၊ တို့ကျွန်းတည်ဟန်၊ လက်ယာချွန်သား၊ ငါးမာရ်နိုင်လျက်၊ မဏ္ဍိုင်ချက်တွင်၊ လေးဆက်ပွင့်ထောက်၊ ရှင်တော်ပေါက်က၊ ပြန်ခေါက် သွတ်သွတ်၊ သဘော်လွတ်သား၊ ရိမဒ် သာစည်၊ အောင်ရာပြည်ဝယ်[၁]၊ ဓွန့်ရှည်သာသနာ၊ ယခုခါ၌၊ ဤစာပေါ်သစ်၊ သက္ကရာဇ်လည်း၊ စစ်စစ်မှန်လှ၊ နှစ်ဇေယနှင့်၊ ကိုးရာ့းအဖျား၊ လေးခုပွါးလျက်၊ ရက်များလပြောင်း၊ လတပေါင်း၌၊ နေ့ကောင်းအသ်ာ၊ စဉ်းနေရာ၌၊ လက္ခဏာကျမ်းလို၊ သူမဆိုတည့်၊ ကုသိုလ်တခု၊ ငါလျှင်ပြုသား၊ သာဓုပွက်ဟ၊ ကျမ်းတေဇကြောင့်၊ အဝရွှေနန်း၊ မင်းကောင်းထွန်း၍၊ ကျယ်ဝန်းတိုင်းကား၊ နိုင်ငံပွါးလျက်၊ ရှေးဖျားမတူ၊ ယခုသူလည်း၊ အလှူစေ့ပျိုး၊ သီလကြိုး၍၊ ဆွေမျိုးမပျက်၊ ခုနစ် ဆက်လျှင်၊ အသက် ရှည်လှ၊ ကြွယ်စည် ဝတည့်၊ ဆနဝုတိ၊ နှိပ်စက်ထိလျက်၊ ရိရိရှားရှား၊ ဖျားဖျားနာနာ၊ ဖြစ်တုံစွာလည်း၊ ဤစာပေါ်ထိုက်၊ နှစ်ခြိုက်ခြိုက်လျှင်၊ ယာပိုထ်လေးပါး၊ မမေ့မှား၍၊ ၊တရားဖျော်စေ ကုန်သတည်း။

(ခ) အရာအရာ၊ပျူငှါလောကဝတ်၊ ဗေဒင်မှတ်လျက်၊ ပိဋကတ်သုံးပုံ၊ ကိုယ်ပင်ရုံက၊ ထုံးပုံနည်းနာ၊ အဖြာဖြာလျှင်၊

(၁) အောင်မြေပြည်ဝယ်-က၊

သဒ္ဒါပြေပြစ်၊ အနက်စစ်လည်း၊ အနှစ်မွန်တိ၊ နာဘွယ်ရှိ သား၊ နေမိဘုံခန်း၊ လက်ာထွန်းက၊ တကျွန်းစိုးခြာ[၁]၊ မင်း တကာလည်း၊ အာဏာဆိပ်ထန်၊ ဘုန်းရှိန်ဝှန်မျှ၊ တမန်စေ နှော၊ အရောရောလျှင်၊ သဘောဖြောင့်တန်း၊ မိတ်ခင်ပွန်း ဖြင့်၊ ကူးသန်းထုတ်ချောက်၊ ကုန်စယ်ပေါက်လျက်၊ နှိုင်း ထောက်ပြည်ရွာ၊ စည်စွာစွာလျှင်၊ ချမ်းသာငြိမ်းအိုး၊ ရွှင် ဝမ်းပြိုးမျှ၊ မြရိုးခက်လက်၊ ရိပ်စက်ခိုအောင်း၊ ဥဒေါင်းကျေး ငှက်၊ လွင်ဝေးကျက်၍၊ သံမြက်ပျံ့ပျူး၊ ကျူးကတွန်တွန်၊ တောစွန်အုံနား၊ သစ်ကျားယဉ်ကျေး၊ ရပ်ဝေးရပ်နီး၊ ခရီး မပန်း၊ အဝှန်းဖွေးဖွေး[၂]၊ ဘေးလည်းမရှိ၊ ငြိမ်းသောတိလျှင်၊ ရွက်ရိလဲကြွေ၊ သန်နွေရိပ်မြိုင်၊ တောဂနိုင်မှ၊ ပွင့်ခိုင်လူလူ၊ ဧကျူနှံ့သာ၊ သစ်သီးမှာလည်း၊ သြဇာလေးနက်၊ မြေက ထွက်၍၊ မြိန်ရှက်လှောင်းလှောင်း၊ ကောင်းစေသတည်း၊ စနည်းနတ်ပဲ့၊ သူငဲ့ဆိုဟန်၊ တံဘောင်မွန်လျက်၊ ကျမ်းဂန် သင်ကြား၊ အမျိုးသားတို့၊ နာဖျားဘေးကင်း၊ ပေါက် ရောက်ချင်း၍၊ သီတင်းသုံးမြေ့၊ ရသေ့သူမြတ်၊ စိတ်ဆွတ် ဆွတ်လျှင်၊ မွေဓာတ်ဂူကျောင်း၊ မထောင်းမထာ၊ သတ္တာ ဗီသ၊ နေလသွားရိုး၊ မတိုးမခြုတ်၊ မယုတ်မကျ၊ လောက နိမိတ်၊ အတိတ်နာဂတ်၊ ဥပဒ်သန့်သန့်၊ စုတ်ရုပ်ပြန့်လျက်၊ အဝှန့်ပြောထူ၊ လူသူတကာ၊ ရွှင်မျက်နှာနှင့်၊ ကြမ္မာပျောက် ကွယ်၊ ကြောက်ချင် ဘွယ်သား၊ ပါယ်လေး ပါးကြောင့်၊

(၁) ဟကျွန်းစိုးချာ-ဟ၊ (၂) ခရီးခုပမ်း၊ အဝမ်းဖွေးလွေး-က၊

တရားစောင့်လျက်၊ ဖြောင့်လတ်သည်ချည်း၊ လှူပစ္စည်းနှင့်၊ မိတည်းဘုန်းခေါင်၊ ဖူးရအောင်ဟု၊ တန်ဆောင်ရွှေရည်၊ ကိုယ်တိုင်ချည်၍၊ ၊နတ်ပြည်မျော်စေ ကုန်သတည်း။

(၈) အသက်ရှည်စွာ၊ သံသရာလည်း၊ မကွာမကွေ၊ တွေ့လိုလေက၊ နွေရေမပြတ်၊ မေတ္တာရွက်သား၊ ကြည်ညွတ်လွန်ပြင်း၊ တကာရင်းမူ၊ တောင်တင်းဟူသည်၊ တိုင်းကျပ်ပြည်နှင့်၊ မကြည်မင်းကျော်၊ ရှိသရော်လျှင်၊ ကျေးတော်နတ်မောက်၊ ရန်မီးတောက်၍၊ မွေ့နှောက်ပူဆာ၊ ငြိမ်းစေငှါဖြင့်၊ သီဒါရေမြတ်၊ လက်ရုံးသတ်လျက်၊ မှူးမတ်တကာ၊ စံစရာလည်း၊ ကြည်ကျော်သွေး၊ ဘိုးဘေးကောင်းဆက်၊ လောင်းတုံလျက်တည့်၊ တိုးတက်မပြတ်၊ တမှတ်ဘဲ့ချည်၊ မည်ရည်မှတ်ထင်၊ စည်သံလွင်နှင့်၊ မျက်ရှင်စလွယ်၊ အသွယ်ညီးညီး၊ ထီးနှင့်ရွှေက၊ အိုးပျစ်ရလျက်၊ တေဇခြောင်းခြောင်း၊ ပဲ့တိုင်းကောင်းက၊ သောင်းသောင်းကျော်လှိုက်၊ မြန်မာ့တိုက်ဝယ်၊ ချီးရိုက်ပဲ့တင်၊ မွေ့ဘခင်တည့်၊ တွေ့မြင်မျက်စိ၊ ယခုရှိ၍၊ နေမိဘုံခန်း၊ ကျမ်းထွေဆန်းကို၊ ရွှန်းရွှန်းထွေပြား၊ မကြားပရ၊ ဆိုတောင့်တ၏။ ငယ်ကဖြစ်ရွှေ့၊ ရွှေးကျမ်းငွေကို(၁)၊ အောက်မေ့ဆဲဆဲ၊ ဝမ်းကိုက်စဲ့၊ ပြည်ထဲအာလျောက်၊ နှလုံးဖောက်လည်း၊ မပေါက်သာပဲ၊ နေပင်မြဲလျက်၊ ဆင်းရဲတခါ၊ ချမ်းသာတကြိမ်၊ စိုးရိမ်မကင်း၊ ဒီပဲ

---

(၁) ရွှေးကျမ်းငွေကို-ဟာ၊

ယင်းတွင်၊ သိတင်းသုံးသုံး၊ နှလုံးဆည်တား၊ တပည့်သား ကို၊ နားပါးမှတ်တင်၊ စာပေသင်လျက်၊ ပေါ်လွင်ဖလန်း၊ မှတ်ခုံစိုးလည်း၊ ကောင်းကျိုးဖြန့်ဝေ၊ သူ့ရေကို၊ သက်သေ တည်ထား၊ သူ့စီးပွါးကြောင့်၊ တရားနှစ်ထူ၊ ဤစာဟူသား၊ မဉ္ဇူပန်းရိုး၊ နှင်းနှင်းပျိုး၏၊ ထိုစုံထိုမင်း၊ ထုတ်ချင်းနှံ့အာန်၊ ရှေနားပန်လျက်၊ ခန်သရက်နှံ့၊ တပုံပုံလျှင်၊ ညှံညှံသွေး လမ်း၊ ပွေးမွေးငြိမ်းလော့၊ သူစိမ်းမြန်လူ၊ တောင်သူမှုမှား၊ ဖြစ်တုံငြားလည်း၊ ညှံထွားရှေရှေ၊ အရေခပ်ထူ၊ ငါးကြင်း ဆူလည်း၊ မတူလျှင်းပါ၊ ဝက်လည်ရွံကို၊ မီးခဲကင်ကြော်၊ ဆီပေါ်အရသာ၊ မြိန်မှန်စွာသို့၊ ဘဝ်ရာကြားကြိုက်၊ ဝမ်း တို့ခြိုက်သော်၊ မမိုက်မမဲ၊ ဖုန်းငရဲလျှင်(၁)၊ နှစ်ကွဲရှိဟူ၊ သိလစ် သူကား၊ ဇမ္ဗူစောင်းပင်း၊ မင်းချင်းချင်းတွင်၊ သတင်း လှံကြီး၊ ရဆားစီး၍၊ စောဒိုးနတ်ပြည်၊ ရောက်လေသည် ကို၊ တရည်တူထိုက်၊ ငါတို့ဌာဟူ၊ မှတ်ပိုက်ဝမ်းပါး၊ သိကြားလက်ငင်း၊ ဗိမာန်ပြင်ထက်၊ ပဉ္စင်ကျူးသံ၊ ဘော်ရှရုံနှင့်၊ စံရုမည်ကြောင့်၊ သတိစောင့်၍၊ ဖြောင့်ဖြောင့်တော်စေ ကုန်သတည်း။

(ဃ) လေကြေလေညာ၊ လျှာ၏အကြောင်း၊ နှာခေါင်း တံဆေး၊ ယင်သလေးလျက်၊ ကြံရေးမင့်၊ စုတ်စုတ်ဝံ့က၊ အနှံ့ သိလှ၊ ပုံလတ်ကျ၍၊ မထနိုင်ပဲ၊ ပျားရည်ခွဲတွင်၊ ဝမ်းထဲ

---

(၁) ဘုံးငရဲလျှင်-က၊

မက်မော၊ ယင်သဘောလျှင်၊ စိတ်ဇောလျှပ်ပေါ်၊ အာရုံမြော်က၊ မူးမော်ရူတ၊ ချစ်တတ်ကြ၍၊ သူငါ့အလုံး၊ ဖိုလ်မင်္ဂ၊ ရှုံးလည်း၊ ကျင့်ထုံးကျင့်နည်း၊ ကမ္ဘည်းမှတ်တင်၊ ကြေးမုံပြင်ဝယ်၊ မြင်စေခလို့၊ ဤစာဆို၏၊ အိုလည်းမနေ၊ သေလည်းမပျောက်၊ မြေးသားပေါက်၍၊ လန့်ကြောက်တစိ၊ မရှိလျှင်းလေ၊ မျိုးတဆွေဖြင့်၊ မြစ်ရေမကောင်း၊ မိုးနှောင်းရှိ၍၊ ငါးတည်းမွေ့မှု၊ ဘေးတွေ့ကုန်းကျင်း၊ ထုံးအိုင်အင်း၌၊ ပုန်းပင်းသန္တီ၊ ရင်ခွဲချိသား၊ ညီညီမိစ္ဆာ[1]၊ တံငါယောကျ်ား၊ ငရဲလားလည်း၊ သနားတို့စ၊ ဆိုဆုံးမသား၊ ငါ့စာအာဏာ[2]၊ နတ်ရွာ မိုးမြေ၊ ရောက်ကုန် စေတည့်၊ တောခြေ ဥုံလျှိုး၊ လေးကိုကိုးသား၊ မူဆိုးခြေကြောင်း၊ အယူကောင်း၍၊ ဂူကျောင်းရောက်ဝင်၊ သင်ပုတ်တင်လျက်၊ ပဉ္စင်သာမဏော၊ ရှိသေသဃ်ာ၊ လူသမ္မာကား၊ သဒ္ဓါတိုးပွါး၊ ဆော်နှိုးကြားသား၊ တရားစည်ကြီး၊ ငါလျှင်တီးက၊ ဝဲ့ချီးကြွးကြော်၊ သာဓုခေါ်လျက်၊ သူတော်သူကောင်း၊ ဘုရားလောင်းမူ၊ ငုံညောင်းရှည်မြင့်၊ ရင့်လတ်တုံတုံ၊ ရွက်ဟုံရွမ်းလှည့်၊ ပြွမ်းပြွမ်းမှည့်သို့၊ ဖြည့်သားကျေးဇူး၊ နတ်လူကျေးလျက်၊ နဖူးထိပ်စွန်း၊ မကိုင့်ပန်းဖြင့်၊ ထွန်းလစ်စေသော၊ သင်းချောဖြူဆွဲ၊ သာဝကထက်၊ ဆတက်တိုးလေ၊ ကြိုးနေကျကျ၊ နှစ်လသခေါ်၊ ကျင့်ပလေ၍၊ ပစ္စေကဗုဒ္ဓါ၊ လေးပိုဒ်သာလျှင်၊

---

(၁) ပေါင်းပင်းသန်တီ၊ ရင်ခွဲချိသား၊ ညီညီမိစ္ဆာ-က၊
(၂) ဆုံးဆမသာ၊ စေအာဏာကား-က၊

တကာချွတ်ယူ၊ မှတ်သည်းကား၊ ထီးဖြူပြည်ရွာ၊ ဥစ္စာနှင်းပုံ၊ ပြိတ္တာဘုံကို၊ မစုံမမက်၊ နှလုံးပျက်၍၊ တောထွက်လိုငြား၊ ဤစာကြားက၊ ကြံအားနှစ်ထောင်း၊ ချောက်ထဲအောင်း လျက်၊ ဆုတောင်းတခြား၊ ဘဝါးလှမ်းဘော်၊ ငယ်ကသော် လည်း၊ သူတော်မကွာ၊ ဆရာမကင်း၊ သီတင်းမချုတ်၊ ပေး လှူဝတ်နှင့်၊ လျောက်ပတ်ပေနိုး၊ ဘွားဘေးဘိုးက၊ မိရိုး ဘာလာ၊ သူတကာကား၊ ကြမ္မာ နှောင်းစို၊ မက်နှင့် ဖိုလ် ကြောင့်၊ ကုသိုလ်ဆည်းပူး၊ မိတည်းဖူးသော်၊ ဘိက္ခူးဟေ၊ ခေါ်သံ သိလျက်၊ ပီတိ ပြင်းဝှန်၊ ရမ္မက် အန်၍၊ နိဗ္ဗာန် ပျော်စေ ကုန်သတည်း။

(၄) နိုင်ငံကျယ်ဝန်း၊ တန်းခိုးထွန်းလျက်၊ ရွှေနန်းစိုး ပိုင်း၊ ဘုန်းမိုးလိုင်းသား၊ စစ်ကိုင်းအင်းဝ၊ ပင်းယထောင် တည်၊ မြင်စိုင်းပြည်လည်း၊ ဤသည့်ကျမ်းဟော၊ နတ် သဘော်ကို၊ ချောချောသာယာ၊ လက်ာချိုနှုတ်[1]၊ မဘော် ထုတ်တည့်၊ လော်ခုတ်မှေသိမ်၊ ရွှေပန်းထိမ်လျှင်၊ မျက်အိမ် ဘွဲ့ချည်၊ မြကျောက်ရည်သို၊ ပိုဒ်ရှည်ပိုဒ်တို၊ ချိုချိုမြိန်မြိန်၊ လေးပေါ့ချိန်လျက်၊ သူရိန်နတ်မင်း၊ ချင်းချိသွားသော်၊ ပြောအားဖြောင့်သွယ်၊ လေးထောင့်ဆွယ်သား၊ ပင်လယ် ရွှစ်သောင်း၊ မနက်တောင်းကို၊ ခါးစောင်းရင်ပတ်၊ စွတ်စ ကာမျှ၊ လွယ်စွာလှသို၊ ဥယျဉ်းစို၊ ဝမ်းတော်ပုံသား၊ နှုတ်

---

(၁) လက်ာဆိုနှုတ်-က၊

ငုံယှဉ်ယှဉ်၊ ဟောချွတ်စဉ်ကို၊ လျဉ်လျဉ်မေးဖြေ၊ ကြားပ
ချေသို့၊ သန္ဓေစေ့စပ်၊ စကားထပ်နှင့်၊ အပုပ်အထုတ်၊ နှုတ်
ကာခိုပစ်၊ အသစ်လတ်လတ်၊ဆုတ်လုတ်ဘုယ်သာ၊ အကွာရာ
သီရုံး၊ ဓိပ္ပါယ်ကျူးသား၊ ရွှေကုံးမခြယ်၊ ပုလဲသွယ်ကို၊
စံပယ်စချင်၊ လည်ဝယ်ဆင်လော့၊ စည်ပင်ရိပ်ငြိမ့်၊ တခြိမ့်
ခြိမ့်လျင်၊ စည်းစိမ့်ဟူပြီ၊ အမြဲရှိ၍၊ မထိမပါး၊ နေကာစား
သား၊ အများလူတင်၊ တကဲ့ထင်အံ့၊ ရှင်ရှင်ရှက်ရှက်၊ နေစဉ်
ပက်လျင်၊ နံနက်ပင့်ကျိုး၊ ညဉ့်သော်ညိုးသို့၊ စိုးစိုးပူပူ၊
သည်းအူထွန့်ထွန့်၊ သံဝေလန့်လျက်၊ အဝှန့်လုပ်ဆောင်၊
အိမ်ထောင်ဘုယ်ရာ၊ မအားစွာလည်း၊ နတ်ရွာကြားညွှန်၊
အာဘန်ဘန်လျင်၊ နာပြန်နာတုံ့၊ ဆိုကာလှုံ၍၊ ကြေးမုံနှယ်
ပက်၊ တလက်လက်တိ၊ လေ့ကျက်စေကုန်၊ လကဆုန်၌၊
ပင်္ဂုန်မောင်းချိုင်၊ ရေခဲစိုင်ဖြင့်၊ မကွိုင်ထိပ်က၊ သွန်းလစ်
ချလျက်၊ ဆန်ရမှည့်ရွှဲ၊ မလုပ်ဖဲသော်၊ ဆင်းရဲဝမ်းမွတ်၊ ရှား
ပါးတတ်သို့၊ စာငတ်စာငေါ၊ ရယ်ရှာမောလျက်၊ နှုတ်ပြော
ပေါ်ရော၊ မရှိစေနှင့်၊ မြတေသာရ၊ ကြိုက်ခဲလှ၏၊ ပုံချနည်း
လှယ်၊ ထုံးတသွယ်တုံ့၊ သက်ငယ်ချောင်းလောက်၊ ခြေ
ကြောင်းဖောက်၍၊ ရွှေနောက်ညိတ်တွား၊ ပိုးရွက်များလျင်၊
နင်းသွားခြေထိ၊ တိုက်ရှပ်မိသော်၊ စုတိအလုံး၊ ပြစ်ပြစ်ဆုံး
လည်း၊ ခြပုံးနေတန်၊ တိရစ္ဆာန်နှင့်၊ ဗိမာန်စံပ၊ မဟူရခဲ့၊
ဘဝစက်လှည့်၊ ရှေးကဖြည့်သား၊ ကောင်းမည့်စီရင်၊ ကြမ္မာ
တင်က၊ သာရွှင်အုံးသဲ၊ ရွှေဘုံထဲတည့်၊ အံ့အဲ့တန္တု၊ ထုံး

တခုတုံ၊ မျက်ရှုမူးလည်၊ ဗြဟ္မာ့ပြည်က၊ တာရှည်မမြဲ၊ ဘဝ လဲ့သော်၊ သည်းထဲပူလှပ်၊ လူ၏ရပ်၌၊ အပ်အပ်ထိုးပစ်၊ သူမချစ်သား၊ ညစ်ညစ်ညက်ညက်၊ တစီးဝက်တည့်၊ ဖြစ် ဆက်ယုတ်မြတ်၊ မှတ်လေသမှု၊ ဤကိုရှုရှ၍၊ ဥဇုဒီဃာ၊ စာဂါ သီလ၊ ဖြည့်အပ်လှ၏၊ မောဟမြေးတုံ၊ ရမ္မက်ချုတွင်၊ လုံးစုံ ကိုယ်ကျွံ၊ လူပျိုလျှံတို့၊ ခြံကခုန်ထွက်၊ နွားရွှေပျက်လျှင်၊ လိပ်လက်လိုလွန့်[၁]၊ မြူးထူးကွန့်သို့၊ ကိုယ်စွန့်ဝံ့ရဲ၊ မဖြစ်ပဲ လျှင်၊ နက်နဲကျင့်သုံး၊ သူတော့်ထုံးဖြင့်၊ နှလုံးမှိတ်တုပ်၊ စိတ်ကိုချုပ်လော့၊ လှုပ်လှုပ်ချောက်ချောက်၊ မျက်မှောက် ပြဲ့ပြဲ့၊ ကဲ့ရဲ့တပုံ၊ စိတ်အာရုံကို၊ စုံစုံမက်မက်၊ မစွန့်ရက်မူ၊ ဖြစ်ဆက်တယောက်၊ မိတည်းပေါက်လည်း၊ ပေါက်လှည့် ကာသာ၊ သနားစွာလိမ့်၊ လိမ္မာတုံသည်၊ လှည့်စားရည်နှင့်၊ ထူးလည်ယွင်းဘောက်၊ မွေနှယ်နှောက်လျက်၊ ချန်းကောက် ငင်ချိတ်၊ မျက်စိမှိတ်နှင့်၊ တဆိတ်မျှတည်း၊ တံလည်းသောင် တင်[၂]၊ မင်းကျွန်းခွင်ဝယ်၊ ပန်းပင်ရပ်နား၊ ဘဝါးခြေမျှ၊ မချပါလို၊ ဆုလည်းဆိုလော့၊ သံချိုတထူး၊ ဤလည်းကျူး ပိမ့်၊ ဟူးဟူးလျင်လျား၊တန်းခိုးအားနှင့်၊ နဂါးကျောက်ရှည်၊ တွားလတ်သည်ကို၊ လျှာရည်ရွှမ်းရွှမ်း၊ ဂဋ္ဌုန်ဖမ်းသို့၊ စိမ်း ရွှမ်းမသိ၊ ဇာတိတည်ထား၊ ငါ့ပြည်သားဟု၊ သနားမဲ့သူ၊ ငင်ခေါ်ယူသော်၊ လက်ထူကျန်းတော၊ ဝံ့၏လောဟု၊ လျင် ဆောလိုက်ဖြို့၊ ဖြစ်စေလိုစွ၊ မှာဆိုစာခွေ၊ ဤလည်းထွေပိမ့်၊

(၁) လိမ်လက်လိုလွန့်-က၊ (၂) တံလည်းသောင်းတင်-ဟ၊

ခွံရေနွယ်တံ၊ ပေါ်ချပ်ရံမှ၊ ဝတ်ဆံမရှောက်၊ ပန်းရက်သောက်သား၊ ဝမြောက်ဖြုန်းဖြုန်း၊ ပျားပိတုန်းသို့၊ ဘုန်း၏အကျိုး၊ စာရိုးကျမ်းသစ်၊ ရသာညှစ်၍၊ နှစ်နှစ်ကျိုက်မျို၊ ကြိုက်သားကိုယ်ဖြင့်၊ ထိပ်မိုပလွင်၊ မြေချာတွင်၌၊ ပဲ့တင်ရိုက်ဆက်၊ လှိုက်ကာပုတ်၍၊ အောက်ထက်ပြောင်းပြန်၊ သောင်းချောက်ဘွန်မျှ[1]၊ ရန်မာန်ဘီသန်း၊ ပယ်လှစ်တွန်းက၊ ထွန်းလစ်စုံစွာ၊ သာသနာထက်၊ မိတရာနှစ်သောင်း[2]၊ သက်တော်ညောင်းလျက်၊ နှံ့လှောင်းကံ့ကော်၊ သစ္စာမြော်သား၊ သုံးဘော်သခင်၊ နှောင်းချစ်ရှင်ဝယ်၊ မဂ္ဂင်နန်းအိမ်၊ နေထိုင်ငြိမ်၍၊ စိုးရိမ်မနှောင့်၊ နိဗ္ဗာန်ကြောင့်လျှင်၊ ဖြောင့်ဖြောင့်ကျင့်မှန်၊ သူတော်မှန်တို့၊ မြိတ်စွန်မြေးသား၊ ဆွေဝါးရှရှ၊ အမှူကြီးငယ်၊ ကြံဘွယ်ကိစ္စ၊ ပြီးကုံကြလျက်၊ ပိယသဟာ၊ နတ်တကာလည်း၊ မေတ္တာအားသွန်၊ ပဲ့ပြင်ဖန်၍၊ ကျွန်နှင့်အရှင်၊ လင်နှင့်မယား၊ သားနှင့်အမိ၊ နက်ကျိုက်ထည့်၊ တပည့်ဆရာ၊ ညီညွတ်စွာလျှင်၊ ဝမ်းသာလှလှ၊ လှကောင်းမှုကို၊ ပြုလှည့်ကုန်မင်း၊ ဘော်အချင်းဟု၊ ခပင်းနှုတ်ပျိုး၊ တိုက်တွန်းနှိုး၍၊ ၊ကောင်းကျိုးခေါ်စေ ကုန်သတည်း။

နေမိဘုံခန်းပျို ပြီး၏။

---

(၁) သောင်းသောင်းတွန်မျှ-ဟ၊
(၂) မိတရာရှစ်သောင်း-က၊ မိကရာနှစ်သောင်း-ဟ၊



အလိမ္မာ စာမ်ာရှိသည်

လူတော် လူကောင်းဖြစ်အောင်

ပြည်ထောင်စုမြန်မာနိုင်ငံ

တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့မှ

မြန်မာပြန် ဝိဋ္ဌကတ်များကို ဖတ်ပါ

ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌

ရိုက်နှိပ်ပြီးပျှို့ စာအုပ်များ

၁။ ဆုတောင်းခန်းပျှို့။

၂။ ပါရမီတော်ခန်းပျှို့။

၃။ နေမိုင်ရဲခန်းပျှို့။

၄။ နေမိဘုံခန်းပျှို့။

၅။ ဘူရိဒတ်ပျှို့။

၆။ စတုဓမ္မသာရကိုးခန်းပျှို့။

မဟာဗုဒ္ဓဝင်

ပဌမတွဲ - ပဌမပိုင်း၊ ပဌမတွဲ - ဒုတိယပိုင်း၊

ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ ၊ပဉ္စမတွဲ

၆- အုပ် ထွက်ပြီ။

ဆဋ္ဌမတွဲ မကြာမီထွက်တော့မည်။